၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၆ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS



ရိုဟင်ဂျာအရေးတွင် နိုင်ငံတော်သမ္မတကို ထောက်ခံပြီး ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် ကင်တားနားအား ကန့်ကွက်ကြောင်း တရားဝင်ဆန္ဒပြခွင့်ရယူ၍ မန္တလေးမြို့ မဟာအောင်မြေနှင့် အောင်မြေသာစံမြို့နယ်တို့၌ ဒေသခံတို့က စက်တင်ဘာ ၂ ရက်တွင် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ကြစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ကာကွယ်ရေးဝန်ကြီးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်အသစ် ခန့်အပ်

**အိဖြူလွင်၊ ရန်မျိုးနိုင်** **ရန်ကုန်၊ စက်တင်ဘာ - ၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောင်းလဲခန့်အပ်ခြင်းနှင့် လစ်လပ်လျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ခန့်အပ်ခြင်းကို စက်တင်ဘာ၄ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော်၌

**အချပ်ပို(B)သို့**



# တစ်ဦးတစ်ယောက်တည်း နေရာရရေးထက် ဒီမိုကရေစီခိုင်မာရေးကို ဦးတည်ရန် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း

**ဥက္ကာကိုကို** **ပုသိမ်၊ စက်တင်ဘာ - ၁**

တစ်ဦးတစ်ယောက်တည်းနေရာရရေးထက် ပြည်သူများအား ဒီမိုကရေစီခိုင်မာရေးကိုသာ ဦးတည်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဒီမိုကရေစီ အရှယ်ရောက်ခိုင်မာလာပါက ဒီမိုကရေစီခေါင်းဆောင်များ မလိုအပ်တော့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ကမ္ဘာကပင် ဒီမိုကရေစီခေါင်းဆောင်တစ်ဦးဟုသတ်မှတ်ခံရသော ဒေါ်အောင်ဆန်းစုကြည်က. . .

**အချပ်ပို(B)သို့**

# အများပိုင်ကုမ္ပဏီများ ခွင့်ပြုချက်မရမီ အစုရှယ်ယာဖိတ်ခေါ်ခြင်း တရားမဝင်

## တရုတ်ရင်းနှီးမြှုပ်နှံမှုပါဝင်သော ဒေါ်လာ ၂ဒသမ၅ ဘီလျံကျော်တန် ရေနံချက်စက်ရုံ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါ

**သန်းထူး**

တရုတ်နိုင်ငံက စိုက်ထုတ်ပေးထားပြီး ခန့်မှန်းရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂ဒသမ၅ဘီလျံကျော်တန် ရေနံချက်စက်ရုံမှာ နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က အမျိုးသားလွှတ်တော်တွင် ပြောကြားခဲ့သည်။

**စာ(၅)သို့**

**ပြည်သိမ်း၊ သိမ့်သိမ့်စိုး**
**ရန်ကုန်၊ စက်တင်ဘာ-၁**

အများပိုင်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်မရရှိသေးဘဲ အစုရှယ်ယာများရောင်းချရန် အများပြည်သူကို ဖိတ်ခေါ်ခြင်းမှာ တည်ဆဲဥပဒေအရ ကိုက်ညီမှုမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

အများပိုင်ကုမ္ပဏီများအနေဖြင့် ဦးစွာဖွဲ့စည်းခွင့် မှတ်ပုံတင်ရပြီးမှသာကုမ္ပဏီ၏ မျှော်မှန်းချက်ရေးသားပြီး မှတ်ပုံတင်ရုံးသို့ တင်သွင်းရမည်။ ထိုမှ လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်ရပြီးမှသာ ရှယ်ယာများရောင်းချရန် ဖိတ်ခေါ်ရမည်ဖြစ်သည်။

"အများပိုင်ကုမ္ပဏီရဲ့ ရှယ်ယာတွေကို လူတွေ အရမ်းစိတ်ဝင်စားကြတယ်။ ဒါကြောင့် လူထုရဲ့ ယုံကြည်မှုရအောင် တည်ဆဲဥပဒေနဲ့အညီ ဆောင်ရွက်သင့်တယ်" ဟု ဆန်စပါးအများပိုင်ကုမ္ပဏီ MAPCO မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းကဆိုသည်။

**အချပ်ပို(၁၂)သို့**



7Day News Journal
Vol.11, No.26 • SEPTEMBER 6 , 2012

## သမ္မတဦးသိန်းစိန် စက်တင်ဘာလတွင် အမေရိကသို့ သွားမည်

### မြန်မာအစိုးရအပေါ် ချမှတ်ထားသည့် ဗီဇာပိတ်ပင်မှုကို အမေရိကန် ရုပ်သိမ်း

**ဝါရှင်တန်၊ ဩဂုတ် - ၃၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့သွားရောက်မည်ဖြစ်ပြီး ယင်းမှာ ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်နှင့်လည်း တိုက်ဆိုင်နေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်တွင် အိုဘားမားအစိုးရ၊ ကွန်ဂရက်ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး အမေရိကန်နိုင်ငံ၏ အမြင့်ဆုံးအရပ်ဘက် ဂုဏ်ထူးဆောင်ဆု 'ကွန်ဂရက် ရွှေတံဆိပ်ဆု'(Congressional Gold Medal)ကို လက်ခံရယူရန်ရှိသည်။

ထို့အပြင် အမေရိကန်အစိုးရသည် ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်နေသော မြန်မာအစိုးရနှင့် ထိတွေ့ဆက်ဆံမှုများပိုမိုမြှင့်တင်နိုင်ရန်အတွက်မြန်မာအစိုးရအပေါ် ချမှတ်ထားသည့်ဗီဇာပိတ်ပင်မှုအား ရုပ်သိမ်းလိုက်သည်။

ဩဂုတ် ၂၉ရက်တွင် ကြေညာခဲ့သော အိမ်ဖြူတော်၏ ကြေညာချက်၌ ယခုကဲ့သို့ ဗီဇာပိတ်ပင်မှုရုပ်သိမ်းခြင်းမှာ မြန်မာနိုင်ငံမှ လူပုဂ္ဂိုလ်အချို့အတွက်သာ ရွေးချယ်ရုပ်သိမ်းပေးခြင်းဖြစ်ကြောင်း အိမ်ဖြူတော်ပြောခွင့်ရ အမျိုးသမီး ကိုင်တလင်ဟေဒင်က ပြောသည်။ အမေရိကန်နိုင်ငံ၏ ၂၀၀၈ ခုနှစ်တွင် ချမှတ်ထားသော ပိတ်ဆို့မှုဥပဒေအရ ယခင်တပ်မတော်အစိုးရအဖွဲ့ဝင်များ၊ စစ်တပ်နှင့် စစ်တပ်ကို ငွေကြေးအရထောက်ပံ့ပေးသူများ၊ ထိုကဲ့သို့သောပုဂ္ဂိုလ်များ၏ မိသားစုများကိုပါ အမေရိကန်နိုင်ငံသို့ ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်ထားခြင်းဖြစ်သည်။

မစ္စကဲ်ဟေဒင်က ၎င်းတို့အစိုးရအနေဖြင့် သမ္မတဦးသိန်းစိန်၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကို ထိတွေ့ဆက်ဆံခြင်းအားဖြင့် နှစ်ဖက်အစိုးရကြား ယုံကြည်မှုတည်ဆောက်နိုင်မည်ဟုဆိုသည်။ သူမက "(ဒီလိုလုပ်ခြင်းအားဖြင့်)ကျွန်မတို့ ယုံကြည်မှုတည်ဆောက်နိုင်ပြီး နောက်ထပ်ပြုပြင်ပြောင်းလဲမှုတွေအတွက် ပြီးတော့ အဓိကကျတဲ့ပြုပြင်ပြောင်းလဲရေးသမားတွေကိုလည်း အမေရိကန်ပေါ်လစီနဲ့ဒီမိုကရေစီကို ကောင်းကောင်းနားလည်သဘောပေါက်ဖို့အတွက် အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မှာပါ"ဟု ပြောသည်။ /AP/

## သမ္မတဦးသိန်းစိန် တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တွေ့ဆုံမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

နိုင်ငံတော်သမ္မတနှင့်တိုင်းရင်းသားရေးရာဝန်ကြီးများစက်တင်ဘာလ ၇ ရက်တွင် နေပြည်တော်၌ ပထမဆုံးအကြိမ် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံတော် သမ္မတနှင့် တွေ့ဆုံရန်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးများအား နိုင်ငံတော်သမ္မတရုံးမှ ဖိတ်ကြားထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးဦးနိုထန်ကပ်ကပြောသည်။

ထိုသို့ တွေ့ဆုံကြရာတွင် တိုင်းရင်းသားရေးရာ ဝန်ကြီးများအနေဖြင့် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ လုပ်ပိုင်ခွင့်များရရှိရေး၊ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို တင်ပြသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ကချင်တိုင်းရင်းသားရေးရာဝန်ကြီး ဒူးဝါးဇုတ်ဒေါင်ကဆိုသည်။

လက်ရှိအချိန်တွင် တိုင်းရင်းသားရေးရာ ဝန်ကြီးများသည်မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးများကိုဝန်ကြီးချုပ်က ဖိတ်ကြားခြင်းမပြုပါက တက်ရောက်ခွင့်မရှိကြောင်း ဒူးဝါးဇုတ်ဒေါင်ကရှင်းပြသည်။

နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံခြင်းမပြုမီ တိုင်းရင်းသားရေးရာဝန်ကြီးများသည် စက်တင်ဘာ လ ၅ ရက်နှင့် ၆ ရက်တွင် ရန်ကုန်မြို့၌ တွေ့ဆုံပြီး မိမိတို့၏ တိုင်း ရင်းသားရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်ကပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုင်းရင်းသားရေးရာ ဝန်ကြီး ၂၉ ဦးရှိသည်။

## အိန္ဒိယနိုင်ငံရေးသမားနှစ်ဦးပြောကြားသည့် ကဘော်ချိုင့်ဝှမ်း ပြန်လည်ရယူပေးမည်ဆိုသော မဲဆွယ်စကား ကန့်ကွက်မည်

**အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

အိန္ဒိယအတိုက်အခံ BJP ပါတီဥက္ကဋ္ဌ Nitin Gadkari နှင့် ထိုပါတီမှအမတ်တစ်ဦးတို့က ၎င်းတို့ အာဏာရခဲ့လျှင် ကဘော်ချိုင့်ဝှမ်းကို ပြန်လည်ရယူပေးမည်ဆိုသော မဲဆွယ်ပြောကြားချက်ကို တရားဝင်ကန့်ကွက်သွားမည်ဟု ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုထန်ကပ်က ပြောသည်။

အိန္ဒိယသံရုံးသို့ တရားဝင်ကန့်ကွက်စာပေးပို့သွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတကြီးထံသို့လည်း တင်ပြသွားမည်ဟု ဆိုသည်။

"ပါတီအနေနဲ့ရော တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ယောက်အနေနဲ့ပါ ကန့်ကွက်သွားမယ်"ဟု 7Day News သို့ ပြောသည်။



ကဘော်ချိုင့်ဝှမ်းဒေသကိုမြင်တွေ့ရစဉ်

ဓာတ်ပုံ-www.tongsan.org

ဩဂုတ်လနောက်ဆုံးပတ်က မဏိပူရပြည်နယ်တွင် မဲဆွယ်စည်းရုံးစဉ် ကဘော်ချိုင့်ဝှမ်းဒေသသည် အိန္ဒိယပိုင်ဖြစ်ပြီး နှစ်သိမ့်သည့်အနေဖြင့် မြန်မာအစိုးရသို့ပေးထားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ အာဏာရပါက ပြန်လည်ရယူပေးမည်ဟု BJP ပါတီဥက္ကဋ္ဌနှင့် ထိုပါတီမှ ဥပဒေပြုအမတ်ကလည်း ပြောကြားခဲ့ကြောင်း Seven Sisters Post သတင်းစာတွင် ဖော်ပြထားသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကလေးမြို့ အင်န်အယ်လ်ဒီပါတီနှင့် အထက်ချင်းတွင်း ကွန်ရက်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးကျော်သက်ဝင်းက "လုံးဝလက်ခံနိုင်စရာမရှိဘူး။ လိုအပ်တဲ့ သက်သေတွေ ရှာဖွေပြီး ကန့်ကွက်သွားမယ်" ဟု ပြောသည်။

ကဘော်ချိုင့်ဝှမ်းဒေသသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ရှိပြီး ကလေး၊ တမူး၊ ခန်းပက်၊ ဘုတ်ကန် မြို့နယ်များ ပါဝင်သည်။ ချင်းတိုင်းရင်းသားအနွယ်များ အဓိကနေထိုင်ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ဖျားဒေသများမှ လူမျိုးခြားနှစ်သောင်းမှ သုံးသောင်းကြားအခြေချလာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးဦးနိုထန်ကပ်က ပြောသည်။

"လူဝင်မှုကြီးကြပ်ရေးနဲ့လည်း လှုပ်ရှားမယ်။ စည်းရုံးရေးအနေနဲ့လည်း လှုပ်ရှားသွားမယ်" ဟု ၎င်းကပြောသည်။

BJP ပါတီဥပဒေပြု အမတ်၏ ပြောကြားချက်များသည် မဲရရှိရန်အတွက်သာ ရည်ရွယ်သည်ဟု ယူဆကြောင်းနှင့် ယုတ္တိမရှိကြောင်း အရှိုချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်က သုံးသပ်သည်။

BJP ပါတီသည် ၂၀၁၂ အိန္ဒိယရွေးကောက်ပွဲ၌ မဏိပူရပြည်နယ်တွင် လက်ရှိအာဏာရ ကွန်ကရက်ပါတီကိုရှုံးနိမ့်ခဲ့ကြောင်း သိရသည်။



## လာဘ်စားမှုပြဿနာကို အဓိကကိုင်တွယ်ရန် ဖရန်စစ်ဖူကူယားမား အကြံပြု

**နေလင်းထွန်း**

**ရန်ကုန်၊**

**ဩဂုတ် - ၂၃**

လက်ရှိ မြန်မာအစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် လာဘ်စားမှုပြဿနာကို မဖြစ်မနေ တိုက်ဖျက်နိုင်ရန်လိုအပ်ကြောင်း နိုင်ငံရေးဒဿနပညာရှင် ဖရန်စစ်ဖူကူယားမားကပြောသည်။

အခြေအနေတစ်ခုထိရောက်နေသော လာဘ်စားမှုပြဿနာကို လက်ရှိအစိုးရ ဖြေရှင်းနိုင်မည်လားဆိုသည်ကို ဖရန်စစ်ဖူကူယားမားက အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာသူများအား မေးခွန်းထုတ်ခဲ့ပြီး လာဘ်စားမှုကိုတိုက်ဖျက်နိုင်မှသာ ထိရောက်သော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဖြင့် ဖွံ့ဖြိုးတိုးတက်သော ခေတ်မီစီးပွားရေးအဆောက်အအုံကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

"အခြေအနေ တစ်ခုထိရောက်နေတဲ့ လာဘ်စားမှုပြဿနာကို ဖြေရှင်းနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းတဲ့အကြောင်းအရာတစ်ခုဖြစ်ပါတယ်။ ထိရောက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေပြန်ဝင်လာပြီး ခေတ်မီတဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လာဘ်စားမှုကို တိုက်ဖျက်နိုင်ဖို့လိုပါတယ်။ လက်ရှိ မြန်မာအစိုးရအနေနဲ့ အဲ့ဒီလိုလုပ်နိုင်တဲ့ စွမ်းရည်ရှိတယ်လို့ ခင်ဗျားတို့ထင်လား။ ပမာဏကြီးမားတဲ့ငွေကြေးတွေကို လာဘ်ပေး၊ လာဘ်ယူကိစ္စတွေမှာ မသုံးမိစေဘဲ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေတဲ့နေရာမှာ အမှန်တကယ် အသုံးပြုစေဖို့ အသေအချာလုပ်ထားရပါမယ်"ဟု ရန်ကုန်မြို့၊ ဆီဒိုးနားဟိုတယ်တွင်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ၌ အဆိုပါပညာရှင်ကဆိုသည်။

ဖရန်စစ်ဖူကူယားမားက လက်ရှိ မြန်မာအစိုးရအနေဖြင့် အဆိုပါလုပ်ငန်းစဉ်ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက တအံ့တဩဖြစ်စေမည်ဖြစ်ပြီး ယင်းမှာ မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်းပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံတကာမှ လူအများက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုကို စောင့်ကြည့်လျက်ရှိပြီး ယခုကဲ့သို့ ပွင့်လင်းလာမှုကိုလည်း အလွန်အမင်း စိတ်လှုပ်ရှားလျက်ရှိကာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမည်သို့အလုပ်ဖြစ်မည်ကိုစိတ်ဝင်စား တွေ့မြင်လိုကြကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် မတူကွဲပြားခြားနားသော လူအများအပြား ပါဝင်နိုင်ရန် အခွင့်အလမ်းများလိုအပ်သည်ဟု ထင်မြင်ကြောင်း နိုင်ငံရေးဒဿနပညာရှင်ကဆိုသည်။

ကမ္ဘာကျော်နိုင်ငံရေးဒဿနပညာရှင်ဖရန်စစ်ဖူကူယားမားသည် မြန်မာနိုင်ငံသို့ ယခုလ ၂၂ ရက်မှ ၂၅ ရက်ထိ၊ လေးရက်ကြာ လာရောက်၍ ရန်ကုန်နှင့် နေပြည်တော်တို့တွင် စီးပွားရေးစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာ၌ ချဉ်းကပ်ပုံ နည်းလမ်းများနှင့် ကောင်းမွန်သော အစိုးရတစ်ရပ် တည်ဆောက်ရေးဆိုင်ရာ အကြောင်းအရာများအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# နိုင်ငံတကာ ဧည့်သည်တော်များအတွက် နောက်ဆုံးပေါ် မာစီဒီး၊ လပ်ဇပ်နှင့် အော်ဒီကားများ တင်သွင်းမည်

မိုးညို

**ရန်ကုန်၊ စက်တင်ဘာ - ၃**

လာမည့်နှစ်များတွင် ပြုလုပ်မည့် အာဆီယံဆိုင်ရာအစည်းအဝေးများ၌ နိုင်ငံတကာမှ လာရောက်မည့် အထူးဧည့်သည်များ အသုံးပြုရန်အတွက် တန်ဖိုးမြင့် နောက်ဆုံးပေါ် မာစီဒီး၊လပ်ဇပ်နှင့်အော်ဒီကားများကိုတင်သွင်းနိုင်ရန်တင်ဒါခေါ်ယူထားကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးကပြောကြားသည်။

တင်ဒါခေါ်ယူရာတွင် မာစီဒီးနှင့်လပ်ဇပ်ယာဉ် ၉၂ စီး၊ တိုယိုတာ Camryအစီး ၅၀၊ Audi A-6 အစီး ၃၀၊ စုစုပေါင်း ၁၇၂ စီး တင်သွင်းခွင့်ပြုမည်ဖြစ်ရာ တန်ဖိုးအကြီးဆုံးယာဉ်အဖြစ် မာစီဒီးမှာ အဓိက ပါဝင်လာနိုင်ကြောင်း အထက်ပါညွှန်ကြားရေးမှူးကပင် ပြောကြားသည်။



၂၀၁၁မော်ဒယ် အော်ဒီကားသစ်တစ်စီး

"ဌာနအတွက် အသုံးပြုမှာ မဟုတ်ပါဘူး။ ရှေ့နှစ်တွေမှာ ကျင်းပမယ့် ထိပ်သီးအစည်းအဝေးတွေမှာ အရေးကြီးဧည့်သည်တွေအတွက်ပါ" ဟု ၎င်းကပင် ပြောကြားသည်။

2011 နှင့် 2012 အစရှိသော နောက်ဆုံးမော်ဒယ်များကို တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး တင်ဒါလျှောက်ထားလိုသူအနေဖြင့် စက်တင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ နေပြည်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ တင်သွင်းကြရမည်ဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြပါရှိသည်။

လက်ရှိတွင် မာစီဒီးနှင့်လပ်ဇပ် ၂၀၁၂ မော်ဒယ်များမှာ ကျပ်သိန်း ၂,၅၀၀ မှ ၃,၀၀၀ အထိရှိကြောင်း ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

# တနင်္သာရီကမ်းရိုးတန်းတွင် နိုင်ငံတကာရေနက်ဆိပ်ကမ်းသစ်နှစ်ခု ထပ်မံတည်ဆောက်ရန် စီစဉ်

အိဖြူလွင်

**ရန်ကုန်၊ စက်တင်ဘာ-၂**

မြန်မာနိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်း နှစ်ခု ထပ်မံအကောင်အထည်ဖော်ရန် စစ်ဆေးတိုင်းတာမှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းရရှိသည်။

အသစ်ဖော်ဆောင်မည့် ရေနက်ဆိပ်ကမ်း နှစ်ခုမှာ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ဘုတ်ပြင်းရေနက်ဆိပ်ကမ်းနှင့် ကုလားဂုတ် ရေနက်ဆိပ်ကမ်းတို့ဖြစ်သည်။

ကုလားဂုတ် ရေနက်ဆိပ်ကမ်းသည် မော်လမြိုင်မြို့နှင့် ရေးမြို့ကြားတွင်ရှိပြီး ယင်းရေနက်ဆိပ်ကမ်းသည် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးတို့၏ ကုန်သွယ်မှုဆိုင်ရာဗဟိုဖြစ်လာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မြို့ပြအင်ဂျင်နီယာချုပ် ဦးမြသန်းက ပြောသည်။

ကုလားဂုတ် ရေနက်ဆိပ်ကမ်းအကောင်အထည်ပေါ်လာပါက အရှေ့၊ အနောက် စီးပွားရေးစင်္ကြံအဖြစ် ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့မှ မော်လမြိုင်မြို့အထိ ကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ကုလားဂုတ် ရေနက်ဆိပ်ကမ်းသည် သဘာဝအကာအကွယ်ကောင်းများရှိထားပြီး သင်္ဘောများဆိုက်ကပ်ရန်လည်း ရေအနက် လုံလောက်စွာရရှိသည့် ဆိပ်ကမ်းနေရာတစ်ခုဖြစ်ကြောင်း ဦးမြသန်းက ပြောသည်။

မြန်မာနိုင်ငံတွင် ရေနက်ဆိပ်ကမ်းအဖြစ် ဖော်ဆောင်နိုင်မည့် ဆိပ်ကမ်းနေရာလေးခုရှိပြီး ကျောက်ဖြူနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းတို့မှာ တည်ဆောက်ရေးလုပ်ငန်းများစတင်နေပြီဖြစ်သည်။ ကုလားဂုတ်ရေနက်ဆိပ်ကမ်းနှင့် ဘုတ်ပြင်း ရေနက်ဆိပ်ကမ်းတို့အတွက် ဆိပ်ကမ်းနေရာတိုင်းတာခြင်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# CRIME မှုခင်းသတင်း CORNER

## ဖောက်ထွင်းဝိဇ္ဇာတစ်ဦးအား ဖမ်းမိ

**မြင်းခြံ၊ ဩဂုတ် – ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် တည်းခိုခန်းများသို့ဝင်ရောက်တည်းခိုကာ ဖောက်ထွင်းခိုးယူသည့်နာမည်ကြီးဖောက်ထွင်းဝိဇ္ဇာတစ်ဦးကို ဩဂုတ်လ ၂၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

ပြီးခဲ့သည့် မတ်လ ၁ ရက် ညနေ ၄ နာရီခန့်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ တည်းခိုခန်းတစ်ခုတွင် လာရောက်တည်းခိုသူတစ်ဦး ငွေကျပ်သိန်း ၄၀ ပျောက်ဆုံးသွား၍ မြင်းခြံအမှတ်(၁) ရဲစခန်းက (ပ)၆၈/ ၂၀၁၂၊ ဥပဒေပုဒ်မ-၃၈၀ အရ အမှုဖွင့်ခဲ့ပြီး ဩဂုတ် ၂၀ ရက် ညနေ ၄ နာရီခန့်ကလည်း မြင်းခြံမြို့ရှိ ယမုံနာတည်းခိုခန်းတစ်ခု၌ လာရောက်တည်းခိုသူတစ်ဦး ဒစ်ဂျစ်တယ်ကင်မရာနှင့်ငွေကျပ်တစ်သိန်း ပျောက်ဆုံးခဲ့သဖြင့် မြင်းခြံအမှတ်(၁) ရဲစခန်းက (ပ) ၂၄၁/ ၂၀၁၂၊ ဥပဒေပုဒ်မ-၃၈၀ အရ အမှုဖွင့်ခဲ့ သည်။

တည်းခိုခန်းများတွင်သာ ဖြစ်ပွားနေ၍ ယမုံနာတည်းခိုခန်း၌ တည်းခိုသည့် ဧည့်သည်များအား စိစစ်ဆောင်ရွက်ရာ မောင်သက်(ခ)အညာသား (၅၈ နှစ်)သည် ဩဂုတ်လ ၂၁ ရက်အထိ တည်းခိုရန် စာရင်းပေးထားသော်လည်း အခင်းဖြစ်ပွားသည့်အချိန်က ပခုက္ကူဘက်သို့ ဆိုင်ကယ်ကယ်ရီငှားပြီး ထွက်သွားကြောင်း မသင်္ကာစရာ တွေ့ရှိရသဖြင့် ပခုက္ကူဘက်သို့ ရဲတပ်ဖွဲ့နှင့် လိုက်လံရှာဖွေခဲ့သည်။ အဆိုပါမောင်သက်(ခ)အညာသားကို ယမုံနာတည်းခိုခန်းတွင် ပျောက်ဆုံးသွားသည့် ဒစ်ဂျစ်တယ်ကင်မရာ၊ ငွေကျပ်တစ်သိန်းနှင့် ဖောက်ထွင်းရာ၌ အသုံးပြုသောကိရိယာများ၊ သော့တူ ၂၅ချောင်း၊ နိုင်ငံသားစိစစ်ရေးကတ်သုံးခုနှင့်အတူ ဖောက်ထွင်းရာတွင် အသုံးပြုသည့်ကိရိယာများပါ တွေ့ရှိသဖြင့် မြင်းခြံခရိုင် ရဲတပ်ဖွဲ့မှူး ဦးစီးသော စစ်ကြောရေးအဖွဲ့က စစ်ဆေးဆောင်ရွက်ရာ ၎င်းသည် စိန်တင်(ခ)အညာသား(ခ)မောင်သက်ဖြစ်ကြောင်းသိရသည်။

၎င်းသည်မြန်မာနိုင်ငံအရပ်ရပ်ရှိဟိုတယ်များ၊ တည်းခိုခန်း ၂၃ခုတွင် တည်းခိုသူအသွင်ယူပြီး လူများအလစ်တွင်တည်းခိုသူများ၏ပစ္စည်းများ၊ ငွေများကိုဖောက်ထွင်းခိုးယူခဲ့သည်။ တစ်ကိုယ်တော်နည်းဖြင့်လည်းကောင်း၊ အဖော်တစ်ဦးဖြင့်လည်းကောင်း၊ ထိုသို့ကျူးလွန်ခဲ့ပြီး ဖောက်ထွင်းခိုးယူမှုကြောင့် ထောင်သုံးခါကျခံဖူးကြောင်း သိရသည်။ မတ်လ ၁ ရက်က မြင်းခြံမြို့ တည်းခိုခန်းတစ်ခုတွင် ကျပ်သိန်း ၄၀ ပျောက်ဆုံးမှုနှင့် ဩဂုတ်လ ၂၀ရက်က ယမုံနာ တည်းခိုခန်းတွင် ဒစ်ဂျစ်တယ်ကင်မ ရာနှင့် ငွေကျပ်တစ်သိန်းပျောက်ဆုံးမှုမှာလည်းစိန်တင်(ခ)အညာသား(ခ) မောင်သက်က တစ်ကိုယ်တော်ဖောက်ထွင်းခိုးယူခဲ့ပြီး ၎င်းသည် မှတ်ပုံတင်အတုသုံးခု ကိုင်ဆောင်ကာ တည်းခိုရာ၌ အသုံးပြုခဲ့ကြောင်း မှုခင်းပိုင်းဆိုင်ရာ ထွက်ဆိုချက်၌ထွက်ဆိုထားသည်။

# မှောင်ခိုပစ္စည်းပပျောက်ရေးအတွက် မူဆယ်ကုန်သည်များ အချက် ၂၀ တင်ပြ

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြုလုပ်သော တရားမဝင်မှောင်ခိုပစ္စည်းများ ပပျောက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် မူဆယ်ဒေသခံကုန်သည်များက အချက် ၂၀ တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးပွဲ အား မူဆယ်မြို့တွင် ဩဂုတ်လ ၂၈ ရက်ကပြုလုပ်ခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် ကုန်သည် ၁၀၀ ခန့်တက်ရောက်ခဲ့ကြသည်။



**မူဆယ်–မန္တလေးလမ်းမှမှောင်ခိုသွင်းလာသော ဆိုင်ကယ်ပစ္စည်းများ**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့သော အချက်များထဲမှ လက်ရှိ ည ၇ နာရီတွင် ပိတ်နေသော မောင်းတံဂိတ်များအား ည ၁၀ နာရီထိ တိုးမြှင့်ခွင့်ပြုပေးခဲ့ပြီး လယ်ယာသုံးပစ္စည်းများနှင့် ပတ်သက်၍ အခွန်ကင်းလွတ်ခွင့် တောင်းဆိုရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနက ထောက်ခံချက်ရရှိပါက ခွင့်ပြုသွားမည်ဟု ဦးဝင်းမြင့်က ပြန်လည်ဖြေကြားခဲ့သည်ဟု သတင်းရရှိသည်။

"မန္တလေးအထွက် ၁၆ မိုင်ဂိတ်နဲ့ပတ်သက်တဲ့ ကိစ္စကိုတော့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ညှိပေးမယ်ပြောတယ်။ တရားမဝင် မှောင်ခိုကုန်သွယ်မှု လျှော့နည်းရေးနဲ့ပတ်သက်လို့တော့ အဖွဲ့တစ်ဖွဲ့ဖွဲ့ပြီးဆောင်ရွက်သွားမယ်လို့ပဲ ပြောသွားတယ်"ဟု မူဆယ်ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

မန္တလေးအထွက်၁၆မိုင်ဂိတ်သည် လုံခြုံရေးအတွက် ထားရှိသော ဂိတ်ဖြစ်သော်လည်း ကုန်သွယ်ရေးနှင့် ပတ်သက်သော စစ်ဆေးမှုများရှိနေသဖြင့် အချိန်ကြန့်ကြာမှုများရှိနေကြောင်း ကုန်သည်များက တင်ပြခဲ့ကြသည်။

"ဆိုင်ကယ်တစ်စီးကိုကယ်ရီသမားနဲ့သယ်ရင် ကျပ်သုံးသောင်းပဲ ကုန်တယ်။ တရားဝင်သွင်းရင် ကျပ်ခြောက်သောင်းကျော်လောက်ကျတယ်။ အချိန်လည်း ပိုကုန်တဲ့အတွက် ကယ်ရီနဲ့ပဲ သွားနေကြတာ" ဟု မူဆယ်ဒေသခံဆိုင်ကယ်တင်သွင်းရောင်းချသူ ကုန်သည်တစ်ဦးကပြောသည်။

ထို့အပြင် တရုတ်နိုင်ငံဘက်ခြမ်းတွင် မြန်မာလုပ်သားများ မကြာခဏ အဖမ်းခံ၊ အနှိမ်ခံနေခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာများပါ တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

မူဆယ်မြို့သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး၏ အဓိက တံခါးပေါက်ဖြစ်ပြီး မှောင်ခိုပစ္စည်း ဝင်ရောက်ရာ လမ်းကြောင်းများတွင်လည်း မူဆယ်မြို့နှင့် မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တို့မှာ အဓိကဝင်ပေါက်နေရာများဖြစ်သည်။

# မြိတ်မြို့နယ်တွင် ငါးနှစ်အောက်ကလေးငယ်များ၌ ခဲဆိပ်သင့်မှုတွေ့

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် – ၃၀**

မြိတ်မြို့တွင် နေထိုင်သော ငါးနှစ်အောက် ကလေးငယ်များ၌ ခဲဆိပ်သင့်မှုများ တွေ့ရှိရကြောင်း လုပ်ငန်းခွင်ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကြည်လွင်ဦးကပြောကြားသည်။

ထိုသို့ တွေ့ရှိရမှုကြောင့် မြိတ်မြို့ရှိ မြေအောက်ရေတွင် ခဲဆိပ်ပျော်ဝင်မှု မည်မျှရှိသည်ကို နှစ်လကြာ သုတေသနပြုလုပ်မည်ဖြစ်ပြီး လေ့လာတွေ့ရှိချက်များကို ယင်းမြို့ရှိပြည်သူလူထုအား နိုဝင်ဘာလတွင် အသိပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ လေ့လာသောအချိန်ကာလအတွင်းဖြစ်သောကြောင့် ခန္ဓာကိုယ်အတွင်း မည်သည့်ပမာဏ တွေ့ရှိရသည်ကို ပြော၍မရကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ခဲဆိပ်သင့်တဲ့ ငါးနှစ်အောက်ကလေးငယ်တွေကိုတွေ့ရတာများလို့ လေ့လာဖို့ ဆုံးဖြတ်လိုက်တာပါ။ ဒီကလေးတွေ ဘယ်လောက်ထိခိုက်တယ်ဆိုတာတော့ ပြောလို့မရပါဘူး။ ဘာကြောင့်ဖြစ်တယ်၊ ဖြစ်နေတာ ဘယ်လောက်ကြာပြီဆိုတာတော့ လေ့လာနေတုန်းမို့ပါ။ လေ့လာပြီးရင်တော့ ပြည်သူလူထုကို တရားဝင်ပြောပြမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။ လေ့လာသုတေသနပြုခြင်းကို စက်တင်ဘာလတွင် စတင်မည်ဖြစ်ပြီး ရေအရည်အသွေးတိုင်းတာစစ်ဆေး (PH Level) ပြီး၊ သောက်သုံးရန် သင့်၊ မသင့်ကို လေ့လာစစ်ဆေးမည်ဟုဆိုသည်။ သို့သော် ယင်းမြို့အတွက် ရေကို ရေရှည်အသုံးချစီမံခန့်ခွဲမှုပါရှိမည် မဟုတ်သေးဘဲ ဂျပန်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့်ပြဒါးအဆိပ်သင့်မှုမျိုး မြန်မာနိုင်ငံတွင် မဖြစ်စေရန် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသောစက်ရုံအလုပ်ရုံများ၏ ရေဆိုးစွန့်ပစ်မှုများကို စံချိန်စံညွှန်းများဖြင့် ထားရှိသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က အကြံပြုသည်။

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာတစ်နိုင်ငံလုံးတွင် ခဲနှင့် အဖြိုက်နက်သတ္တုသိုက်များ အများဆုံးရှိသောနေရာများဖြစ်ပြီး သတ္တုတွင်းတူးဖော်သည့်ကုမ္ပဏီ ၁၀၀ (တရားဝင်နှင့် တရားမဝင်) ကျော်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာနက တရားဝင်ထုတ်ပြန်ထားသော စာရင်းများအရသိရသည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဒေါ်လာ ၂ဒသမ၅ ဘီလျံကျော်ရင်းနှီးမြှုပ်နှံမည့်ရေနံချက်စက်ရုံ နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးပါ

## အဆိုပါရေနံချက်စက်ရုံတွင် တရုတ်နိုင်ငံက ငွေကြေးစိုက်ထုတ်မတည်ပေးကာ ရင်းနှီးမြှုပ်နှံထားသည်

**ထူးသန့်**

**နေပြည်တော်၊ ဩဂုတ် - ၃၁**

တရုတ်နိုင်ငံက စိုက်ထုတ်မတည်ပေးသော အမေရိကန်ဒေါ်လာ ၂ဒသမ၅ဘီလျံ (ကန်ဒေါ်လာ ၂၅၂၁သန်း)ကျော် ကုန်ကျနိုင်သည့် ထားဝယ်ခရိုင် လောင်းလုံမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ရေနံချက်စက်ရုံသည် Strategic Item လောင်စာစွမ်းအင်များ သိုလှောင်သိမ်းဆည်းထားပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်က ပြောကြားသည်။

ပြည်ပမှ ရေနံစိမ်းကုန်ကြမ်းဝယ်ယူ၍ ထိုစက်ရုံ၌ ကုန်ချောထုတ်လုပ်ရာတွင် စက်သုံးဆီများ၊ ကတ္တရာများ ထွက်ရှိမည်ဖြစ်ပြီး ပလတ်စတစ်ကော်စိမ်း၊ ကန့်စသည့်ပစ္စည်းများလည်း ထွက်ရှိမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းဝယ်ယူပြီး ကုန်ချောထုတ်လုပ်ခြင်းဖြစ်၍ နိုင်ငံတော် စီးပွားရေးကို အထောက်အကူ ပြုစေမည့်အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် သိုလှောင်သိမ်းဆည်းထားမည်ဖြစ်သည့်အတွက်လည်း ကာကွယ်ရေးအတွက် အကျိုးပြုစေမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

ထို့အပြင် စက်ရုံတွင် အလုပ်သမား ၁,၈၅၀ ခန့်ဖြင့်လုပ်ငန်းလည်ပတ်ရမည်ဖြစ်ပြီး ဒေသခံများကို ဦးစားပေးခန့်ထားမည်ဖြစ်ကြောင်း၊ လောလောဆယ်တွင် အင်ဂျင်နီယာနှင့် ကျွမ်းကျင်ဝန်ထမ်းများအား တရုတ်နိုင်ငံသို့ကြိုတင်လေ့လာရေးအဖြစ် စေလွှတ်ထားပြီးဖြစ်ကြောင်းလည်း ၎င်းကပင်ဆက်လက်ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရန် အတွက်လည်း စက်ရုံမှထွက်မည့် မီးခိုးငွေ့များအား နိုင်ငံတကာစံနှုန်းအတိုင်း လိုအပ်သော သန့်စင်မှုများ ပြုလုပ်ပြီးမှ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ယင်းသန့်စင်မှုစနစ်အား ပျက်ယွင်းပါက စက္ကန့်ပိုင်းအတွင်း သိရှိကာပြုပြင်နိုင်မည့် စောင့်ကြည့်စနစ်ကိုပါ တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ဝန်းကျင်ဒေသခံများ၏ ကျန်းမာရေး၊ လူမှုရေး မထိခိုက်အောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်ရန်လည်း ဆောင်ရွက်သွားမည်ဟု ဗိုလ်မှူးချုပ်အောင်သော်က ပြောသည်။

စက်ရုံထွက် ရေဆိုးနှင့် စွန့်ပစ်ပစ္စည်းများကိုပါ ဘေးအန္တရာယ်ကင်းရှင်းစေရန် သန့်စင်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး၊ စက်ရုံနယ်နိမိတ်အတွင်းရှိနေအိမ် ၉၄ လုံးကို ပိုးဇာပင်ဆီအုန်းခြံ၌ ပြန်နေရာချပေးမည်ဟုဆိုသည်။ အဆိုပါ ရေနံချက်စက်ရုံအား တရုတ်နိုင်ငံမှ GDZR ကုမ္ပဏီ၊ ပြည်တွင်းမှ ထူးကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့ ပူးပေါင်းတည်ဆောက်ခြင်းဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးတင်မောင်မြင့်က ပြောကြားသည်။

# အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ အဓိပ္ပာယ်ပြင်ဆင်သတ်မှတ်မည်

**ကိုကိုကြီး**

**ရန်ကုန်၊ စက်တင်ဘာ-၁**

ပြည်တွင်းအသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် သက်ဆိုင်သည့် အဓိပ္ပာယ်ပြင်ဆင်သတ်မှတ်ချက်များကို ယခုနှစ်ဩဂုတ်လအတွင်း ဝန်ကြီးရုံးသို့ တင်ပြပြီးဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ အသေးစား၊ အလတ်စားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက ပြောသည်။

ထိုသို့ပြင်ဆင်သတ်မှတ်များဆောင်ရွက်ရာတွင်ပြည်တွင်းစက်မှုလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။

၁၉၉၀ ခုနှစ်က စတင်ပြဋ္ဌာန်းခဲ့သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ သတ်မှတ်ချက်တွင်မြင်းကောင်ရေပမာဏ၊ တစ်နှစ်ထုတ်ကုန်တန်ဖိုး၊ လူဦးရေနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့ကို ထည့်သွင်းသတ်မှတ်ထားသော်လည်း ပြင်ဆင်လိုက်သည့်ပြဋ္ဌာန်းချက်တွင်မူ လူဦးရေနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့ကိုသာ အခြေပြုသတ်မှတ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးကပြောသည်။

“အခုတော့ မြင်းကောင်ရေကို ထည့်မတွက်တော့ဘူး။ အိုင်တီလုပ်ငန်းတွေမှာ မြင်းကောင်ရေကို မသုံးသလောက်ဖြစ်တယ်။ နိုင်ငံတကာမှာလည်း မြင်းကောင်ရေကို ဘယ်သူမှမသုံးတော့ဘူး။ အဲဒါကြောင့် မြင်းကောင်ရေနဲ့တိုင်းတာကို ဖြုတ်လိုက်တာ” ဟု ၎င်းကပြောသည်။



ရွှေပြားခတ်လုပ်ငန်းခွင်တစ်ခု ဓာတ်ပုံ-article.wn.com

ယခုပြောင်းလဲသည့် သတ်မှတ်ချက်တွင်လူဦးရေ၁၅၀အောက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများနှင့် လူဦးရေ ၁၀၀ အောက်ရှိ သည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုပမာဏတွင်လည်း ကုန်ထုတ်လုပ်ငန်းအတွက် မြေယာတန်ဖိုးပါဝင်ခြင်း မရှိဘဲ ကျပ်သန်းပေါင်းတစ်ထောင်အောက်နှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် ကျပ်သန်းငါးရာအောက်ရှိသည့် လုပ်ငန်းများကိုသာ အသေးစားနှင့် အလတ်စားကဏ္ဍတွင် ပါဝင်မှုရှိ သည်ဟု ခြုံငုံသတ်မှတ်ထားကြောင်း သိရသည်။

စာ(၁၂)သို့




Panasonic
eco ideas
INTELLIGENT
INVERTER + ECONAVI
INTELLIGENT ECO SENSORS
သက်သောင့်သက်သာဖြင့် အကောင်းဆုံး စွမ်းအင်ချွေတာနိုင်မှု
Panasonic
INVERTER
ECONAVI
CS-S10NKH (1.0 hp)
CS-S13NKH (1.5 hp)
CS-S18NKH (2.0 hp)
INTELLIGENT
INVERTER
Up To 50%* Less
Energy Consumption
INTELLIGENT ECO SENSORS
ECONAVI
Up To 35%** Less
Energy Consumption
VOTED BY CONSUMERS
Reader's Digest
TRUSTED BRAND
2012
GOLD-ASIA
INTELLIGENT ECO SENSORS
ECONAVI
Panasonic ၏ အဆင့်မြင့်တီထွင်မှု ECONAVI နည်းပညာသည် အသိဉာဏ်များစွာဖြင့် sensors နှင့် ထိန်းချုပ်မှု အဆင့်ဆင့်တို့က စွမ်းအင်အလဟဿ လေလွင့်ဆုံးရှုံးမှုကို စောင့်ကြည့်စစ်ဆေးနေပြီး စွမ်းအင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပါသည်။
INTELLIGENT
INVERTER
ကွန်ပရက်ဆာလည်ပတ်နှုန်းကို လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်နှင့် အံ့သြဖွယ်ကောင်းလောက်အောင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်ပါသည်။
လေအေးပေးစက် – *စွမ်းအင်သုံးစွဲမှု 50% လျှော့ချနိုင်ခြင်းကို နှိုင်းယှဉ်ချက်
-မြင်းကောင်ရေ ၁.၅ ရှိ အင်ဗာတာ ပါနှင့် အင်ဗာတာ မပါဝင်သော လေအေးပေးစက်နှိုင်းယှဉ်ချက် (အအေးပေးစနစ်)
ပြင်ပအပူချိန်-35°C/24°C Remote အပူချိန်သတ်မှတ်ချက် 25°C နှင့် ပန်ကာလည်နှုန်း(မြင့်) ၊ ဒေါင်လိုက်လေစီးဆင်းမှုပုံစံ- အလိုလျောက်၊ အလျားလိုက် လေစီးဆင်းမှုပုံစံ/ရှေ့အနေအထား
**စွမ်းအင်သုံးစွဲမှု 35% လျှော့ချနိုင်ခြင်းကိုနှိုင်းယှဉ်ချက်
-မြင်းကောင်ရေ ၁.၅ ရှိ အင်ဗာတာ တွင် dual အမျိုးအစား ECONAVI အာရုံခံကရိယာ ဖွင့် -ပြင်ပအပူချိန် 35°C/24°C Remote အပူချိန်သတ်မှတ်ချက် 25°C နှင့် ပန်ကာလည်နှုန်း(မြင့်) ၊ ဒေါင်လိုက်လေစီးဆင်းမှုပုံစံ- အလိုလျောက်၊ အလျားလိုက်လေစီးဆင်းမှုပုံစံ/ ECONAVI ၏လှုပ်ရှားမှု အခြေခံအရ အခန်းတွင်းအပူချိန်ကို 1°C မြင့်တင်လိုက်သည်။
ECONAVI အာရုံခံကရိယာ ပိတ် -ပြင်ပအပူချိန် 35°C/24°C Remote အပူချိန်သတ်မှတ်ချက် 25°C နှင့် ပန်ကာလည်နှုန်း(မြင့်) ၊ ဒေါင်လိုက်လေစီးဆင်းမှုပုံစံ- အလိုလျောက်၊ အလျားလိုက်လေစီးဆင်းမှုပုံစံ-ရှေ့ဘက်အနေအထား
အရောင်းပြခန်း - ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက် (လေအေးပေးစက်အရောင်းပြခန်း)
ရန်ကုန် - အမှတ် (၁/၂) မြေညီထပ်၊ ရွှေမြယာအိမ်ယာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း-၀၁-၂၀၅ ၀၃၂၊ ၂၉၂ ၆၆၁ ဖက်စ်-၂၉၁ ၇၁၂
နေပြည်တော် - အမှတ် ပ(၃၇/ ၃၈/ ၃၉) သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့ ။ ဖုန်း-၀၉-၄၉၂ ၀၉၅၄၃၊ ၀၉ - ၄၉၂၀၉၅၄၅၊ ၀၉ - ၄၉၂၀၉၅၄၆
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

# ကိုရီးယားသို့ ပြည်ဝင်ခွင့်မရသော မြန်မာအလုပ်သမား ၇၀ ကျော်ရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ဩဂုတ်-၃၀**

မြန်မာလုပ်သားများ ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ရာတွင် ပြည်ဝင်ခွင့်မရသော မြန်မာလုပ်သား ၇၀ ကျော်ရှိကြောင်း အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ တာဝန်ရှိသူအရာရှိတစ်ဦးက ပြောသည်။

ကိုရီးယားသို့ ပြည်ဝင်ခွင့်မရသော မြန်မာလုပ်သားများမှာ ယခင်ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ခဲ့စဉ်၌ ဗီဇာသက်တမ်းကျော်လွန်၍ တရားမဝင်နေထိုင်ခဲ့ကြပြီး ပြည်တွင်းသို့ ပြန်လည်ရောက်ပြီးနောက် အမည်၊ မွေးသက္ကရာဇ်တို့အား ပြောင်းလဲ၍ နိုင်ငံကူးလက်မှတ်အသစ်ဖြင့် အဆိုပါနိုင်ငံသို့ ထပ်မံသွားရာ ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်ရှိလူဝင်မှုကြီးကြပ်ရေးဌာနက စစ်ဆေးတွေ့ရှိ၍ ပြန်လည်စေလွှတ်ခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

"ဟိုနိုင်ငံရဲ့ လေဆိပ်ကျမှ Immigration ဖြတ်တော့မှ နဂိုကသူတို့ရဲ့ ဓာတ်ပုံတွေနဲ့ အချက်အလက်တွေအားလုံးရှိတော့ပြန်လွှတ်ခံရတာ။ လေဆိပ်ကပဲ ပြန်လာရတာ။ များသောအားဖြင့် ဟိုဘက်လေဆိပ်မှာမိတာများတယ်" ဟု အထက်ပါ အရာရှိတစ်ဦးက ပြောသည်။

လက်ရှိကိုရီးယားနိုင်ငံသို့ ပို့ပေးထားသော မြန်မာလုပ်သား ၅၃၀၀ ကျော်ထဲမှ ပြည်ဝင်ခွင့်မရသဖြင့် ပြန်လည်စေလွှတ်ခံရသူ ၇၀ ကျော်ရှိခြင်းဖြစ်သည်။

"အဲဒီလို မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့သွားရင် မြန်မာနိုင်ငံသားတွေအပေါ် အထင်သေးစရာဖြစ်တယ်။ အခြား မြန်မာလုပ်သားတွေအတွက်လည်း ပုံရိပ်မကောင်းဘူး။ ပြည်ဝင်ခွင့်ရပြီး မိမိရဲ့လုပ်ငန်းဌာနမှ အလုပ်ရှင်နှင့်သဘောတူညီမှုမရဘဲ တရားမဝင်ထွက်ခွာသွားတာ၊ ထွက်ပြေးတာမျိုးတွေ မပြုလုပ်ဖို့ လိုပါတယ်။ ထွက်ပြေးတော့နိုင်ငံလည်းသိက္ခာကျတယ်။ နောက်လူတွေလည်း အလုပ်အကိုင် အခွင့်အလမ်းရဖို့ ခက်ခဲသွားမယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိတွင် ကိုရီးယားနိုင်ငံသို့စတုတ္ထအကြိမ်အဖြစ်လုပ်သားစေလွှတ်ရာတွင် ကိုရီးယားဘာသာစကား EPS- Topik စာမေးပွဲစစ်ဆေး၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း အလုပ်ခေါ်ရာ၌စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို ပိုမိုအလုပ်လျှောက်သူများနေသည်။




**ကိုရီးယားရှိစိုက်ပျိုးရေးလုပ်ငန်းခွင်တစ်ခု**

ဓာတ်ပုံ-img.yonhapnews.co.kr

ထို့အပြင် အစိုးရအေဂျင်စီအနေဖြင့် အလုပ်လျှောက်လွှာများအား ကိုရီးယားHRD အဖွဲ့အစည်းသို့အွန်လိုင်းမှတစ်ဆင့်ပေးပို့ကာ အလုပ်ရှင်ဘက်မှ ရွေးချယ်သူများအတွက် အလုပ်ခေါ်စာရမည်ဖြစ်ကြောင်း သိရသည်။

"တချို့က မြန်မြန်သွားချင်တော့ ပွဲစားတွေရဲ့ ယုံကြည်လောက်အောင်ပြောဆိုမှုကို နားယောင်ပြီး ငွေအလိမ်ခံရတာမျိုးတွေ ဖြစ်တတ်တယ်။ ဟိုဘက်က အလုပ်ရှင်က ရွေးချယ်မှ သေချာတာ။ ပွဲစားနဲ့ လုပ်တာအသုံးမဝင်ဘူး"ဟု၎င်းကထပ်မံပြောကြားသည်။ ယခုနှစ်ဩဂုတ်လအထိကိုရီးယားနိုင်ငံမှ အလုပ်ခေါ်စာရရှိသူ ၅၈၀၀ ကျော်ရှိခဲ့ပြီး သွားရောက်အလုပ်လုပ်ကိုင်သူ၅၃၀၀ ကျော်ရှိကာပြည်ဝင်ခွင့်မရဘဲပြန်လည် စေလွှတ်ခံရသူ ၇၀ ကျော်ရှိခဲ့ကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ယခင်အလုပ်ခေါ်ရာ၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းအား အဓိကခေါ်ဆိုခဲ့ပြီး ယခုအခါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းအပါအဝင်ဆောက်လုပ်ရေးလုပ်ငန်းတို့အတွက် ပိုမိုခေါ်ယူလာသည်။

## စေတနာ၀သန် ဂီတဖျော်ဖြေပွဲမှ ရငွေ ကျပ်သိန်း ၂၅၀၀ ကျော် လူမှုရေးလုပ်ငန်းများအတွက် အသုံးပြုမည်

**ကြူကြူဟန်**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

၈၈ မျိုးဆက်ကျောင်းသားများ၏ 'စေတနာ၀သန်'ရန်ပုံငွေဂီတဖျော်ဖြေပွဲမှ ရန်ပုံငွေ ကျပ်သိန်း ၂၅၀၀ ကျော်ရရှိထားပြီး ထိုရန်ပုံငွေများကို စစ်ဘေး၊ ရေဘေး၊ ပဋိပက္ခများကြောင့် ဒုက္ခရောက်ရသူများနှင့် လူမှုရေးလုပ်ငန်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြအေးက ပြောသည်။

ရရှိထားသော အလှူငွေများထဲမှ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်များ၊ ကချင်စစ်ဘေးဒုက္ခသည်များနှင့် ဧရာဝတီတိုင်းရှိ ရေဘေးသင့်ပြည်သူများကို ကျပ်သိန်း ၂၀၀ စီ၊ နာရေးကူညီမှုအသင်းနှင့်ဒေါ်ဖြူဖြူသင်း၏ အိတ်ချ်အိုင်ဗီကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ကို ကျပ် ၂၅ သိန်းစီ၊ စုစုပေါင်း ကျပ်သိန်း ၆၅၀ ကို ဂီတဖျော်ဖြေပွဲညမှာပင် လှူဒါန်းမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အလှူငွေများ ဆက်လက်ရောက်ရှိနေသည့်အတွက် စာရင်းအတိအကျ ထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ အလှူငွေများကို အလုပ်သမားကိစ္စများ၊ လူ့အခွင့်အရေးကိစ္စများ စသည့်နေရာများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ကိုမြအေးကပြောသည်။

နိုင်ငံရေးလှုပ်ရှားသူများဖြစ်သော ၈၈ မျိုးဆက်ကျောင်းသားများစီစဉ်သည့် ဖျော်ဖြေပွဲကို Sky Net ရုပ်သံလိုင်းတွင် ပြသရန် ပြန်ကြားရေးဝန်ကြီးသစ် ဦးအောင်ကြည်က ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတရုံးမှ ဝန်ကြီး ဦးအောင်မင်းနှင့် ဝန်ကြီးဦးစိုးသိန်းတို့က ကျပ်တစ်သိန်းစီအပြင် အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများကလည်း လှူဒါန်းခဲ့ကြသည်။

ထိုဖျော်ဖြေပွဲတွင် ကိုမင်းကိုနိုင်၊ ကိုပြုံးချို၊ ကိုဌေးကြွယ်တို့ ဂစ်တာပေါ်၌ ရေးဆွဲထားသော ရန်ကုန်တက္ကသိုလ်မြင်ကွင်းပန်းချီကားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့် Sky Net ရုပ်သံလိုင်းတို့ အပြိုင်လေလံဆွဲကြရာ Sky Net ရုပ်သံလိုင်းမှ ကျပ်၅၈၈သိန်းဖြင့် လေလံအောင်ခဲ့သည်။



## ၂၀၁၂စက်တင်ဘာ၅မှ ၁၁ရက်ထိ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်သော်လည်း မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာမရှိသေးပါ။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းတွေမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားအသင့်အတင့် ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၅)ပေမှ(၆)ပေ-အထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရပြီးခဲ့တဲ့ ဩဂုတ်လ(၂၀-၂၆) ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ တနင်္သာရီတိုင်း နဲ့ မွန်ပြည်နယ်တောင်ပိုင်းတွေမှာ မိုးရေချိန် (၃ လက်မမှ ၅ လက်မ)ခန့်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း အနောက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်တောင်ပိုင်းနဲ့ ကချင်ပြည်နယ်အနောက်ပိုင်းတွေမှာမိုးရေချိန်(၁. ၅လက်မမှ၃လက်မ)ခန့်နဲ့ကျန်ဒေသတွေမှာ မိုးရေချိန်(၁. ၅လက်မ)အောက် ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ ၂၀၁၂ခုနှစ်အတွင်း မိုးရွာသွန်းမှု လျော့နည်းနေခဲ့တဲ့မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတစ်ပတ်အတွင်း မိုးရေချိန် (၁. ၅)လက်မခန့်ရရှိခဲ့ပါတယ်။ အလားတူ မိုးများနေတဲ့ အောက်မြန်မာပြည်ဒေသများမှာ မိုးအားထက်ဝက်ခန့်လျော့နည်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း အောက်မြန်မာပြည်ဒေသများတွင် မိုးအားလျော့နည်းနေရာမှ မိုးအားတိုးလာဖွယ်ရာရှိပြီး၊ အလယ်ပိုင်းဒေသများလည်း မိုးပိုမိုရရှိဖွယ်ရာရှိပါတယ်။ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းနဲ့ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့မှာ နေရာကွက်ကျား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း နဲ့ အရှေ့ပိုင်း တို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅)ရက်မှ(၆)ရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ရန်ကုန်တိုင်းတွေမှာ (၂)ရက်မှ(၃)ရက်ခန့် နေရာကွက် မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့်တစ်ပြည်လုံးမှာထစ်ချုန်းမည့်အခြေအနေများပြန်လည်တိုးလာနိုင်ပါတယ်။ မကွေးတိုင်း၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာမိုးတိမ်တောင်များဖြစ်ဖို့ ၆၅ခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာ ဒုတိယအများဆုံး ဖြစ်နိုင်ပြီး၊ သေချာမှု ၄၅ မှ ၅၅ခန့်အထိ ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံနေရာကွက် မိုးကြီးပြီး လျှပ်တစ်ပြက်ရေကြီးခြင်းနဲ့ မြေပြိုမှုအန္တရာယ်များကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်းနဲ့ ကချင်ပြည်နယ်တောင်ပိုင်းစွန်းမှာ အပူရှိန်သိသိသာသာမြင့်မားနိုင်ပြီး၊ ကျန်တစ်ပြည်လုံးမှာ အပူရှိန်များပုံမှန်ထက်မြင့်မားနေနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသများတွင်ရှိမြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ရေလျှံမှုအလားအလာများ ဆက်လက်မြင့်မားနေနိုင်ပါတယ်။ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာမုန်တိုင်းများဖြစ်ပေါ်မှုလျော့နည်းနိုင်ပါတယ်။ မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ လျော့နည်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# အခွန်တော်တံဆိပ်ခေါင်းဝယ်သူအချို့ ပြင်ပတွင် ဈေးကြီးပေးဝယ်နေရ

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ် - ၃၀**

ယခုနှစ် ဧပြီ ၁ ရက်တွင် တံဆိပ်ခေါင်းခွန်ဥပဒေကိုပြင်ဆင်လိုက်ပြီးသည့်နောက်ပိုင်း အခွန်တော်တံဆိပ်ခေါင်းများကိုဝယ်ယူရခက်ခဲလာပြီး အကန့်အသတ်ဖြင့် ရောင်းချပေးခြင်းကြောင့် ဝယ်ယူသူအများစုမှာ ပြင်ပတွင် တရားမဝင်ဈေးနှုန်းတင်ရောင်းချသူများထံမှ ဈေးကြီးပေး၍ ဝယ်ယူနေရကြောင်း အခွန်တော်တံဆိပ်ခေါင်း အသုံးပြုသူအများစုထံမှ သတင်းရရှိသည်။

အခွန်တော်တံဆိပ်ခေါင်းနှင့်ရုံးခွန်တံဆိပ်ခေါင်းဟု နှစ်မျိုးရှိရာတွင် ရုံးခွန်တံဆိပ်ခေါင်းများမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်သော်လည်း အိမ်ခြံမြေဆိုင်ရာ ပစ္စည်းအရောင်းအဝယ်စာချုပ်၊ နှစ်ဦးသဘောတူ ကတိကဝတ်စာချုပ်၊ ငွေချေးငှားခြင်းဆိုင်ရာစာချုပ်၊ တရားရုံးတွင် အသုံးပြုကြသည့် လျှောက်လွှာကျမ်းကျိန်လွှာစသည့်စာချုပ်များတွင် အသုံးပြုရသည့် အခွန်တော်တံဆိပ်ခေါင်းများကို နိုင်ငံသားတစ်ဦးလျှင် နှစ်စောင်နှုန်းဖြင့်သာ အခွန်ဦးစီးဌာနများကရောင်းချပေးသည်။

"ဘယ်အခွန်တော်တံဆိပ်ခေါင်းကိုမဆို တန်းစီပြီး ဝယ်နေရတယ်။ စာချုပ်ပွဲစားတွေလက်ထဲမှာ စာချုပ်တွေကအထပ်လိုက်ဖြစ်နေတဲ့အပြင် စာချုပ်ရဲ့ ကျောဘက်မှာပါရမယ့် အမည်တို့၊အဘအမည်တို့၊ လေးထောင့်ကွက်တွေဟာ အပြင်မှာဝယ်ရတဲ့စာချုပ်တွေမှာ မပါလာဘူး။ အပြင်မှာ ဈေးကြီးပေးဝယ်ရတဲ့ စာချုပ်တွေမှန်သမျှကလည်း ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ရောင်းထားတဲ့ တံဆိပ်ခေါင်းတွေချည်းပဲ"ဟု ပန်းဆိုးတန်းလမ်းရှိစာရေးဆရာ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ပြောသည်။

တံဆိပ်ခေါင်းခွန်ဥပဒေတွင် မူလက တံဆိပ်ခေါင်းခွန်တန်ဖိုးများကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်လိုက်ခြင်းကြောင့် နိုင်ငံအတွက် အခွန်အခများ တိုးမြင့်ရရှိလာခြင်း၊ တံဆိပ်ခေါင်းခွန်အတုအပ ပြုလုပ်ခြင်း မရှိသလောက်နည်းပါးသွားသည်။ သို့သော်လည်း အကန့်အသတ်ဖြင့်ရောင်းချပေးမှုကြောင့် တန်းစီနိုင်သည့် မှောင်ခိုရောင်းချသူများထံတွင် ၂၅၀ ကျပ်တန်ကို ၁,၂၀၀ ကျပ်ခန့်၊ ၃၀၀ ကျပ်တန်ကို ၁,၃၀၀ ကျပ်ခန့်၊ ၁,၀၀၀ ကျပ်တန်ကို ၁,၉၀၀ ကျပ်ခန့်၊ ၆၀၀ ကျပ်တန်ကို ၂,၀၀၀ ကျပ်ခန့်ဖြင့် ဝယ်ယူနေရကြောင်း သတင်းရရှိသည်။

"အခွန်တော်တံဆိပ်ခေါင်းတွေကို မြို့နယ်အခွန်ဦးစီးဌာနရုံးမှာ တန်းစီပြီးမှ ဝယ်ရတယ်။ ကျွန်မတို့ တန်းစီတာတောင် ရှေ့နေလိုင်စင်ပြမှ လေးစောင်ရောင်းပေးတယ်။ ဒီလောက်လေးနဲ့ သွားတန်းမစီချင်တော့ ကိုယ် ချုပ်ထားတဲ့စာချုပ်ပြပြီး ရုံးအခွန်မှူး လက်မှတ်ထိုး၊ သက်ဆိုင်ရာ အခွန်တံဆိပ်ခေါင်းကပ်လိုက်တယ်။ မှောင်ခိုတွေကတော့ လာရောင်းကြပါတယ်။ ဒါပေမဲ့ သူခိုးအားပေးမလုပ်ချင်ပါဘူး"ဟု ပင်လုံ Law Firm မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်လဲ့ကပြောသည်။

အမှန်တကယ် လိုအပ်နေသော ပြည်သူများထံသို့ မရောက်ရှိဘဲ အစိုးရထံ ထမ်းဆောင်ရသောအခွန်အခထက် သုံးဆနီးပါး ထမ်းဆောင်နေရသောကြောင့် အခွန်တော်တံဆိပ်ခေါင်း အများဆုံး အသုံးပြုနေရသည့် တရားတပေါင် ရင်ဆိုင်နေရသော ပြည်သူများတွင် ယခုထက် ပိုမိုကာ ငွေကုန်ကြေးကျများလာနိုင်ကြောင်း အထက်ပါရှေ့နေတို့က သုံးသပ်ပြောကြားသည်။

"ရှေ့နေတစ်ယောက်စာချုပ်တာ ဘယ်လောက်မှမရဘူး။ စာချုပ်ဝယ်ခကပဲ လေးငါးခြောက်သောင်းဖြစ်နေပြီဆိုတော့ သူ့အမှုသည်ကို တစ်သိန်းခွဲ၊ နှစ်သိန်းခွဲ တောင်းတော့မှာပဲ။ အဲဒီတော့ ပြည်သူပဲ နစ်နာရတာပဲ"ဟု ဒေါ်ခိုင်ခိုင်လဲ့က ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ တိုင်းအခွန်ဦးစီးမှူး ဦးသောင်းအေးက "တံဆိပ်ခေါင်းတွေကိုပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ရုံးတိုင်းမှာ ရောင်းပေးပါတယ်။ ဌာနကတော့ လာတန်းစီရင် ရောင်းပေးရတာပဲ။ တံဆိပ်ခေါင်း အမျိုးအစားတွေက အများကြီး။ ဒါပေမဲ့ တစ်ယောက်ကို နှစ်စောင်ပဲ ရောင်းပေးတယ်။ အဲဒီ့လူတွေအမှန်တကယ်သုံးလား၊ မသုံးလားဆိုတာ ဌာနကတော့ ဘယ်သိနိုင်မလဲ။

စာ(၁၂)သို့

# နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်ပါက သေချာစွာစီမံခန့်ခွဲရန် Control Risks အဖွဲ့ဒါရိုက်တာသတိပေး

**စင်ကာပူ၊ ဩဂုတ်-၃၀**



အနောက်တိုင်းရေနံနှင့် စွမ်းအင်ကုမ္ပဏီများသည်မြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ ဝင်ရောက်လုပ်ကိုင်ပါက လှိုက်စားနေဆဲဖြစ်သော ခြစားမှုနှင့် ကျိုးပျက်လွယ်ဆဲဖြစ်သော ပြုပြင်ပြောင်းလဲရေးများကြောင့် သေချာစွာ စီမံခန့်ခွဲမှုမရှိပါက နာမည်ဂုဏ်သတင်းနှင့် အကျိုးအမြတ်ဆုံးရှုံးမှုများဖြစ်နိုင်ကြောင်း Control Risks Group အတိုင်ပင်ခံအဖွဲ့၏ အာရှ-ပစိဖိတ်ဒါရိုက်တာဒန်းချာမော်ရိုက ပြောကြားလိုက်သည်။

၎င်းသည် စင်ကာပူတွင် ပြုလုပ်သော စွမ်းအင်လုပ်ငန်းဆိုင်ရာ ကွန်ဖရင့်တစ်ခု၌ ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ပြင်သစ်၏ အဓိကစွမ်းအင်ကုမ္ပဏီဖြစ်သော Total နှင့်အမေရိကန်၏ ချက်ဗရွန်တို့သည် မြန်မာနိုင်ငံတွင် အမေရိကန်ပိတ်ဆို့မှုများ မဖြေလျှော့ခင် စစ်အစိုးရလက်ထက်၌ပင် လုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး လူ့အခွင့်အရေးလှုပ်ရှားသူများ၏ ဝေဖန်မှုများ ကြုံခဲ့ရသည်။

ရေနံကုမ္ပဏီများသည် နိုင်ငံတွင်း၌ ပြုပြင်ပြောင်းလဲမှုများ နှေးကွေးခြင်း၊ ရပ်တန့်ခြင်း(သို့မဟုတ်) နောက်ပြန်ဆုတ်သွားမည့်အန္တရာယ်များကိုလည်း ရင်ဆိုင်ရဖွယ်ရှိသည်ဟု သတင်းက ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ကမ်းလွန်ရေနံ၊ ဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများမှာ စတင်ရှာဖွေချိန်မှာ ထုတ်လုပ်နိုင်သည်အထိ အချိန်ဆယ်စုနှစ်တစ်ခုခန့်ယူရပြီး ဒေါ်လာသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် အမေရိကန်၏ ပိတ်ဆို့မှုများ ဖြေလျှော့အပြီး Royal DutchShell ကုမ္ပဏီနှင့်ဗြိတိန်၏ BG Group တို့သည် Total၊ ချက်ဗရွန်တို့နှင့် မြန်မာနိုင်ငံတွင် ပူးတွဲလုပ်ကိုင်ရန် ရှိနေကြောင်း မြန်မာစွမ်းအင်ဝန်ကြီး၏ အဆိုကို ကိုးကား၍ ရိုက်တာသတင်းက ဖော်ပြသည်။

မြန်မာနိုင်ငံတွင် အစိုးရအရာရှိများ၏ ခန့်မှန်းချက်အရ မတူးဖော်ရသေးသော သဘာဝဓာတ်ငွေ့ပမာဏ ၁၁ ထရီလီယံကုဗပေမှ ၁၃ထရီလီယံကုဗပေကြားရှိနိုင်ကြောင်းသိရသည်။ ယင်းပမာဏမှာ နေ့စဉ်ရေနံစိမ်းစည် ၁၉၁၆၀၀ နှင့် သဘာဝဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၄၇၅ ဘီလီယံကုဗပေကို ထုတ်လုပ်သွားနိုင်စွမ်းရှိသည်။ ဗြိတိသျှကုမ္ပဏီ BP (BPL), Conocophillips (COP.N), Exxon Mobil (XOM.N) နှင့် Statoil (STL.OL) တို့သည်လည်းမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကွန်ဖရင့်သို့ ၎င်းတို့၏ အရာရှိများ စေလွှတ်ခဲ့ကြောင်း သိရသည်။

**လက်သမားသင်တန်း (အဆောက်အအုံ) တွင် လက်တွေ့သင်ကြားပေးနိုင်၍ အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသောဆရာများ လိုအပ်ပါသည်**

၁။ လက်သမား (အဆောက်အအုံ) လက်တွေ့လုပ်ငန်းတွင် အတွေ့အကြုံအနည်းဆုံး ၅ နှစ်ရှိရမည်။
၂။ ကြီးကြပ်ရေးရာထူးအတွေ့အကြုံ အနည်းဆုံး ၂ နှစ်ရှိရမည်။
၃။ သင်တန်း၏ သင်ရိုးမာတိကာများကို နားလည်တတ်ကျွမ်းပြီး သင်တန်းသားများကို နားလည်အောင် ရှင်းပြနိုင်စွမ်းရှိရမည်။
၄။ လူအများနှင့် ဆက်ဆံရေးကောင်းမွန်ရမည်။
၅။ စာသင်ပြမှု အတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာသို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။**

**Mine & Mineral Resources Co. Ltd**

လိပ်စာ : တိုက်အမှတ်(၉)၊ အခန်းအမှတ်(A-6)၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် : 09-4500 09064/09-43104157/09-4500 09065
E-mail : nilarmyint27@gmail.com

Life
7Day News Journal
Vol.11, No.26 • SEPTEMBER 6 , 2012



# လက်ဖက်ရည်ဆိုင်များနှင့် ဆာလောင်နေကြသောဂျာနယ်ဖတ်သူများ

ဇော်ဝင်းမောင်(အောင်ပန်း)

ကျွန်တော့် လက်ဖက်ရည်ဆိုင်သည် အောင်ပန်းမြို့၏ အထင်ကရမြို့မ အပြင်ဘက်ကပ်လျက် လမ်းထိပ်တွင် တည်ရှိသည်။ ကျွန်တော့်ဆိုင် ပတ်ဝန်းကျင် အနီးအနားတွင် ဈေးသူဈေးသားများအပြင် ကုန်စုံဆိုင်၊ အထည်ဆိုင်၊ ဆေးဆိုင်၊ ကွမ်းယာဆိုင်၊ စိုက်ပျိုးရေးဆေးပစ္စည်းဆိုင်နှင့် ဆန်ပွဲရုံများသာမက မြင်းလှည်းဂိတ်၊ တွန်းလှည်းဂိတ်များလည်း ရှိသည်။ များသောအားဖြင့် အခြေခံလူတန်းစားများက ကျွန်တော့်ဆိုင်ကို အဓိကအားပေးကြသည်။

ကျွန်တော့် လက်ဖက်ရည်ဆိုင်တွင် အထူးဝန်ဆောင်မှု တစ်ရပ်အနေနှင့် စားသုံးသူများအတွက် ဂျာနယ်အမျိုးအစားအစုံတချို့ကို ဝယ်တင်ပေးထားသည်။ မည်သူပဲ ဖတ်ဖတ်ပေါ့။ အဓိက ဝယ်တင်ဖြစ်သောဂျာနယ်များမှာ 7Day News, Eleven Media Group ထုတ် ဂျာနယ်အစုံ၊ The Voice, Yangon Times, Hot News, လျှပ်တစ်ပြက် အစရှိသည့် သတင်းဂျာနယ်များအပြင် အားကစား၊ ကျန်းမာရေး အစရှိသည့် ဂျာနယ်များကိုလည်း ကျွန်တော် တတ်နိုင်သလောက် နေ့စဉ်ဝယ်တင်ပေးထားသည်။ ထို့အပြင် နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် မြဝတီသတင်းစာ နှစ်စောင်လည်းပါသေးသည်။

စာဖတ်ပရိသတ်များကတော့ လူတန်းစားအစုံ ပါသည်။ ဤတွင် ကျွန်တော်သတိထားမိသည်က လူအများစုမှာ စာကို ဆာလောင်နေကြခြင်းပင်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်ထုတ် ဂျာနယ်များကို ပိုမိုဖတ်ရှုလိုနေကြသည်။ ဂျာနယ်အသစ် ချပေးလိုက်လျှင် အလုအယက် ဖတ်ကြသည်။ ဂျာနယ်အသစ် မရှိတော့ဘူးလားဟုလည်း အမြဲမေးတတ်ကြသည်။ ထိုသို့အမေးခံရတိုင်းလည်း ကျွန်တော့်စိတ်ထဲတွင် စာဖတ်လိုသူတွေရဲ့ ဆန္ဒက အပြည့်အဝ မလိုက်လျောနိုင်သဖြင့် စိတ်မကောင်း အမြဲဖြစ်မိသည်။ လက်ရှိဂျာနယ်များဖြင့် မတင်းတိမ်နိုင်ကြ။

အခြေခံ လူတန်းစားများအနေဖြင့် သတင်းဂျာနယ်တစ်စောင် ၆၀၀ ကျပ်ကို ကိုယ်ပိုင်ဝယ်ယူဖတ်ရှုလိုသူ နည်းနေသည်။ ပုံမှန်အားကစားဂျာနယ် တစ်စောင်လျှင် ၄၀၀ ကျပ်ရှိသည်။ ဂျာနယ်မျိုးစုံကလည်း နေ့စဉ်အသစ်ထွက်ရှိနေသဖြင့် နေ့စဉ်ဝယ်ယူဖတ်ရှုရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဂျာနယ်ဖတ်ရှုလိုလျှင် ဂျာနယ်ဝယ်တင်ထားသော လက်ဖက်ရည်ဆိုင်များကိုသာ အားကိုးပြီး ဖတ်ရှုနေကြရသည်။ ဂျာနယ်အရောင်းဆိုင်များကလည်း အခမဲ့ဖတ်ရှုခွင့်မပြု။ ဂျာနယ်အတော်အတန် စုံသောနေရာကလည်း လက်ဖက်ရည်ဆိုင်များမှာပင် ရှိသည်။

ကျွန်တော့်ဆိုင် ဖွင့်လှစ်သည့် ရှစ်နှစ်ကျော် သက်တမ်းကာလအတွင်း ဂျာနယ်များကို တောက်လျှောက်ဝယ်တင်လာပေးရာ ကျွန်တော့်ဆိုင်အနီးအနားတွင်နေထိုင်သော အငြိမ်းစားကျောင်းဆရာတစ်ဦးက “ငါ သတိထားမိသလောက်တော့ တွန်းလှည်းဂိတ်တွေ၊ မြင်းလှည်းဂိတ်တွေမှာ အော်ဟစ်ဆဲဆို ရန်ဖြစ်နေတာတွေ အတော်နည်းသွားတယ်”ဟု မှတ်ချက်ပြုသည်။ စာဖတ်လာခြင်း အကျိုးကျေးဇူးများပင်တည်း။ လူ့စိတ်တွေ စာဖတ်လာခြင်းကြောင့် ယဉ်ကျေးလာကြသည်ဖြစ်ပေမည်။

ထို့အပြင် စာဖတ်ပရိသတ်များသည် ဂျာနယ်ပေါ်မှ မြန်မာ့နိုင်ငံရေး ဖော်ပြချက်များကို စိတ်ဝင်စားမှု အထူးမြင့်တက်လာနေကြသည်။ ဂျာနယ်ပါ အကြောင်းအရာများကို ဖတ်ရှုပြီး အကြိတ်အနယ် ဆွေးနွေးလာတတ်သည်။ ထို့ကြောင့် ကျွန်တော်မှာ အဓိကဦးဆောင်သတင်းဂျာနယ်ကြီးများကို မပြတ်တမ်းဝယ်ယူ တင်ပေးနေရသည်။ သို့သော် အားမရလှ။ ထို့ထက်မက ဂျာနယ်မျိုးစုံဝယ်ယူတင်ပေးလိုသော်လည်း ဝင်ငွေအကန့်အသတ်ကြောင့် ဆန္ဒကို အောင့်အည်းသည်းခံနေရလေသည်။

ကျွန်တော်သည် လူတွေ စာဖတ်နေသည်ကိုမြင်လျှင် စိတ်ထဲတွင် အလိုလိုကြည်နူးနေမိသည်။ ယုတ်စွအဆုံး မိမိဆိုင်မှ ဂျာနယ်ဖတ်ကြသော စားပွဲထိုးများပင်လျှင် အသိဉာဏ် ဗဟုသုတကြွယ်ဝကြသည်။ ထို့ကြောင့် စာဖတ်သူတွေ စိတ်ထဲတွင် အသစ်အသစ်သော သတင်းဖြစ်စဉ်များကို အမြဲဖတ်ရှုလိုနေကြသည်။ နေ့စဉ်ထုတ်ဂျာနယ်အသစ်များကို မျှော်လင့်နေကြသည်။

ထို့အပြင် ဖတ်ပြီးသော ဂျာနယ်အဟောင်းများပင်လျှင် အလဟဿဖြစ်မသွားအောင် စာကြည့်တိုက်များ၊ စာသင်ကျောင်းငယ်များက အလှူခံသဖြင့် လူအများဖတ်ဖို့လည်း ပေးရသေးသည်။ ဂျာနယ်တစ်စောင်ဝယ်ခြင်းကြောင့် ဆင့်ပွားဖတ်ရှုရသူ အရေအတွက်မှာ မနည်းလှပေ။

ဤကမ္ဘာပေါ်တွင်ဆာလောင်မှု အမျိုးမျိုးရှိကြသည်။ ကမ္ဘာ့နေရာတချို့တွင် ဝမ်းရေးအတွက် အစားအစာ ဆာလောင်နေကြသည်။ **စာ(၁၁)သို့**

စာ(၁၁)သို့




## ငါးမှို့ချဉ်ဟင်း



ဒီတစ်ပတ် ဝိုက်ဖီက မိုးအေးအေးလေးနဲ့ ခံတွင်းမြိန်စေမယ့် ဟင်း တစ်ခွက်ချက်ထားပါတယ်။ ငါးမှို့ချဉ်ဟင်းပဲဖြစ်ပါတယ်။

လိုအပ်တာတွေကတော့ ငါး ၁၅ကျပ်သား၊ မှို့ချဉ် ၂၀ ကျပ်သားလောက်လိုပါမယ်။

မှို့ချဉ်ဆိုတာကတော့ ဝါးယောင်းမှို့ကို ကောက်ညှင်းဆန်နဲ့ ဆားနည်းနည်းထည့်ပြီး အိုးထဲထည့်ကာ ငါးရက်လောက် အချဉ်စိမ်ထားမှ စားလို့ရတဲ့အရာပါ။

ငါးမှို့ချဉ်ချက်ဖို့အတွက် အရင်ဆုံး ငါးကိုကြက်သွန်ဖြူ၊နီနဲ့ ပုစွန်ငါးပိလေး မန်ကျည်းစေ့ခန့်လောက် ထည့်ပြီး ဆီသတ်ရပါမယ်။ ငါးလေးဆီပြန်လာရင်တော့ မှို့ချဉ်ကို လောင်းထည့်ပြီး ရေအနည်းငယ်ထည့်ကာ အုပ်ထားရပါမယ်။ ရေဆူလာပြီဆိုရင်တော့ ရေလေးနည်းနည်းလောက်ချန်ထားပြီး ငရုတ်သီးစိမ်းလေးထည့်ကာ ငါးမိနစ်လောက်နေရင် ချပြီး အရသာရှိတဲ့ ငါးမှို့ချဉ်ဟင်းကို သုံးဆောင်လို့ရပါပြီ။

ဈေးဝယ် ထွက်မယ်

## မိုးရာသီနဲ့ လိုက်ဖက်ညီစွာ စတိုင်ကျစေမယ့် အဝတ်အစားတွေ ရှိတဲ့နေရာ

**အိဖြူလွင်**

နေသာရက် မရှိလောက်အောင် ဆက်တိုက်ရွာနေတဲ့မိုးရေတွေကြားထဲ သွားလာလှုပ်ရှားနေရတဲ့လူငယ်တွေအတွက် ပေါ့ပေါ့ပါးပါး ဝတ်စုံလေးတွေ ရနိုင်မယ့်ဆိုင်ကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍအတွက် ရွေးချယ်လိုက်ပါတယ်။

မိုးရေတွေထဲမှာ ဝတ်ရတာလည်း အဆင်ပြေ၊ စတိုင်လည်းကျ၊ ကြည့်ရုံနဲ့ မိုက်နေစေမယ့် ဝတ်စုံလေးတွေကို မိန်းကလေး၊ ယောကျ်ားလေးတွေအတွက် ရနိုင်ပါတယ်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

Body Glove တံဆိပ်နဲ့ ယောကျ်ားလေးဝတ်တီရှပ်၊ဘောင်းဘီတိုလေးတွေက မိုးရာသီမှာ ပေါ့ပေါ့ပါးပါးနဲ့စတိုင်ကျစေမှာသေချာပါတယ်။

မိန်းကလေးတွေအတွက်ဆိုလည်း ဒီဇိုင်းမိုက်မိုက်နဲ့ဘလောက်စ်လေးတွေအပြင် Body Glove အမှတ်တံဆိပ်စပို့ရှပ်တွေ၊ဘောင်းဘီတိုတွေကလည်း မိန်းကလေးတွေရဲ့ မိုးရာသီဖက်ရှင်ကို လန်းနေစေမှာပါပဲ။

နာမည်ကြီးတံဆိပ်ဖြစ်တာကြောင့် အရည်အသွေးကလည်း ပြောစရာမလိုဘဲ ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ တခြားနိုင်ငံတွေနဲ့ အတူတူ နောက်ဆုံးထွက် ဒီဇိုင်းတွေကို ရွေးချယ်ဝယ်ယူနိုင်မှာပါ။

ဒီဆိုင်က Body Glove အမှတ်တံဆိပ်ပစ္စည်းတွေကိုပဲ သီးသန့်ရောင်းတဲ့ဆိုင်ဖြစ်လို့ နှစ်ထည်ဝယ်မယ်ဆိုရင် ကြိုက်ရာ တစ်ထည် လက်ဆောင်ပေးတဲ့ အစီအစဉ်လည်း ရှိပါသေးတယ်။

လူငယ်ဆန်ဆန် ဖက်ရှင်ကျကျ ဝတ်ချင်သူတွေအားလုံးအတွက် ဒီဆိုင်က စိတ်တိုင်းကျစေနိုင်သလို ချစ်သူစုံတွဲတွေအတွက်လည်းဆင်တူဝတ်စုံလေးတွေရနိုင်လို့ ပျော်ရွှင်ဖို့ကောင်းတဲ့ ဈေးဝယ်မှုလေး ဖြစ်မယ်ထင်ပါတယ်။

ဈေးဝယ်ထွက်ဖို့ သွားရမယ့် လမ်းညွှန်က ဒဂုံစင်တာရှော့ပင်းမောလ် ပထမထပ်က Body Glove ဆိုင်မှာပါလို့ သတင်းပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# မူဆယ်မြို့ နမ့်ပါချီချောင်း ပြန်တူးဖော်ရာတွင် အိမ်အချို့အား ဖယ်ရှား

**နေလင်းအောင်၊ ခွန်ဇော်ဦး**
**ရန်ကုန်၊ သြဂုတ် - ၃၀**

လားရှိုးမြို့ ရေကြီးမှုမှ ကာကွယ်ရန်အတွက် နမ့်ပါချီချောင်း ပြန်လည်တူးဖော်ရာတွင် ဘူဒိုဇာနှစ်လုံး ဝင်ရောက်ရန် လွတ်ကင်းခြင်းမရှိသည့် ချောက်ကမ်းပါးအနီးမှ နေအိမ်အချို့မှာ ဖယ်ရှားပေးခဲ့ရကြောင်း အမှတ် ၃ ရပ်ကွက်နေ ဒေသခံများကပြောသည်။


နမ့်ပါချီချောင်းတူးဖော်နေစဉ်

မြို့တွင်း နေထိုင်သူများ၏ အမှိုက်စွန့်ပစ်မှုများကြောင့် နမ့်ပါချီချောင်းအတွင်း ပိတ်ဆို့နေမှုများအား ရှင်းလင်းရန်အတွက် သက်ဆိုင်ရာက သြဂုတ်လ ၂၉ ရက်တွင် ဆယ်ယူရေးဆောင်ရွက်စဉ် ဖယ်ရှားပေးရခြင်းဖြစ်သည်။

ရပ်ကွက် ၉၊ နယ်မြေ ၃ အတွင်းရှိ နေအိမ်သုံးလုံးခန့် ပါရှိပြီး လောလောဆယ်တွင် ဖျက်သိမ်းခံရသည့် နေအိမ်များအတွက် သက်ဆိုင်ရာက မည်သို့ဖြေရှင်းပေးမည်ကို မသိရှိရသေးကြောင်း နေအိမ်ဖယ်ရှားပေးရသူအချို့ကပြောသည်။

ယင်းနှင့်ပတ်သက်၍ သြဂုတ်လ ၃၀ ရက်တွင် လားရှိုးမြို့ အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်သွယ်စုံစမ်းရာ အဆိုပါအခြေအနေအား ၎င်းတို့မသိရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

နမ့်ပါချီချောင်း ဆယ်ယူရေးအတွက် နယ်မြေ ၁ မှ နယ်မြေ ၇ အထိ ချောင်းရိုးတစ်လျှောက် လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး လက်ရှိ ဆောင်ရွက်ရာတွင် ဖယ်ရှားရမည့် အိမ်ရှင်များအား သဘောတူညီမှုရယူပြီးမှသာ လုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ရပ်ကွက်(၄)မှ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေကပြောသည်။

"တကယ်တမ်း ပြောရရင် အိမ်တော်တော်များများက မြေစာရင်းနဲ့ သေချာတိုင်းရင် မလွတ်ဘူး။

**တစ်ဖက်သို့**









**တစ်ဖက်မှအဆက်**

ခြံတွေ ဘာတွေပါနေတာဆိုတော့ တချို့မလွတ်တဲ့ဝင်းတွေ၊ အုတ်တံတိုင်းတွေလောက်ပဲရှိတာပါ။ နေအိမ်အလုံးလိုက် ဖျက်ပစ်တာမျိုး မရှိပါဘူး။ တချို့အိမ်ရှင်တွေက သူတို့ဘက်ကို ဝင်ရှင်းပေးပါဆိုပြီး ပြောတာတွေရှိတယ်။ ဒါမျိုးဆိုရင်တောင် ကျွန်တော်တို့က သဘောတူညီကြောင်း လက်မှတ်ထိုးခိုင်းပြီးမှပဲ လုပ်တာပါ။ အိမ်ဖျက်ခံရတယ်ဆိုတာ မရှိပါဘူး”ဟု ဦးသောင်းရွှေကပြောသည်။

နေအိမ်ဖျက်သိမ်းပေးရာတွင် ပါဝင်ခဲ့သည့်ရပ်ကွက်(၉)နယ်မြေ(၃)တွင် နေထိုင်သူ အိမ်ရှင်တစ်ဦးကမူ “ဒီမှာနေတာ ၁၅နှစ်ရှိပြီ။ အခုဖျက်မယ်ဆိုတာကြိုပြီးအကြောင်းကြားတာလည်း မရှိဘူး။ ဒီနေ့ပဲ ပြောပြီး ဒီနေ့ပဲ ဖျက်သွားလိုက်တာ။ ကျွန်မက ဈေးရောင်းသွားနေတုန်းဆိုတော့ ဒီမှာရှိတဲ့သူတွေကပဲ ဝိုင်းလုပ်ပေးလိုက်ကြတာ။လျော်ကြေးကိစ္စက အခုထိ ဘာလုပ်ပေးမယ်ဆိုတာ မသိရသေးဘူး။ ဒီအတိုင်းပဲစောင့်နေရတုန်းပဲ”ဟုပြောသည်။ နေအိမ်ဖယ်ရှားပေးခဲ့ရသည့် အဆိုပါ အမျိုးသမီးမှာ မုဆိုးမတစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိပြီး လက်ရှိတွင် နေထိုင်စရာအခက်အခဲကြုံတွေ့နေရသည်ဟု ဆိုသည်။

## ပုဒ်မ ၁၄၄ဖြင့် ထောင်ခြောက်လချခံရသူ ၆၀ကျော်အတွက် သမ္မတ စဉ်းစားပေးစေလိုဟုဆို

**မြတ်စုမွန်**
**ရန်ကုန်၊ ဩဂုတ်-၂၉**

ရခိုင်ပြည်နယ်တွင် ပုဒ်မ ၁၄၄ ဖြင့် ဖမ်းဆီး၍ထောင်ခြောက်လစီချ မှတ်ခံထားရသည့် ဒေသခံအယောက်၆၀ကျော်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတအနေဖြင့် ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြကျော်က ပြောသည်။

ဦးအောင်မြကျော်က“သမ္မတက လွတ်ငြိမ်းခွင့် ပေးတယ်ဆိုတာ ပြစ်ဒဏ်ကျခံရသူတွေ အတွက်ကတော့ ဝမ်းသာစရာပါ။ ဒါပေမဲ့ အဓိကရုဏ်းမှာ ပါဝင်တာ မဟုတ်ဘဲနဲ့ ပုဒ်မ ၁၄၄ နဲ့ဖမ်းပြီး ထောင်ခြောက်လကျခံနေရတဲ့ ဒေသခံ ၆၀ ကျော် ရှိနေတယ်။ သူတို့ကိုကျတော့ ကိုယ်ချင်းစာစိတ်မရှိတာ မတရားဘူး”ဟု ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ဆူပူမှုဖြစ်ပွားရာတွင် ပါဝင်ခဲ့သည့် ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝန်ထမ်းသုံးဦးအား တရားရုံးက ပြစ်ဒဏ်အသီးသီး ချမှတ်လိုက်ပြီးနောက် လေးရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတကပြန်လည်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။

“အဓိကရုဏ်းမှာ ပါဝင်မှုရှိတယ်ဆိုတာ သက်သေအထောက်အထားတွေရှိပြီး၊ အပြစ်လည်းရှိတဲ့ သူတွေကို ပြင်ပက ဖိအားတွေကြောင့် လွှတ်ပေးမယ်ဆိုရင် အကြမ်းဖက်တာလည်း မဟုတ်ဘဲ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရတဲ့နိုင်ငံရေးအကျဉ်းသားတွေ ထောင်ထဲမှာ အများကြီးကျန်နေပါသေးတယ်”ဟု ဦးအောင်မြကျော်က ပြောသည်။

အကြမ်းဖက်မှုတွင် ပါဝင်သူများကို တရားစီရင်ပြီး ပြင်ပဖိအားများကြောင့် ယခုကဲ့သို့ ပြန်လည်လွှတ်ပေးခြင်းသည် မိမိတို့နိုင်ငံ၏ လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ကို ထိခိုက်စေကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံရေးအကြံပေး ဦးကိုကိုလှိုင်ကို ဆက်သွယ်မေးမြန်းခဲ့ရာ “ပြစ်မှုရဲ့ အခြေခံက ဘာလဲဆိုတာလည်း ရှိသေးတယ်လေ။ ကုလသမဂ္ဂဝန်ထမ်းဆိုတော့ နိုင်ငံတကာရဲ့ ဖိအားတွေလည်း ရှိသေးတယ်။ အဲဒီကိစ္စကို ဘာမှမသိတဲ့အတွက် ဝေဖန်ချက်မပေးချင်ပါဘူး” ဟု ပြန်လည်ဖြေကြားသည်။



**ဓမ္မ**

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ခန္ဓာရသူမှန်သမျှ ဆင်းရဲကိုယ်စီရှိတယ်

သံသရာထဲမှာ နေလို့ရှိရင် ဘယ်ပုံစံနဲ့ပဲနေနေ သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ် ဆင်းရဲကိုယ်စီရှိနေကြတယ်။ ချမ်းသာလည်း ဒီဒုက္ခ၊ ဆင်းရဲလည်း ဒီဒုက္ခ၊ ဘုန်းကြီးရဟန်းလည်း ဒီဒုက္ခ၊ သာမန်လူဆိုးလူမိုက်တွေလည်း ဒီဒုက္ခ၊ ခန္ဓာရထားတဲ့သူမှန်သမျှ ဘယ်သူမှ အိုခြင်းလည်း မကင်း၊ နာခြင်းလည်း မကင်း၊ သေခြင်းလည်း မကင်းတဲ့အတွက် ဒုက္ခမကင်းကြပါဘူး။ အိုနာသေတွေရဲ့အကြောင်း လက်သည်တရားခံကို အနီးစပ်ဆုံးပြန်ကြည့်လိုက်ရင် အကျိုးပေးမယ့်ကံကိုတွေ့ရပါမယ်။ ကမ္မဘဝပစ္စယာဇာတိ၊ ကံကြောင့် ဇာတိဖြစ်လာတယ်။ ဇာတိပစ္စယာ ဇရာ၊ မရဏ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိဆိုတဲ့ ဇာတိကြောင့် အိုရတယ်၊ နာရတယ်၊ သေရတယ်။ ကိုယ်ဆင်းရဲရတယ်၊ စိတ်ဆင်းရဲရတယ်၊ ငိုကြွေးရတယ်၊ သောကဖြစ်ရတယ်၊ ပင်ပန်းညှိုးနွမ်းရတယ်ဆိုတာတွေ ဆက်ကာဆက်ကာ ဖြစ်လို့လာရပါတယ်။

အကျိုးပေးလာမယ့် ကံတွေကို ဖျက်တဲ့အလုပ်လုပ်တော့မှ အိုနာသေချုပ်မယ်လို့ ကောက်ချက်ချလို့ရတယ်။ ကံမဖြတ်မချင်း ဆင်းရဲဒုက္ခမချုပ်နိုင်ဘူး။ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို မရပါဘူး။ အဲဒါကြောင့် ကံတွေချုပ် အောင် တရားအလုပ်ကို အားထုတ်ကြရတာဖြစ်တယ်။ ဝိပဿနာတရားကျင့်ကြံပွားများကြတာဖြစ်တယ်။ ဝိပဿနာဉာဏ်ဟာ လတ်တလော ဖြစ်လာမယ့်ကံတွေကို ဖြတ်တောက်ပေးတယ်။ ဝိပဿနာရှုမှတ်ပွားများ နေချိန်မှာ ရုပ်နာမ်လို့ ရှုလိုက်တာ၊ ရုပ်ကိုရုပ် နာမ်ကို နာမ်လို့ ရှုလိုက်တာဟာ ကံတွေကိုဖြတ်ပစ်လိုက်တဲ့ဉာဏ်တွေပဲဖြစ်တယ်။ အသိနဲ့သတိ ပေါင်းစပ်ပြီး ရုပ်နာမ်လို့ ရှုမှတ်လိုက်တာဟာ ဝိပဿနာဉာဏ်ဖြစ်တယ်။ ရုပ်နာမ်ကို မရှုရင် မျက်စိဖွင့်လို့ တစ်ချက်ကြည့်လိုက်တာနဲ့ ကံအထိ ရောက်အောင်ဖြစ်သွားနိုင်ပါတယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ ‘ဓမ္မလမ်းပေါ်မှာ’

## မင်းဓမ္မပန်းဥယျာဉ် မပြောင်းရွှေ့ရေး ဆိုင်ခန်းရှင်များ အဖွဲ့တစ်ခုဖွဲ့

**အောင်ခိုင်၊ ရန်မျိုးနိုင်**
**ရန်ကုန်၊ဩဂုတ်-၃၀**

မင်းဓမ္မပန်းကွင်း မပြောင်းရွှေ့ရေးအတွက် အဖွဲ့တစ်ခုကို ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆိုင်ခန်းရှင်များက ပြောသည်။

မင်းဓမ္မပန်းဥယျာဉ်ဖွံ့ဖြိုးရေးအဖွဲ့ဟု ယာယီနာမည်ပေးထားသော အဖွဲ့ကို ဖွဲ့စည်းပြီး သက်ဆိုင်ရာ ကော်မရှင်အသီးသီးထံ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဩဂုတ် ၂၉ က ဖွဲ့တယ်။ မြေယာစိစစ်ရေးကော်မရှင်လို အဖွဲ့တွေကို ဆက်သွယ်ဆောင်ရွက်ဖို့ပါ”ဟု သီရိပန်းအိမ်မှ ဦးကိုကိုလင်းက 7Day News သို့ ပြောသည်။မင်းဓမ္မပန်းဥယျာဉ်သည်ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ အခွန်ဆောင်ပြီး ဆောင်ရွက်သော လုပ်ငန်းဖြစ်သည့်အပြင် မြို့တော်စည်ပင်သာယာရေးကို အထောက်အကူပြုစေသော လုပ်ငန်းဖြစ်သည့် အတွက်နေရာမပြောင်းရွှေ့လိုကြောင်း ရှင်သန်ခြင်းပန်းဥယျာဉ်မှ ဒေါက်တာဖြိုးဇော်မင်းက ပြောသည်။

မင်းဓမ္မပန်းဥယျာဉ်သည် ယခင်က သချိုင်းမြေဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလက ယခင်နိုင်ငံတော်အစိုးရ အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြင့် ဆိုင်ခန်း ၅၀၀ ကျော် တည်ဆောက်ခဲ့ပြီး မြို့တော်ဝန်ဖလား သစ်သီးဝလံပန်းမန်ပြပွဲများ နှစ်စဉ်ကျင်းပခဲ့သောနေရာဖြစ်သည်ဟု ဆိုသည်။

အဆိုပါ ပန်းဥယျာဉ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနက နိုင်ငံတော် လိုအပ်ချက်အရ အောက်တိုဘာလတွင်အပြီး ဖယ်ရှားပေးရန် အကြောင်းကြားခဲ့ကြောင်း၊ စက်တင်ဘာလမှစ၍ အခွန်များပေးသွင်းခွင့် မပြုတော့ကြောင်း ဆိုင်ခန်းရှင်များက ပြောသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှူးဦးတင်ဖေအား ဆက်သွယ်မေးမြန်းရာ “ဆိုင်ခန်း ၄၉၆ ခန်းစလုံးကို ရှုခင်းသာ ယမုနာလမ်းမှာ ရေမီးအစုံနဲ့ နေရာပြန်ပေးသွားမယ်။ လမ်းလည်းဖောက်ပေးမယ်။ စီးပွားရေးဇုန်လို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ရှိတာကြောင့် ဖယ်ခိုင်းတာပါ” ဟု ဩဂုတ်လ ၃၀ ရက် မွန်းလွဲ ၃ နာရီက ပြန်လည်ဖြေကြားခဲ့သည်။

မင်းဓမ္မပန်းကွင်းအား ပြောင်းရွှေ့ပေးရန် စေခိုင်းခြင်းကိစ္စကို ဆိုင်ခန်းရှင်များက ဇူလိုင်လ ၁၂ ရက် နေ့စွဲဖြင့် နိုင်ငံတော်သမ္မတထံ အသနားခံ တင်ပြထားကြောင်း သိရသည်။

## စာ-၉၊ လက်ဖက်ရည်ဆိုင်များနှင့်ဆာလောင်နေကြသော ဂျာနယ်ဖတ်သူများ မှ

ပညာရေးသမားများက ခေတ်ဟောင်း ပညာရေးစနစ်မှ ခေတ်မီပညာရေးကို ဆာလောင်နေကြသည်။ နည်းပညာသမားများက နောက်ဆုံးပေါ် နည်းပညာများကို ဆာလောင်နေကြသည်။ မလွတ်လပ်သေးသူများက လွတ်လပ်မှုကို ဆာလောင်နေကြသည်။ ကျွန်တော်တို့ မြို့က ဂျာနယ်ဖတ် ပရိသတ်များကတော့ အသစ်အသစ်သော ဂျာနယ်များ ပိုမိုဖတ်ရှုနိုင်ရေးအတွက် စာကို ဆာလောင်နေကြသည်။ လူတွေစာဖတ်သည့်အလေ့အကျင့်များလာနေကြပေပြီ။

ဤသို့သော ဆာလောင်မှုမျိုးများအတွက် အဆာပြေစေရေး ပရဟိတသမားများလိုအပ်ပါသည်။ သီးသန့်စာဖတ်ခန်းများ ထူထောင်ပေးနိုင်လျှင်ဖြင့် အဆင်ပြေကြမည် ဖြစ်သောကြောင့် ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ ပိုလျှံသူများ ရှိလျှင် မျှဝေပေးကြပါ။ ဤသို့သော ဆာလောင်မှုမျိုးများ အဆာပြေပြီးမှ ပေါ်ထွက်လာမည့် လူ့အရင်းအမြစ်များသည် ဤလူ့ဘောင်လောကအတွက် ကောင်းကျိုးပြုမည့်သူများသာ ဖြစ်မည်ဟု ယုံကြည်မိပါသည်။ ။



**ကွန်ပျူတာ အဆင့်မြင့်နည်းပညာသုံး နှင့် စားရိုတ်ကျဉ်းအသံသွင်း Studio ဖန်တီးခြင်း**

Professional Music Studio ကြီးများ၏ အရည်အသွေးအတိုင်း အသံဖမ်းယူနိုင်သော Nuendo Software အကြောင်း၊
- အသံတည်းဖြတ်ခြင်း၊ Recording, MIDI Instrument များအသုံးပြုခြင်း၊
- Mixing & Effect, Surround စသည်တို့ အသုံးပြုနည်း၊ အသံများကို Style အမျိုးမျိုးပြောင်းခြင်း၊
- Guitar Effect များအသုံးပြုခြင်း စသည်တို့ပြုလုပ်နိုင်မည့် Computer Software တစ်ခု




**ဝေဖုန်းနိုင် ၏ လုပ်ငန်းခွင်သုံး Video ခွေ ဖန်တီးမှုနည်းပညာ**

ပြီးပြည့်စုံတဲ့ Video ခွေတစ်ချပ်ကို ဘယ်လိုဖန်တီးမလဲ။ လှပသော Video Menu များ ဖန်တီးနည်း၊ Title များ ပြုလုပ်နည်း၊ စာတမ်းထိုးနည်း၊ Menu နှင့် Title လှုပ်ရှားမှုများဖန်တီးနည်း စသည်တို့ ပါဝင်သည့် ဒီစာအုပ်ကလေးက သင့်စိတ်ကူးထဲက ပုံရိပ်လှလှလေးနဲ့ ဖန်တီးထားတဲ့ ဒီဗီဒီအခွေ (သို့) Blu-Ray Disc လေးရရှိလာဖို့ အတွက်ကူညီပါလိမ့်မယ်။




**မင်းသန့်အောင် ကွန်ပျူတာဖြင့်ဂီတကိုဖန်တီးခြင်း (သို့) Music Maker**

ခေတ်မီ Multimedia သုံး Software တစ်ခုဖြစ်တဲ့ Music Maker Software အကြောင်း၊ သင်ဖန်တီးခြင်တဲ့အချစ်၊ အမြုံးအကြွ အလွမ်းအဆွေး Hip Hop, Rock စတဲ့ သီချင်းတွေကို ခေတ်မီ ဂီတသံများဖြင့် ဖန်တီးနည်း၊ MP3 File(သို့) Wave File နဲ့ ရှိပြီးသား သီချင်းတွေကို Remix လုပ်နည်း သံစဉ်များ အား Version အသစ်ပြောင်းခြင်း၊ Vocal Style ပြောင်းခြင်း၊ စသည်တို့ ပါဝင်သည်။

ထွက်ပြီ   မနောဖြူစာပေ – ဖုန်း–၀၉ ၇၃၀ ၄၃၈၇၃ ၊ ၀၉ ၇၃၂ ၄၆၉၈၀ E-mail : manawphyu.books@gmail.com   ထွက်ပြီ

7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

## မြန်မာခရီးစဉ်အတွက် နေပြည်တော်၏ ပြန်ကြားမှုကို ထိုင်းဝန်ကြီးချုပ် စောင့်မျှော်နေ

**ဘန်ကောက်၊ စက်တင်ဘာ - ၁**

ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ထရာသည် မြန်မာနိုင်ငံသို့ လာရောက်ရန်ရှိနေပြီး နေပြည်တော်၏ အကြောင်းပြန်မှုကိုစောင့်ဆိုင်းနေကြောင်း ထိုင်းအစိုးရအိမ်တော်နှင့် နီးစပ်သူတစ်ဦးကို ကိုးကား၍ ဘန်ကောက်ပို့စ် သတင်းက ဖော်ပြသည်။

မစ္စယင်လပ်ခ်သည် မကြာသေးမီကပင် မြန်မာသမ္မတဦးသိန်းစိန်နှင့် အကြိုပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ထိုင်းနိုင်ငံခြားရေး အမြဲတမ်းအတွင်း ဝန်ဆီဟာဆက်ဖုန်ကာတက်ကော်နှင့် ထိုင်းအမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (NESDB) အထွေထွေအတွင်းရေးမှူးချုပ်ဘာ ကွန်တမ်ပီတေလာပိုင်ဆစ်တို့လည်းမြန်မာနိုင်ငံသို့ပြီးခဲ့သည့် အပတ်ကလာရောက်ခဲ့သည်။ ဝန်ကြီးချုပ်သည်မူလက မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁၃ မှ ၁၅ ရက်တွင် လာရောက်ရန်ရှိသော်လည်း စက်တင်ဘာ ၁၉ မှ ၂၁ ရက်တွင် လာရောက်ရန် အချိန်ရွှေ့ဆိုင်းခဲ့သည်ဟု ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဆူရာ ပေါင်တိုဝီချက်ချိုင်းကူကဩဂုတ် ၂၆ ရက်တွင်ပြောကြားခဲ့သည်။

အစိုးရအိမ်တော်နှင့် နီးစပ်သည့် သတင်းရင်းမြစ်ကို ကိုးကား၍ ထိုင်းအစိုးရသည် လက်ရှိအချိန်အထိ နေပြည်တော်အစိုးရထံမှ အကြောင်းပြန်ကြားမှုကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း ဘန်ကောက်ပို့စ်သတင်းက ဖော်ပြသည်။

## ကြားဖြတ်ရွေးကောက်ပွဲ အစီရင်ခံစာကို ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးကွန်ရက် ထုတ်ပြန်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၂၈**

ပြီးခဲ့သည့် ဧပြီ ၁ ရက်က ကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲအား သုံးသပ်ချက်နှင့် အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို ၈၈ မျိုးဆက်ကျောင်းသားများ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးကွန်ရက်က ဩဂုတ် ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။



ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရေတွက်နေစဉ်

ကြားဖြတ်ရွေးကောက်ပွဲအပြီး လေးလကျော်အကြာမှ အစီရင်ခံစာကို ထုတ်ပြန်ရခြင်းသည် အစီရင်ခံစာအားပိုမိုပြည့်စုံစေရန်နှင့် အချက်အလက်များ၊ သတင်းများအား အတည်ပြုချက်ရယူနိုင်ရန် ရွေးကောက်ပွဲပြီးကာလတွင် မဲဆန္ဒနယ်အချို့ကိုပြန်လည်ကွင်းဆင်းခဲ့ရခြင်းများကြောင့်ဖြစ်ကြောင်း ဦးကိုကိုကြီးက ပြောသည်။

"ရွေးကောက်ပွဲ ပြုလုပ်တဲ့နေရာတိုင်းမှာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးက အခြေခံတစ်ယောက်ထားနိုင်အောင် ကြိုးစားခဲ့ပါတယ်" ဟု မဲဆန္ဒနယ်များတွင် စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်ပတ်သက်၍ ဦးကိုကိုကြီးက ရှင်းပြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အပါအဝင်ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်များ၏ လိုအပ်ချက်များ၊ ရွေးကောက်ပွဲကျင်းပရာ မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲကာလအခြေအနေများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီများ၏ အားနည်းချက်များကို စာမျက်နှာ ၆၄ မျက်နှာပါဝင်သော အစီရင်ခံစာတွင် သုံးသပ်တင်ပြထားသည်။

နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်မှုတွင်သာ ဦးစားပေးရှေ့တန်းတင်လျက်ရှိခဲ့ပြီး မဲပေးသူပညာပေးရေးကို လျစ်လျူရှုရာရောက်ခဲ့သဖြင့် မိမိတို့ ရနိုင်ခြေရှိသည့် မဲများကိုပင် လက်လွတ်ဆုံးရှုံးခဲ့ရမှုများရှိသည်ဟု ပါရှိသည်။ ရွေးကောက်ပွဲကော်မရှင်များသည် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် အတတ်ပညာနှင့် အသိပညာနည်းပါးသည်ဟု ယူဆရသည့်အပြင် အများပြည်သူအနေဖြင့် ထိုကော်မရှင်များအား အာဏာရပါတီနှင့်အတူတူသာ ဖြစ်သည်ဟု ထင်မြင်ကြဆဲ ဖြစ်သည်ကို တွေ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံတော် အစိုးရအနေဖြင့် လုံလောက်သော အသုံးစရိတ်ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို သုံးစွဲခွင့်ပြုပေးရန်လိုသည်ဟု ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့က ကျွမ်းကျင်တဲ့ ပညာရှင်တွေ မဟုတ်လို့ နိုင်ငံတကာစံချိန်မီ ဟုတ်ချင်မှ ဟုတ်မယ်။ သို့သော် အစွမ်းကုန် ကျွန်တော်တို့ ကြိုးစားထားပါတယ်" ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမင်းကိုနိုင်က ပြောသည်။

မြန်မာနိုင်ငံ၌ အနာဂတ်တွင် ကျင်းပမည့် ရွေးကောက်ပွဲများအား လွတ်လပ်ပြီးသန့်ရှင်းမျှတစွာကျင်းပနိုင်ရေးအတွက် ရည်ရွယ်၍ ယင်းအစီရင်ခံစာကို ထုတ်ပြန်ခဲ့ရခြင်းဖြစ်သည်။

အစီရင်ခံစာကို မီဒီယာမှတစ်ဆင့် ပြည်သူများသိရှိနိုင်ရန် ပြုလုပ်မည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း ဦးကိုကိုကြီးက ပြောကြားသည်။

## မျက်နှာဖုံး-အများပိုင်ကုမ္ပဏီများ ခွင့်ပြုချက်မရမီ အစုရှယ်ယာဖိတ်ခေါ်ခြင်းမှာ တရားမဝင် မှ

မန္တလေးမြို့တော်သစ် စီမံကိန်းအတွက် အစုရှယ်ယာများ ရောင်းချရန် သတင်းမီဒီယာများကို ခေါ်ယူ၍ ဩဂုတ် ၁၄ ရက်က ရန်ကုန်မြို့တွင် သမဝါယမဘဏ် ဥက္ကဋ္ဌဦးခင်မောင်အေးက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်သစ် စီမံကိန်းကို မြေဧက ၂၃,၀၀၀ ကျော် ကျယ်ဝန်းပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်နှစ်ဘီလီယံထိကုန်ကျမည်ဖြစ်ပြီး ရှယ်ယာဝင်လိုသူများအတွက် အစုရှယ်ယာတင်သွင်းနိုင်ရန်သတင်းမီဒီယာများမှ တစ်ဆင့်အသိပေးခြင်းဖြစ်သည်။ အစုရှယ်ယာတစ်ခုကို ကျပ်တစ်သောင်းဖြစ်ပြီး လက်ရှိတွင်ရှယ်ယာအတွက်အဆိုပြုထားသူပေါင်း ၉,၀၀၀ ကျော်မှ ကျပ် ၂၀၀ ဘီလီယံကျော်အတွက် အဆို ပြုလွှာများလက်ခံရရှိထားကြောင်း ဦးခင်မောင်အေးက ပြောကြားခဲ့သည်။

သို့သော် အဆိုပါစီမံကိန်းမှာ တရားဝင်လုပ်ပိုင်ခွင့် ရရှိထားခြင်းမရှိသေးဘဲ သက်ဆိုင်ရာကလေလံတင်ရောင်းချမှသာ လေလံဝင်ရောက်ဆွဲရမည် ဖြစ်သည်။ ယင်းကဲ့သို့ တရားဝင်ခွင့်ပြုချက်မရှိဘဲ အစုရှယ်ယာများက ထုတ်ရောင်းရန် ပြည်သူကို ဖိတ်ခေါ်ခြင်းသည် တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများ၏ဥပဒေကိုချိုးဖောက်သည့်အတွက် မှတ်ပုံတင်အရာရှိကသက်သေခံလက်မှတ်ထုတ်မပေးရဟုသော ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။ ထို့အပြင်ပြည်သူတို့လိမ်လည်၍ အစုရှယ်ယာများ တောင်းယူသည့်သဘောဖြစ်၍ ပြစ်မှုကြောင်းအရလည်း တည်ဆဲဥပဒေနှင့်အညီ အရေးယူခံရနိုင်သည်ကို သိရှိနားလည်ပြီး ဥပဒေနှင့် အညီဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနက အသိပေးကြေညာထားသည်။

အများပိုင် ကုမ္ပဏီများနှင့် ပတ်သက်၍ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၁၀၃ ပုဒ်မခွဲ (၁) တွင် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်မရှိဘဲ လုပ်ငန်းတစ်ခုခုကို စတင်ဆောင်ရွက်ခြင်း၊ အစုရှယ်ယာများ ထည့်ဝင်ရန် အများပြည်သူကို ဖိတ်ခေါ်ခြင်း ငွေချေးယူခြင်းတို့ မပြုလုပ်ရဟု ဖော်ပြထားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အသစ်ထပ်မံဖွဲ့စည်းမည့် အများပိုင်ကုမ္ပဏီများမှ စားအုန်းဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံပဲနှမ်းအများပိုင်ကုမ္ပဏီ၊ ဆန်စပါးအများပိုင် MAPCO ကုမ္ပဏီ၊ မြန်မာရွှေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီတို့ဖြစ်သည်။

## စာ-၈၊ အခွန်တော်တံဆိပ်ခေါင်း ပြင်ပတွင် ဈေးကြီးပေးဝယ်နေရ မှ

အမှန်တကယ် သုံးမယ့်သူကို မရောင်းပေးဘူးဆိုရင် မရောင်းပေးဘူးဆိုတဲ့ ကွန်ပလိန်းကလာဦးမယ်။ ဒီတော့ အပြင်မှာပြန်ရောင်းစားတာ သူတို့ရဲ့အခွင့်အရေးပဲ။ မရောင်းစားပါနဲ့လို့ မပြောထားဘူး"ဟု ပြောသည်။

မြန်မာနိုင်ငံ အင်္ဂလိပ်ကိုလိုနီလက်အောက် ကျရောက်စဉ်က အစိုးရဝန်ထမ်းမဟုတ်သည့် သာမန်ပြည်သူများထဲမှ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများ ရှိခဲ့သော်လည်း အခွန်ဦးစီးဌာန ပြန်လည်ဖွဲ့စည်းသည့်၁၉၇၂ခုနှစ်နောက်ပိုင်းတွင်လိုင်စင်လျှောက်ထားသူများ မရှိတော့ကြောင်း၊ ယခုလည်း လိုင်စင်လျှောက်ထားနိုင်ကြောင်း ဌာနတွင်း သတင်းဖြန့်ဝေထားသော်လည်း ပြင်ပမှလာရောက်လျှောက်ထားသူမရှိသေးကြောင်း ဦးသောင်းအေးက ရှင်းပြသည်။

ယင်းသို့ အများပြည်သူ လိုအပ်သည့် အခွန်တော်တံဆိပ်ခေါင်းများ ဝယ်ယူရခက်ခဲမှုနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် ဩဂုတ်လ ၂၈ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်း၊ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက အခွန်တံဆိပ်ခေါင်းများ အချိန်မရွေး လွယ်ကူစွာဝယ်ယူရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို မေးမြန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

## စာ-၅၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ အဓိပ္ပာယ်ပြင်ဆင်သတ်မှတ်မည် မှ

"ဥပမာအနေနဲ့ ပြောကြတာကတော့ မြေတန်ဖိုးက တအားများနေတော့ ကျပ်သန်းတစ်ထောင်တန်တဲ့ မြေကွက်မှာ တံချွန်စက်လေး ချထားရင်တောင်မှ အသေးစားနဲ့ အလတ်စားလုပ်ငန်းဖြစ်သွားမယ်။ မြေတန်ဖိုးကလည်း တစ်နေရာနဲ့ တစ်နေရာ မတူတော့ မြေတန်ဖိုးထည့်လိုက်ရင်များသွားနိုင်တဲ့အတွက် ရင်းနှီးမှုပမာဏကိုပဲ သတ်မှတ်တာ" ဟု ဒုတိယညွှန်ကြားရေးမှူးကပြောသည်။

ထို့အပြင် လူဦးရေနှင့် ရင်းနှီးမတည်ငွေပေါ် မူတည်ပြီး ခွဲခြားသတ်မှတ်ရာတွင် လူဦးရေ ၇၀အောက်၊ ရင်းနှီးမြှုပ်နှံမှုကျပ်သန်းငါးရာအောက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများနှင့် လူဦးရေ ၅၀ အောက်၊ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းနှစ်ရာအောက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အသေးစားလုပ်ငန်းများဟု သတ်မှတ်မည်ဖြစ်သည်။

လူဦးရေ ၇၀ မှ ၁၅၀ ကြား၊ ရင်းနှီးမြှုပ်နှံမှုကျပ်သန်းငါးရာမှ တစ်ထောင်ထိရှိသည့် ကုန်ထုတ်လုပ်ငန်းနှင့် လူဦးရေ ၅၀ မှ ၁၀၀ ကြား၊ ရင်းနှီးမြှုပ်နှံမှု ကျပ်သန်းနှစ်ရာမှ ငါးရာထိရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများကို အလတ်စားလုပ်ငန်းများဟု သတ်မှတ်ထားသည်ဟု ၎င်းကပြောသည်။

"အရင်သတ်မှတ်ချက်တွေက ပြင်ပြီးရင် အကျုံးမဝင်တော့ဘူး"ဟု ဒေါ်အေးအေးဝင်းကပြောသည်။

ထိုသို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ခွဲခြားသတ်မှတ်ချက်ထားခြင်းကြောင့် မှတ်ပုံတင်ကြေး သတ်မှတ်ရာတွင်လည်း လုပ်ငန်းအရွယ်အစားအလိုက် ကျပ်တစ်သောင်းကျော်မှ ကျပ်ငါးသောင်းထိရှိသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှ ဦးအေးထွန်းက "အခု အဓိပ္ပာယ်ပြောင်းလဲလိုက်တဲ့အတွက် ဘယ်သူအသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်း ဖြစ်သလဲဆိုတာ ပေါ်လာပြီ။ ဒီတော့ ပံ့ပိုးမှုတွေကို လုပ်လာနိုင်မယ်။ အစိုးရတစ်ဦးတည်းနဲ့ရမှာလားဆိုတော့ မဟုတ်ဘူး။ စီးပွားရေး အခင်းအကျင်းကလည်း အရေးကြီးတယ်။ လက်ရှိလည်ပတ်နေတဲ့ လုပ်ငန်းတွေကို ရှင်သန်အောင် လုပ်ပေးဖို့လိုတယ်"ဟုပြောသည်။

ပြည်တွင်းစက်မှုလုပ်ငန်းကဏ္ဍများတွင် မှတ်ပုံတင်ထားသည့် အသေးစားလုပ်ငန်းအရေအတွက်ပေါင်း သုံးသောင်းကျော်ရှိသဖြင့် ၇၀ ရာခိုင်နှုန်းကျော်ပါဝင်နေကြောင်း၊ အလတ်စားလုပ်ငန်းအရေအတွက် ခုနစ်ထောင်ကျော်ပါရှိပြီး အကြီးစားလုပ်ငန်းများ လေးထောင်ကျော်ရှိသဖြင့် ၁၁ရာခိုင်နှုန်းသာ ပါဝင်နေကြောင်း ယခုနှစ်ဇူလိုင်လထုတ် စာရင်းများအရ သိရသည်။

စက်မှုကဏ္ဍတွင် စားသောက်ရေးဆိုင်ရာ လုပ်ငန်းအမျိုးအစားသည် နှစ်သောင်းကျော်ထိ ရှိခြင်းကြောင့် ပမာဏအများဆုံးဖြစ်ပြီး လျှပ်စစ်ပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းမှာ ၇၀ သာရှိခြင်းကြောင့် ပါဝင်မှုအနည်းဆုံးဖြစ်သည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.26 • SEPTEMBER 6 , 2012




ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

မြန်မာနိုင်ငံရှိ ငါးနှစ်အောက်ကလေး၇၀ရာခိုင်နှုန်းကျော်တွင် သွေးအားနည်းမှုပြဿနာနှင့် ရင်ဆိုင်နေရသည်

## ငါးနှစ်အောက်ကလေးငယ်နှင့် သွေးအားနည်းမှုပြဿနာ

**ဝတ်ရည်အောင်**

မြန်မာနိုင်ငံရှိ ငါးနှစ်အောက် ကလေးသွေးအားနည်းမှုနှုန်းသည် ၇၀ ရာခိုင်နှုန်းကျော်အထိ ရှိနေပြီး အရပ်ပုသည့်နှုန်းသည် ၂၈ ရာခိုင်နှုန်းအထိရှိနေသည်။

ကုလသမဂ္ဂကလေးငယ်များ ရန်ပုံငွေအဖွဲ့နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုလုပ်ထားသော စစ်တမ်းအရ သွေးအားနည်းမှုများပြားသည့် ကလေးများမှာ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများမှ ကလေးများဖြစ်ကြောင်းသိရသည်။

သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်ပွားသော သွေးအားနည်းရောဂါသည်သွေးအားနည်းခြင်းကြောင့်ဖြစ်လာသည့်မောပန်းခြင်း၊အလုပ်မလုပ်နိုင်ခြင်း၊ကိုယ်ခံအားနည်းသည့်အတွက် ရောဂါများ အလွယ်တကူ ဝင်ရောက်ခြင်းဆိုသည့် လူအများ သိနေသော ရောဂါများဖြစ်ပွားသည့် အချိန်မရောက်ခင်မှာပင် ကလေးများအတွက် ပြင်ဆင်ရန်မရတော့သော ဆုံးရှုံးမှုများ ခံစားရနိုင်သည်။

သံဓာတ်သည် ခန္ဓာကိုယ်အတွင်း ကြွက်သား၊ ဦးနှောက်နှင့် သွေးများ အလုပ်လုပ်ရန်အတွက် မရှိမဖြစ်လိုအပ်သော အရာဖြစ်ပြီး အသက်ငါးနှစ်အထိ ဦးနှောက်၏ ၉၀ ရာခိုင်နှုန်းကျော် ဖွံ့ဖြိုး နေသည့်အချိန်တွင် ပိုမို၍မရှိမဖြစ် လိုအပ်နေသော အရာလည်း ဖြစ်သည်။

ထိုကဲ့သို့လိုအပ်မှု များပြားနေသော သံဓာတ် အလိုအပ်ဆုံးအချိန်တွင် ချို့တဲ့သည့်အခါ ကလေးများတွင် ဖွံ့ဖြိုးမှုနှေးကွေးခြင်းများ၊ဉာဏ်ရည်နိမ့်ခြင်းများ၊အရပ်ပုလာခြင်းများစသည့်သတိမမူမိသည့် ဆုံးရှုံးမှုများလည်း တစ်ချိန်တည်းတွင် ဖြစ်ပွားခံစားရနိုင်ကြောင်း အာဟာရပညာရှင်များကပြောကြားသည်။

သိသာထင်ရှားသည့်အချက်တစ်ချက်မှာမြန်မာအများစုသည် အခြားလူမျိုးများထက်နှိုင်းယှဉ်လျှင် အရပ်ပုပြီး လူကောင်သေးလာခြင်းပင်ဖြစ်သည်။ မြန်မာ့အားကစားနိမ့်ကျလာခြင်း အကြောင်းအရင်းပေါင်းများစွာတွင်လည်း အားကစားသမားများ လူကောင်သေးလာခြင်းမှာလည်း အကြောင်းအရင်းတစ်ခုပင်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ပြောကြားခဲ့ဖူးသည်။

ကလေးများတွင် ဗီတာမင်အေ ချို့တဲ့ခြင်း၊ အိုင်အိုဒင်းချို့တဲ့ခြင်းနှင့် ဗီတာမင်ဘီဝမ်းချို့တဲ့ခြင်းတို့သည် ကလေးများအတွက် အန္တရာယ်ကြီးမားသည့်အရာများဖြစ်ပြီး အချို့မှာ ပြည်တွင်းတွင် ချို့တဲ့မှု ပပျောက်ကြောင်း ကြေညာပြီးသော်လည်း သံဓာတ်ချို့တဲ့မှုသည် ကလေးများတွင် အဖြစ်များနေဆဲဖြစ်ကြောင်းသိရသည်။

"အသက်ခြောက်လ ကျော်တာနဲ့ သွေးအားနည်းတာပဲ။ အသက်ခြောက်လနဲ့ သုံးနှစ်ကြား သံဓာတ်ကောင်းကောင်းမရတဲ့ကလေးက ကျောင်းနေတဲ့အချိန်မှာ အိုင်ကျူနိမ့်သွားတယ်။ တချို့ကလေးတွေ အတန်းထဲမှာ စာမလိုက်နိုင်ကြတဲ့အခါ သေချာ နားမထောင်လို့ မမှတ်လို့လို့ထင်ကြတယ်။ တကယ်တော့ သူ့ရဲ့ ဦးနှောက်ဖွံ့ဖြိုးတဲ့အချိန်မှာ အကောင်းဆုံးဖွံ့ဖြိုးဖို့အတွက် လိုအပ်တဲ့ အရာတွေကို ဆုံးရှုံးသွားတဲ့အတွက် သူ့ရဲ့အတန်းထဲ ပါဝင်မှု ပစ္စည်းစွမ်းရည်လည်း ကျဆင်းသွားတာပါ"ဟု ကလေးအထူးကု ဆရာဝန် ဒေါက်တာလှကြည်ကပြောသည်။

စာ(၁၄)သို့

## ခုတင် ၅၀ဆံ့ဆေးရုံများတွင် စံကိုက်ဝန်ထမ်း ဖွဲ့စည်းပုံအတိုင်း ခန့်အပ်မည်ဟုဆို

**ဝတ်ရည်အောင်**

ရန်ကုန်၊စက်တင်ဘာ-၁

တောင်တွင်းကြီးမြို့နယ်ရှိ ခုတင် ၅၀ဆံ့ဆေးရုံအပြင် တစ်နိုင်ငံလုံး ရှိ ခုတင် ၅၀ ဆံ့ဆေးရုံများအား လာမည့် ဘဏ္ဍာရေးနှစ်များတွင် စံကိုက်ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအတိုင်း ပြောင်းလဲဖွဲ့စည်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စံကိုက်ဝန်ထမ်းဖွဲ့စည်းပုံ သည် ခုတင်၅၀ဆံ့ဆေးရုံများတွင် ဆရာဝန် ၁၄ ဦး ထက်မနည်း ရှိပြီး ထိုဖွဲ့စည်းပုံကြောင့် ဆရာဝန်နှင့် လူနာမမျှတသည့် ပြဿနာများ ဖြေရှင်းနိုင်မည့်အပြင် ကျောင်းဆင်းပြီး ဆရာဝန်များအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရှိလာနိုင်ကြောင်း သုံးသပ်ပြောကြားကြသည်။

၁၉၈၀ နောက်ပိုင်း တည်ဆောက်လာသည့် ခုတင် ၅၀ဆံ့ ဆေးရုံများသည် စံကိုက်ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထားသည့် ဝန်ထမ်းအင်အား ရှိသော်လည်း ထိုမတိုင်ခင် တည်ဆောက်ထားသည့် ဆေးရုံများတွင်မူ ယခင်စနစ်ဟောင်း ဖွဲ့စည်းပုံဖြစ်သည့်အတွက် ဝန်ထမ်းအင်အားနည်းပါးသဖြင့် လူနာနှင့် ဆရာဝန် မမျှတသည့်ပြဿနာများ ပိုမိုကြုံတွေ့ရကြောင်း မကွေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်က ဩဂုတ် ၃၀ရက်တွင် ကျင်းပခဲ့သော အမျိုးသားလွှတ်တော်တွင် ဆွေးနွေးသွားသည်။

တောင်တွင်းကြီးမြို့နယ်တွင် ဒေသတွင်း နေထိုင်သူဦးရေနှင့် ဆေးရုံတက်ရောက်သည့် လူနာဦးရေ များပြားသော်လည်း စုစုပေါင်းဆရာဝန် ခြောက်ဦးခန့်သာရှိပြီး လူဦးရေနည်းပါးသည့် အချို့မြို့နယ်များရှိ ဆေးရုံများတွင်မူ ဆရာဝန် ၁၄ ဦးခန့်ရှိနေကြောင်း ဦးအောင်ကြည်ညွန့်က ပြောကြားခဲ့သည်။

တောင်တွင်းကြီး ခုတင် ၅၀ဆံ့ဆေးရုံအား စနစ်သစ်(စံကိုက်ဖွဲ့စည်းပုံ) အဖြစ် လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ပြောင်းလဲပေးမည်ဖြစ်ပြီး ကျန်တစ်နိုင်ငံလုံးရှိ ခုတင် ၅၀ဆံ့ဆေးရုံများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဦးစားပေးအစီအစဉ်ဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးအောင်ကြည်ညွန့်၏ မေးခွန်းအား ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ခုတင် ၅၀ ဆံ့ဆေးရုံတွေတင်မကဘူး။ အချို့ ၁၆ခုတင် ဆေးရုံတွေမှာလည်း တစ်နေရာနဲ့ တစ်နေရာ ဝန်ထမ်းအင်အား မတူကြဘူးလို့ သိရတယ်"ဟု ဦး အောင်ကြည်ညွန့်က ဆက်လက်ပြောသည်။

ကျန်းမာရေးစောင့်ရှောက်မှုမရနိုင်သည့် ကျေးလက်နေပြည်သူများအတွက် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးထားခြင်း ရှိ၊ မရှိ မေးခွန်းအား ပြည်ထောင်စုလွှတ်တော်မှ ဒေါက်တာခင်မောင်ဆွေက မေးမြန်းခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ၂၀၁၁-၂၀၁၂မှစတင်၍ မြို့နယ် ၂၀တွင် ပုံမှန်မသွားရောက်နိုင်သော ဝေးလံခက်ခဲသည့် ဒေသများရှိ ကျေးရွာများသို့ လက်ထောက်ကျန်းမာရေးမှူးများ၊ အမျိုးသမီးကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)တို့ပါဝင်သည့်အဖွဲ့များက တစ်နှစ်လျှင်သုံးကြိမ်မှ ၁၂ကြိမ်အထိ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးနေပြီး လေးနှစ်အတွင်း မြို့နယ် ၁၈၀သို့ တိုးချဲ့သွားရန် စီစဉ်ဆောင်ရွက်နေကြောင်းပြန်လည်ဖြေကြားခဲ့သည်။







7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

## စာ–၁၃၊ ငါးနှစ်အောက်ကလေးငယ်နှင့် သွေးအားနည်းမှုပြဿနာ မှ

“ဦးနှောက်ဖွံ့ဖြိုးမှု နည်းတဲ့ ကလေးက သင်ကြားရေးမှာ ကြာရှည်မှာ အခက်အခဲတွေ ရှိလာတယ်”ဟု ယူနီဆက်ဖ်မှ အာဟာရပညာရှင် ဒေါက်တာကျော်ဝင်းစိန် ကပြောသည်။

ကိုယ်ဝန်ဆောင်မိခင်များသံဓာတ်ချို့တဲ့မှုနှင့် သွေးအားနည်းမှု မရှိစေရန် ကိုယ်ဝန်ဆောင်ချိန်တွင် ကလေးများအတွက် အမျိုးသားအဆင့် မဟာဗျူဟာ ချမှတ်ပြီး ဆောင်ရွက်နေသည်မှာ တစ်နှစ်ခန့်ရှိသေးကြောင်းသိရသည်။

သွေးအားနည်းခြင်းအား ကာကွယ်ပေးသည့် SPRINKLES ဖြည့်စွက် အာဟာရမှုန့်များအား နာဂစ်မုန်တိုင်း တိုက်ပြီးချိန်မှ စတင်ပြီး ယူနီဆက်ဖ်က ပြည်တွင်းတွင် စတင်အသုံးပြုခဲ့ သည်။ ၂၀၁၁ ခုနှစ်တွင် မဟာဗျူဟာရေးဆွဲ၍ ကလေးများ၌ သွေးအားနည်းမှု နည်းပါးစေရန်နှင့် သွေးအားနည်းခြင်းကြောင့် ဖြစ်သည့် နောက်ဆက်တွဲရောဂါများအား ကာကွယ်ရန် လက်ရှိ ဖြန့်ဝေနေသော မြို့နယ်နှစ်မြို့နယ်အပြင် ယခုနှစ်အတွင်း မြို့နယ် ၁၃မြို့နယ်သို့ပါ ဖြန့်ဝေမည်ဖြစ်ကြောင်း အာဟာရပညာရှင် ဒေါက်တာကျော်ဝင်းစိန်ကပြောသည်။

“ဒီနှစ်အတွင်း သွေးအားနည်းမှု အဖြစ်များနေတဲ့နေရာတွေကို အဓိကဦးစားပေးလုပ်မယ်။ တစ်နိုင်ငံလုံးက ကလေးတွေကို လွှမ်းခြုံနိုင်အောင်တော့ တဖြည်းဖြည်းနဲ့ လုပ်သွားမှာပါ” ဟု ဒေါက်တာကျော်ဝင်းစိန်က ပြောသည်။

မိခင်နို့ တစ်မျိုးတည်း တိုက်ပြီး ခြောက်လကျော် ဖြည့်စွက်စာများ စတင်ကျွေးသည့်အချိန်တွင် SPRINKLES ဖြည့်စွက်စာ ပေါင်းထည့်ကျွေးခြင်းဖြင့် ဖြည့်စွက်စာများ၏ အာဟာရသက်ရောက်မှုကိုပါ ပိုမိုအကျိုးရှိစေနိုင်မည်ဖြစ်ကြောင်းသိရသည်။

“သုတေသန လုပ်တဲ့မြို့နယ်က သုံးနှစ်အောက် ကလေးတွေအားလုံးကို သွေးဖောက်စစ်လိုက်တယ်။ သွေးအားနည်းဖြစ်ပေါ်မှုနှုန်းက ၆၀ ကျော်ရှိတယ်။ အဲဒီမှာ ဖြည့်စွက်စာလေးလပေးပြီးနောက်မှာ ၂၀ ကျော်ပဲ ကျန်တော့တယ်။ အရမ်းထိရောက်တယ်”ဟု ဒေါက်တာကျော်ဝင်းစိန်ကပြောသည်။

ထမင်းနှင့် ရောနယ်ကျွေးခြင်းဖြင့် အရောင်၊ အနံ့၊ အရသာ ပြောင်းလဲမှုမရှိဘဲ ကလေးများ ဝမ်းချုပ်ခြင်း၊ အော့အန်ခြင်း၊ သွားအရောင် မည်းသွားခြင်း စသည့် သံဓာတ်အားဆေးများ၏ နောက်ဆက်တွဲပြဿနာများလည်း ကင်းဝေးကြောင်း ဒေါက်တာလှကြည်ကပြောသည်။

သံဓာတ်ချို့တဲ့ခြင်းသည် အစားအသောက်စားသုံးသည့်ပုံစံနည်းလမ်းမကျခြင်းတို့ကြောင့်ဖြစ်ပြီး အသား၊ အသည်းနှင့် သွေးခဲတို့တွင် သံဓာတ်အထူးကြွယ်ဝစွာ ပါဝင်ပြီး ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည်လည်း သံဓာတ်ကြွယ်ဝသော အစားအစာများလည်းဖြစ်သည်။

“အားဆေး မတိုက်နိုင်တဲ့ ကလေးတွေအတွက် အရမ်းလိုအပ်တယ်။ အားဆေးလိုလည်း ဈေးမကြီးဘူး။ နေ့စဉ်လိုအပ်ချက်ကို ပြန်ဖြည့်ပေးတာဖြစ်တဲ့အပြင် တတ်နိုင်သလောက်လေးပဲ တိုက်လို့လည်းရတယ်”ဟု ဒေါက်တာလှကြည်က ဆက်လက်ပြောသည်။

သံဓာတ်ချို့တဲ့ခြင်းသည် အစားအသောက်စားသုံးသည့်ပုံစံနည်းလမ်းမကျခြင်းတို့ကြောင့်လည်းဖြစ်ပြီး အသား၊အသည်းနှင့် သွေးခဲတို့တွင် သံဓာတ်အထူးကြွယ်ဝစွာပါဝင်ပြီး ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးသည်လည်း သံဓာတ်ကြွယ်ဝသော အစားအစာများလည်းဖြစ်သည်။

ယူနီဆက်ဖ်က စီမံကိန်းမြို့နယ်များတွင် စတင်ဖြန့်ဖြူးပေးနေပြီး ဆေးကုမ္ပဏီအချို့ကလည်း ဈေးကွက်အတွင်း ဖြန့်ချိမှုများ ရှိနေပြီဖြစ်ကြောင်းသိရသည်။

# သန္ဓေသားလောင်းကို ရောဂါစစ်ဆေးနိုင်သော ဝန်ဆောင်မှု ပြည်တွင်းတွင် စတင်မိတ်ဆက်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဩဂုတ်-၂၉**

မွေးရာပါမျိုးရိုးဗီဇရောဂါများအား ကာကွယ်နိုင်ရန် သန္ဓေသားလောင်းအချိန်တွင်ပင် ရောဂါများ ပါဝင်ခြင်းအား စစ်ဆေးနိုင်သည့် ဝန်ဆောင်မှုကို ပြည်တွင်းတွင် ပထမဆုံးအကြိမ် စတင်မိတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

ဖန်ပြွန်သန္ဓေဆောင်ခြင်းနည်းလမ်းဖြင့် သားသမီးရယူသူများအတွက် ပေါင်းစပ်ထည့်သွင်းထားသည့် နည်းလမ်းဖြစ်ပြီး သန္ဓေလောင်းအား နည်းပညာများဖြင့် မိခင်ဝမ်းဗိုက်အတွင်း မထည့်မီ မျိုးရိုးဗီဇရောဂါများကို စစ်ဆေးပြီး ရောဂါကင်းစင်သည့် သန္ဓေသားအဖြစ် မွေးဖွားလာစေခြင်းဖြစ်ကြောင်း SUPERIOR A.R.T MYANMAR မှ သားဖွားမီးယပ်ဆိုင်ရာ အကြံပေး ဒေါက်တာခင်မာကြည်က ပြောသည်။

သန္ဓေသား၏ ခရိုမိုဆုန်းအထိ စစ်ဆေးခြင်းဖြစ်ပြီး ယောကျ်ား၊ မိန်းမရွေးချယ်မှုများပါဆောင်ရွက်နိုင်ကြောင်း သိရသည်။

Bangkok (Thailand) SUPERIOR A.R.T နှင့်မြန်မာနိုင်ငံရှိ SUPERIOR A.R.T MYANMAR တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဖန်ပြွန်သန္ဓေဆောင်ခြင်းတို့အတွက် လိုအပ်သည့် ရှေးဦးစစ်ဆေးခြင်းများနှင့် သန္ဓေသားလောင်းသားအိမ်အတွင်းထည့်ပြီးနောက် လုပ်ငန်းများအား ထိုင်းနိုင်ငံရှိ ပညာရှင်များနှင့် တိုင်ပင်ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နိုင်ပြီး မျိုးဥထုတ်ယူသော အဆင့်နှင့် သားအိမ်အတွင်း ပြန်သွင်းသည့် အဆင့်များသာ ထိုင်းနိုင်ငံရှိ SUPERIOR A.R.T တွင် သွားရောက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

“မျိုးဥထုတ်ယူတဲ့ အချိန်နဲ့ သားအိမ်အတွင်း ပြန်ထည့်တဲ့ အချိန်ပဲ ထိုင်းမှာ သွားနေရပြီး ကျန်တဲ့အချိန်တွေမှာ ပုံမှန်ပြနေတဲ့ ဆရာဝန်နဲ့ပဲ ဆက်လက်ပြနိုင်တယ်” ဟုအဆိုပါဆရာဝန်ကပြောသည်။

လူတစ်ဦးချင်းစီတွင်ဖြစ်ပေါ်နေသည့် ရောဂါများနှင့် အခြေအနေအမျိုးမျိုးရှိသည့်အတွက် ကုန်ကျစရိတ် တိတိကျကျပြောရန် ခက်ခဲကြောင်း ဒေါက်တာခင်မာကြည်ကပြောသည်။

ပြည်တွင်းတွင် ဖန်ပြွန်သန္ဓေဆောင်ခြင်းနည်းလမ်းဖြင့် သားသမီးရယူနိုင်သော နည်းပညာကို လွန်ခဲ့သည့် ငါးနှစ်ကျော်ကစ၍ လူသိများလာခြင်းဖြစ်သည်။

# သားဖွားလက်မှတ်ရသင်တန်းကို သားဖွားဒီပလိုမာသင်တန်းအဖြစ် ပြောင်းလဲ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဩဂုတ် – ၃၁**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအား ပိုမိုအလေးပေးဆောင်ရွက်ရန် သားဖွားလက်မှတ်ရ ၁၈လသင်တန်းအား သားဖွားဒီပလိုမာ ၂နှစ်သင်တန်းအဖြစ် ယခုနှစ် ပညာသင်နှစ်မှစတင်၍ ပြောင်းလဲမည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှ သတင်းရရှိသည်။

မြန်မာတစ်နိုင်ငံလုံးမှ သူနာ ပြု၊ သားဖွားပညာရှင်များ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ စုစည်း၍ သူနာပြုနှင့် သားဖွားဆိုင်ရာ နှီးနှောဖလှယ်ပွဲအား ကျင်းပခဲ့ရာ ထိုအစည်းအဝေးမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးတွင် နားလည်တတ်ကျွမ်းသည့်သူများ ပိုမိုပါဝင်လာစေရန်နှင့် ခေတ်နှင့်လျော်ညီသည့် ဆေးကုသမှုများ ပိုမိုသင်ယူလာနိုင်စေရန်ရည်ရွယ်၍ သင်တန်းကာလ တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

သင်ရိုးညွှန်းတမ်းအသစ်ကို ၂၀၁၁ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၁၂ နိုဝင်ဘာလ၌ သားဖွားဒီပလိုမာ သင်ရိုးညွှန်းတမ်းအသစ်ကို စတင်သင်ကြားနိုင်မည်ဖြစ်ကြောင်း ဆေးသိပ္ပံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးကပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ သားဖွားသင်တန်းကျောင်းများတွင်ပင် ဖွင့်လှစ်မည်ဖြစ်ကာ နေရာဒေသအသီးသီးရှိ လိုအပ်ချက်များအလိုက် သင်တန်းဝင်ခွင့်အမှတ်များ သတ်မှတ်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ဘာသာတွဲနှင့်မဆို တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ လျှောက်ထားနိုင်ကြောင်း အဆိုပါညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

သူနာပြု/သားဖွားဆရာမများသည် လူနာနှင့် ၂၄နာရီတွေ့ဆုံဆက်ဆံနေရသူများဖြစ်သည့်အတွက် လူနာ၏ အားကိုးယုံကြည်မှုရရှိရန် အထူးအရေးကြီး၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူနှင့်ဆက်ဆံသည့်အခါ စေတနာထား ဆက်ဆံတတ်စေရန် သင်တန်းသူဘဝမှ လေ့ကျင့် ပျိုးထောင်ပေးရန်လိုအပ်သည်ဟု နေပြည်တော်တွင် ပြုလုပ်ခဲ့သည့် သူနာပြု/သားဖွားဆရာမ သင်ရိုးညွှန်းတမ်း သင်ကြားရေးဆရာများ၏ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ထည့်သွင်းပြောကြားသွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

သွေးအားနည်းခြင်းသည် ကိုယ်ဝန်ဆောင်မိခင်များအတွက် အသက်အန္တရာယ်ဆုံးရှုံးသည်အထိဖြစ်ပွားနိုင်ပြီး မီးဖွားပြီးသွေးသွန်သောအချိန်တွင် သွေးအားနည်းနေသည့် အမျိုးသမီးတစ်ဦးအတွက် အသက်ပါဆုံးရှုံးသွားနိုင်သောအခြေအနေဖြစ်ကြောင်း သိရသည်။

အသက်သေဆုံးမှု မရှိသော်လည်း အချို့ သွေးအားနည်းမိခင်မှ မွေးဖွားလာသော ကလေးများတွင် နှာခေါင်းများ၌ အဖုများပါခြင်း စသည့်မွေးရာပါရောဂါများ ကြုံတွေ့ရနိုင်ကြောင်းသိရသည်။

သွေးအားနည်းခြင်းကြောင့် ရောဂါလက္ခဏာများ ဆိုးရွားစွာပြသပြီး အိပ်ရာထဲ လဲနေသော အခြေအနေမျိုးမှ မဟုတ်ဘဲ ပုံမှန်ပြေးလွှားဆော့ကစားနေသည့် ကလေးများတွင်လည်း သွေးအားနည်းရောဂါ ခံစားနေကြရနိုင်ပြီး စာသင်ခန်းအတွင်းရှိ ကလေးထက်ဝက်ကျော်မှာလည်း သွေးအားနည်းသော ကလေးများဖြစ်နေကြောင်းဒေါက်တာလှကြည်က ပြောသည်။

မဟာဗျူဟာ ရေးဆွဲထားသည့်အတွက် ကလေးများ သွေးအားနည်းရောဂါ ကျဆင်းသွားပြီး ကလေးများ လိုအပ်သည့် အာဟာရများ ပြည့်ဝလာခြင်းတို့ကြောင့်အရပ်ရှည်လာမည့်အကျိုးကျေးဇူးများလည်း ရှိလာမည်ဖြစ်ကြောင်းသိရသည်။

မအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နီလာ
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဌာလေးမည်၊ သံဝေဇနိယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလာ၊ရလာ၊ရာလှနတ်ပြည်"
(၁၂)ရက်ခရီး - သံဝေဇနိယလေးဌာန + အဝိဇဟိတသုံးဌာန (အိန္ဒိယ + နီပေါ)➜ ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ ➜ ၉ သိန်း၊(စရိတ်ငြိမ်း)
တဝ်ချ်မဟာ၊ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
**မိခင်ကြီးဒေါ်နီလာ၏ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ်ယူအထူးအစီအစဉ်**
(၁၁.၈.၂၀၁၂)မှ (၃၀.၉.၂၀၁၂)အတွင်း နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် ခနေ့၊လ၊ရက်များကို ရွေးချယ်ပြီး
စရံငွေ (၁)သိန်းဖြင့် စာရင်းပေးသွင်းပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်။
အထူးအစီစဉ်အနေဖြင့် ဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
ဝန်ဆောင်မှုနှင့်ပတ်သက်၍ နေထိုင်စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
မည်သည့်ခရီးစဉ်မဆို(၁၀)ဦး၊စုစည်း၊ပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
မန္တလေး–ဗုဒ္ဓဂယာ–မန္တလေး ခရီးစဉ်ကို အပတ်စဉ် (အင်္ဂါ၊ကြာသပတေး၊တနင်္ဂနွေ)နေ့များတွင် ပို့ဆောင်ပေးနေပါပြီ။
မှတ်ချက်။ သက်မှတ်ရက်ကာလအတွင်းသာအကျုံးဝင်ပါသည်။နိုင်ငံကူးလက်မှတ်သက်တမ်း(၆)လအထက်လက်ဝယ်ရှိသူများကို(၄၀၀၀၀/–ကျပ်)ထပ်မံလျှော့ပေးပါမည်။
ထွက်ခွာမည့်ရက်များ -
စက်တင်ဘာ – ၂၈၊ ၂၉။ အောက်တိုဘာ – ၃၊၅၊၆၊၁၀၊၁၂၊၁၃၊၁၇၊၁၉၊၂၀၊၂၄၊၂၆၊၂၇၊၂၉၊၃၀။
နိုဝင်ဘာ – ၂၊၃၊၇၊၉၊၁၀၊၁၄၊၁၆၊၁၇၊၂၁၊၂၃၊၂၄၊၂၈၊၃၀။ ဒီဇင်ဘာ – ၁၊၅၊၇၊၈၊၁၂၊၁၄၊၁၅၊၁၉၊၂၁၊၂၂၊၂၆၊၂၈၊၂၉။
ဇန်နဝါရီ – ၂၄၊၅၊၉၊၁၁၊၁၂၊၁၆၊၁၈၊၁၉၊၂၃၊၂၅၊၂၆၊၃၀။ ဖေဖော်ဝါရီ – ၁၊၂၊၆၊၈၊၉၊၁၃၊၁၅၊၁၆၊၂၀၊၂၂၊၂၃၊၂၇။
မတ်လ – ၁၊၂၊၆၊၈၊၉၊၁၃၊၁၅၊၁၆၊၂၀၊၂၂၊၂၃၊၂၇၊၂၉၊၃၀။ ဧပြီ – ၃၊၅၊၆၊၁၀၊၁၂၊၁၃၊၁၇၊၁၉၊၂၀၊၂၄၊၂၆၊၂၇။
ရန်ကုန်ရုံးချုပ် အမှတ်–၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ (၁) အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။
ရုံးခွဲ (၂)–မော်လမြိုင် ၊ ရုံးခွဲ(၃)–ပုသိမ် ၊ ရုံးခွဲ (၄)–တောင်ကြီး ၊ ရုံးခွဲ (၅)–လားရှိုး
☎ ၀၁-၃၇၆၆၀၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၀၇၂၅၁

ပွင့်ဦး
သစ်မွှေးစိုက်ခင်းနှင့်ပျိုးဥယျာဉ်
ကချင်ပြည်နယ်သစ်မွှေး (Northern Agarwood)
သစ်မွှေးပျိုးပင်များရနိုင်ပါသည်။ ပျိုးအိတ် 5''×7''၊ သစ်မွှေးပင်အမြင့် 1ပေ=500ကျပ်၊ 1½ပေ=700 ကျပ်၊ 2ပေ=800 ကျပ်၊ 2½ပေ=900 ကျပ်၊ 3ပေ=1200 ကျပ်၊ ပျိုးပင်=1000 အထက်ဝယ်ယူသူများ၊ မိုင် 100 အတွင်း ပို့ဆောင်ပေးပါမည်။ ပျိုးပင် 5000 အထက် ဝယ်ယူသူများ မော်လမြိုင်၊ဘားအံ၊ မြဝတီ၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊တောင်ကြီး၊ပုသိမ်၊ပြည်၊မကွေး၊မိတ္ထီလာ၊ပခုက္ကူ၊စစ်ကိုင်း၊မုံရွာ၊ရွှေဘို၊ ကလေးမြို့များသို့ ပို့ဆောင်ပေးပါမည်။ သစ်မွှေးပင် ဆေးသွင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသည်။
သစ်မွှေးပန်းခြောက်(Agarwood Flower Tea)(50 - ဂရမ်)၊တစ်ထုပ် 5000/-ကျပ် ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
ကိုအောင်ဇော်ရှိန် - ၀၉-၄၉၄၅၀၀၅၆၊ ၀၉-၅၀၂၈၈၉၀၊ သစ်မွှေးဝါသနာရှင်များ(Group)
ရန်ကုန် - လှည်းကူးမြို့နယ်၊ ဖောင်ကြီး - မင်းကုန်းရွာအလွန်ကားလမ်းဘေး
မန္တလေး - တံခွန်တိုင်ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး တံခွန်တိုင်ဈေးရှေ့

Regional

7DAY NEWS JOURNAL

Vol.11, No.26 • SEPTEMBER 6 , 2012

# အမရပူရမြို့ရှိ ရပ်ကွက်သုံးခုတွင် ရေဆိုးစိမ့်ဝင်မှုဒဏ် ခံစားနေရ

ညီညီဇော်

**မန္တလေး၊ စက်တင်ဘာ - ၁**

ရောဝတီကန်ပေါင်ပတ်လမ်းနှင့် စစ်ကိုင်း-မန္တလေးလမ်းမကြီးကြား အလယ်ချိုင့်ဝှမ်းအတွင်းတွင်ရှိသော အမရပူရမြို့ရှိ ရပ်ကွက်သုံးခုမှာ ရေဆိုးစိမ့်ဝင်မှုဒဏ် ခံစားနေရကြောင်း သတင်းရရှိသည်။

အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်ရှိ တိုးချဲ့(၁)၊ တိုးချဲ့(၂)၊ တိုးချဲ့(၃) ရပ်ကွက်(၃)ရပ်ကွက်သည် မန္တလေးမြို့မှ စွန့်ပစ်ရေဆိုးမြောင်းဖြစ်သော ရွှေတချောင်းမြောင်းရေများ၊ မြစ်ငယ်မြစ်ရေနှင့် အမရပူရမြို့ပေါ်လမ်းမထက်မှ ကျဆင်းလာသော မိုးရေနှင့် အညစ်အကြေးများ စိမ့်ဝင်မှုကြောင့် ကျန်းမာရေးထိခိုက်မှုများ ရှိနေကြောင်း ယင်းရပ်ကွက်တွင် နေထိုင်သူများက ပြောသည်။

ယခုလက်ရှိ ရေဆိုးနှင့်အညစ်အကြေးများ စိမ့်ဝင်နေမှုကြောင့် နှစ်လခန့် ရေမြုပ်နေပြီဖြစ်ပြီး ယမန်နှစ်များကမူ ယခုထက် ရေစိမ့်ဝင်ချိန် ပိုမိုကြာတတ်သည်ဟု ရပ်ကွက်နေထိုင်သူများကပြောသည်။

ယင်းရပ်ကွက်သုံးခုတွင် နေထိုင်သူများသည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ရောဝတီကန်ပေါင်ပတ်လမ်းတည်ဆောက်ချိန် မြေမလွတ်၍ နေရာရွှေ့ပြောင်းခံရသည့် အိမ်ထောင်စုများဖြစ်သည်ဟု ကျန်တန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က ပြောကြားသည်။



ရေဆိုးစိမ့်ဝင်နေသောရေများ

ဓာတ်ပုံ-ညီညီဇော်

"ရွှေ့ရွှေ့ဆိုလို့ ရွှေ့ရတော့ တကယ့်ချိုင့်ကြီးထဲ ရောက်သွားတယ်။ ချိုင့်ထဲမှာဆိုတော့ ရေကဘယ်လိုမှ မထွက်တော့ဘူး။ သူတို့တွေ စပြောင်းကတည်းက ခံစားလာရတာ နှစ်ချီနေပြီ"ဟု ၎င်းကပြောသည်။ ယင်းရပ်ကွက်သည် ယမန်နှစ်က အလှူအိမ်မှတစ်ဆင့် အစာအဆိပ်သင့်မှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်အနီးတွင်ပင်ရှိသည်။

"ဟိုတလောလေးကတင် ကလေးတချို့ ဝမ်းပျက်ဝမ်းလျှောဖြစ်တယ်။ မနှစ်ကတော့ ရောဂါတွေဖြစ်ကြလို့ ရေတွေ နိုင်အောင် ထုတ်ပေးကြတယ်။ ဒီနှစ် ကောင်းကောင်း ထုတ်မပေးသေးဘူး"ဟု တိုးချဲ့(၂)ရပ်ကွက်နေ ကိုကျော်မင်းကပြောသည်။

မန္တလေးမြို့တော်စည်ပင်ရေနှင့် သန့်ရှင်းရေးဌာနသို့ သွားရောက်မေးမြန်းရာ တာဝန်ရှိသူတစ်ဦးက ယင်းရပ်ကွက်အနီးရှိ ရွှေခဲရေဆိုးထုတ်စက်ရုံတွင် ဝန်ထမ်းတစ်ဦးရှိကြောင်း၊ ရောဝတီမြစ်ရေကျချိန်တွင် ရေဆိုး ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းပြန်လည်ဖြေကြားသည်။

ယင်းရပ်ကွက် သုံးခုတွင် အိမ်ထောင်စုပေါင်း ၃၃၂စု ရှိပြီး လူဦးရေ ၁,၄၈၇ ဦး ရှိသည် ဟု သတင်းရရှိသည်။

# မောင်တောမြို့ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ခဲ့သူ ဒေါက်တာထွန်းအောင်အား ထောင် ၃ နှစ်ချ

မောင်ကံ

**မောင်တော၊ စက်တင်ဘာ - ၁**

မောင်တောမြို့ ဆူပူအကြမ်းဖက်မှုတွင် ဒေါက်တာထွန်းအောင်(ခေါ်) နုရာဟတ်အား စစ်တွေခရိုင် တရားရုံး၌ စွဲချက်တင်စစ်ဆေးလျက်ရှိရာ ဩဂုတ်လ ၃၀ ရက်က နိုင်ငံခြားငွေလဲလှယ်ရေး စည်းမျဉ်းအက်ဥပဒေပုဒ်မ-၂၄(၁) ဖြင့် ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်ကြောင်း အဆိုပါတရားခွင်သို့ တက်ရောက်နားထောင်ခဲ့သူများက ပြောသည်။

ဒေါက်တာထွန်းအောင် (ခေါ်)နုရာဟတ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၅၃(က)/၅၀၅ (ဂ)/၁၄၈ ဖြင့်လည်းကောင်း၊ ကြိုးမဲ့ကြေးနန်းဥပဒေ-၆(၁)ဖြင့်လည်း ကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၆၈/၄၂၀ ဖြင့်လည်းကောင်း၊ အရေးပေါ် စီမံမှု ၅(ည)ဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေလဲလှယ်ရေး စည်းမျဉ်းအက်ဥပဒေပုဒ်မ-၂၄(၁) ဖြင့်စွဲချက်တင် စစ်ဆေးလျက်ရှိရာ တစ်မှုတည်းသာစီရင်ချက်ချရသေးကြောင်းသိရသည်။

ဒေါက်တာထွန်းအောင် (ခေါ်)နုရာဟတ်မှာ ဇွန်လ ၈ ရက်တွင် မောင်တောမြို့ ကျောက်ဗလီ၌ ဆုတောင်းပွဲပြုလုပ်ရန် ဒေသ အာဏာပိုင်များထံမှ ခွင့်ပြုချက်တောင်းခံခဲ့သူတစ်ဦးဖြစ်ပြီး ဆုတောင်းပွဲကြောင့် ဆူပူအကြမ်းဖက်မှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် အာမခံခဲ့သူလည်းဖြစ်ကြောင်း သိရသည်။ ယင်းသို့အာမခံထားသော်လည်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သဖြင့် ဖမ်းဆီးခံရမည်ကို စိုးရိမ်ကာ သုံးမိုင်ရှိယူအင်န်အိတ်ချ်စီအာရ်ရုံးအတွင်း ပုန်းရှောင်နေခဲ့ရာမှ ဇွန်လ ၁၂ရက်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်တွင်ဖြစ်ပွားသော ဆူပူအအကြမ်းဖက်မှုတွင် ပါဝင်သူ၃ဦးကို ဩဂုတ် ၂၉ရက်က ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးခဲ့သည်။

# JICA က ချင်းပြည်နယ်သို့ ယန်းငွေ တစ်ဘီလီယံ ထုတ်ချေးမည်

ကျော်သီဟ

**ရန်ကုန်၊ ဩဂုတ် - ၃၀**

ဖွံ့ဖြိုးမှုအားနည်းလျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သော ချင်းပြည်နယ်အား ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)က ဂျပန်ယန်းငွေတစ်ဘီလီယံထောက်ပံ့သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

မြန်မာကျပ်ငွေ ကျပ်သန်းပေါင်း ၉,၉၀၀ တန်ဖိုးရှိမည့် ယင်းအလှူငွေအတွက် ကနဦးသဘောတူညီချက်များ ရရှိပြီးဖြစ်ကြောင်း နှင့်အမှန်တကယ် လိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့်အခြားလိုအပ်သောကဏ္ဍများတွင် အသုံးပြုနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

ဂျပန်အစိုးရ၏ ODA မှ ချေးငွေထုတ်ချေးခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရနှင့် MOU ထိုးကာ ပြုလုပ်သည့် အစီအစဉ်ဖြစ်သည်။ ထိုသို့ သဘောတူညီမှုချေးငွေများအတွက် အထက်ပါ ဂျပန်အေဂျင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များသည် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာ ဟားခါးမြို့သို့ သွားရောက်တွေ့ဆုံမှုများပြုလုပ်နေပြီဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က 7Day News သို့ပြောကြားသည်။

JICAအဖွဲ့သည် ယင်းချေးငွေအား အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ချင်းပြည်နယ်အစိုးရသို့ ထုတ်ချေးပေးမည်ဖြစ်ပြီး ယင်းမှာ၁၀ နှစ် ဆိုင်းငံ့ချေးငွေဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကပြောသည်။

ထိုချေးငွေရရှိပါက ချင်းပြည်နယ်၏ အဓိကစိုက်ပျိုးရေးထုတ်ကုန်ဝဥစိုက်ပျိုးရေးလုပ်ငန်း၊ စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းအဖြစ် နွားနောက်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိကြောင်း သိရသည်။

# မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ နွားစာစရိတ်အဖြစ် အသုံးပြုနေရ

ရန်နိုင်ကျော်

**မုံရွာ၊ စက်တင်ဘာ-၁**

ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ယူရာတွင်တောင်သူအများစုသည်စိုက်ပျိုးရေးလုပ်ငန်း အသုံးစရိတ်များထက် နွားစာအသုံးစရိတ်အဖြစ် အသုံးပြုခဲ့ရသူပိုများကြောင်း ဘုတလင်မြို့နယ် ဒေသခံတောင်သူများက ပြောသည်။

"ဒီနှစ်မိုးခေါင်လို့ နွားစာသိပ်ရှားတယ်။ မိုးဦးသီးနှံ ပဲစင်းငုံစိုက်ခင်းတော်တော်များများ ပျက်စီးကုန်တယ်။ မိုးခေါင်ပေမယ့် မိုးရွာတုန်းခဏထွန်ကြယက်ကြတယ်။ လူစာအတွက် ကောက်ပဲသီးနှံမရတောင်မှ နွားစာရအောင်တော့ စိုက်ရဦးမယ်။ ဒီနှစ်မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို စိုက်ဖို့ပျိုးဖို့ထက် နွားစာအတွက် ပိုသုံးလိုက်ရတယ်။ အချို့နွားစာအစာစိမ်းအတွက် လမ်းဘေးကကုက္ကိုပင်တွေ၊ ချုံတွေကိုခုတ်ပြီး ကျွေးခဲ့ရသူတွေ ပိုများတယ်"ဟု ဘုတလင်မြို့နယ်ကံသစ်ကျေးရွာဒေသခံတောင်သူ ဦးမန်းစိန်ကပြောသည်။

မုံရွာခရိုင် ကနီ၊ ဆားလင်းကြီး၊ အရာတော်၊ ဘုတလင်မြို့နယ်အတွင်း နွားစာရှားပါးမှုကြောင့် စပါးအများဆုံးစိုက်ပျိုးရာ ရွှေဘိုခရိုင်အတွင်း နွေစပါးစိုက်ခင်းများတွင် ယခင်နှစ်များက ရိတ်သိမ်းခြွေလှေ့ပြီး ကောက်ရိုးများအား လယ်ကွင်းထဲ မီးရှို့ဖျက်ဆီးခဲ့ရာမှ ယခုနှစ်တွင် နွားစာအဖြစ် အလုအယက်သယ်ယူမှုများကြောင့် နှစ်အတန်အကြာပျောက်ဆုံးနေသော ကောက်ရိုးဈေးကွက် ပြန်လည်ပေါ်ထွက်လာကြောင်း သိရသည်။

# မွန်ပြည်နယ် ကုန်သည်/စက်မှုအသင်း အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်

နေလင်းအောင်

**ရန်ကုန်၊ ဩဂုတ်-၂၉**

ကာလအတန်ကြာပြင်ဆင်ဖွဲ့စည်းခဲ့ခြင်း မရှိခဲ့သည့် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ကိုဩဂုတ်လအတွင်း ရွေးချယ်ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

၁၀ နှစ်ကျော်ကြာလည်ပတ်ခဲ့သည့် ယခုအလုပ်မှုဆောင်အဖွဲ့အား ပြန်လည်ဖွဲ့စည်းရန်အတွက်ပြည်နယ်၊တိုင်းဒေသကြီးအဆင့်ကုန်သည်/စက်မှုလုပ်ငန်းအသင်းချုပ် အစည်းအဝေးများတွင် တင်ပြခဲ့ပြီး ယခုနှစ်၌ ပြန်လည်ဖွဲ့စည်းဖြစ်ခဲ့ကြောင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည့် ဦးလှရှိန်က ပြောသည်။

"အသင်းဖွဲ့စည်းပုံထဲမှာ အလုပ်အမှုဆောင် အဖွဲ့တွေကို ၂ နှစ်တစ်ကြိမ်ပြန်ဖွဲ့ရမယ်ဆိုပြီးပါပေမယ့်တကယ်တမ်းပြန်မဖွဲ့ဖြစ်တာ နှစ်တော်တော်လေးကြာသွားပြီ။ အဲဒါကြောင့် ဒီနှစ်မှာ ကျွန်တော်တို့ အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်မဲစနစ်နဲ့ပြန်ဖွဲ့လိုက်တာပါ"ဟု ဦးလှရှိန်က ပြောသည်။

မွန်ပြည်နယ် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းသည် ၂၀၀၀ပြည့်နှစ်တွင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုပြန်လည်ဖွဲ့စည်းထားသည့် အလုပ်အမှုဆောင်အဖွဲ့အား ယခင် ၁၅ ဦးရှိခဲ့ရာမှ အင်အားတိုးမြှင့်သည့်အနေဖြင့် အဖွဲ့ဝင်ဦးရေ ၂၈ ဦးထိ တိုးမြှင့် ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါ အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲကို ဩဂုတ်လ ၂၅ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဘုတလင်မြို့နယ်တွင် နေကြာစိုက်ခင်းအချို့ ရေသွင်းစိုက်ပျိုး



မိုးရာသီတွင် ရေသွင်းစိုက်ပျိုးထားရသော နေကြာစိုက်ခင်းတစ်ခင်း

ဓာတ်ပုံ-မျိုးမင်းဦး

**ရန်နိုင်ကျော်**

**မုံရွာ၊ စက်တင်ဘာ-၁**

မုံရွာခရိုင် ဘုတလင်မြို့နယ်အတွင်း စိုက်ပျိုးသော နေကြာစိုက်ခင်းအချို့မှာ ရာသီဥတုပြောင်းလဲမှုကြောင့် ပထမဆုံးအကြိမ် ရေသွင်းစိုက်ပျိုးခဲ့ရသည့် စနစ်ဖြင့် စိုက်ပျိုးခဲ့ရကြောင်း ဘုတလင်မြို့နယ်၊ ဆုံကုန်းစိုက်ကွင်းအတွင်း ဒေသခံတောင်သူများ ပြောသည်။

"အရင်တုန်းက ပဲ၊ ဂျုံ၊ သခွားမွှေး၊ ပဲစင်းငုံစိုက်တဲ့ စိုက်ကွင်းပါ။ ဒီနှစ် သက်ဆိုင်ရာက နေကြာစိုက်ပေးပါဆိုလို့ နေကြာစိုက်တာ။ ပထမစိုက်တုန်းက သေကုန်တယ်။ ဒုတိယအကြိမ် ပြန်စိုက်တော့ ရေသွင်းစိုက်တာပေါ့။ ရေသွင်းလို့ရတဲ့ စိုက်ကွင်းက အပင်တွေ သန်တယ်။ ရေသွင်းမရတဲ့ စိုက်ကွင်းကတော့ သေကုန်တယ်။ ရေသွင်းစိုက်တော့လည်း အပင်ငယ်တုန်းက နွားဝင်စားတဲ့ဒုက္ခ၊ အပင်ကြီးလို့ အပွင့်သန်ချိန်မှာ စာတွေ ငှက်တွေ ခြောက်လှန့်ရတဲ့ ဒုက္ခတွေ ကြုံနေရတယ်။ သခွားမွှေးစိုက်ခဲ့တဲ့အတွက် မြေအောက်အစိစိတွင်းလေးရှိလို့ နေကြာရေသွင်းစိုက်နိုင်တာပါ"ဟု ဘုတလင်မြို့နယ် ဆုံကုန်းစိုက်ကွင်းအတွင်းစိုက်ပျိုးသော ညောင်ရိပ်သာ ကျေးရွာဒေသခံ ဒေါ်သန်းရွှေက ပြောကြားခဲ့သည်။

"ကုန်းပိုင်းကတော့ ချင်းတွင်းမြစ် ရေတင်လို ရေပေးဝေရေးစနစ်ရှိရင် ရေသွင်းစိုက်ရတာ အဆင်ပြေတယ်။ အချို့မြေအောက်ရေပေးဝေရေး၊ အချို့က ရေသွင်းစိုက်တာ လယ်ယာမြေတွေ လုံးထွေးကုန်လို့ အပင်မသန်တာတွေလည်း ကြုံတွေ့ခဲ့ရတယ်။ ရေသွင်းလို့ရတဲ့ စိုက်ခင်းတွေက တစ်နှစ်လုံးစိုက်လို့ပျိုးလို့ အဆင်ပြေတယ်။ အရင်တုန်းက စပါးခင်းတွေ ရေသွင်းစိုက်တာ ဒီနှစ် ဂျုံနှမ်းသာမက နေကြာစိုက်ခင်းပါ ရေသွင်းစိုက်နေရပြီ"ဟု ဘုတလင်မြို့နယ် မုန်တောကျေးရွာ ဒေသခံ တောင်သူတစ်ဦးကပြောသည်။

ယခုနှစ် မိုးဦးရာသီတွင် မိုးရွာသွန်းခြင်း မရှိခြင်းကြောင့် ဘုတလင်မြို့နယ်အတွင်း လယ်စိုက်ခင်းများ၌ ယခင်နှစ်များက တိုက်ရိုက်မျိုးစေ့ချစနစ် (ဒေသအခေါ် ထွန်စံကြဲ) စိုက်ခင်းများ စိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိုးနှောင်းနှမ်းနှင့် ပဲတီစိမ်းစိုက်ခင်းများအဖြစ် ပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။ ယခင်နှစ်အတွင်း မိုးနှောင်းကာလ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘုတလင်မြို့နယ်အတွင်း ကုလားပဲ၊ နှမ်းစိုက်ခင်းများမှာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ယခုနှစ်မိုးဦးရာသီ မိုးရွာသွန်းမှု မရှိသဖြင့် မိုးဦးသီးနှံ ပဲတီစိမ်း၊ နှမ်းစိုက်ခင်းများ ပျက်စီးမှု ကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။ ဩဂုတ်လကုန်တွင်ရွာသွန်းသောမိုးကြောင့်မိုးလယ်သီးနှံအဖြစ် ပဲတီစိမ်း၊ နှမ်း၊ ပြောင်းစသည့်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိသော်လည်း မိုးလယ်နှင့် မိုးနှောင်းကာလ မိုးရွာသွန်းမှုအား မျှော်လင့်လျက်ရှိကြောင်း သိရသည်။




# ရဲအရာရှိတစ်ဦး မိမိကိုယ်ကို မီးရှို့ပူဇော်ရာမှ သေဆုံး

**ကျော်ဇေယျ**

**နေပြည်တော်၊ ဩဂုတ် - ၃၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်ပျဉ်းမနားတွင် ရဲသတင်းတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးသည် မိမိကိုယ်ကို မီးရှို့၍ သေဆုံးခဲ့ရသော ဖြစ်ရပ်တစ်ခု ဩဂုတ် ၂၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၂၈ ရက် ညနေ ၃ နာရီ မိနစ် ၃၀ အချိန်ခန့်က နေပြည်တော်ပျဉ်းမနား၊ ရွာကောက်အုပ်စု၊ ပန်းခင်းရပ်ရွှေဗျိုင်းအင်း ဘုန်းတော်ကြီးနှင့်ကိုက် ၂၀၀ ကွာဝေးသော လေးကျွန်းစကြာဘုရားရင်ပြင် အုတ်နံရံအတွင်းဘက်တွင် အမည်မသိအမျိုးသားတစ်ဦး မီးလောင်ဒဏ်ရာများနှင့် သေဆုံးနေကြောင်း တွေ့ရှိရ၍ အမှုအား နေပြည်တော်ပျဉ်းမနား သေမှုသေခင်းအမှတ် ၃၆/ ၂၀၁၂ အရ စုံစမ်းစစ်ဆေးခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

အမှုကို စုံစမ်းစစ်ဆေးရာသေဆုံးသူမှာသူများ ပယောဂကြောင့်မဟုတ်ဘဲ မိမိကိုယ်ကို မီးရှို့ကာ ပူဇော်မှုပြုခြင်းဖြစ်ကြောင်း၊ ယင်းသည် နေပြည်တော် ရဲသတင်းတပ်ဖွဲ့(SB) မှ ရဲအုပ်တစ်ဦးဖြစ်ကြောင်းသိရပြီး စိတ်ကျန်းမာရေးကောင်းမွန်မှုမရှိဘဲ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် အဆက်အသွယ်ရှိသယောင်ယောင်ကိုယ်တိုင်မီးပူဇော်သည့်အနေဖြင့် ကိုယ့်ကိုယ်ကိုယ်မီးရှို့ခြင်းဖြစ်ကြောင်း သိရသည်။

"သေဆုံးသူဟာ ဘုရားရင်ပြင်ပေါ် တင်ပလ္လင်ထိုင်လျက် အနေအထားနဲ့ တစ်ကိုယ်လုံးမီးလောင်ထားပြီး သေနေတာပါ။ လောင်ကျွမ်းတဲ့အပူချိန်ကြောင့် ဘုရားရင်ပြင်ပေါ်က ပတ်ဝန်းကျင် အပူခံကျောက်ပြားတွေ တောင်ကွဲအက်နေပြီး အလောင်းပတ်လည်ရှိ အုတ်တံတိုင်းမှာလည်း မီးခိုးမှိုင်းတွေ စွဲနေပါတယ်။ မှုခင်းဆရာဝန်ရဲ့ထွက်ဆိုချက်အရ အလောင်းကို ခွဲစိတ်စစ်ဆေးစဉ် အဆုတ်အတွင်း မီးခိုးတွေတွေ့လို့ မီးလောင်နေစဉ်ကတည်းက အသက်ရှိနေကြောင်းပါ ပေါ်လွင်ပါတယ်" ဟု အမည်မဖော်လိုသူရဲအရာရှိတစ်ဦးက ပြောသည်။



မုန့်ဆိုင်တစ်ဆိုင်တွင်ချိတ်ဆွဲထားသော အစပ်ချောင်းမုန့်ထုပ်များနှင့် ဈေးဝယ်နေသော ကလေးငယ်တစ်ဦး ဓာတ်ပုံ-ညီညီဇော်

# တရုတ်နိုင်ငံလုပ် မုန့်များအား မန်းတိုင်းကျန်းမာရေးက စားသုံးရန်မသင့်ဟု ကြေညာ

**ညီညီဇော်**

**မန္တလေး၊ ဩဂုတ်-၃၀**

တရုတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသည့် အစပ်ချောင်းမုန့်များကို ကလေးငယ်များ စားသုံးရန်မသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သတင်းရရှိသည်။

Sumiangin (Mao Zai Xiong Di) အမှတ်တံဆိပ် မုန့်အမျိုးအစားသည် သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိခြင်း၊ အရည်အသွေးပြည့်မီမှုမရှိခြင်းတို့ကြောင့် ကလေးငယ်များစားသုံးရန်မသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနက ဩဂုတ်လ ၃၀ ရက်မန္တလေးထုတ်သတင်းစာတွင် ထုတ်ပြန်ကြေညာထားသည်။

ယင်းတားမြစ်သည့် အမှတ်တံဆိပ် အမျိုးအစားသည် တရုတ်အစပ်ချောင်းမုန့်ဟု လူသိများကြပြီး ဂျုံမြစ်နှင့် တူသောကြောင့် ဂျုံကြော်ဟုလည်း ခေါ်ဆိုကြကြောင်း၊ ငရုတ်သီးနှင့် တရုတ်မဆလာများ သုတ်ထားကြောင်း စားသုံးဖူးသူများထံမှ သိရသည်။ ယင်းမုန့်များသည် တရုတ်ပြည်မှ ဝင်ရောက်ခြင်းဖြစ်ပြီး မန္တလေးမြို့တွင် ပုံစံတူလိုက်လုပ်နေသည့် လုပ်ငန်းတစ်ခုကိုပါ စစ်ဆေးတွေ့ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာမိုးဆွေက ပြောသည်။

"ပုံစံတူလုပ်တဲ့ လုပ်ငန်းကိုလည်း ရပ်ခိုင်းထားတယ်။ ပစ္စည်းတွေလည်း သိမ်းထားတယ်"ဟု ၎င်းကပြောသည်။ ယင်းတရုတ်မုန့်အစပ်ချောင်းများ မြန်မာနိုင်ငံဈေးကွက်အတွင်းသို့ ရောက်ရှိနေသည်မှာ သုံးနှစ်ခန့်ရှိပြီဟု ခန့်မှန်းရကြောင်း အမရပူရမြို့မှ မုန့်မျိုးစုံဖြန့်ချိနေသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

"စဝင်လာခါစက တစ်ထုတ်တစ်ရာနဲ့ရောင်းရတယ်။ ခုနောက်ပိုင်း ဈေးကျသွားတာ ၅၀ ကျပ်ဖြစ်သွားတယ်။ ကလေးတွေ တော်တော်များများ စားကြတယ်" ဟု ယင်းအမျိုးသမီးက ပြောကြားသည်။

ယင်းတရုတ်အစပ်ချောင်းမုန့်အပြင် အခြား တရုတ်မုန့်မျိုးစုံကိုပါ စစ်ဆေးနေကြောင်း နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူအမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

"တရားမဝင် ဝင်ရောက်နေတဲ့ တရုတ်မုန့်တွေကို အဏုဇီဝဓာတ်ခွဲစစ်ဆေးနေပါတယ်။ ဘက်တီးရီးယားပိုး ပါ၊ မပါ။ တားမြစ်ထားတဲ့ အရောင်ဆိုးဆေး သုံး၊ မသုံးဆိုတာတွေကိုပါ။ ရန်ကုန်နဲ့ နေပြည်တော်မှာဈေးတွေကျောင်းတွေကနေ ဝယ်ယူစစ်ဆေးနေပါတယ်။ တခြားတိုင်းနဲ့ ပြည်နယ်အသီးသီးက တရုတ်မုန့်တွေကိုလည်း ပေးပို့စစ်ဆေးနေပါတယ်" ဟုအဆိုပါတာဝန်ရှိသူအမျိုးသမီးက ပြောကြားသည်။

# စစ်တွေနှင့် သံတွဲမြို့များတွင် ရေကြောင်းရဲတပ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်မည်

**မာန်ယုကျော်**

**စစ်တွေ၊ စက်တင်ဘာ-၁**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် သံတွဲမြို့များတွင် ရေကြောင်းရဲတပ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။

နိုင်ငံတော်၊ နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစေမည့် လုပ်ရပ်များ၊ ပြစ်မှုကျူးလွန်ခြင်းနှင့် ကျူးလွန်ရန် ကြံစည်အားထုတ်ခြင်းများကို တားဆီးနှိမ်နင်းရန်တို့အပြင် ကမ်းခြေနှင့် မြစ်ကြောင်းများ လုံခြုံရေးဆောင်ရွက်ရန်တို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပြီး နေပြည်တော်တွင် ရေကြောင်းရဲတပ်ဖွဲ့ဌာနချုပ်၊ ရန်ကုန်၊ ကျောက်ဖြူ၊ ထားဝယ်မြို့များတွင်ရှိသည့် ဆိပ်ကမ်းများတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲသုံးခွဲနှင့် ပုသိမ်၊ မော်လမြိုင်၊ စစ်တွေ၊ သံတွဲ၊ မြိတ်၊ ကော့သောင်း၊ မန္တလေးနှင့်ဝမ်ပုံ(မဲခေါင်) စသည့်မြို့များတွင် ရေကြောင်းရဲတပ်ဖွဲ့စု ရှစ်စုတို့ကို ဖြန့်ခွဲဆောင်ရွက်သွားမည်ဟုဆိုသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ရေကြောင်း ရဲတပ်ဖွဲ့ကို ၂၀၁၂ ဇူလိုင်လ ၉ ရက်တွင် သက်ဆိုင်ရာမှ ဖွဲ့စည်းမိန့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ဩဂုတ်လ ၇ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော် အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ "အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့်မြန်မာနိုင်ငံအနောက်ဘက်ကမ်းခြေနှင့်မြစ်ကြောင်းများ လုံခြုံရေးအတွက် မြန်နှုန်းမြင့် သင်္ဘော၊ ဘုတ်များပါဝင်သော ရေကြောင်းရဲတပ်ဖွဲ့ဖြစ်စေ၊ ကမ်းခြေစောင့်တပ်ဖွဲ့ဖြစ်စေ ဖွဲ့စည်းရန် အစီအစဉ် ရှိ၊ မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

**TRADEMARK CAUTION**

Farley's & Sathers Candy Company, Inc. a company incorporated in Delaware, U.S.A at One Sather Plaza, P.O.Box 28, Round Lake, Minnesota 56167, U.S.A is the Owner and Sole Proprietor of the following Trade mark:-

**FRUIT STRIPE**

**Reg : No. 4/2119/1991**
**Reg : No.4/5807/2008**
**Reg : No.4/1598/2009**

In respect of : "chewing gum"
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 6.Sept.2012

# မောင်တောမြို့တွင် ဈေးဆိုင်များ နေ့ဝက်ခန့်သာ ဖွင့်လှစ်ရောင်းချ

**မောင်ကံ**

**မောင်တော၊**

**စက်တင်ဘာ - ၁**

ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည်မှာ သုံးလတာ ကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မောင်တောဒေသအတွင်း ဈေးဆိုင်များ၊ အရောင်းဆိုင်များနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွင့်လှစ်နေပြီဖြစ်သော်လည်း အရောင်းဆိုင်များမှာ နေ့တစ်ဝက်ခန့်သာ ဖွင့်လှစ်ရောင်းချနေကြသေးကြောင်းသိရသည်။

"ပုံမှန်အခြေအနေကိုရောက်လာပြီဆိုပေမယ့်လုံးဝပုံမှန်အခြေအနေမဟုတ်သေးတာကိုတွေ့ရပါတယ်။ ဈေးဆိုင်တွေက အရင်ကလို တစ်နေကုန် မရောင်းကြဘဲ မနက် ၇ နာရီလောက်ကနေ နေ့လယ် ၁ နာရီလောက် အထိပဲ ဖွင့်တာတွေ့ရပါတယ်။ ပြီးတော့ လမ်းသွား၊လမ်းလာတွေကလည်း နေ့လယ် ၁ နာရီ၊ ၂ နာရီလောက်ပဲ သွားလာလှုပ်ရှားတာတွေ့ရပါတယ်။ ညနေပိုင်းဆိုရင် ဈေးဆိုင်တွေလည်း ပိတ်ထားတော့ လမ်းသွားလမ်းလာလည်း မရှိသလောက် နည်းသွားတာတွေ့ရပါတယ်"ဟု မောင်တောမြို့ခံတစ်ဦးကပြောသည်။

မောင်တောမြို့တွင် ယခုကဲ့သို့ လူသွားလူလာ နည်းနေခြင်း၊ ဈေးဆိုင်များ အချိန်ပြည့် မဖွင့်သေးခြင်းများမှာ ပုဒ်မ-၁၄၄ ထုတ်ပြန်ထားခြင်းကြောင့်ဖြစ်နိုင်သကဲ့သို့ ဒေသတွင်း အခြေအနေပုံမှန်မရောက်သေးကြောင်း ပြသနေခြင်းဖြစ်ကြောင်း လေ့လာအကဲခတ်သူများကပြောသည်။

# အညာစပါးဈေး၊ ဆန်ဈေး တရုတ်ဝယ်လက်ကြောင့် ဈေးမြင့်

**စိုင်းသာအောင်**

**မန္တလေး၊ ဩဂုတ်-၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဒီပဲယင်း၊ ရေဦး၊ ဝက်လက် ဆန်စပါးဈေးကွက်တွင် ရွှေဘိုပေါ်ဆန်မွှေး(ရွှေဘိုဘေးကြား)စပါးသည် ရက်ပိုင်းအတွင်း စပါးတင်း ၁၀၀ လျှင် ကျပ်တစ်သိန်းကျော် ဈေးမြင့်တက်သွားကြောင်း ရွှေဘိုဆန်စပါးဈေးကွက်မှ သိရသည်။

ရွှေဘိုဆန်စပါးဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းမွှေး (ရွှေဘိုဘေးကြား) စပါးသည် ဩဂုတ်တတိယပတ်အတွင်းက စပါးတင်း ၁၀၀ လျှင် ၈၃၀,၀၀၀ ကျပ်ရှိနေရာမှ ဩဂုတ်စတုတ္ထပတ်အတွင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၉၅၀,၀၀၀ထိဈေးခုန်တက်သွားကြောင်း ဦးကျော်စိုး(ရွှေလယ်ယာ ပွဲရုံ)က ပြောသည်။

ထို့အပြင် ရောမင်း စပါးသည် တင်း ၁၀၀ ပေါက်ဈေး ကျပ် ၅၀၀,၀၀၀ ပေါက်နေရာမှ ယခု ကျပ် ၅၇၀,၀၀၀၊ နှံ့စပါးဆင်းရွှေလီတင်း ၁၀၀ ပေါက်ဈေး ကျပ်၃၀၀,၀၀၀မှ ယခုကျပ်၄၀၀,၀၀၀ ထိ ဈေးကွက် အဝယ်လိုက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးရောင်းဝယ်သူများအသင်း (စစ်ကိုင်းတိုင်းဒေသကြီး) မှ အမှုဆောင်တစ်ဦးက ပြောသည်။

စပါးဈေးများ မြင့်တက်လာခြင်းမှာ တရုတ်နိုင်ငံဘက်က ဆန်အဝယ်ရပ်ထားရာမှ ယခုရက်ပိုင်းပြန်ဝယ်သဖြင့် တရုတ်ဝယ်လက်များသဖြင့် စပါးဈေးမြင့်တက်သွားရခြင်းဖြစ်ကြောင်း ရွှေဘိုမြို့မှ ဦးကျော်စိုးက သုံးသပ်ပြောကြားသည်။ ရွှေဘိုဘေးကြားသည်စပါးဈေးကောင်းသော နှစ်များတွင် တင်း ၁၀၀လျှင် ကျပ် ၁၀ သိန်းထိ ဈေးရောက်ခဲ့ပြီး ရွှေဘို၊ဝက်လက်၊ ရေဦး၊ ဒီပဲယင်းနယ် တောင်သူများက ယခုနှစ် စပါးဈေးကျချိန်တွင် သိပ်မရောင်းကြဘဲ တောင့်ခံနိုင်သဖြင့် ယခုကဲ့သို့ စပါးဈေးကောင်း ရရှိခြင်းဖြစ်ကြောင်း နှံ့စပါးမှာ ကျပ်သုံးသိန်းအထိ ရပ်တန့်နေရာမှ ကျပ်လေးသိန်းထိ မြင့်တက်ရခြင်းသည်လည်း ပဲခူးတိုင်း၊ ဧရာဝတီတိုင်း စပါးခင်းများ ရေနစ်မြုပ်ပြီး ပျက်စီးမှုများ ဖြစ်ပွားပြီးနောက် စပါးဈေး၊ ဆန်ဈေး မြင့်တက်သွားသည်ကို လေ့လာတွေ့ရှိရကြောင်း ရွှေဘိုမြို့နယ် ချီပါကျေးရွာမှ တောင်သူကြီးတစ်ဦးက ပြောသည်။

**စေတနာတိုင်းရင်းဆေးကုခန်း**

**အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ**

လေးဘက်ထုံကျင်ခြင်း၊ အရေပြားအောက် အဖုအကျိတ်ဖြစ်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်ဆစ်ရှိသင့်သည့် ပမာဏထက်များလျှင် အဆစ်မြစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲခြင်းစသော လေးဘက်နာဝေဒနာများ၊ ကြွက်သားများကြုံလှီခြင်း၊ မူမမှန်ခြင်းတို့ကြောင့် အာရုံကြောများပေါ် ဖိမိပြီး ခြေလက်ချောင်းများ၊ ခါးရိုး၊ ဒူးဆစ်၊ ခြေဆစ်၊ ခြေဖဝါး၊ ခြေမျက်စိစသော အစိတ်အပိုင်းများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသော အဆစ်အမျက်ကိုက်ခဲခြင်းဝေဒနာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့တွင် အရိုးကျိုးပေါင်းတက်ခြင်း၊ ခန္ဓာကိုယ်အတွင်း နေရာအနှံ့ သွေးလည်ပတ်မှုမမှန်ခြင်းသည်လည်း အဆစ်မြစ်ကိုက်ခဲမှုဝေဒနာကို ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသမားတော်သည် အဆင့်မြင့်အစွမ်းထက်သော ဆေးတို့ဖြင့် ခန္ဓာကိုယ်အတွင်းအနှံ့သွေးလေလည်ပတ်မှုကောင်းစေခြင်း၊ အကြောအခြင်များပွင့်စေခြင်းဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို လျှင်မြန် သက်သာပျောက်ကင်းစေပါသည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။

**(ကြာသပတေးနေ့တိုင်း ဆေးခန်းပိတ်သည်။)**

**အမှတ်(၁၇၀/၁)၊ ပထမသီရိ ရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၈၆၀၆၊ ၀၉-၄၃၁၇၃၁၈၈**

**ကုသချိန်-နံနက် ၈း၃၀ မှ ၁၁း၃၀ထိ၊နေ့လည် ၁း၀၀ မှ ၄း၃၀ ထိ**

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

## မြန်မာ့စီးပွားရေးဘဏ် ပြည်တွင်းငွေလွှဲနှုန်းထား ပြင်ဆင်သတ်မှတ်

**စိုင်းသာအောင်**

**မန္တလေး၊ဩဂုတ်-၃၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ပြည်တွင်းငွေလွှဲမှု နှုန်းထားများကို စက်တင်ဘာ ၁ ရက်မှ စတင်၍ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရသည်။

ငွေလွှဲခကို အနည်းဆုံး ငွေကျပ် ၁၀၀ လျှင် ၁၅ ပြားနှုန်း ပုံသေကောက်၍ ငွေကျပ်သိန်း ၁,၀၀၀ နှင့်အထက်ကို ငွေလွှဲခ ကျပ်၁၀၀ လျှင် (၁၂ ဒသမ ၅) ပြားနှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်သည်။

ဖားကန့်၊ မိုင်းရှူး၊ ပူတာအို၊ တီးတိန်၊ ဟားခါးနှင့် မင်းတပ်မြို့များရှိ မြန်မာ့စီးပွားရေးဘဏ်များသို့ ငွေလွှဲခြင်းအတွက် ကျပ် ၁၀၀ လျှင် ၅၀ ပြားနှုန်းဖြင့် ကောက်ခံမည်ဖြစ်ပြီး ဖက်စ်ဖြင့် ဆောင်ရွက်ခ တစ်ကြိမ်လျှင် ၅၀၀ ကျပ်တိတိနှင့် ကြေးနန်းဖြင့် ဆောင်ရွက်ခ တစ်ကြိမ်လျှင် ၅၀၀ ကျပ်တိတိ ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ တရားဝင်ကြေညာထားသည်။

## အယောင်ဆောင် စည်ပင်ဝန်ထမ်းများကို တိုင်ကြားနိုင်ဟုဆို

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၁**

မန္တလေးမြို့တွင် စည်ပင်ဝန်ထမ်း အယောင်ဆောင် ငွေတောင်းခံသူများ ပေါ်ပေါက်နေသောကြောင့် သံသယရှိပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဖုန်းဆက်တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

"လွန်ခဲ့တဲ့နှစ်လလောက်က ချမ်းမြသာစည်နဲ့ ချမ်းအေးသာစံမြို့နယ်တွေမှာ အိမ်ဆောက်မိန့်တို့၊ မိလ္လာကိစ္စ၊ ရေမီတာကိစ္စတို့ဆောင်ရွက်ပေးမယ် ပြောပြီး ငွေလိမ်တောင်းသွားတာမျိုး ဖြစ်ခဲ့ဖူးပါတယ်။ ကျွန်တော်တို့ဌာနကလွှတ်ရင် တစ်ဦးချင်း မလွှတ်ပါဘူး။ ငွေကြေးကောက်တာပဲဖြစ်ဖြစ် နှိုးဆော်စာ၊ နို့တစ်စာပို့တာပဲဖြစ်ဖြစ် စည်ပင်သာယာကိစ္စတွေနဲ့ လာရောက်ပြီဆိုရင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၊ဆယ်အိမ်မှူးတို့ ပါရပါတယ်။ ရုံးဝတ်စုံကိုလည်း စနစ်တကျဝတ်ထားရမယ်။ အဆင့်အမည်၊ရာထူးတွေ နောက်ပြီး ပြေစာတွေလည်း ပါရပါမယ်။ မသင်္ကာရင် တိုင်ကြားနိုင်ပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ ဌာနမှူး ဦးခင်မောင်မြင့်ကပြောသည်။

မသိနားမလည်မှုများရှိ၍ မေးသည့် ကိစ္စရပ်များကိုလည်း ပြေပြေလည်လည် ပြန်လည်ရှင်းလင်းမပြနိုင်ခြင်းမျိုးကို တိုင်ကြားနိုင်သည်ဟု ဌာနမှူးကဆိုသည်။ စီမံရေးရာဌာန ၀၂-၆၄၇၅၀၊ စည်ပင်သာယာ ရဲတပ်ဖွဲ့မှူးရုံး ၀၂-၆၄၇၅၂၊ တာဝန်မှူးရုံး ၀၂-၃၆၁၆၉ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

## မန္တလေးတွင် ယာဉ်ကြောပိတ်ဆို့မှုများကြောင့် လိုင်းကားများ လမ်းကြောင်းပြောင်းပြေးဆွဲ



လူစည်ကားရာ မန္တလေးမြို့လယ်တစ်နေရာ

ဓာတ်ပုံ - ညီညီဇော်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၁**

မန္တလေးမြို့တွင် အဓိကကျသည့် လမ်းမကြီးတစ်ခုဖြစ်သော ဈေးချို ၈၄လမ်းဝန်းကျင်တွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားနေသောကြောင့် ဘတ်စ်ကားဂိတ်နေရာများ ရွှေ့ပြောင်းသတ်မှတ်ခြင်း၊ ဘတ်စ်ကား ပြေးဆွဲလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ခြင်းတို့ကို စက်တင်ဘာ ၁ ရက်တွင် စတင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘတ်စ်ကားလမ်းကြောင်း ပြောင်းလဲသတ်မှတ်သည့် အဓိကနေရာမှာ ၈၄ လမ်း တောင်မြောက်လမ်းမကြီး၏ အဓိက အရှုပ်ထွေးဆုံးနေရာများဖြစ်သော ၂၆ လမ်းမှ ၃၅ လမ်းထိ ကိုးပြကိုခရီးသည်တင်ယာဉ်လိုင်းအချို့ အသုံးပြုခွင့် မပေးတော့ခြင်းဖြစ်သည်။ ဈေးချိုသို့ လာရောက်မည့် မြို့တွင်းပြေး ဘတ်စ်ကားလိုင်းများသည် ယင်းကိုးပြအတွင်း ၈၄ လမ်းအစား ၈၃ လမ်းကို ပြောင်းလဲအသုံးပြုရမည်ဖြစ်သည်။

ဈေးချိုတော်မှ ရတနာပုံမြို့သစ်နှင့် မြရည်နန္ဒာမြို့သစ်သို့ သွားမည့် ဘတ်စ်ကားလိုင်းများသည် ယင်းကိုးပြအတွင်း ၈၂လမ်းကို အသုံးပြုရမည်ဖြစ်သည်။ မူလက ဈေးချိုအနီးထိ ဝင်ရောက်ခဲ့သော မန္တလေး-ပြင်ဦးလွင်၊ ကျောက်ဆည်၊ စစ်ကိုင်း ဘတ်စ်ကားလိုင်းများကိုမူ ယင်းကိုးပြဝန်းကျင်သို့ ဝင်ရောက်ခွင့်မပြုတော့ဘဲ ၃၅လမ်း တောင်ဘက်ခြမ်းတွင်ရှိသော မဟာအောင်မြေကားကြီးကွင်းမှတစ်ဆင့် ပြေးဆွဲရမည်ဖြစ်သည်။

ဈေးချိုတော်အနီး ဂိတ်ထိုးနေသော ဘတ်စ်ကားဂိတ်များကို ဈေးချိုတော်နှင့် နီးစပ်ရာ နေရာများသို့ ပြောင်းလဲဂိတ်ထိုးစေမည်ဖြစ်ပြီး ယင်းဂိတ်မှတစ်ဆင့်ပြေးဆွဲရမည်ဖြစ်သည်။ နံပါတ်မရှိသည့် ယာဉ်လိုင်းများကို ယာဉ်လိုင်းနံပါတ်များ ပေးထားပြီဖြစ်ပြီး ယာဉ်လိုင်းနံပါတ်ပေါ် မူတည်၍ ထွက်ခွာချိန်သတ်မှတ်ကာ ယာဉ်ကြောပိတ်ဆို့မှုကို ထိန်းချုပ်မည်ဖြစ်သည်။

"အဓိကကတော့ ဈေးချိုတော်ဝန်းကျင် ပြောင်းလဲလိုက်တာ။ ဈေးချိုမှာ ခရီးသည်တွေစောင့်ခေါ်နေတဲ့ ကားတွေကို ဂိတ်နေရာ ပြောင်းပေးတယ်။ လမ်းကြောင်းရှုပ်တဲ့နေရာ လမ်းကြောင်း ပြောင်းပေးတယ်"ဟု မန်းစည်ပင်လမ်းတံတားဌာနမှ ဌာနမှူး ဒေါ်ခင်မေဌေးက ပြောသည်။ ဘတ်စ်ကား ပြေးဆွဲသည့် အဓိကလမ်းမကြီးများဖြစ်သော ၈၄ လမ်း၊ ၈၃ လမ်း၊ ၈၂ လမ်းနှင့် စစ်ကိုင်း-မန္တလေးလမ်းများရှိ အိမ်ရှင်များ၏ ကုန်တင်ကုန်ချ ပြုလုပ်နေမှုများအား အချိန်သတ်မှတ်ပေးရန်၊ လမ်းပေါ်ရှိ ဈေးဆိုင်များ၊ အချိန်ပြည့်ရပ်ထားသော ကိုယ်ပိုင်ယာဉ်များ၊ စည်းကမ်းမဲ့ ရပ်ထားသော စက်ဘီးဆိုင်ကယ်များကို သက်ဆိုင်ရာဌာန အသီးသီးမှ ဥပဒေအရ ကြပ်မတ်ရန် လိုအပ်ကြောင်း ယင်းဌာနမှ ဌာနမှူးက ပြောသည်။

ဩဂုတ်လ ၃၁ရက်က သက်ဆိုင်ရာ ယာဉ်လိုင်းများရှိ ယာဉ်မှူးများ၊ ယာဉ်နောက်လိုက်များကို ယင်းကိစ္စ သွားရောက်မေးမြန်းရာ ယခု ပြောင်းလဲသည့် အကြောင်းအရာများကို ၎င်းတို့ မသိရှိရသေးကြောင်း ဖြေကြားကြသည်။

## မိုးခေါင်၍ ငါးရှဉ့်အထွက်လျော့

**မျိုးမင်းဦး** **မုံရွာ၊စက်တင်ဘာ-၁**

မိုးရာသီငါးရှဉ့်ဈေးကွက် စတင်ချိန် ဩဂုတ်လကုန်ရက်ပိုင်းတွင် ပုံမှန်နှစ်များကထက် သိသိသာသာအထွက်လျော့နည်းကြောင်း ရွှေဘိုဒေသငါးရှဉ့်လုပ်ငန်းရှင်များက ပြောသည်။

"ဒီနှစ် မိုးနည်းလို့ ငါးရှဉ့်ကြီးထွားမှု နည်းတာကြောင့် အချို့ငါးရှဉ့်အကောင်သေးလေးတွေ ပြန်လွှတ်ပေးရတယ်။ မိုးစပါးက အခုမှ စိုက်ပြီးတာဆိုတော့ စိုက်ပျိုးရေသိပ်မသွင်းကြဘူး။ စိုက်ပျိုးရေလှိုင်လှိုင်သွင်းမှ ငါးရှဉ့်ကဈေးကွက်ပိုဝင်လာမှာပါ။ အရင်နှစ်က ဩဂုတ်လကုန် မိုးစပါးစိုက်ခင်းက ငါးရှဉ့်မြုံးထောင်သူတွေဆီက တစ်ရက်ပိဿာချိန် ၂၀၀ ကျော် ၃၀၀ ကျော်အထိရတယ်။ ဒီနှစ်မိုးခေါင်လို့ တစ်ရက်ပိဿာချိန် ၄၀ ကျော် ၅၀ ပဲရတယ်။ ဈေးကွက်ကလည်း တစ်ပိဿာသုံးထောင်ကျော်ရှိတာ။ နယ်စပ်ဈေးကွက် အတက်အကျအပေါ် မူတည်ပြီး ဈေးပေးဝယ်ရတယ်"ဟု ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ငါးရှဉ့်အဝယ်ဒိုင်မှ ဦး ကျော်မိုးက ဩဂုတ်လ ၃၁ ရက်တွင် ပြောသည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးချိန် ကာလအတွင်း မန္တလေးမြို့မှ ငါးရှဉ့်အဝယ်ဒိုင်များအဖြစ် ရွှေဒါးကန်၊ ဒီပဲယင်း၊ မစိုးရိမ်၊ ညောင်လှ၊ မူးဆုံ၊ ရေဦးစသည့်အဝယ်ဒိုင်များအပြင် ရေဦး-တန့်ဆည်ကားလမ်းမကြီးဘေးတွင်ငါးရှဉ့်အဝယ်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ဝယ်ယူလျက်ရှိကြောင်း သိရသည်။


**ဝန်ထမ်းအမြန်အလိုရှိသည်။**

အထပ်မြင့်အဆောက်အဦဆောက်လုပ်ရေးလုပ်ငန်းခွင်အတွေ့အကြုံရှိသူအောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

**1. Project Director / Manager** **Male (1) Post**
(Preferrably any graduate with technical education and experiences)

**2. Project Engineer** **Male (1) Post**
M.E (Civil) 8 Years experience (or) B.E (Civil) 12 Years experience

**3. Supervision Engineer / Internal Inspection Engineer** **Male (1) Post**
B.E (6 Years experience) (or) B.Tech (9 Years experience)

**4. Supervision Technician / Work-Charge** **Male (1) Post**
B.Tech (1 Year experience) (or)
A.G.T.I / E.G.T.I / Dip.Tech (3 Years experience)

**5. M&E Engineer**
B.E (Electrical) 3 to 5 Years experience **Male (1) Post**
B.E (Mechanical) 3 to 5 Years experience **Male (1) Post**

(လျှောက်ထားလိုသူများသည် (၁၄.၉.၂၀၁၂)ရက်နေ့နောက်ဆုံးထား၍ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊အလုပ်သမားမှတ်ပုံတင်မှုရင်း၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာမူရင်းတို့နှင့်အတူ Asia Metal Company Limited အမှတ်(၁၀၆)၊ ပန်းပဲခေါင်းမောင်ခက်လမ်း၊ စက်မှုဇုန် (၄)၊ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့သို့ လျှောက်ထားနိုင်ပါသည်။
ဖုန်း – ၀၁ ၆၁၈၁၃၇)



**ဝန်ထမ်းအမြန်အလိုရှိသည်**

(၁) Operator - ကျား/မ (၂) ဦး
- GTI (သို့) ဘွဲ့ရ
- Plastic Injection Machine အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူကို ဦးစားပေးမည်။

(၂) Engineer - ကျား (၂) ဦး
- B.E/B.Tech/GTI(Mech)
- အင်ဂျင်နီယာနှင့်ပတ်သက်၍ စက်ရုံလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိသူကို ဦးစားပေးမည်။

(၃) Soft Drink - ကျား (၃) ဦး (လုပ်ငန်းအတွေ့အကြုံရှိသူ)
- ဘွဲ့ရ

(၄) ယာဉ်မောင်း - ကျား (၃) ဦး
- လိုင်စင်အနီဖြစ်ရမည်။ မြေနီကုန်းနှင့် ရွှေပြည်သာမြို့နယ်အနီးတွင် နေထိုင်သူဦးစားပေးမည်။

- အထက်ပါအလုပ်လျှောက်ထားသူများသည် မိမိ၏ ကိုယ်ရေးရာဇဝင်၊ လေဘာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူ၊ ရယက+ရဲစခန်းထောက်ခံစာမူရင်း၊ ပညာအရည်အချင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံနှင့်အတူ (၂၀-၉-၂၀၁၂)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာတင်ရမည့်နေရာ။ ။အမှတ်-၁၀၁/၁၀၂၊ ချယ်ရီလမ်း၊ စက်မှုဇုန်(၁)၊ ရွှေပြည်သာမြို့နယ်။**



**Victoria University College တွင် UK, QCF Level 4,5 Diploma အဆင့်**

၁။ Business (Marketing,Management,HR)
၂။ Building Construction and Civil Engineering
၃။ Computing & IT
၄။ Health and Social Care

**ဘာသာရပ်များသင်ကြားရန်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံသောဆရာ/ ဆရာမများလိုအပ်ပါသည်။**
**၁။ပြည်တွင်း၊ပြည်ပမှသက်ဆိုင်ရာဘာသာရပ်များတွင်ဘွဲ့ရရှိပြီးသူများ။**
**၂။စာသင်ပြမှုအတွေ့အကြုံရှိသူကိုဦးစားပေးမည်။**
**၃။လူအများနှင့်ဆက်ဆံရေးကောင်းမွန်ရမည်။**
**လျှောက်လွှာများကို၂၀၁၂၊စက်တင်ဘာလ(၁၅)ရက်နောက်ဆုံးထားပေးပို့ရပါမည်။**
**ဆက်သွယ်ရန်** – Victoria University College
**အမှတ်(၁၆၆)၊အထက်ပန်းဆိုးတန်းလမ်း၊MMBCampus။**
**ဖုန်း–၃၈၃၁၃၂၊၃၈၃၁၃၃။**

# အချိန်ပို သတ်မှတ်စည်းကမ်းမလိုက်နာ၍ စက်ရုံ၁၀၀ ကျော်အား သတိပေးဟုဆို

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

စက်ရုံ၊ အလုပ်ရုံ လုပ်သားများ၏ သတ်မှတ်အချိန်ပိုနာရီအပေါ် စည်းကမ်းလိုက်နာမှုမရှိသည့်စက်ရုံပေါင်း၁၀၀ ကျော်အားသတိပေးလက်မှတ်ထိုးခိုင်းထားကြောင်း အလုပ်ရုံနှင့်အလုပ်သမားဥပဒေစိစစ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ကပြောကြားသည်။

ယခင်က လုပ်သားများအား လုပ်ငန်းလိုအပ်ချက်အရ အချိန်ပိုနာရီအား တစ်ရက်လျှင် လေးနာရီဖြင့် အလုပ်ဆင်းစေခဲ့ပြီး ဩဂုတ်လ လဆန်းပိုင်းမှစ၍ လက်ရှိတည်ဆဲဥပဒေ (၁၉၃၅ ခုနှစ်ဥပဒေ)အတိုင်း တစ်ရက်လျှင် နှစ်နာရီ တစ်ပတ်လျှင် ၁၆ နာရီ အချိန်ပိုအား ပြန်လည်သတ်မှတ်ခဲ့သည်။ လက်ရှိ စည်းကမ်းလိုက်နာမှုမရှိသည့် စက်ရုံများထဲတွင် အထည်ချုပ်စက်ရုံများ ပိုများသည်။

"သတိပေးလက်မှတ်ရေးထိုးပြီး ထပ်မံမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ထားတယ်။ နောက်တစ်ခါ ထပ်လုပ်ရင် အရေးယူဆောင်ရွက်သွားမှာပါ"ဟု ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်ကပြောကြားသည်။

အချို့စက်ရုံများမှာ အလုပ်သမားများကို ညလုံးပေါက်အလုပ်ဆင်းပါက အချိန်ပိုကြေးသုံးဆ၊ လေးဆပိုပေးခြင်းကြောင့် လုပ်သားအများစုမှာ အလုပ်ဆင်းခဲ့ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်အချိန်နည်းခြင်းကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့၍ လုပ်သားများရေရှည်ကျန်းမာရေး၊ လူမှုရေး၊ မိသားစုအရေးတို့ ပိုမိုဆောင်ရွက်နိုင်စေရန် ယခုကဲ့သို့ အချိန်ပိုနာရီအား ပြန်လည်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"ဒီမိုကရေစီခေတ်မှာလိုအပ်ချက်တွေကို ဥပဒေအတိုင်းကျော်ပြီး မည်သူ့ကိုမှ ခွင့်မပြုနိုင်တဲ့အတွက် ထိန်းကျောင်းဆောင်ရွက်ပေးခြင်းဖြစ်တယ်။ အရင် အိုတီအချိန်လေးနာရီကို ၁၉၈၃ ခုနှစ်က လုပ်ငန်းလိုအပ်ချက်အရ သီးခြားညွှန်ကြားချက်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်တယ်"ဟုဎင်းကဆိုသည်။

ယခုကဲ့သို့ အချိန်ပို လျော့သွားခြင်းဖြင့် အလုပ်သမားတစ်ဦးအနေဖြင့် ယခင်ထက် အလုပ်ချိန်ခြောက်နာရီမှ ရှစ်နာရီထိ လျော့ကျသွားနိုင်ပြီး ၎င်းတို့၏ အချိန်ပိုကြေးအပြင် အခြားအကျိုးခံစားခွင့်၊ ကုန်ထုတ်လုပ်မှုကြေးပါလျော့နည်းသွားနိုင်ကြောင်း လက်ဝါးအထည်ချုပ်စက်ရုံပိုင်ရှင် ဒေါက်တာခင်မောင်အေးကပြောသည်။

"အိုတီကြေးလျော့သွားတဲ့အတွက် ဝန်ထမ်းတစ်ဦးကို ရှစ်ထောင်နဲ့ တစ်သောင်းကြားလောက် လျော့သွားနိုင်မယ်။ အရင်လိုမပေးနိုင်တဲ့အတွက် ဝန်ထမ်းတွေ လက်ခံနိုင်ပါ့မလားပဲ စိုးရိမ်တယ်"ဟု ဒေါက်တာခင်မောင်အေးကပြောသည်။ မြန်မာနိုင်ငံရှိစက်ရုံအလုပ်သမားများ၏ လုပ်ခလစာမှာ အခြားနိုင်ငံများနှင့်ယှဉ်လျှင် နည်းပါးနေသေးသည်။ ထို့ကြောင့် အလုပ်သမားအချို့မှာ အချိန်ပိုဆင်း၍ လုပ်ခတိုးရရန် ကြိုးပမ်းလေ့ရှိကြသည်။ ယခုကဲ့သို့ အချိန်ပိုနာရီ ရုတ်တရက်ပြောင်းလဲမှုကြောင့် လုပ်ငန်းလည်ပတ်ရာ၌ အခက်အခဲများဖြစ်ပေါ်ကာ နေ့ဆိုင်းညဆိုင်း ခွဲခြား ပြုလုပ်သော်လည်း လုပ်ငန်းလည်ပတ်မှုတွင်ကျယ်မှုရှိမည်မဟုတ်ကြောင်း၎င်းတို့ကဆိုသည်။

"နောက်အော်ဒါတွေလက်ခံရင်တော့ အရင်ထက် ၁၀ ရာခိုင်နှုန်းလောက် လျော့ပြီး ယူရတော့မှာ။ အဲဒီတော့ ကျွန်တော်တို့ဝင်ငွေလျော့သလိုဝန်ထမ်းတွေလည်း အချိုးကျလျော့နည်းသွားတာပေါ့။ သူတို့ဘက်က တစ်ပတ်လောက်တော့ကြိုအသိပေးတယ်။ ဒါပေမဲ့ မလုံလောက်ဘူး။ ၃ ၄ လလောက်ကြိုတင်အသိပေးသင့်တယ်" ဟုလက်ဝါးအထည်ချုပ်စက်ရုံမှ ဒေါက်တာခင်မောင်အေးကပြောသည်။

# အလုပ်သမားအခွင့်အရေးအတွက် စက်ရုံလုပ်သား ၂၀၀ ခန့် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်



ဓာတ်ပုံ - အေးမြတ်သူ

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ - ၂**

အလုပ်သမားများ၏ အကျိုးခံစားခွင့်ပြည့်ဝစွာရရှိရေးအတွက် ပထမဆုံးအကြိမ် စက်ရုံလုပ်သား ၂၀၀ ခန့်က စက်တင်ဘာ ၂ ရက်တွင်ငြိမ်းချမ်းစွာ စီးတန်းလှည့်လည်၍ ဆန္ဒပြတောင်းဆိုမှု ဖော်ထုတ်ကြသည်။

လှိုင်သာယာမြို့နယ်အတွင်းရှိစက်ရုံ ၃၀ ခန့်မှ လုပ်သား ၂၀၀ ခန့်က လှိုင်သာယာမြို့နယ် ဘီအိုစီအဝိုင်းမှ မြို့နယ်အားကစားကွင်းအထိ လမ်းလျှောက်၍ ဆန္ဒဖော်ထုတ်မှုကို လက်ရှိဖြစ်ပေါ်နေသည့် အလုပ်ရှင်နှင့် အလုပ်သမားများကြား အငြင်းပွားမှုဖြေရှင်းရာ၌ လုပ်သားအနည်းစုသာ ဖြေရှင်းနိုင်ပြီး အကျိုးခံစားခွင့်မှာလည်း ပြည့်ဝစွာမရရှိသေးသောကြောင့် လုပ်သားထုတစ်ရပ်လုံးအပေါ် အကျိုးသက်ရောက်မှုရရှိစေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ကြောင်း ဦးဆောင်သူရွှေနေဦးဌေးက ပြောသည်။

လုပ်သားတစ်ဦး၏ နေ့တွက်လုပ်ခ (၈) နာရီအတွက် အနည်းဆုံးကျပ် ၃၀၀၀ ရရှိရန်အပါအဝင် နေ့စားလရှင်းလုပ်သားများကိုလည်း လခစားလုပ်သားအဖြစ်သတ်မှတ်ရန်၊ အလုပ်ခွင်တည်မြဲရေးအတွက် အလုပ်ထုတ်မှုရပ်ဆိုင်းရန်၊ ကလေးလုပ်သားများအပေါ် ကာကွယ်ဖြေရှင်းပေးရန်၊ အလုပ်ရှင်ဘက်မှ သဘောတူစာချုပ်များ ချိုးဖောက်မှုအပေါ် အရေးယူဆောင်ရွက်ပေးရန်တို့အပါအဝင် အချက်ရှစ်ချက်ကို ပိုစတာ၊ ဆိုင်းဘုတ်များဖြင့် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြသည်။


## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
Nippon Auto Services Co.,Ltd
(၁) Marketing Staff ကျား/မ) (၃) ဦး(ကားလုပ်ငန်းနှင့်ပတ်သက်၍ ကောင်းစွာသိရှိသူဖြစ်ရမည်)
(၂) Accountant (မ) (၂) ဦး (ဘွဲ့ရ၊ B.Com (or) LCCI III သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိရမည်။
(၃) Office Staff (မ) (၅) ဦး
(ဘွဲ့ရ၊ ရုံးလုပ်ငန်းအတွေ့အကြုံ (၂) နှစ်)
No.18 (A/1), Tharyarwaddy Street, Sayarsan Qtr, Bahan Tsp, Yangon.
**Ph: 01-542111, 01-400805**

---

**ဝန်ထမ်းအလိုရှိသည်**
SUPEREME STAR CO.,LTD
(၁)Marketing Supervisor ကျား/မ (၁)ဦး
(၂)Marketing Executive ကျား/မ (၁)ဦး
(၃)Marketing ကျား (၂)ဦး၊ မ (၂)ဦး
(၄)Sales ကျား (၃)ဦး၊ မ (၅)ဦး
(၅)Driving ကျား (၁)ဦး
အမှတ် (၂၈/၃၀ -B)၊ သစ္စာလမ်း၊ ပထမထပ် (ညာ)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ **ဖုန်း - ၀၉၅၀၁၆၃၂၈**

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေသွေးအိမ် ပညာရေးအကျိုးဆောင်၊ အထက (၁) အင်းစိန်
ကွန်ပျူတာစာစီစာရိုက် (၂) ဦး
**ဖုန်း-၀၉၅၀၈၀၁၇၈**

---

**ဝန်ထမ်းအလိုရှိသည်**
ကားရေဆေး ကျား (၁၀) ဦး
(နေစားစရိတ်ငြိမ်း)
အမှတ် (၁၃၉)၊ ၄၂ လမ်းအောက်၊ ဗိုလ်တထောင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
စေတနာ အထွေထွေအကျိုးဆောင်လုပ်ငန်း
Accountant ကျား/မ (၅) ဦး
Site Engineer ကျား/မ (၃) ဦး
ယာဉ်မောင်း ကျား (၃) ဦး
Office Staff/ BCSC ကျား/မ (၅) ဦး
Marketing ကျား/မ (၅) ဦး
Store Keeper ကျား/မ (၃) ဦး
အရောင်း (နေ/စားငြိမ်း) မ (၅) ဦး
ကွန်ပျူတာ Operator ကျား/မ (၄) ဦး
အမှတ် ၁၈၇ (ခ)၊ ပထပ်၊ ၃၄ လမ်း၊ ကျောက်တံတား။
**ဖုန်း - ၂၄၃၈၁၉**

---

**ဝန်ထမ်းအလိုရှိသည်**
တရုတ်စကားပြန် ကျား (၆၀) ဦး
ရေမီးဆရာ ကျား (၅) ဦး
လုံခြုံရေး ကျား (၅) ဦး
သန့်ရှင်းရေး မ(၅) ဦး
**ဖုန်း - ၀၉၇၃၁၆၆၃၈၃**

---

**ဝန်ထမ်းအလိုရှိသည်**
Zawgyi House Boutique တွင်တာဝန်ထမ်းဆောင်ရန်
Boutique Manager - Merchandiser မ (၁) ဦး
(အင်္ဂလိပ်စာကောင်းစွာ ရေး၊ ပြောတတ်ရမည်။ အတွေ့အကြုံ (၃) နှစ်၊ စာရင်းဇယားများကို နားလည်တတ်ကျွမ်းသူ)
Zawgyi House Cafe တွင်တာဝန်ထမ်းဆောင်ရန်
Waiter ကျား (၅) ဦး
Cook ကျား (၂) ဦး
အမှတ် (၃၇၂)၊ ဗိုလ်ချုပ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ ( FMI စင်တာဘေး)
**ဖုန်း - ၃၈၀၃၉၈၊ ၀၉၅၀၈၉၄၄၁**

---

**ဝန်ထမ်းအလိုရှိသည်**
ဈေးကွက်ဖော်ဆောင်ရေး ကျွမ်းကျင်ဝန်ထမ်းအမြန်အလိုရှိသည်။
ကျား/မ (၂) ဦး
-စာရေးကိရိယာဈေးကွက်တွင် အတွေ့အကြုံ (၅) နှစ်
- ဘွဲ့ရ၊ ကွန်ပျူတာအခြေခံကျွမ်းကျင်
အမှတ် (၉/ ၃၈$^{၁/၂}$)၊ ဦးထွန်းညိုလမ်း၊ စက်မှုဇုံအပိုင်း (၆)၊ ပန်းလှိုင်ဂေါက်ကွင်းအိမ်ယာအနီး၊ လှိုင်သာယာ။

---

**ဝန်ထမ်းအလိုရှိသည်**
ဉယျာဉ်ခြံစိုက်လုပ်ငန်းကျွမ်းကျင် (၂) ဦး
**ဖုန်း-၀၉-၄၃၀၆၆၅၃၉**

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းမြှင့်တင်ရေးဝန်ထမ်း မ(၂) ဦး
အိတ်ချုပ်ကျွမ်းကျင် မ (၂) ဦး
**ဖုန်း-၃၉၃၃၈၂၊ ၃၇၄၄၂၈**

---

**ဝန်ထမ်းအလိုရှိသည်**
ရောင်း/မောင်း ဝန်ထမ်း (၂) ဦး
(အခြေခံပညာအထက်တန်းအောင်၊ အဆောင်စီစဉ်ပေးမည်)
**ဖုန်း-၀၉-၅၁၀၂၁၉၄**

---

**ဝန်ထမ်းအလိုရှိသည်**
Myanmaer Postarion Co.,Ltd
ဂျပန်စကားပြန် (ရေး/ပြော) ကျွမ်းကျင် (၃) ဦး (ကျား/မ)
(ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အသက် ၂၂ နှစ် မှ ၃၅ နှစ်အတွင်း၊ အထည်ချုပ်လုပ်ငန်းအတွေ့အကြုံရှိသူ)
အမှတ် (D-8)၊ မင်္ဂလာဒုံစက်မှုဇုန်ဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၆၃၉၀၂၄၊ ၆၃၉၀၃၆**

---

**ဝန်ထမ်းအလိုရှိသည်**
မြန်မာမီနီညမောင်း (၁) ဦး
လိမိတက်ဓာတ်ဆီ နေ့/ညမောင်း (၂) ဦး
**ဖုန်း- ၀၉၄၃၀၈၄၁၂၄**

---

**ဝန်ထမ်းအလိုရှိသည်**
We are currently seeking for below positions.
1. Business Development Manager (M/F 1 post)
2. HR Manager (M/F 1 Post)
3. Marketing Manager (M/F 1 Post)
4. Sales Manager (M/F 1 Post)
5. Project Engineer (M 1 Post)
6. Grapic Designer (M/F 2 Posts)
7. Secretary (F 1 Post)
info.74473@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
Recruitment Regent Education Group
- Education Counsellor
- Graphic Designer
- Accountant
- Marketing Executive/ Assistant
- Public Relations Executive
- Secretary
- Receptionist
- Admin Assistant
အမှတ် (ဘီ-၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့ အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။





MARKETED & DISTRIBUTED BY

**THUKHA DANA CO., LTD.**

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

TIGER BALM® PLASTER


TERUMO® JAPAN

THUKHA DANA














MARKETED & DISTRIBUTED BY **THUKHA DANA CO., LTD.**

1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454,2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th&79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

Education
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# တိုင်းရင်းသားဘာသာစကား ဘယ်လိုသင်မလဲ

**နေလင်းထွန်း**

နှစ်ပေါင်းများစွာ ကန့်သတ်ထားသော တိုင်းရင်းသားဘာသာစကားများ ပြန်လည်သင်ကြားခွင့်ပြုရန် မူလတန်းမြန်မာဖတ်စာများကို တိုင်းရင်းသားဘာသာများသို့ တိုက်ရိုက်ဘာသာပြန်ဆိုနေခြင်းသည်မူရင်းတိုင်းရင်းသားဘာသာ၊ စာပေများအား ပျက်ယွင်းစေနိုင်ကြောင်း တိုင်းရင်းသားဘာသာသင်ကြားခွင့်ဆောင်ရွက်နေသူများ၏ သုံးသပ်မှုများပေါ်ထွက်လျက်ရှိသည်။



**မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ ကိုယ်ထူကိုယ်ထမွန်စာသင်ကျောင်းတစ်ကျောင်း** ဓာတ်ပုံ-ဝေယံ

“ကျွန်မတို့လိုချင်တာက မူလတန်းမှာ သင်ကြားခွင့်ပါ။ မူလတန်းစာတွေကို ဘာသာပြန်ဖို့ မဟုတ်ဘူး။ စာမသင်ပဲနဲ့ ဘာသာပြန်လို့ရှိရင် ဘယ်လိုမှ သင်ကြားလို့မရဘူး။ ဒီဟာတွေဘယ်လောက်လုပ်လုပ် အချိန်ကုန်၊ လူပင်ပန်းဖြစ်မှာပဲလို့ ကျွန်မတို့မြင်တယ်။ ဒီကိစ္စအကောင်အထည်ပေါ်ဖို့ မလွယ်ဘူး” ဟုကချင်ပြည်နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ပြောသည်။

ပညာရေးဝန်ကြီးဌာနမှတိုင်းရင်းသားဘာသာသင်ကြားရေး ဒုတိယအကြိမ်အစည်းအဝေးကို ဩဂုတ်လ ၁၇ ရက်တွင် ကျင်းပခဲ့ပြီး သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်းတို့ရှိ ကျောင်းသုံးစာအုပ်ပါသင်ခန်းစာများကို တိုင်းရင်းသားဘာသာစကားများဖြင့် ပြုစုကြမည်ဖြစ်ကြောင်း ကြေညာထားသည်။

“ပညာရေးဝန်ကြီးဌာနက တောင်ကြီးတက္ကသိုလ်က ဆရာမတစ်ဦးကို တာဝန်ပေးတယ်။ မြန်မာသင်ပုန်းကြီးဖတ်စာကနေ ရှမ်းဘာသာပြန်ဖို့ပေါ့။ သူငယ်တန်းကနေ နှစ်တန်းအထိ တာဝန်ပေးတယ်တဲ့။ အစ်မတို့အနေနဲ့တော့ စဉ်းစားလို့ ဘယ်လို့မှ မရဘူးလေ။ မြန်မာဖတ်စာကို အင်္ဂလိပ်ကနေ ဘာသာပြန်လို့မရဘူး။ တရုတ်စာကလည်းပြန်လို့မရဘူး။ အဲ့လိုဆိုတော့ တော်တော်လေးကို စိတ်ပူမိတယ်။ ဘယ်လိုများလျှောက်လုပ်တာပါလိမ့်ပေါ့” ဟုရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း (ရန်ကုန်) မှ ဒုဥက္ကဋ္ဌဒေါ်နန်းဝိုးဆိုင်က ပြောသည်။ တိုင်းရင်းသားဘာသာသင်ကြားရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်ရိုးညွှန်းတမ်းနှင့်မာတိကာများကို သက်ဆိုင်ရာတိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များအပေါ် အခြေခံထားရေးဆွဲရန် ပြင်ဆင်နေခြင်းမဟုတ်ဘဲ မူလတန်းမြန်မာဖတ်စာများကို တိုက်ရိုက်ဘာသာပြန်နေခြင်းမှာ နားလည်ရခက်ခဲနေစေကြောင်း ၎င်းတို့ကဆိုသည်။

“ကျွန်မ ဒီနှစ် ဖေဖော်ဝါရီလကတည်းက မူလတန်းမှာတိုင်းရင်းသားဘာသာစကားအသုံးပြုခွင့်နဲ့ စာပေသင်ကြားခွင့်ကို အဆိုတစ်ခုတင်ထားတယ်။ အဲဒါကိုဝန်ကြီးဌာနကလာမဖြေဘဲလွှတ်တော်မှာ မဆွေးနွေးရသေးဘဲ ဇွန်လမှာ သူတို့အစည်းအဝေးတစ်ခုလုပ်လိုက်တယ်လေ။ အဲ့ဒီမှာ ကျောင်းပြင်ပလို့ပြောပြီးတော့ မူလတန်းဖတ်စာကို ဘာသာပြန်နေတော့ ကျွန်မအဲ့ဒါကို သဘောမပေါက်ဘူး ဖြစ်နေတယ်။ ကျောင်းသင်ခန်းစာတွေကို ဘာသာပြန်တော့ ဒါစာသင်မှာလား၊ စကားသုံးမှာလား၊ ဘာမှနားမလည်နိုင်ဘူး” ဟုမူလတန်းဖတ်စာများကို တိုင်းရင်းသားဘာသာသို့ တိုက်ရိုက်ဘာသာပြန်နေခြင်းအပေါ် ဒေါ်ဒွဲဘူကဝေဖန်လိုက်သည်။

ထို့ပြင် တိုင်းရင်းသားဘာသာသင်ကြားရေးနှင့်ပတ်သက်၍ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားဘာသာကျွမ်းကျင်သူများကိုခေါ်ယူတွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာတိုင်းရင်းသားဒေသများ၏ လိုအပ်ချက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်မည့်အခြေအနေကိုလည်း မြင်တွေ့ရခြင်းမရှိကြောင်းတိုင်းရင်းသားပါတီခေါင်းဆောင်အချို့က သုံးသပ်သည်။

**စာ(၂၂)သို့**

**ပညာရေးသတင်းတိုများ**

## ဒေါက်တာအောင်ထွန်းသက် ဟောပြောပွဲ

**ရန်ကုန်၊စက်တင်ဘာ-၁**

“Promoting Good Corporate Governance” အမည်ဖြင့် ဒေါက်တာအောင်ထွန်းသက်၏ ဟောပြောပွဲကို စက်တင်ဘာလ ၉ရက် နံနက် ၉ နာရီမှစတင်၍ လမ်းမတော်မြို့နယ်ရှိUMFCCI ရုံးချုပ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး စိတ်ဝင်စားသူများ တက်ရောက် လေ့လာနိုင်မည်ဖြစ်သည်။

## တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်လွှာပုံစံဝယ်ယူနိုင်ပြီ

**ရန်ကုန်၊စက်တင်ဘာ-၁**

၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကိုပြင်ပဖြေဆိုမည့် ကျောင်းသားများသည် စက်တင်ဘာလ ၂၈ရက်နှင့် ကျောင်းတွင် ဖြေဆိုမည့် ကျောင်းသားများသည် အောက်တိုဘာလ ၁၂ ရက်နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။ စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာတွင် ဘာသာတွဲအမှတ်စဉ် ၁၊ ၅၊ ၆၊ ၇၊ ၈ များဖြင့် ဖြေဆိုမည့်သူများသည် အစိမ်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံ၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃၊ ၄ များနှင့် ဖြေဆိုမည့်သူများသည် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံတို့ကို တင်သွင်းရန် အရောင်နှစ်မျိုး သတ်မှတ်ရောင်းချပေးမည်ဖြစ်သည်။

## ဗြိတိသျှကောင်စီ အင်္ဂလိပ်စာသင်ကြားရေး အစီအစဉ် MRTV-4တွင်ပြသမည်

**ရန်ကုန်၊စက်တင်ဘာ-၁**

Word on the Street ဟု အမည်ပေးထားသော အင်္ဂလိပ်ဘာသာစကား သင်ကြားရေး ရုပ်မြင်သံကြားအစီအစဉ်ကို MRTV-4 ရုပ်သံလိုင်းတွင် ယခုနှစ်မကုန်မီ ပြသမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ) မှ သိရသည်။

သင်ခန်းစာတစ်ခုလျှင် နာရီဝက်ကြာမြင့်ပြီး သင်ခန်းစာဆယ်ခုပါဝင်သည့် အစီအစဉ်အား ပြသရန် ဗြိတိသျှကောင်စီနှင့် MRTV-4 တို့ဩဂုတ်လ ၃၀ ရက်တွင် သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြသည်။

# ကိုယ်ပိုင်ကျောင်း ၅၂ ကျောင်း တရားဝင်ဖွင့်လှစ်ခွင့်ပြုရန် စီစဉ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊**
**ဩဂုတ် - ၂၈**

ပုဂ္ဂလိကပညာရေးလုပ်ငန်းများမှ တည်ထောင်သောကိုယ်ပိုင်ကျောင်း ၅၂ ကျောင်းကို တရားဝင်ဖွင့်လှစ်ခွင့်ပြုရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကပြောသည်။

မကြာမီတွင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မလှိုင်၊ နန့်ခမ်း၊ မြိတ်၊ ဖြူး၊ သဲကုန်း၊ ဇီးကုန်း၊ ကျောင်းကုန်း၊ ဇလွန်နှင့် မြောင်းမြမြို့များ၌ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခွင့် ရဖွယ်ရှိနေပြီး ငွေကြေးပြည့်စုံသော ကျောင်းသားများအနေဖြင့် အစိုးရကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဟူ၍ ရွေးချယ်စရာ အခွင့်အလမ်း ရရှိလာမည်ဖြစ်သည်။

အစိုးရအသိအမှတ်ပြုကိုယ်ပိုင်ကျောင်းများအနေဖြင့် အမှတ်(၁)အခြေခံပညာဦးစီးဌာနအောက်တွင် ကျောင်းရှစ်ကျောင်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာနအောက်တွင် ကျောင်း ၁၈ ကျောင်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနအောက်တွင် ကျောင်း ၂၆ ကျောင်းကို တည်ထောင်ဖွင့်လှစ်ခွင့် ပေးရန် စီစဉ်နေခြင်းဖြစ်ကြောင်း အဆိုပါဦးစီးဌာနများမှ တာဝန်ရှိသူများကပြောသည်။

“အခုက ကျောင်းမှတ်ပုံတင်ကြေးကျပ်ငါးသိန်းနဲ့ နှစ်စဉ်ကြေးကျပ်သုံးသိန်းကို နှစ်နှစ်စာ သွင်းထားပြီးပါပြီ။ ရန်ကုန်မှာ ကျောင်းခြောက်ကျောင်းက ယာယီအနေနဲ့ ဖွင့်ခွင့်ပေးတာလို့သိထားပါတယ်။ ကိုယ်ပိုင်ကျောင်းဆရာ၊ ဆရာမတွေကိုလည်း သင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပေးမယ်လို့ပြောထားတယ်”ဟု ရန်ကုန်မြို့တွင် ကိုယ်ပိုင်ကျောင်းတည်ထောင်ခွင့် ရရှိထားသူတစ်ဦးကပြောသည်။

ကိုယ်ပိုင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ခွင့်အတွက် ပုဂ္ဂလိကပညာရေးလုပ်ငန်း ၁၄၀ ကျော်မှ လျှောက်ထားခဲ့ကြပြီး ကိုယ်ပိုင်ကျောင်း အများစုသည် ရန်ကုန်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များတွင် တည်ရှိနေသည်။

ကိုယ်ပိုင်ကျောင်း အများစုသည် အခြေခံပညာအလယ်တန်းမှ အထက်တန်းထိ အချိန်ပြည့် ပညာသင်ကြားပို့ချခွင့်၊ စာမေးပွဲစစ်ဆေးခွင့်၊ ထပ်ဆောင်းဘာသာရပ်သင်ကြားခွင့်တို့ရရှိကြမည်ဖြစ်သည်။

၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်တွင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းလိုက်သော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေသည် ရှစ်လကျော် ကြာမြင့်ပြီးနောက်တရားဝင်ကိုယ်ပိုင်ကျောင်းများအဖြစ် ရပ်တည်လာနိုင်တော့မည်ဖြစ်သည်။

Edu STAR
စာတွေ့လက်တွေ့လုပ်ငန်းခွင်ဝင်သင်တန်းများ
Business Management Training
Sales and Service Management
Public Relation, Customer Service, Project Sales and Unit Sales Management
Marketing Management
Marketing , Product, Distribution, Promotion , Pricing , Advertising Strategies
English for Job Level I / II
Grammar/ Reading / Writing/ Speaking
Business letter/ Business Terms/ Job Interview
သင်တန်းပြီးသူများ လုပ်ငန်းခွင်ဝင်နိုင်ရန် ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်
အမှတ်(၁၀၈)၊ ရန်ကုန်-အင်းစိန်လမ်းမ ၊ကမာရွတ် ဘုတာရုံကား မှတ်တိုင်အနီး ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-421025700, 0973116769, 09-420083265

ဝန်ထမ်းအမြန်အလိုရှိသည်
Naing Lin (Air Con: & Satellite Service) မှ
Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြင် ကျွမ်းကျင်သူများ အမြန်အလိုရှိသည်။
* မိတ်ဟောင်းမိတ်သစ်များကိုလည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် စိတ်တိုင်းကျဝန်ဆောင်မှုပေးလျက်ရှိပါသည်။
အမှတ်(၁၇၈)၊ ဗဟိုလမ်း(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
: 09-5095916

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

## စာ-၂၁၊ တိုင်းရင်းသားဘာသာစကား ဘယ်လိုသင်မလဲ မှ

"တိုင်းရင်းသားဘာသာသင်ခွင့်ပြုမယ်လို့ပြောထားတယ်။ မူအရတော့ ကောင်းတယ်ပေါ့။ ဒါပေမဲ့ ကျောင်းချိန်မှာ သင်ခွင့်ပေးတာမဟုတ်ဘူး။ အဲ့ဒီတော့အမှန်အတိုင်း ပြောရမယ်ဆိုရင် မလိုချင်ဘူး။ ပါတီအနေနဲ့ တိုင်းရင်းသားစာပေအတွက် ဦးသိန်းစိန်ဆီတင်ထားတယ်။ ဒါကတော့ဘာမှ ပြန်ကြားချက်တော့ မရှိဘူးပေါ့နော့။ ပညာရေးဝန်ကြီးပေးတာက ပေးကားပေး၏ မရဆိုသလိုဖြစ်နေတာပေါ့နော့။ အရင် ဖဆပလခေတ်က ဒီထက်အများကြီးပိုပေးတယ်" ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌဦးနိုင်ငွေသိန်းကဆိုသည်။

တိုင်းရင်းသားပါတီအချို့သည် တိုင်းရင်းသားစာပေသင်ကြားခွင့်နှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတထံ စာတင်ထားကြောင်းလည်း သိရသည်။

တိုင်းရင်းသားဘာသာသင်ကြားရေးအစီအစဉ်သည်တိုင်းရင်းသားများ၏ အရေးကိစ္စဖြစ်သောကြောင့် တိုင်းရင်းသားများ၏ဆန္ဒသဘောထားနှင့်အညီ သက်ဆိုင်ရာတိုင်းရင်းသားခေါင်းဆောင်များနှင့် ညှိနှိုင်းဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် အထက်ပါပုဂ္ဂိုလ်များက မျှော်လင့်လျက်နေကြခြင်းဖြစ်သည်။

"သိမ်မွေ့နက်နဲတယ်။ ကျယ်ပြန့်တယ်။ ဒါကြောင့်မို့ အကုန်လုံးပွင့်ပွင့်လင်းလင်းဆွေးနွေးပြီးအဲ့ဒီကထွက်လာတဲ့ အဖြေက ဘာပဲပြောပြော ဆိုးကျိုးသက်ရောက်မှုနည်းမယ်။ ပညာရေးဝန်ကြီးဌာနကပဲ ရေးဆွဲလိုက်ပြီးတော့ တင်လိုက်မယ်ဆိုရင်တော့ ဆိုးကျိုးသက်ရောက်မှုများများရှိလာမယ်ထင်တယ်။ စီမံချက်ဆွဲပြီး ဆောင်ရွက်တယ်ဆိုတာက အာဏာရှင်စနစ်မှာ လွယ်တယ်။ ရော့ဒီအတိုင်းလုပ်လိုက်ဆို နိုးကွန်ပလိန်းလေ။ အခုက အဲ့ဒီခေတ်မဟုတ်တော့ဘူး။ အခုအဲ့ဒီလိုသွားလုပ်ရင် လွှတ်တော်တင်လိုက်တဲ့အခါအစကပြန်လုပ်နေရမယ်။ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းထားတာတွေအကုန်လုံးအလကားဖြစ်သွားမယ်" ဟုအမှတ်(၃)အခြေခံပညာဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူးဦးကြည်သန်းက သုံးသပ်သည်။

ပထမအကြိမ်ကျင်းပသောတိုင်းရင်းသားဘာသာသင်ကြားရေးအစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားဘာသာကိုကျောင်းချိန်ပြင်ပတွင် သင်ကြားပေးရန် ပြောကြားထားသော်လည်း တိုင်းရင်းသားခေါင်းဆောင်များက ကျောင်းချိန်တွင်းသင်ကြားပေးရန် တောင်းဆိုနေလျက်ရှိသည်။

"ကျွန်တော်တို့ကကျောင်းထဲမှာ ကျောင်းချိန်ပြင်ပမဟုတ်ဘဲကျောင်းချိန်တွင်းသင်မှသာ အကျိုးရှိမယ်။ ထိရောက်မှုရှိမယ်။ တိုင်းရင်းသားဘာသာသင်ကြားမှုဟာ ကျွန်တော်တို့အတွက် အသစ်အဆန်းမဟုတ်ဘူး။ အထူးအဆန်းမဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်ပဲငယ်စဉ်က တီးတိန်မြို့နယ်အတွက် တီးတိန်ဘာသာစာပေကိုသင်ခဲ့ရတယ်။ နောက်ပိုင်းအဲ့ဒီအစီအစဉ်ပျက်သွားတဲ့အတွက် ကျောင်းထဲမှာလုံးဝမသင်ရတော့ဘူး။ အဲဒီတော့ဘယ်လိုလုပ်လဲဆို ကျွန်တော်တို့က အဲ့ဒီအစီအစဉ်ကိုဘုရားကျောင်းထဲမှာ တနင်္ဂနွေနေ့တိုင်းသင်တယ်။ ကျောင်းပြင်ပမှာသင်တာက အခုလည်းလုပ်နေတာပဲ။ မထိရောက်ဘူး။ အခက်အခဲတွေရှိတယ်" ဟုချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်းကပြောသည်။

ကျောင်းချိန်ပြင်ပတွင် တိုင်းရင်းသားဘာသာသင်ကြားခြင်းသည် မူလတန်းကလေးများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပြီး ထိရောက်သောသင်ကြားရေးဖြစ်လာရန် အခက်အခဲရှိကြောင်း ဦးနိုင်ငွေသိန်းက ဆိုသည်။

တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် တိုင်းရင်းသားဘာသာသင်ကြားချိန်ကို ကျောင်းချိန်တွင်းသာ သတ်မှတ်ရန် တောင်းဆိုနေကြသော်လည်း လက်ရှိအခြေခံပညာကျောင်းများတွင် ကျောင်းသင်ခန်းစာချိန်များ ပြည့်ကြပ်နေမှုရှိနေကြောင်း ကျောင်းအုပ်ကြီး အတွေ့အကြုံရှိခဲ့သော ဦးကြည်သန်းကပြောသည်။

"အခုလောလောဆယ် ကျောင်းသင်ခန်းစာတွေကလည်း ပြည့်ကျပ်နေတာပါပဲ။ ဖွံ့ဖြိုးရေးအချိန်မှာတောင် စာတွေယူသင်နေရတယ်။ လောကနီတိရှိတယ်။ စာရိတ္တနဲ့ ပြည်သူ့နီတိရှိတယ်။ ဘဝတစ်သက်တာ ကျွမ်းကျင်စရာဆိုတာ ရှိတယ်။ အားကစားရှိတယ်။ နောက်ပြီး ပန်းချီ၊ အနုပညာဆိုတာ အများကြီးရှိနေတယ်။ အဲ့လိုတွေရှိနေတဲ့ကြားထဲကျောင်းချိန်တွင်းမှာ ထပ်ထည့်ဖို့ဆိုရင်တော့ မဖြစ်မနေထည့်ရင်တောင် အချိန်အနည်းဆုံးပဲ ရလိမ့်မယ်။ ကျောင်းချိန်တွင်း ထည့်ဖို့တော်တော်အခက်အခဲရှိလိမ့်မယ်။ ထိထိရောက်ရောက်ရှိမယ်မထင်ဘူး။ ပိတ်ရက်ထဲက တစ်ရက်ယူပြီး သေသေချာချာသင်မယ်ဆိုရင်တော့ ထိုက်ထိုက်တန်တန်ရလိမ့်မယ်။ ဆရာ့အမြင်အရတော့တကယ်ထိထိသင်ချင်တယ်ဆိုရင် အခုလောလောဆယ် အဲ့လိုသင်တာ ထိရောက်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ကျောင်းချိန်က သင်ရိုးတွေအများကြီးနဲ့ ပြည့်ကျပ်နေလို့ပါ" ဟု ၎င်းကဆိုသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက်အထောက်အကူဖြစ်လာစေမည့် တိုင်းရင်းသားဘာသာသင်ကြားရေး အစီအစဉ်သည် ဒေသခံတိုင်းရင်းဘာသာကျွမ်းကျင်သော ဆရာ၊ ဆရာမအင်အားရရှိရန်၊ ထိရောက်သောသင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရန်နှင့် တိုင်းရင်းဘာသာသင်ကြားချိန်သတ်မှတ်ရန် အချက်တို့မှာ အဓိကကြုံတွေ့ရမည့် စိန်ခေါ်မှုဖြစ်လာနိုင်သည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၃၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

## တောင်ကိုရီးယားအစိုးရ ဘွဲ့ကြိုသင်တန်းပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၂၉**

တောင်ကိုရီးယားနိုင်ငံတွင် ဘွဲ့ကြိုသင်တန်းတက်ရောက်ပညာသင်ယူရန် မြန်မာကျောင်းသားနှစ်ဦးကို ပညာသင်ဆု ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသံရုံးမှသတင်းထုတ်ပြန်ထားသည်။

ပညာသင်ဆု လျှောက်ထားမည့် ကျောင်းသားများ အနေဖြင့် လိုအပ်သော စာရွက်စာတမ်း အထောက်အထားနှင့် ပညာသင်ဆုလျှောက်လွှာကို စက်တင်ဘာလ ၂၈ ရက်နောက်ဆုံးထား၍ ကိုရီးယားသံရုံးသို့ပေးပို့ရမည်ဖြစ်သည်။

၁၉၈၈ ခုနှစ် မတ်လ ၁ ရက် မတိုင်မီ မွေးဖွားခဲ့သူများ၊ ဒီဂရီနှင့်အထက် ဘွဲ့ရရှိထားသူများနှင့် အထက်တန်းကျောင်းသားဘဝ၌ ပညာအရည်အချင်းမှတ်တမ်းကောင်း မရရှိထားသူများကို ပညာသင်ဆုအတွက် ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်းကြေညာထားသည်။

ပညာသင်ဆု အစီအစဉ်အတွက် ရွေးချယ်ခံရသော ကျောင်းသားနှစ်ဦးသည် ကိုရီးယားနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ပညာသင်ယူခွင့် ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံကြား ပညာရေးနှင့် အပြန်အလှန် ရင်းနှီးချစ်ကြည်ရေး ဖလှယ်မှုအစီအစဉ်တွင် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

နှစ်စဉ်ပေးအပ်နေသော ကိုရီးယားပညာသင်ဆု အစီအစဉ်၌ လျှောက်ထားလိုသူများအနေဖြင့် www.niied.go.kr နှင့် www.gks.go.kr တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

## ဗြိတိန်ပညာရေးဝန်ဆောင်မှု အသိအမှတ်ပြု လက်မှတ်များ ဗြိတိသျှကောင်စီ ထုတ်ပေးရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ဩဂုတ်-၂၉**

ဗြိတိန်နိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသော ကျောင်းသားများကို ဝန်ဆောင်မှုပေးနေသည့် ပညာရေးလုပ်ငန်းလုပ်ကိုင်သူများ ကို ဗြိတိန်ပညာရေး ဝန်ဆောင်မှု အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးရန်စီစဉ်နေကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဗြိတိန်နိုင်ငံမှ ပညာရေးအဖွဲ့အစည်းများ အသိအမှတ်ပြုသည့် လက်မှတ်ရရှိရန် ဗြိတိသျှကောင်စီ (မြန်မာ)၏ အွန်လိုင်းသင်တန်းတက်ရောက်၍ စာမေးပွဲဖြေဆိုအောင်မြင်ရမည်ဖြစ်ပြီး ကနဦးအနေဖြင့် ပြည်တွင်း၌ ဗြိတိန်ပညာရေးအေးဂျင့် တည်ထောင်ထားသူအချို့ကို လက်မှတ်ထုတ်ပေးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

"သင်တန်းက အောက်တိုဘာလလယ်လောက်ကနေ ဒီဇင်ဘာလလယ်လောက်ထိလုပ်ဖို့ရည်ရွယ်ထားတယ်။ ပညာရေးအေးဂျင့်လုပ်နေတဲ့သူ လေး၊ ငါး၊ ခြောက်ခုလောက်ပါပဲ။ သင်တန်းကြေးနဲ့ စာမေးပွဲကြေးက ပေါင် ၄၀၀ ဝန်းကျင်လောက်ကျမယ်။ ဒီက လက်မှတ်ထုတ်ပေးမယ်။ ဘီစီနဲ့ပတ်သက်တဲ့ ထောက်ပံ့မှုရမယ်။ ယူကေပညာရေးအဖွဲ့အစည်းတွေက အသိအမှတ်ပြုတယ်" ဟု အထက်ပါဌာနမှ တာဝန်ရှိသူကပြောသည်။

အဆိုပါအသိအမှတ်ပြုလက်မှတ်သည် ဗြိတိန်နိုင်ငံ၏ နိုင်ငံတကာ ကျောင်းသားမူဝါဒအပြောင်းအလဲများ၊ ဗြိတိန်ပညာရေးနှင့်သက်ဆိုင်သော အချက်အလက်များအကြောင်းကိုပြည်တွင်းရှိပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုသိရှိ ကျွမ်းဝင်လာစေရန်ရည်ရွယ်သည်။

နိုင်ငံတကာကျောင်းသားများနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲ များစွာဖြစ်ပေါ် နေသောဗြိတိန်နိုင်ငံတွင် သွားရောက် ပညာသင်ယူရန် ပြည်ပပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို အားကိုးနေရသော မြန်မာကျောင်းသားများအတွက် ခိုင်မာသော နောက်ဆုံးသတင်းအချက်အလက်များရရှိနိုင်ရန် လိုအပ်နေဆဲဖြစ်သည်။




**PSB EDUCATION SEMINAR**
1:00pm ~ 3:00pm,
8th September 2012 (Saturday),
Padamyar Room #4, Parkroyal Hotel.

**PSB INFO DAY, MANDALAY**
1pm ~ 5pm, 9.9.2012 (Sunday),
No. 82, 72nd St., Bet ( 31st x 32nd ) St.,
Chan Aye Thar San Tsp., Mandalay.

ဒေါက်တာ မောင်အေးသိန်း (ကထိက) ( School of Enginerring, PSB Academy )
PhD (Matrials Science, Mechanical Engineering, NUS), ME (NUS) ကိုယ်တိုင်လာရောက်ဟောပြောမည်။

UNIVERSITY OF WOLLONGONG AUSTRALIA
CRICOS Provider Code: 00102E

**BACHELOR**
Finance • Management
Marketing • Supply Chain Management

- ✔ Rated in the Top 2% of universities in the world (QS World University Rankings 2011 & Times Higher Education World University Rankings 2011)
- ✔ Ranked in the Top 100 universities in the world (QS World University Rankings Employer Review 2011)
- ✔ 5-Star ratings for Graduate Satisfaction and Getting a Job (Good Universities Guide 2012)

THE UNIVERSITY OF NEWCASTLE AUSTRALIA

**MASTER**
Business Administration

**BACHELOR**
Accounting • Business Information & Communication Technology • Management & Marketing
Marketing & Tourism • Public Relations & Journalism • Software Development & Applications
Electrical Engineering • Mechanical Engineering

- ✔ Awarded an Overall Maximum Rating of 5-Stars (QS Stars, 2011) ✔ Ranked 11th in Australia (Times Higher Education World University Rankings, 2011 - 2012)
- ✔ Ranked 10th - 13th University in Australia (Shanghai Jiao Tong University Academic Rankings 2011)

Manchester Metropolitan University

**BACHELOR**
Bachelor of Arts (Honours) Accounting and Finance
Bachelor of Arts (Honours) Business Management
Bachelor of Arts (Honours) International Business

- ✔ Most popular University in the UK with more than 52,000 undergraduate applications for 2011 intake (Source: Universities & Colleges Admissions Service, UK)
- ✔ Ranked Top 20 in the UK for teaching quality ✔ Ranked Top 40 in the UK for Accounting & Finance in The Complete University Guide 2013
- ✔ Exemptions from 9 ACCA papers at the Fundamentals level (F1 - F9) for Accounting & Finance graduates*

**Register @ Building 5, Room 4, MICT Park, Hlaing Tsp., Ygn. (Tel:) 652288, 652320, 09 5062171**

Singapore Experience Awards — Best Education Experience Winner (2010) Finalist (2011)
TOP 10 JobsCentral 2011 Private Education Rankings — Voted Top 3 Preferred Private Education Institution (2011)
Voted Top 3 Private School (2011)
edutrust — PSB Academy Reg. No. 200704825E 20-05-2010 to 19-05-2014

## ဒုတိယအကြိမ်မြောက် Developer ကွန်ဖရင့်အတွက် စာရင်းပေးသွင်းနိုင်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်ကျင်းပသည့် Developer Conference 2012 အားစက်တင်ဘာ ၁၄ မှ ၁၆ ရက်အထိ MICT Park တွင်ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းမှ သိရသည်။

"အခုိကတော့ ပညာရှင်တွေအကြားမှာ ဖွံ့ဖြိုးတိုးတက်ဖို့ပါ။ ဆော့ဖ်ဝဲအသစ်တွေ ဘယ်လိုရေးသားရမလဲ။ Developer ကောင်းတစ်ယောက်ဖြစ်ဖို့ ဘာတွေလိုအပ်လဲဆိုတာနဲ့နည်းပညာဖွံ့ဖြိုးဖို့ကို အဓိကရည်ရွယ်တာပါ" ဟုမြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းမှ ပြန်ကြားရေးကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်းထွန်းက ပြောသည်။

ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံမှ Developer များအား ဖိတ်ကြားထားပြီး ကွန်ပျူတာပညာရှင်အများအပြား တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကွန်ဖရင့်အား နှစ်စဉ်ကျင်းပမည်ဖြစ်ပြီး လာမည့်နှစ်တွင် မန္တလေးမြို့၌ ကျင်းပရန် လျာထားကြောင်း ဦးဇော်ဝင်းထွန်းကပြောသည်။

ကွန်ဖရင့်တက်ရောက်ရန်အတွက် တစ်ဦးလျှင် မြန်မာကျပ်ငွေငါးထောင် သတ်မှတ်ထားပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း၌ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကာ ကမ္ဘာ့ဇဘဏ်ခွဲများတွင်လည်း ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

## ဒုတိယမြောက် ဝက်ဘ်ပေါ်တယ် စတင်လွှင့်တင်

**နိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၁**




မြန်မာနိုင်ငံ၏ဒုတိယမြောက် Web Portal တစ်ခုဖြစ်သည့်မြဝတီဝက်ဘ်ပေါ်တယ် (www.myawady.net.mm) ကိုဩဂုတ် ၃၁ ရက်တွင်စတင်လွှင့်တင်လိုက်သည်။

မြဝတီဝက်ဘ်ပေါ်တယ်တွင်ပြည်တွင်း၊ ပြည်ပမှ သတင်းများ၊ အားကစား၊ အနုပညာ၊ စီးပွားရေး၊ နည်းပညာ၊ ကျန်းမာရေးစသည့်သတင်းများအပြင်ဆောင်းပါးများ၊ အခန်းဆက်ဝတ္ထုရှည်များ၊ ခရီးသွားလမ်းညွှန်၊ ဈေးဝယ်လမ်းညွှန်တို့အပြင် ရုပ်မြင်သံကြားအစီ

စာ(၂၄)သို့




## iPhone 5 နှင့် iPad Mini ကို စက်တင်ဘာ ၁၂ တွင် မိတ်ဆက်ပြသမည်

**နယူးယောက်၊ စက်တင်ဘာ - ၂**

အက်ပဲလ်ကုမ္ပဏီသည် ယခုနှစ် မကုန်မီ အားလပ်ရက်ရာသီတွင် ၎င်း၏ထုတ်ကုန်အသစ် ၈ မျိုးအထိ ထုတ်ဖော်ပြသရောင်းချရန် စီစဉ်နေကြောင်း သိရသည်။ ယင်းထုတ်ကုန်အသစ်များတွင် iPhone အသစ်၊ iPad အသေးစားနှင့် iPod အသစ်များ အဆင့်မြှင့်ထားသော Mac ကွန်ပျူတာများပါဝင်သည်။

အက်ပဲလ်သည် ၎င်း၏ ထုတ်ကုန်အသစ်များအား ယခုနှစ် စတုတ္ထသုံးလပတ်အတွင်း စတင်ရောင်းချနိုင်ဖွယ်ရှိသည်ဟု KGI အာမခံကုမ္ပဏီမှ မစ္စတာမင်ချီကူက အရိပ်အမြွက်ပြောသည်။ ၎င်းတို့အထဲမှ iPhone 5 နှင့် iPad Mini ကိုစက်တင်ဘာလ ၁၂ ရက်တွင်စတင်မိတ်ဆက်ပြသမည်ဟု သတင်းများကဆိုသည်။ အချို့ကလည်း စက်တင်ဘာ ၁၂ ရက်တွင် iPhone 5 ကိုမိတ်ဆက်၍ စက်တင်ဘာလ ၂၁ ရက်တွင် iPad Mini ကို မိတ်ဆက်မည်ဟုလည်း ဆိုကြသည်။

ယခုစက်တင်ဘာလအတွင်းမှာပင် ၁၃ လက်မ MacBook Pro နှင့် iPod touch အသစ်နှင့် ၂၁ လက်မခွဲ iMac တို့ကို ဖော်ထုတ်ပြသသွားဖွယ်ရှိကြောင်း သိရသည်။

*—Ref: Apple Insider*


## အင်တာနက်ရှာဖွေရေးအင်ဂျင် Bing ဖေ့စ်ဘွတ်ခ် ဓာတ်ပုံရှာဖွေရေးကဏ္ဍကို ၎င်း၏ ဆိုက်တွင် ထည့်သွင်း

**ဆန်ဖရန်စစ္စကို၊**

**စက်တင်ဘာ - ၂**

အင်တာနက်ရှာဖွေရေးအင်ဂျင် Bing က၎င်း၏ ဆိုက်ဘ်တွင် ဖေ့စ်ဘွတ်ခ်မှ သူငယ်ချင်းဓာတ်ပုံများကိုရှာဖွေနိုင်ရန် friendphoto ဟူသောကဏ္ဍကို ထည့်သွင်းလိုက်ကြောင်းသိရသည်။

"နေ့စဉ် ဓာတ်ပုံပေါင်းသန်း ၃၀၀ လောက်ဖေ့စ်ဘွတ်ခ်ပေါ်မှာ တင်နေတော့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ ဓာတ်ပုံတွေလိုက်ကြည့်တာဟာ အလွန်လူကြိုက်များလာပါတယ်" ဟု Bing ၏လူမှုရေးအဖွဲ့ အကြီးတန်းပရိုဂရမ် မန်နေဂျာ အီယန်လင်က ၎င်း၏ ဘလော့ဂ်ပေါ်တွင် ရေးသားသည်။ "အခုဆိုရင် Bing အင်ဂျင်ကို သုံးပြီးတော့လည်း သူငယ်ချင်းတွေရဲ့ ဓာတ်ပုံတွေကို ရှာဖွေလို့ရပါပြီ" ဟု ၎င်းကပြောသည်။




ဖေ့စ်ဘွတ်ခ်နှင့် ချိတ်ဆက်ထားသော ဓာတ်ပုံရှာဖွေရေးကဏ္ဍအား bing.com/freind photos တွင်ရှာဖွေအသုံးပြုနိုင်ပြီဖြစ်သည်။

Bing ဆိုက်၏ မိခင်ကုမ္ပဏီဖြစ်သော မိုက်ကရိုဆော့ဖ်သည် ၂၀၀၇ ခုနှစ်တွင် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ရှယ်ယာ ၁ ဒသမ ၆ ရာခိုင်နှုန်းကို ထိန်းချုပ်ခွင့်ရရန် ကန်ဒေါ်လာသန်း ၂၄၀ မတန်တဆဈေးနှုန်းပေး၍ ဝယ်ယူခဲ့သည်။ ယင်းရင်းနှီးမြှုပ်နှံမှုကြောင့်ပင် ကမ္ဘာ့လူသုံးအများဆုံးလူမှုရေးဝက်ဘ်ဆိုက်နှင့် ဆက်ဆံရေး ထူထောင်လာနိုင်ခဲ့သည်။

*—Ref: AFP*




**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ **01-703625, 09-73085653**

# Tech

## တိုကျိုတရားရုံးက Apple ၏ မူပိုင်ခွင့်ကို Samsung ချိုးဖောက်ခြင်းမရှိဟု ဆုံးဖြတ်




**တိုကျို၊ စက်တင်ဘာ - ၁**

တိုကျိုခရိုင်တရားရုံးသည် ဆမ်ဆောင်းကုမ္ပဏီက Apple ၏ စမတ်ဖုန်းနှင့် သင်ပုန်းကွန်ပျူတာများ၏ မူပိုင်ခွင့်ကို ချိုးဖောက်ခြင်းမရှိကြောင်း ယမန်နေ့က ဆုံးဖြတ်ခဲ့သည်။ ယခုဂျပန်တရားရုံး၏ ဆုံးဖြတ်ချက်သည် ဩဂုတ်လအစောပိုင်းက ဆမ်ဆောင်းအား Apple ၏ဖုန်းနှင့် ကွန်ပျူတာများအပေါ် ပုံတူကူးယူမှုအတွက် ဒဏ်ငွေဒေါ်လာ ၁ ဒသမ ဝ၅ ဘီလီယံပေးဆောင်ရန် အမိန့်ချမှတ်ပြီးနောက် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင်တောင်ကိုရီးယားတွင်လည်းဒေသခံတရားရုံးတစ်ခုက ယင်းစမတ်ဖုန်းထုတ်လုပ်သည့် ပြိုင်ဘက်ကုမ္ပဏီနှစ်ခုသည်တစ်ဦး၏ မူပိုင်ခွင့်ကို တစ်ဦးအပြန်အလှန်ချိုးဖောက်နေကြောင်း စီရင်ချက်ချမှတ်ခဲ့ကာနှစ်ဖက်စလုံးကထုတ်လုပ်သောအချို့ဖုန်းများကို တောင်ကိုရီးယားတွင် ပိတ်ပင်ရန် အမိန့်ချမှတ်ခဲ့သည်။ ဂျပန်နိုင်ငံတွင် Apple က ဆမ်ဆောင်း၏ နည်းပညာပစ္စည်းရှစ်မျိုးကို ၎င်း၏ iPhone နှင့် iPad များတွင် သုံးသောနည်းပညာများ အသုံးပြုထားသည်ဟုတရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

—*Ref: Xinhua*




## နာရေးကူညီမှုအသင်း(ရန်ကုန်)ဝက်ဘ်ဆိုက် ပြန်လည်ပြင်ဆင် လွှင့်တင်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၂၇**

နာရေးကူညီမှုအသင်း (ရန်ကုန်) ၏ ဝက်ဘ်ဆိုက်(www.ffssyangon.org)ကို ဩဂုတ် ၂၇ ရက်တွင် အသစ်ပြန်လည်ပြင်ဆင်၍ လွှင့်တင်လိုက်ပြီး အသင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ လှုပ်ရှားမှုများကို ပြည်တွင်းပြည်ပသို့ချက်ချင်းအသိပေးနိုင်ရန် ယခုဝက်ဘ်ဆိုက်ကို လွှင့်တင်ရခြင်းဖြစ်ကြောင်း နာရေးကူညီမှုအသင်း(ရန်ကုန်)၏ အတွင်းရေးမှူးဒေါ်ရွှေဇီးကွက်က ပြောသည်။

"အသင်းတည်ထောင်ခဲ့တာ ၁၂နှစ်ရှိခဲ့ပေမယ့်ကိုယ်ပိုင်ဝက်ဘ်ဆိုက်မရှိခဲ့ဘူး။ နာဂစ်မုန်တိုင်းတုန်းက ကယ်ဆယ်ရေးနဲ့ လှူဒါန်းမှုတွေကို အများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် ချပြနိုင်ဖို့အတွက် ဝက်ဘ်ဆိုက်လုပ်ခဲ့သေးတယ်။ နောက်ပိုင်း Update မလုပ်နိုင်လို့ ရပ်သွားခဲ့တယ်။ အခုဝက်ဘ်ဆိုက်ကတော့ လေးကြိမ်မြောက်ပြုလုပ်တာပါ"ဟု ၎င်းကပြောသည်။

အဆိုပါ ဝက်ဘ်ဆိုက်ကို Tunnew Technology က ရေးဆွဲလှူဒါန်းခဲ့ခြင်းဖြစ်သည်။

**TRADEMARK CAUTION**

PT.Nutrifood Indonesia., a company incorporated in Indonesia at Jl. Rawabali II No 3, K.I.P, Jakarta 13920 Indonesia is the Owner and Sole Proprietor of the following Trademarks:-

WRP

Reg: 4/6003/2012

L-Men

Reg: 4/6001/2012

In respect of : Int'l class 29 : " Meat, fish, poultry and game; meat extracts; preserved, dried and cooked fruits and vegetables; jellies, jams, fruit sauces; eggs, milk and milk products; edible oils and fat, .Coconut oil, corn oil, kefir, milk, milk beverages, olive oil for food, palm oil for food, rape oil for food, sesame oil, sunflower oil for food, yoghurt, jam, jelly."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 6. Sept. 2012

### စာ(၂၃) - ဒုတိယမြောက် ဝက်ဘ်ပေါ်တယ် စတင်လွှင့်တင် မှ

အစဉ်များကိုပါကြည့်ရှုနိုင်ကြောင်း ယင်းပေါ်တယ်၏ စာမျက်နှာများပေါ်၌ ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝက်ဘ်ပေါ်တယ်မှာလွန်ခဲ့သည့် ၂ နှစ်က ရတနာပုံတယ်လီပို့ကုမ္ပဏီမှ လွှင့်တင်သည့် ရတနာပုံဝက်ဘ်ပေါ်တယ်ဖြစ်သည်။ သို့သော် အခုချိန်ထိအောင်မြင်မှုမရှိသေးကြောင်း အင်တာနက်သုံးစွဲသူများက ပြောသည်။

# အားပြင်းငလျင်တစ်ခု၏ မောင်းခလုတ် (သို့) ကျောက်ကြမ်းပြတ်ရွေ့


**အယ်စိုးမင်း**

မြန်မာနိုင်ငံသည် အယ်လ်ပိုင်းမြေငလျင်ရပ်ဝန်း (Alpine Major Earthquake Belt)တွင် ကျရောက်နေသောကြောင့် မြေငလျင်မကြာခဏ လှုပ်တတ်သော တိုင်းပြည်တစ်ခုဖြစ်သည်။ မြန်မာပြည်အတွင်း မြေငလျင်ဖြစ်ပေါ်စေနိုင်သော သက်ရှင်ပြတ်ရွေ့ကြီး (Active Faults) များစွာရှိသည့်အနက် ကျောက်ကြမ်းပြတ်ရွေ့ (Kyaukkyan Fault)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ၁၉၁၂ ခု မေလ ၁၂ ရက်တွင် ဖြစ်ပွားခဲ့သော မေမြို့ငလျင် (Maymyo Earthquake)၏ မူလဇစ်မြစ်မှာ ကျောက်ကြမ်းပြတ်ရွေ့ဘေးတိုက်ရွေ့လျားမှုကြောင့် ဖြစ်သည်။ ယင်းသို့ ငလျင်၏ အကျိုးသက်ရောက်မှုကို ရှမ်းကုန်းပြင်မြင့် တစ်ခုလုံးသာမက မန္တလေး၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပျဉ်းမနားအထိ တွေ့မြင်ခဲ့ရသည်။ ရစ်ချ်တာအင်အား (Ritcher scale)အဆင့်(၈)ရှိ၍ မြန်မာ့သမိုင်းတစ်လျှောက်တွင် မြေငလျင်တိုင်း ကိရိယာဖြင့် တိုင်းတာရရှိသော မြေငလျင်များအနက်အင်အားအကြီးဆုံးဖြစ်သည်။ နှစ်ပေါင်းတစ်ရာခန့် ငြိမ်သက်နေသော ကျောက်ကြမ်းပြတ်ရွေ့၏ မောင်းခလုတ်သည် အချိန်မရွေး ပြုတ်ထွက်သွားနိုင်သဖြင့် သတိပြုစရာပြတ်ရွေ့ကြီးတစ်ခုဖြစ်သည်။

ကျောက်ကြမ်းပြတ်ရွေ့နှင့် ပတ်သက်၍ ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက် အလွန်နည်းပါးသောကြောင့်လူသိနည်းသည်။ ရှေးယခင်က ဒေသလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပုဂ္ဂိုလ်အနည်းငယ်က လေ့လာမှုအနည်းငယ်သာပြုလုပ်နိုင်ခဲ့ကြသည်။ ကျောက်ကြမ်းပြတ်ရွေ့သည် မြန်မာနိုင်ငံအတွင်း အင်အားပြင်း မြေငလျင်များ ဖြစ်ပေါ်စေနိုင်ခြင်း၊ လက်ရှိအခြေအနေတွင်ပြတ်ရွေ့ကြောင်းတစ်လျှောက်ရှိ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြတ်ရွေ့နှင့်ပတ်သက်၍ ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက်များ နည်းပါးခြင်းတို့ကြောင့် စာရေးသူ၏ သုတေသနပြုလုပ်ချက်များမှကောက်နုတ်၍ အကျဉ်းချုံးဖော်ပြရခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် ပြတ်ရွေ့တစ်ခု၏ မြေငလျင်ဖြစ်ပေါ်နိုင်မှုကို မှန်းဆနိုင်သော ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက်များဖြစ်သည့် ပြတ်ရွေ့၏ သဘာဝနှင့် အမျိုးအစား (Nature and types of Fault) ပြတ်ရွေ့၏ အဆစ်အပိုင်းများ၊ ၎င်းတို့၏ အတိုင်းအတာနှင့် ၎င်းတို့၏ လုပ်ဆောင်ချက် (Fault Segmentation its lengths and behavior) အခြားပြတ်ရွေ့ငယ်များ ဆက်နွယ်မှုနှင့် ရွေ့လျားမှုနှုန်းထားများ (Associated Fault and Rate of Displacements) မျက်မှောက်ခေတ် တက်တိုးနစ်အခြေအနေ (Neotectonic condition) စသည်တို့ကို အဓိကထား၍ ဆောင်ရွက်ခဲ့သည်။

ကျောက်ကြမ်းပြတ်ရွေ့သည် ရှမ်းကုန်းပြင်မြင့်တစ်ခုလုံးကိုဖြတ်သန်းသွားသော တောင်မြောက်သွယ်တန်းနေသည့် လက်ယာအလျားလိုက် ရွေ့လျားနေသော ပြတ်ရွေ့ဖြစ်သည် ပုံ(၁)။ ကွင်းဆင်းလေ့လာမှုအထောက်အထားများ (Evidences of field Study) အရ ကျောက်ကြမ်းပြတ်ရွေ့ကို အဆစ်အပိုင်း သုံးခု ခွဲခြားနိုင်သည်။ ၎င်းတို့မှာ မြောက်ပိုင်းအဆစ်အပိုင်း (Northern Segment)၊ အလယ်ပိုင်းအဆစ်အပိုင်း (Middle Segment) နှင့် တောင်ပိုင်းအဆစ်အပိုင်း (Southern Segment)ဟူ၍ ဖြစ်သည်။

မြောက်ပိုင်းအဆစ်အပိုင်းသည် ကျဉ်းမြောင်း၍ ဖြောင့်တန်းနေသည်။ ကုန်းပြင်မြင့်နှင့် ချိုင့်ဝှမ်းများသည် ဤဒေသ၏ ထင်ရှားသော ဘူမိရုပ်သွင်ဖြစ်သည်။ မြောက်ဘက်အနားစွန်းသည် အနောက်ဘက်သို့ အနည်းငယ်ကွေးညွတ်နေပြီး ကျန်အပိုင်းမှာတောင်မြောက် နီးပါး သွယ်နေသည်။



*ပုံ(၁) ကျောက်ကြမ်းပြတ်ရွေ့၏ တည်နေရာပြမြေပုံ*

အလျား ကီလိုမီတာ ၅၀၀ ကျော် ရှည်လျား၍ မြေငလျင်ကြီးများ ဖြစ်ပေါ်စေနိုင်သောသက်ရှင်ပြတ်ရွေ့ (Active Fault)အမျိုးအစား ဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ရတနာသိဂီသတ္တုတွင်းမှ အစပြု၍ ကျောက်ကြမ်းရွာ၊ မြစ်ငယ်မြစ်၊ ဇော်ဂျီမြစ်၊ ဇော်ဂျီဆည်၊ ရပ်စောက်၊ ရွှေညောင်၊ အင်းလေးကန်၊ စံကား၊ ဖယ်ခုံ၊ မိုးဗြဲရေကာတာ၊ ကယားပြည်နယ်ရှိ ဒီမောဆိုး၊ ဘော်လခဲနှင့် ကရင်ပြည်နယ်ရှိ ဖားဆောင်း စသည်တို့ကို ဖြတ်သန်းသွားပါသည်။

တက်တိုးနစ်ရုပ်သွင်ပြင်လက္ခဏာများ (Morphotectonic features)၊ ပြတ်ရွေ့၏ သွယ်တန်းမှုပုံစံနှင့် သက်ဝင်လှုပ်ရှားစနစ် (Fault Trend and activated features)၊ ပြတ်ရွေ့ပေါ်တွင်ဖြစ်ပေါ်ခဲ့သော မြေငလျင်ဗဟိုချက်များ (Epicenter along the Fault)နှင့် ကျောက်ကြမ်း-မယ်ဟုန်ပြတ်ရွေ့ပြင်ကြီးသည် ဤဒေသ၏ ထင်ရှားသော အစိတ်အပိုင်းဖြစ်သည်။ မြောက်ဘက် ရတနာသိဂီသတ္တုမိုင်းမှ အစပြု၍ တောင်ဘက်ရပ်စောက်မြို့နယ်အတွင်းရှိ ရေဝန်ရွာတွင် အဆုံးသတ်သည် ပုံ(၂)။




*ပုံ(၂) ကျောက်ကြမ်းပြတ်ရွေ့၊ ၎င်း၏အဆစ်အပိုင်းများနှင့် အံလွဲနေသောနေရာများပြမြေပုံ*

အလျား ၁၄၅ ကီလိုမီတာ ရှည်လျား၍ လက်ယာအလျားလိုက် အံလွဲနေသော ချောင်းများ၊ မြစ်များ၊ မြေနုယပ်များ (Alluvial Fan)ကို ပြတ်ရွေ့ကြောင်း တစ်လျှောက်တွေ့ရသည်။ လက်ယာအလျားလိုက် ၅ ဒသမ ၃ ကီလိုမီတာ အံလွဲနေသော မြစ်ငယ်မြစ်နှင့် ၆ ဒသမ ၇ ကီလိုမီတာ အံလွဲနေသော ဇော်ဂျီမြစ်တို့သည် ကျောက်ကြမ်းပြတ်ရွေ့၏ အမြင့်မားဆုံးသော ဘေးတိုက်ရွေ့လျားမှုများ ဖြစ်သည်။ ရစ်ချ်တာစကေး ၅ ဒသမ ၇ ရှိသော မြေငလျင် ဗဟိုချက်တစ်ခုကို ဤပြတ်ရွေ့အဆစ်အပိုင်းပေါ်တွင် တွေ့ရသည်။

အလယ်ပိုင်းအဆစ်အပိုင်း၌ ကျောက်ကြမ်းပြတ်ရွေ့သည် ပင်မပြတ်ရွေ့ကြောကြီးတစ်ခု အနေဖြင့် မဟုတ်ဘဲ အခြားသော ပြတ်ရွေ့ငယ်များနှင့် ပေါင်းစပ်၍ ပြတ်ရွေ့ဇုန်အသွင်ဖြင့် သက်ဝင်လှုပ်ရှားနေသည်။ ထို့ကြောင့် ဤဒေသတွင်ချိုင့်ဝှမ်းလွင်ပြင်နှင့် တောင်စဉ်တောင်တန်းများ တစ်လှည့်စီ ဖြစ်ပေါ်နေသည်။ ပင်းတယလွင်ပြင်၊ ဟဲဟိုးလွင်ပြင်နှင့် အင်းလေးကန်တို့သည် ဤအဆစ်အပိုင်း၏ ထင်ရှားသောတက်တိုးနစ်ရုပ်သွင်များဖြစ်သည်။ ပင်မပြတ်ရွေ့ကြောသည် တောင်-မြောက်သွယ်တန်းနေပြီး အလျား ၁၃၅ ကီလိုမီတာ ရှည်လျားသည်။ မြောက်ဘက် ရေဝန်ရွာမှ အစပြု၍ ရွှေညောင်လွင်ပြင်နှင့် အင်းလေးကန်တို့ကိုဖြတ်ကာ အင်းလေးကန်၏ တောင်ဘက်အနားစွန်းတွင် အဆုံးသတ်သွားသည်။

ပြတ်ရွေ့ဇုန်သည် အနောက်ဘက်ရှိ ပင်းတယမြို့မှ အရှေ့ဘက် တောင်ကြီးမြို့အထိ ကီလိုမီတာ ၄၀ ကျယ်ဝန်းသည်။ လက်ယာ အလျားလိုက် အံလွဲနေသော ချောင်းများ၊ တောင်ကုန်းငယ်များ၊ မြေနုယပ်များ (Alluvial Fan)၊ ဗောရိသမြို့ဟောင်း စသည်တို့ကို ပြတ်ရွေ့ကြောင်း တစ်လျှောက်တွေ့ရသည်။ ၁၉၁၂ ခု မေမြို့ငလျင်၏ မြေပြင်ဗဟိုချက်ကို ဤပြတ်ရွေ့အဆစ်အပိုင်းပေါ်တွင်တွေ့ရသည်။ ၎င်းအပြင် ရစ်ချ်တာစကေး ၅ ဒသမ ၇ ရှိသော မြေငလျင်ဗဟိုချက် သုံးခုကိုလည်း နေရာဟောင်းအတိုင်း ထပ်မံတွေ့ရှိရသည်။

တောင်ပိုင်းအဆစ်အပိုင်းသည် စံကားအင်း၊ မိုးဗြဲရေကာတာ၊ ဘော်လခဲ စသည်တို့ကို ဖြတ်ကာ တောင်ဘက်သို့ နမ့်ပွန်ချောင်းနှင့် သံလွင်မြစ်အတိုင်း စုန်ဆင်းသွားသည်။ အလျားကီလိုမီတာ ၂၂၀ ကျော် ရှည်လျားသည်။ မြင့်မားသောတောင်တန်းနှင့်နက်ရှိုင်းသော ချိုင့်ဝှမ်းတို့သည် ဤအဆစ်အပိုင်း၏ ထင်ရှားသော ဘူမိရုပ်သွင်များဖြစ်သည်။ လက်ယာအလျားလိုက်အတိုင်း အံလွဲနေသော ချောင်းငယ်များ၊ တြိဂံပုံ မျက်နှာပြင်များ၊ မြေနုယပ်များ




*ပုံ(၃) ကျောက်ကြမ်းပြတ်ရွေ့နှင့် ၎င်း၏အဆစ်အပိုင်းများ၊ မြေငလျင်ဗဟိုချက်များ၊ အမြင့်ဆုံးဖြစ်နိုင်ခြေမြေငလျင်ပြင်းအားနှင့် မြေငလျင်ဗဟိုချက်ဖြစ်နိုင်ခြေရှိသော နေရာများပြမြေပုံ*

(Alluvial Fan)ကို နမ့်ပွန်ချောင်း တစ်လျှောက်တွေ့ရှိရသည်။ လက်ယာအလျားလိုက်အတိုင်း ၄ ဒသမ ၅ ကီလိုမီတာ အံလွဲနေသော သံလွင်မြစ်၏ အံလွဲမှုမှာ ဤအဆစ်အပိုင်း၏ ထင်ရှားသောဘေးတိုက်ရွေ့လျားမှု ဖြစ်သည်။ ရစ်ချ်တာစကေး ၅ ဒသမ ၃ ရှိသောမြေငလျင်ဗဟိုချက် သုံးခုကို အလယ်ပိုင်းအဆစ်အပိုင်း၏ အလယ်ဗဟိုရှိ တတောင်ဆစ်ချိုးနေရာတွင် တွေ့ရသည်။

ကျောက်ကြမ်းပြတ်ရွေ့၏ လက်ယာအလျားလိုက် ရွေ့လျားနှုန်းမှာ တစ်နှစ်လျှင် (၁ - ၁ ဒသမ ၅) စင်တီမီတာကြား ဖြစ်သည်။ ၎င်းကို လက်ယာအလျားလိုက် ၁၂ မီတာ အံလွဲနေသော ဗောရိသမြို့ဟောင်း အံလွဲမှုမှ တွက်ချက်ရယူသည်။


ပြတ်ရွေ့အဆစ်အပိုင်းနှင့် ရွေ့လျားမှုနှုန်းထားကို အခြေခံ၍ တွက်ချက်လိုက်သောအခါ မြောက်ပိုင်းအဆစ်အပိုင်း (Northern Segment)၏ အမြင့်ဆုံးဖြစ်နိုင်ခြေမြေငလျင်ပြင်းအားမှာ (8 MW)၊ အလယ်ပိုင်း အဆစ်အပိုင်း (Middle Segment)တွင် (7.9 MW)နှင့် တောင်ပိုင်း အဆစ်အပိုင်း (Southern Segment)တွင် (8.1 MW)စသည်ဖြင့် ရရှိသည်။ ၎င်းအပြင် ဖိအားဒဏ်အားများ စုစည်း၍ မြေငလျင်ဗဟိုချက်ဖြစ်ပေါ်နိုင်သော နေရာများကို ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက်အဖြစ် ပုံ(၃)တွင် ဖော်ပြထားသည်။

အချုပ်အားဖြင့် ဆိုရသော် ကျောက်ကြမ်းပြတ်ရွေ့သည် နှစ်ပေါင်းတစ်ရာခန့် ငြိမ်သက်နေခြင်း၊ ယနေ့အခါတွင် ယင်းငလျင်ဒဏ်ခံခဲ့ရသော နေရာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဇော်ဂျီရေလှောင်တမံနှင့် မိုးဗြဲရေကာတာတို့သည် ပြတ်ရွေ့ကြောင်းပေါ်တွင် တည်ရှိနေခြင်းတို့ကြောင့် မြေငလျင်ဆိုင်ရာ ဘေးအန္တရာယ် လျော့ပါးရေး အစီအမံများ ကြိုတင်ဆောင်ရွက်နိုင်ရန် ဘူမိဗေဒဆိုင်ရာ သတင်းအချက်အလက်အနေဖြင့်ရေးသားဖော်ပြလိုက်ရပါသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# အရေးကြီးပုဂ္ဂိုလ်နှင့် အရေးပေးခံရသူ

**မြင့်မိုရ်ဆွေ**



ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လက်နက်မပါဘဲပြောင်ပြောင်တင်းတင်းတိုက်ခိုက်ဖျက်ဆီးနေသော ရန်သူမှာ အခြားမဟုတ်၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေသည်။ လာဘ်ပေးလာဘ်ယူမှုသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာအားလုံးကို ဆူနာမီထက် အင်အားကြီးမားစွာ ဖျက်ဆီးပစ်နိုင်စွမ်းရှိ၏။ လောကပါလတရားကို ဖျက်ဆီးရာတွင်လည်း အဖျက်အင်အားအကြီးမားဆုံးဖြစ်ပေသည်။ မျက်မှောက်ကာလစာရေးသူတို့နိုင်ငံတွင် သန့်ရှင်းသော အစိုးရနှင့် ကောင်းမြတ်သော အုပ်ချုပ်မှုကတစ်ဖက်၊ လာဘ်ပေးလာဘ်ယူကတစ်ဖက်၊ အားပြိုင်လျက်ရှိပြီး လာဘ်ပေးလာဘ်ယူက အားသာမှာကိုပြည်သူတို့ အလွန်စိုးရိမ်လျက် ရှိပေသည်။

လာဘ်ပေးလာဘ်ယူနှင့်ပတ်သက်၍ အလွန်မှတ်သားဖွယ်ကောင်းသော ပုံပြင်တစ်ပုဒ်ကို ပြန်ပြောင်းသတိရမိပါသည်။ ရှေးအခါက တိုင်းပြည်တစ်ပြည်တွင် ပြည့်ဘဏ္ဍာကိုခိုးယူသော နာမည်ကြီး သူခိုးကြီးတစ်ဦးအား လက်ရဖမ်းဆီးမိ၏။ ဘုရင်ကိုယ်တိုင် မှူးကြီးမတ်ရာနှင့် စစ်သူကြီးများရှေ့မှောက်၌ စစ်မေးရာ သူခိုးကြီးက အပြစ်ကိုဝန်ခံ၏။ ပြည့်ဘဏ္ဍာကို ခိုးယူသည်မှာ အပြစ်ကြီးလေးသည့်အလျောက် သားစဉ်မြေးဆက် အညွန့်မှတ်သားလောက်အောင် သေဒဏ်ကျခံစေဟု ဘုရင်က အမိန့်ချ၏။ သူခိုးကြီးအား နောက်ဆုံးအနေဖြင့် မောင်မင်းဘာများ လျှောက်တင်လိုသနည်းဟုမေးရာ သူခိုးကြီးက သူမသေမီနောက်ဆုံး အခွင့်အရေးတစ်ရပ် တောင်းဆိုလိုပါကြောင်း၊ သူသည် အနယ်နယ်အရပ်ရပ်မှ ပစ္စည်းများခိုးဝှက်ရင်း ပဒေသာပင်မျိုးစေ့တစ်စေ့ကိုကံအားလျော်စွာ ခိုးယူရရှိထားပြီးကိုယ်နှင့်မကွာ အမြဲသိမ်းဆည်းထားပါကြောင်း၊ မိမိမကွယ်လွန်မီ တိုင်းပြည်အတွက် ပဒေသာပင် စိုက်သည်ကို တွေ့မြင်သွားလိုကြောင်း၊ ပဒေသာပင် သီးပွင့်လာသောအခါ တိုင်းပြည်ကြီးချမ်းသာလာမည်ဖြစ်ကြောင်း၊ အကျင့်သီလမရှိဘဲ ရှိဟန်ဆောင်ပြီး စိုက်ပျိုးပါကလည်း အပင်မပေါက်သည့်အပြင် စိုက်ပျိုးသူပါ သွေးပွက်ပွက်အန်ပြီး သေမှာဖြစ်ကြောင်းနှင့် အရှင်မင်းကြီးကိုယ်တိုင် မှူးကြီးမတ်ရာများထဲမှ သင့်လျော်သူကို ရွေးချယ်စိုက်ပျိုးစေပါမည့် အကြောင်း အခွင့်တောင်းလေ၏။ ဘုရင်ကြီးက ဤအခွင့်အရေးမှာ ခဲရာခဲဆစ် မဟုတ်၊ တိုင်းပြည်လည်းချမ်းသာမည်ဖြစ်ပြီး သူ၏ထံပါး၌ အကျင့်သီလရှိသော အမတ်ကဝိန်များ များစွာရှိ၍ ယခုပင် စိုက်ပျိုးစေအံ့ဟု လိုက်လျောသမှုပြုလေ၏။

ဘုရင်ကြီးက ရှေးဦးစွာ စိုက်ပျိုးရေး အမတ်ကြီးအား တာဝန်ပေးရာ အမတ်ကြီးက သူ့ထက်ပို၍ သီလပြည့်စုံသူ ပြည်ထဲရေး အမတ်ကြီးကို တာဝန်ပေးသင့်ပါကြောင်းလျှောက်တင်၏။ ပြည်ထဲရေးအမတ်ကြီးကလည်း တိုင်းပြည်တွင် လက်ရုံးရည်၊ နှလုံးရည်အပြည့်အဝဆုံးဖြစ်သည့် စစ်သူကြီးနှင့်ပိုမိုသင့်လျော်ကြောင်း လျှောက်ထားပြန်၏။ စစ်သူကြီးကလည်း တိုင်းပြည်ရန်ကို လက်ရုံးရည်ဖြင့် နှိမ်နင်းရာ၌ သီလကျိုးပေါက်မှုများရှိနိုင်ပါ၍ လွှတ်တော်အမတ်ကြီးနှင့်သာ သင့်လျော်ကြောင်း လျှောက်ထား၏။ လွှတ်တော်အမတ်ကြီးကလည်းသာသနာရေးအမတ်ကြီးနှင့်ပိုမိုသင့်လျော်ကြောင်း လျှောက်ပြန်၏။ သာသနာရေးအမတ်ကြီးကလည်း မျက်လုံးပြူးမျက်ဆန်ပြူးနှင့် စိုက်ပျိုးရေးအလုပ်ဖြစ်၍ စိုက်ပျိုးရေးအမတ်ကိုသာတာဝန်ပေးသင့်ပါကြောင်း အလျင်အမြန်လျှောက်ထားပြန်၏။ ထိုအခါ ဘုရင်ကြီးက အမတ်ကြီးများ ဘော်လီဘောပုတ်နေသည့် အခြေအနေကို ရိပ်စားမိကာ အမျက်ဒေါသထွက်၍ မိမိထံပါးမှာ အကျင့်သီလရှိသည့် အမတ်လုံးဝမရှိမှန်းကိုလည်းကောင်း၊ မိမိသည် သီလသမာဓိရှိဟန် လိမ်ညာပြီး ခစားနေသည့်အမတ်ကလိမ်များ၏ အလိမ်အညာခံ ဘုရင်ဖြစ်နေသည်ကိုလည်းကောင်း ယခုမှသိရှိရကြောင်း မိန့်ကြားလေ၏။

ထိုအခါ အမတ်များအားလုံး ညီပြီး မင်းကျင့်တရား (၁၀) ပါး၊ အပရိဟာနိယတရား (၇) ပါး၊ နာယကဂုဏ်(၆)ပါးနှင့်ပြည့်စုံတော်မူသော အရှင်မင်းကြီးသာလျှင် ပဒေသာပင်စိုက်ပျိုးရန် အသင့်တော်ဆုံးပါဘုရားဟု ချွန်တွန်းလုပ်၍ လျှောက်ထားပြန်လေ၏။ ဘုရင်ကြီးကလည်း အပင်မပေါက်ဘဲသွေးအန်မည့်အရေး ကြောက်တွေးတွေးရင်း "တစ်တိုင်းပြည်လုံးမှာ အကျင့်သီလ ပြည့်စုံသူ မရှိလို့ ငါဘုရင်ကိုယ်တိုင် မြေပဒေသာပင်စိုက်ရသည့်ဆိုခြင်းမှာ အတိုင်းတိုင်းပြည်ပြည် ကြားလို့မလျော်၊ သင်တို့အမတ်တွေကို လုံးဝအားမကိုး၊ သင့်လျော်သူကို ပြည်သူတွေထဲမှာ ငါကိုယ်တိုင်ရှာတော်မူမည်၊ ယခုလောလောဆယ် ဆိုင်းငံ့ထားစေ" ဟု လိမ်မာပါးနပ်စွာ မိန့်တော်မူလေသတည်း။ ဤပုံပြင်၏ ဆိုလိုရင်းသဘောမှာ ပုထုဇဉ်လူသားမှန်သမျှ နိုင်ငံအုပ်ချုပ်ရေးတွင် ရာထူးအဆင့်မရွေးကိုယ်ကျင့်တရား ကောင်းမွန်ရေးကို အထူးသတိပြုကြရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခြင်းပင်ဖြစ်၏။

> ဂျပန်နိုင်ငံသည် အနုမြူပြာပုံထဲမှ ထိုးထွက်လာသောပန်းအလှချယ်ရီဖြစ်၏။ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံသည် ကျောက်တောင်ကို တူး၍ နှင်းဆီပွင့်အောင်လုပ်ခဲ့၏။ စင်ကာပူသည် Pillow and Mat Diplomacy ခေါ်ခေါင်းအုံးနှင့် ဖျာပိုက်၍ စွန့်ဝင်လာသူများက ကြီးပွားအောင်တည်ထောင်ခဲ့ကြခြင်းဖြစ်၏။ မိမိတို့သည် လာဘ်ပေးလာဘ်ယူတည်းဟူသော မစင်ပုံထဲက လောက်ဘဝဖြင့် ဇာတ်သိမ်းမခံနိုင်ကြပေ

စာရေးသူတို့နိုင်ငံတွင် ဒီမိုကရေစီမျိုးစေ့သည်အညွန့်အညှောက်ထွက်၍ ရှင်သန်နေပြီဖြစ်၏။ အခိုင်အမာ အမြစ်တွယ်စေရန်နှင့် လာဘ်ပေးလာဘ်ယူလောင်းရိပ်မမိစေရန်ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်သည် ဖွားဖက်တော်များ မဟုတ်ကြပေ။ ဈေးကွက်စီးပွားရေးစနစ်က ဒီမိုကရေစီထက် အသက်အားဖြင့် နှစ်(၂၀)ကျော်ကြီး၏။ ဆိုလိုသည်မှာ ဒီမိုကရေစီစနစ်၏ ထိန်းကွပ်မှုဖြင့် ဈေးကွက်စီးပွားရေးစနစ်က ကြီးထွားလာခြင်းမဟုတ်ပေ။ ပါလီမန်ဒီမိုကရေစီတည်းဟူသော သမားတော်ကြီးနှင့် ဆုံတွေ့သောအခါ ပွင့်လင်းမြင်သာမှုမရှိသည့် လက်ဝါးကြီးအုပ်ဈေးကွက်စီးပွားရေးစနစ်ကို အနှစ် (၂၀) ကျော်မချစ်သော်လည်း အောင့်ကာနမ်းခဲ့ကြရသည့် ဝန်ထမ်းများအတွင်း လာဘ်ပေးလာဘ်ယူရောဂါက အကြီးအကျယ် ပျံ့နှံ့နေပြီဖြစ်သည်။

စီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စွမ်းအင်သတ္တု၊ သစ်တောစသည့် သယံဇာတများတူးဖော်ထုတ်လုပ်ခွင့်ပြုရာတွင်လည်းကောင်း၊ အခြားစီးပွားရေး လုပ်ငန်းများ လုပ်ပိုင်ခွင့်များပေးအပ်ရာတွင်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လက်ဝါးရိုက်တာဝန်ပေးခိုင်းစေမှုများသည် လာဘ်ပေးလာဘ်ယူရောဂါဖြစ်ပွားမှု၏ ပင်မအကြောင်းအရင်းဖြစ်၏။ ဝန်ထမ်းများ၏ လုပ်ခလစာ အလွန်အမင်းလျော့နည်းမှုဟူသော ကိုယ်ခံအားကျဆင်းမှုကလည်း ရောဂါကူးစက်မှုကို ပိုမိုလွယ်ကူလျင်မြန်ခဲ့၏။

(ရောဂါလက္ခဏာ (Symptoms) များမှာ အလွန်များလှစွာ၏။ ပြည်သူတို့အတွက် မိမိကတာဝန်ယူဆောင်ရွက်ပေးရမည့် အလုပ်ကို (ပုဒ်မ-၄) အရဟုဆိုလေ့ရှိသော (ပေးမှလုပ်) ခြင်း၊ (အပိုင်း-၄) ဟုဆိုသော (အပေးလိုင်း) ကိုအဆင့်ဆင့်ဖန်တီးခြင်းမှာ အခြေခံရောဂါလက္ခဏာဖြစ်၏။ ပို၍ ရောဂါရင့်သူ (သို့မဟုတ်) ရာထူးကြီးသူများမှ "မာန်ယူ" အကျင့်ရှိကြ၏။ "ခင်ဗျားတို့လုပ်တာကျုပ်လုံးဝအားမရဘူး။ တိုင်းပြည်အပေါ် စေတနာမထားသလိုမလုပ်နဲ့ ကျုပ်နဲ့တွေ့မယ်" စသည်ဖြင့် ကြိမ်းမောင်းမာန်မဲပြီးမှ လာဘ်ကိုယူလေ့ရှိ၍ "မာန်ယူ" ဟုဆိုခြင်းဖြစ်၏။ အချို့က "ဟောက်စား" ဟုလည်းခေါ်၏။)

အချို့ကမူ လက်အုပ်ချီကန်တော့ပြီး မုန့်ပုံးထဲလာဘ်ငွေထည့်၍လည်းကောင်း၊ ခြင်းတောင်းထဲ ရောထည့်၍လည်းကောင်း၊ စာအိတ်ဖြင့်လည်းကောင်း အနန္တောအနန္တငါးပါးကဲ့သို့ပူဇော်ဟန်ပြုရာ "ပူဇော်မိ,ယူလေ၏" ဆိုသကဲ့သို့ ဆုပေးကာ ယူကြလေတော့၏။ အချို့မှာ ဆေးလိပ်တိုကဗျာထဲကအတိုင်း "မယူလိုက်က မိုက်လို့ထင်၊ ယူလိုက်ပြန်က ကြိုက်လို့ထင်၊ သောက်စေချင် ခုတင်တွင်ထောင်ခဲ့ကွဲ့ ညိုနွဲ့ရဲ့လေး . . ." ဆိုသည့်အတိုင်း ကိုယ်တိုင်ကိုယ်ကျ လက်နှင့်မယူ စားပွဲထောင့်၊ အခန်းထောင့်တစ်နေရာမှာ မြင်သာအောင် ထားခဲ့လျှင် ခေါင်းညိတ်ပြရုံဖြင့် လက်ခံမှု ပြီးပြတ်စေ၏။

အချို့က ရာထူးကြီး၍ လူကိုယ်တိုင်တွေ့ဆုံပြီး လက်ရောက်ပေးရန် ခက်ခဲခြင်းကြောင့်လည်းကောင်း၊ တန်ဖိုးကြီးပေးလိုခြင်းကြောင့်လည်းကောင်း၊ မွေးနေ့လက်ဆောင်၊ သားသမီးများ မင်္ဂလာဆောင်လက်ဖွဲ့စသည်ဖြင့် ပေးအပ်ပြီး "လက်ဖွဲ့လက်ဆောင်၊ ဝိနည်းရှောင်" ဟုအပြန်အလှန်နားလည်မှု တည်ဆောက်ကြ၏။ အချို့ကလည်း မိမိကတောင်းသည်မဟုတ် ၊သူ့သဘောအလျောက် စေတနာနှင့် ပေးသည့် "ပို့ဆွမ်း" ကိုစားလျှင် အန္တရာယ်ကင်းသည်ဟုဆင်ခြေပေးကြပြန်၏။ အမှန်အားဖြင့်ပို့ဆွမ်းဟူသည် စေတနာရှိဟန်ပြသည့် လာဘ်ပေးမှုနည်းပရိယာယ်တစ်ရပ်သာဖြစ်ကြောင်း သိလျက်နှင့် ဝိပါက်ကြမ္မာငင်ခြင်းဖြစ်၏။

တစ်ဖန်တုံကြုံရပြန်သေး၏။ "ပြည်သူ့ဆီက လာဘ်မစား၊ ဂိုဒေါင်ထဲက ခွဲတမ်းစား၊ အဲဒါအပြစ်လား" ဟုဆိုသူများလည်းရှိ၏။ ပြည်သူ့ဘဏ္ဍာ၊ ပြည်သူ့ပစ္စည်းကို စာရင်းလိမ်၍ အိတ်ထဲထည့်လျှင် ရာဇဝတ်ပြစ်မှုမြောက်ပြီး ပိုမိုအပြစ်ကြီးလေးကြောင်း သတိမူသင့်ပါပေသည်။

ရောဂါလက္ခဏာများကို ဋီကာမချဲ့တော့ဘဲ ရောဂါကုသရေးအတွက်ပထမဆုံးနှင့် အရေးကြီးဆုံးနည်းလမ်းကိုဆန်းစစ်ရှာဖွေကြည့်မိပါသည်။ စာရေးသူဉာဏ်မီသမျှ ဖော်ပြရလျှင် မျက်မှောက်ခေတ်ဝန်ထမ်းများ၏ စိတ်ဓာတ် (Mind set) ကိုခေတ်နှင့်အညီပြုပြင်တည်ဆောက်ရေးပင် ဖြစ်ပေသည်။ ယနေ့အချိန်အခါသည် ဝန်ထမ်းများအားလုံး လာဘ်ပေးလာဘ်ယူရွံ့နွံ့တောမှ ရုန်းထွက်၍ နိုင်ငံနှင့် လူမျိုးကောင်းစားရေး အခမ်းအနားကို စတင်ဖွင့်လှစ်ရမည့် မင်္ဂလာအချိန်အခါဖြစ်လေသည်။ နိုင်ငံခြားသားများက မြန်မာကို အလွန်ဖော်ရွေသော၊ ကူညီရိုင်းပင်းတတ်သော၊ ရိုးသားပွင့်လင်းသောလူမျိုးအဖြစ် အသိအမှတ်ပြုကြ၏။

မြန်မာဝန်ထမ်းကမူ မြန်မာပြည်သူအတွက် အဘယ်ကြောင့် ဖော်ရွေမှုကင်းသော၊ ကူညီမှုဆိတ်သုဉ်းသော၊ ရိုးသားပွင့်လင်းမှု မရှိသောဝန်ထမ်းဖြစ်ရပါမည်နည်း။

စာ(၄၀) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.26 • SEPTEMBER 6 , 2012

# ABSDF (မြောက်ပိုင်း) စခန်းမှ လူသတ်မှုများ တရားဥပဒေကြောင်းအရ ရှင်းမည်

## မြောက်ပိုင်းပြန်ကျောင်းသားရဲဘော်ဟောင်းများက အဆိုပါဖြစ်ရပ်များအတွက် လူပုဂ္ဂိုလ် ၁၃ ဦးအား စွပ်စွဲလိုက်သည်

**အိဖြူလွင်၊ ထွန်းခိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၃**

ABSDF(မြောက်ပိုင်း)စခန်းတွင် ၁၉၉၂ ခုနှစ်ဝန်းကျင်က ဖြစ်ပွားခဲ့သည့်ကိစ္စများနှင့်ပတ်သက်ပြီး တရားဥပဒေကြောင်းအရဖြေရှင်းသွားမည်ဖြစ်ကြောင်း မြောက်ပိုင်းပြန်ကျောင်းသားရဲဘော်ဟောင်းများက ပြောသည်။

ABSDF (သို့မဟုတ်) မ. က. ဒ. တ ဟုလူသိများသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၏ မြောက်ပိုင်းစခန်းဖြစ်သည့်ကချင်ပြည်နယ်၊ ပါဂျောင်ဒေသတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း တောခိုသွားသည့် ကျောင်းသားများ အချင်းချင်း တပ်မတော်ထောက်လှမ်းရေးမှ လွှတ်လိုက်သည့်သူများဟု စွပ်စွဲကာ ဖမ်းဆီး၊ စစ်ဆေးသတ်ဖြတ်မှုများဖြစ်ပွားခဲ့ကြောင်း ပြန်လည်ထွက်ပြေးလွတ်မြောက်လာသူများက ဆိုသည်။ ပြန်လည်ထွက်ပြေးလွတ်မြောက်လာသူများ၏ အဆိုအရတပ်ဖွဲ့ဝင် ၃၀၀ ခန့်ရှိသည့် အဆိုပါ စခန်းတွင် ထောက်လှမ်းရေးဟု စွပ်စွဲကာ



**မြောက်ပိုင်းပြန်များရှင်းလင်းပွဲကျင်းပစဉ်**

ဓာတ်ပုံ - ဇေယျာအောင်(အမေရိက)

လူ ၁၀၇ ဦးခန့် ဖမ်းစစ်ဆေးခံခဲ့ရကြောင်း၊ ဖမ်းဆီးခံရသူများအနက်မှ၁၉၉၂ဖေဖော်ဝါရီလ၁၂ ရက်တွင် တစ်ပြိုင်တည်း အသတ်ခံရသူ ၁၅ဦး အပါအဝင်လူ ၃၉ဦးမှာ ၁၉၈၉ မှ ၁၉၉၂ ခုနှစ်အတွင်း အသတ်ခံခဲ့ရကြောင်း၊ ဖမ်းဆီးခံနေရစဉ်အတွင်း ဆိုးရွားသည့် ညှဉ်းပန်းနှိပ်စက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း မြောက်ပိုင်းပြန်များက ဆိုသည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး မြောက်ပိုင်းပြန်များက ဩဂုတ်လ ၃၁ ရက်တွင် "၉၂ ပါဂျောင်ရှင်းတမ်း"အမည်ရှိသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနေသည့် ဒေါက်တာနိုင်အောင်အပါအဝင် လူပုဂ္ဂိုလ် ၁၃ ဦးကို ညှဉ်းပန်းသတ်ဖြတ်မှုများအတွက် တာဝန်ရှိသူများဖြစ်ကြောင်း စွပ်စွဲထားသည်။

ယင်းဖြစ်စဉ်များနှင့် ပတ်သက်ပြီး အမှုဖွင့်တရားစွဲဆိုမှုများ ပြုလုပ်ရန် ကြိုးစားနေကြောင်း၊ အမှုဖွင့်ရာတွင် အခြားသူများအား စွပ်စွဲတိုင်ကြားသည့် အမှုကို လက်ခံခဲ့သော်လည်း ဒေါက်တာနိုင်အောင် အမည်တပ်ကာ စွဲဆိုသောအမှုကိုခွင့်မပြုသေးကြောင်း၊ တာဝန်ရှိသူဟု စွပ်စွဲခံရသူများအား ပြည်ဝင်ခွင့်ပေးသော်လည်း ဖမ်းဆီးစစ်ဆေးခံခဲ့ရသည့် သူအချို့ ပြည်ဝင်ခွင့်ငြင်းပယ်ခံခဲ့ရကြောင်း မြောက်ပိုင်းပြန်တစ်ဦးဖြစ်သူဦးဆမားညီညီက ပြောသည်။

"ကျွန်တော်တို့ဘက်က သို့လော၊သို့လောတွေးစရာလေးတွေဖြစ်လာတာက ဘာလဲ။ ဒေါက်တာနိုင်အောင်နာမည်ပါလို့လား။ အဲဒီလိုဆိုရင်တော့ ကျွန်တော်တို့က အမျိုးသား လူ့အခွင့်အရေးကောင်စီဆိုတာကို ကျော်ပြီးတော့မှ နိုင်ငံတကာလူ့အခွင့်အရေးကောင်စီကို သွားရလိမ့်မယ်။ နိုင်ငံတကာတရားရုံးကို သွားရလိမ့်မယ်"ဟုကိုဆမားညီညီကသေဆုံးသူများအတွက် ဒေါက်တာနိုင်အောင် တာဝန်ရှိကြောင်း တိုင်ကြားမှုများကို ခွင့်မပြုခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

မြောက်ပိုင်းပြန်များက ယင်းဖြစ်စဉ်များနှင့်ပတ်သက်ပြီးမြန်မာနိုင်ငံသို့ရောက်ရှိနေသောဒေါက်တာနိုင်အောင် အပါအဝင် လူ ၁၃ ဦးသည် တာဝန်ရှိသူများဖြစ်ကြောင်း ၎င်းတို့က စွပ်စွဲထားသည်။ ၎င်းတို့ထုတ်ပြန်သည့်တာဝန်ရှိသူ ၁၃ ဦးစာရင်းတွင် ရော်နယ်အောင်နိုင်၊ သံချောင်း(ခ)မြင့်စိုး (ခ)စဝ်ခွန်ကျော်၊ ကျော်ကျော်၊ မျိုးဝင်း၊ လှဆိုင်း၊ အောင်ကြီး၊ စိန်အေး၊ နေထွန်း၊ ထွန်းဇော်၊ ဇော်ဇော်မင်း၊ အောင်စိုးမြင့်၊ ကျော်ထင်ဦး အစရှိသူများ ပါဝင်သည်။

လူ ၄၀ နီးပါးသေဆုံးခဲ့ပြီး လူပေါင်းများစွာ နှိပ်စက်ညှဉ်းပန်းခံခဲ့ရသည်ဟု ကာယကံရှင်များက ဆိုသည့် အဆိုပါဖြစ်စဉ်တွင် တာဝန်ရှိသူများအနက် တစ်ဦးဟု စွပ်စွဲခံရသော ဒေါက်တာနိုင်အောင်ကမူ အဆိုပါ ဖြစ်စဉ်များဖြစ်ပွားပြီးချိန်မှ သိရှိရခြင်းဖြစ်ကြောင်း ၎င်းမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့် ဩဂုတ်လ ၃၁ ရက် ပြုလုပ်သော လေဆိပ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"သူတို့ဆုံးဖြတ်ပြီးမှ ကျွန်တော်တို့သိရတဲ့ကိစ္စ၊ ကျွန်တော်သိရတဲ့အချိန်မှာ ကျန်တဲ့သူတွေ ဆက်မသတ်ဖို့နဲ့ ပြန်ပြီးတော့မှ သူတို့လွတ်မြောက်ဖို့အတွက် ကျွန်တော်တို့သွားပြီး ကြိုးစားပေးပါတယ်" ဟု ဒေါက်တာနိုင်အောင်က ပြောကြားခဲ့သည်။

အဆိုပါ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး အမှန်တရားနှင့် တရားမျှတမှု ဖော်ထုတ်ရေးအလုပ်အဖွဲ့ကို ဖွဲ့စည်းပြီး အဆိုပါ အဖွဲ့၏အချက်အလက် စုဆောင်းခြင်းနှင့် အစီရင်ခံစာရေးသားခြင်း လုပ်ငန်းအား ၂၀၁၃ ခုနှစ် မေလတွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ABSDF ၏ အင်တာနက်စာမျက်နှာတွင် ယခုနှစ် မတ်လ ၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည်။

## မြောက်ပိုင်းကိစ္စနှင့်ပတ်သက်၍ ABSDF ဥက္ကဋ္ဌဟောင်း ဒေါက်တာနိုင်အောင်၏ ပြောကြားချက်များ

**သတင်းထောက်များမေးမြန်းမှုကိုရန်ကုန်လေဆိပ်တွင် ၎င်း၏ပြောကြားမှု**

**အိဖြူလွင်**

**ဒီမြောက်ပိုင်းကိစ္စမှာ ဒေါက်တာနိုင်အောင်က အဓိက တာဝန်ရှိတယ်ဆိုပြီး ပြောကြပါတယ်။ အဲဒီအတွက် ပြန်လည်ဖြေကြားချက်လေး ပြောပေးပါ။**

အဲဒါနဲ့ပတ်သက်ပြီး အကြိမ်ကြိမ်လည်း ရှင်းပြခဲ့ပါတယ်။ အဲဒီအချိန်က ရှင်းလင်းချက်လည်း ထုတ်ခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်က တောင်ပိုင်းမှာ ရှိနေတာ။ ဒီကိစ္စတွေ ဖြစ်ပြီးတော့မှ ကျွန်တော်က သိရတာဆိုတော့ ကျွန်တော်တို့ဗဟိုက အဲဒီ့ကိစ္စတွေကို သူတို့မြောက်ပိုင်းကနေ ဆုံးဖြတ်ပြီးတော့မှ ကျွန်တော်တို့က သိရတဲ့ကိစ္စ။ အဲဒီ့အချိန်တုန်းကလည်း ကျွန်တော်တို့စခန်းတွေက သူ့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ သူရှိတာပေါ့လေ။ ကျွန်တော်သိရတဲ့အချိန်မှာ ကျန်တဲ့သူတွေ ဆက်မသတ်ဖို့နဲ့ ပြန်ပြီးတော့မှ သူတို့လွတ်မြောက်ဖို့တော့ ကျွန်တော်တို့က သွားကြိုးစားပေးပါတယ်။

**ဒီမနက်တင်ပဲ မြောက်ပိုင်းအဖွဲ့က သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပါတယ်။ သူတို့ရဲ့ ပြောကြားချက်တွေနဲ့ပတ်သက်ပြီးတော့ရော ဘာများပြောချင်ပါလဲ။**

ဒါသူတို့ရဲ့အမြင်ကို သူတို့ ပြောခွင့်ရှိတယ်လေ။ ကျွန်တော်လည်း ကျွန်တော့်ရဲ့သဘောထားနဲ့ ပါဝင်ပတ်သက်မှုကို ရှင်းရှင်းလင်းလင်းတင်ပြထားပြီးပြီ။ အားလုံးသိအောင် တင်ပြထားတာ။ ခုမှပြောထားတာတွေမဟုတ်ပါဘူး။ ကြာပါပြီ။ လွန်ခဲ့တဲ့ နှစ် ၂၀ က ပြောထားတာပါ။

**သူတို့ဘက်က တရားစွဲထားတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့ရော ဘာများပြောဖို့ရှိပါသေးလဲ။**

သူတို့ဘက်က နစ်နာတယ်ဆိုရင် သူတို့ဘက်က လုပ်ပိုင်ခွင့်ရှိတယ်။ ဒါဟာ စစ်မှန်တဲ့တရားစီရင်မှုအောက်မှာ မှန်မှန်ကန်ကန် ဖြေရှင်းဖို့ပဲ လိုပါတယ်။

# ကိုဘိုဘို(စမ်းချောင်း)၏မိခင် ဒေါ်မြင့်မြင့်ကြည်နှင့် တွေ့ဆုံခြင်း

## ဒေါ်မြင့်မြင့်ကြည်မှာ ABSDF (မြောက်ပိုင်း)တွင် လူသတ်မှုများဖြစ်ပွားပြီးနောက် ထိုစခန်းရှိရာ ပါဂျောင်သို့ သားဖြစ်သူ လွတ်မြောက်ရေးအတွက် နှစ်ကြိမ်တိုင် သွားရောက်ခဲ့ပြီး သားဖြစ်သူကို ပြန်ခေါ်လာခဲ့သူဖြစ်သည်။

**ထွန်းခိုင်**

**ဖြစ်ရပ်တစ်ခုလုံးအပေါ် ကာယကံရှင်ရဲ့ မိဘတစ်ဦးအနေနဲ့ ဘယ်လိုခြုံငုံသုံးသပ်မိပါသလဲ။**

အန်တီအမှန်အတိုင်း ပြောရရင် ဒါတွေဟာ မဆင်မခြင် လုပ်လိုက်တဲ့ ကိစ္စတွေပေါ့။ အမှန်တကယ်သွေးစည်းညီညွတ်နေရမယ့်အစား တစ်ယောက်နဲ့တစ်ယောက် မဆင်မခြင်နဲ့။ တကယ်လို့ စိတ်ထဲမှာ သံသယဖြစ်တယ်ပဲ ထားဦးတော့၊ ဒီလောက်သတ်တဲ့ ဖြတ်တဲ့အထိ ဖြစ်စရာမလိုဘူး။ နောက်ပြီးတော့ တကယ်ဦးနှောက်ရှိတယ်ဆိုလို့ရှိရင် လူ ၃၀၀ မှာ ၁၅၀ ဟာ ထောက်လှမ်းရေးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သေချာသိဖို့ ကောင်းတယ်။ နောက်တစ်ခုက အန်တီ့သားဆို ၁၄ နှစ်သားလေးပဲ။ ၁၄ နှစ်သားကျော်ကျော်လေးကိုထောက်လှမ်း



ရေးဗိုလ်ကြီးလို့စွပ်စွဲလိုက်ကတည်းက သူတို့က တော်တော်ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ခုကို လက်ခံလိုက်တာပဲ။

**အနှစ် ၂၀ ကျော်လည်းကြာပြီပေါ့။ ဒီကိစ္စမှာ တာဝန်ရှိသူလို့ စွပ်စွဲခံရသူတစ်ဦးဖြစ်တဲ့ ဒေါက်တာနိုင်အောင်လည်း မြန်မာပြည်ရောက်နေပြီ။ ဒီနေ့ဒီအချိန်မှာ အန်တီက ဒီကိစ္စတွေကို ဘယ်လိုဖြစ်စေချင်လဲ။ ဘယ်လိုတောင်းဆိုချင်လဲ။**

အမှန်တကယ်ကတော့ လုပ်တဲ့သူကတော့ ကိုယ်ကျူးလွန်တဲ့အပြစ်ကို အပြစ်တစ်ခုလုပ်ရင် အပြစ်တစ်ခုကို ပြန်ပေးဆပ်ရမှာပဲလေ။ သူတို့ဖြစ်ပါစေတော့ဆိုတဲ့ စေတနာတော့အန်တီမှာမရှိပါဘူး။ ဒါပေမဲ့ တကယ်ကျူးလွန်တဲ့သူတွေကတော့ သူတို့အပြစ်ကို သူတို့ယောကျ်ားပီပီ ရဲရဲဝံ့ဝံ့ ဝန်ခံစေချင်တယ်။ အန်တီတို့ကို သူတို့က ရဲရဲဝံ့ဝံ့ ဒီလိုပြောခဲ့တာ။ ကျွန်တော်တို့ဘက်က တစ်ယောက်မှားပြီး သတ်ခဲ့ရင်တောင်မှ ပြည်သူ့ခုံရုံးရှေ့မှာ ကြိုးစင်တက်ပြပါ့မယ်လို့ ရဲရဲဝံ့ဝံ့ ဒီလိုပြောခဲ့တာ။ အဲဒီစကားအတိုင်းတည်ပါစေ၊ ယောကျ်ားပီသပါစေ၊ ကိုယ်ပြောတဲ့စကားတွေ ကိုယ်တာဝန်ယူကြပါလို့ ပြောချင်တယ်။

**ဘာများ ပြောချင်ပါသေးလဲ။**

သူတို့တိုင်းပြည်ထဲကိုပြန်ဝင်လာတာနဲ့ပတ်သက်ပြီး အန်တီအရမ်းဝမ်းသာတယ်။ ကြိုဆိုပါတယ်။ မြန်မာပြည်သားတွေဟာ မြန်မာပြည်နဲ့ တစ်သက်လုံးကြီးကင်းကွာပြီး မနေနိုင်ပါဘူး။ နေတယ်ဆိုလည်း အိမ်လွမ်းကြမှာပါပဲ။ ကိုယ့်တိုင်းပြည် ကိုယ့်ရေကိုယ့်မြေနဲ့ကိုယ့်ဟာကိုယ်ရှင်သန်ချင်ကြမှာပဲ။ အဲဒီတော့ ဝမ်းသာတယ်။ လာကြပါ။ နေကြပါ။ လွတ်လွတ်လပ်လပ်နေကြပါ။ နောက်ပြီးတော့လည်းကိုယ်လုပ်ခဲ့တဲ့အမှုလေးတွေ၊ ကိစ္စလေးတွေလည်း ကိုယ့်ဟာကိုယ် မှန်မှန်ကန်ကန်လေး တရားသဖြင့် ဖြေရှင်းကြပါလို့ကိုယ်ချင်းစာနာစိတ်နဲ့ ဖြေရှင်းပေးကြပါ။ သေသွားတဲ့သူတွေရဲ့ မိဘတွေကိုလည်း သူတို့တွေကျန်တဲ့ မိသားစုတွေ အကုန်လုံးကိုလည်း ကျေနပ်တဲ့အထိ ကျေကျေနပ်နပ်ဖြစ်အောင် လုပ်ပေးပါလို့ အန်တီပြောချင်ပါတယ်။


ဒေါက်တာနိုင်အောင်



စောင့်ကြိုနေသူများကိုနှုတ်ဆက်နေသော (ဦး)မိုးသီးဇွန်


ဦးအောင်မိုးဇော်

# ပြည်ပရောက် အတိုက်အခံအင်အားစုများ နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ်ပြန်လာ

**အိဖြူလွင်၊ ထွန်းခိုင်**
**ရန်ကုန်၊ စက်တင်ဘာ - ၃**

တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့သည့် ABSDF ဥက္ကဋ္ဌဟောင်းများ အပါအဝင် ပြည်ဝင်ခွင့်ပိတ်ခံထားရသော ပြည်ပရောက် မြန်မာများသည် ယခုလဆန်းမှစ၍ နှစ် ၂၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်လာကြပြီဖြစ်သည်။

အဆိုပါ ပြည်တော်ပြန်သူများသည် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ၂၀၁၂ ခုနှစ်အထိ ၂၄ နှစ်တာကာလအတွင်း ယခုမှသာ ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

စက်တင်ဘာလ ၁ ရက်မှစ၍ မြန်မာနိုင်ငံသို့ပြန်လာသူများတွင် ABSDF ဥက္ကဋ္ဌဟောင်းများဖြစ်ခဲ့သည့် ဒေါက်တာနိုင်အောင်၊ ဦးထွန်းအောင်ကျော်၊ ဦးမိုးသီးဇွန်တို့ အပါအဝင် ပြည်ပရောက် အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့မှ ဒေါက်တာသောင်းထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နိုင်ငံခြားရေးရာ တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးညိုအုန်းမြင့်၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော်တို့ ပါဝင်သည်။

ပြည်တော်ပြန်လာသူများသည် မြန်မာနိုင်ငံတွင် ရှိနေချိန်အတွင်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တွေ့သင့်တွေ့ထိုက်သော ခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည်ဟု ၎င်းတို့ကပြောသည်။

အဆိုပါကာလအတွင်းသမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှင့်လည်း တွေ့ဆုံနိုင်ရန်ကြိုးပမ်းမည်ဟု ၎င်းတို့ကဆိုသည်။

ယနေ့ မြန်မာနိုင်ငံ၏ အဓိကအရေးကြီးသောလုပ်ငန်းသုံးခုဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ နိုင်ငံတော်တည်ဆောက်ရေးစသည့်ကဏ္ဍများတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မလဲဆိုသည်ကို သိရှိဆွေးနွေးနိုင်ရန် ပြန်လာခြင်းဖြစ်သည်ဟု ဒေါက်တာသောင်းထွန်းက သူ၏ ပြည်တော်ပြန်ခရီးအစ ရန်ကုန်လေဆိပ်၌ သတင်းထောက်များကိုပြောကြားသည်။

"ဒီကို ရောက်လာပြီး ကျွန်တော်တို့ နိုင်ငံရေးပါတီထောင်ဖို့မဟုတ်ဘူး"ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ABSDF ဥက္ကဋ္ဌဟောင်းဦးမိုးသီးဇွန်က ပြောသည်။ ၎င်းမှာ ၂၀၀၉ခုနှစ်တွင် ကုလအစည်းအဝေးတက်ရောက်လာသော မြန်မာအစိုးရခေါင်းဆောင်တစ်ဦး၏ကားကို ဖိနပ်ဖြင့်ပေါက်ခဲ့ဖူးသူဖြစ်သည်။

ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအပေါ် သိက္ခာရှိရှိ ပြန်လာခြင်းဖြစ်ကြောင်း စက်တင်ဘာ ၃ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဦးမိုးသီးဇွန်၊ ဦးထွန်းအောင်ကျော်တို့က အကြိမ်ကြိမ်ပြောသွားခဲ့သည်။ အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများအပေါ်တွင်လည်း ကြိုဆိုကြောင်း ၎င်းတို့ကပြောသည်။

၎င်းတို့ လာရောက်ခြင်းမှာ ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ တစ်သီးပုဂ္ဂလအနေဖြင့် ဖိတ်ခေါ်မှုကြောင့်သာ လာရောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုများ လုပ်ဆောင်ပေးရန် ပြန်လာခြင်းဖြစ်သည်ဟုလည်း ဆိုသည်။

"ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီလမ်းကြောင်း လျှောက်နေတဲ့ဖြစ်စဉ်အတွက်ကြောင့် အစိုးရနဲ့မတူညီတဲ့ သဘောထားတွေကို ထုတ်ဖော်ပြောဆိုလို့ ပြည်ပမှာရှိတဲ့ ဘယ်သူတစ်ဦးတစ်ယောက်မှ အမည်းရောင်စာရင်းထဲမှာ ထပ်မရှိသင့်တော့ပါဘူး" ဟုလည်း ဒေါက်တာနိုင်အောင်က အမည်မည်းစာရင်းနှင့်ပတ်သက်၍ ပြောကြားသွားခဲ့သည်။

အမည်မည်း(Black list) စာရင်းတင်သွင်းခံရသူ ၆၁၆၅ဦးထဲမှ ၂၀၈၂ဦးကို အစိုးရက ဩဂုတ် ၂၈တွင် စာရင်းမှ ပယ်ဖျက်ပေးခဲ့သည်။

ပြည်တော်ပြန်လာသူများအထဲမှ အချို့ကို ABSDF မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် လူသတ်မှုများနှင့်ပတ်သက်၍ လွတ်မြောက်လာသူများ အမှုဖွင့် တိုင်တန်းမှုများကိုလည်း ၎င်းတို့ ပြန်မလာခင် ရက်ပိုင်းကပင် ပြုလုပ်ထားကြောင်း သိရသည်။



# ခရိုနီဒဏ်၊ ရာသီဥတုဘေးဒဏ်များကြားမှ လယ်သမားများအတွက် လက်တွဲဖော်

**ဒေါက်တာထွန်းဝင်း(စိုက်ပျိုးရေး)**

အင်္ဂလိပ်ကိုလိုနီခေတ်က ချစ်တီးနှိပ်စက်လို့ တို့လယ်သမားတွေ ကောက်ဆွနဲ့ ဆန်ကောပဲ ကျန်တယ်။ ၁၉၆၂ ကနေ ၂၀၀၃ အထိကတော့ တာဝန်ကျေစပါး က ပိတော့ နွံထဲက မတက်နိုင်ဘူး။ ၂၀၀၃ နောက်ပိုင်းက အခုထိကတော့ လယ်သမားရဲ့ အကျိုးအမြတ်လယ်သမားတွေရဲ့ အခက်အခဲကို ငဲ့ကွက်စဉ်းစားခြင်း မရှိဘဲ မိုးကျရွှေကိုယ်များရဲ့ ကိုယ့်ရဲ့ ဂုဏ်သတင်း ကျော်ဇောမှုကိုပဲ ရှေ့တန်းတင်စဉ်းစားတဲ့၊ တပန်းထဲ ပန်းအောင် တွန်းအားပေးဆောင်ရွက်တဲ့ ပန်းတိုင်အထွက်နှုန်း ရောက်အောင် လုပ်ဆောင်နေခြင်းများသည် ခေတ်ဟောင်းစနစ်ဟောင်းက အလုပ်မဖြစ်ခဲ့တဲ့ ပုံစံများသာ ဖြစ်ပါတယ်။ ခေတ်မမီတော့ပါဘူး။

ဥပမာအားဖြင့် လယ်ယာကဏ္ဍအကျိုးစီးပွားကို ယမမင်းစည်းစိမ်ပမာလွှန်ခဲ့တဲ့ နှစ်ပေါင်း ၃၀၀ ကပင် ယနေ့တိုင် ခံယူဆဲဖြစ်တဲ့ ကမ္ဘာ့သီးနှံ အများဆုံးထုတ်လုပ်ရောင်းချနေတဲ့ အမေရိကန်နိုင်ငံကြီးရဲ့ နိုင်ငံတော်စိုက်ပျိုးရေး ရည်ရွယ်ချက်သည် အမေရိကန် လယ်သမားများ ထုတ်လုပ်သမျှ အားလုံးသော သီးနှံများကို ကမ္ဘာ့ဈေးကွက်မှာ ယှဉ်ပြိုင်ရောင်းချပြီး တောင်သူ အကျိုးအမြတ်ရရှိရေးကို ဦးတည်ဆောင်ရွက်နေလို့ ဆိုတာကို နှိုင်းယှဉ်လေ့လာသိရှိခြင်းဖြင့် သဘောပေါက်နိုင်ပါတယ်။

အဲဒီအခါ တောင်သူက အကျိုးအမြတ်ရလေတော့ မထွက်ထွက်အောင် ကြိုးစားတယ်။ ထွက်နိုင်သမျှ နည်းလမ်းမျိုးစုံကို အပြိုင်အဆိုင် ရှာဖွေတယ်။ အဲဒီမှာ စိုက်ပျိုးရေးပညာရှင်တွေက ကူညီပေးတယ်။ သိပ်ကိုရှင်းလင်းပြီး ထင်သာမြင်သာရှိပါတယ်။

ကျွန်တော်တို့ဆီမှာတော့ ဒီလို ရှင်းလင်းမြင်သာတဲ့ လမ်းကို အခုလုပ် အခုရနိုင်ပါသော်လည်း ဦးဆောင်သူများ လူမှန်နေရာမှန် မဟုတ်လို့ တစ်ယောက်ပြီး တစ်ယောက်ပြောင်းလဲသွားသော်လည်း လယ်သမားဘဝ၊ တိုင်းပြည်ပါ မွဲနေဆဲ၊ ဆင်းရဲတွင်း နက်ဆဲပါ။ ဒီထက်ဆိုးဝါးတဲ့အချက်က ၁၉၈၇ နောက်ပိုင်းမှ ယနေ့ထိတိုင် အာဏာရှိသူနဲ့ ခရိုနီ၊ ပြာ၊ ဝါတို့က တောင်သူများ ချွေး၊ သွေးနဲ့ ပြုပြင်ထားတဲ့ မြေရိုင်းမှ မြေယဉ်များကို သက်ဆိုင်ရာဌာနများရဲ့ ကူညီပံ့ပိုးမှုနဲ့ မတရားသိမ်းယူနေခြင်းများသည် နိုင်ငံတော်ရဲ့ ဆင်းရဲမွဲတေမှု ပပျောက်ရေးစီမံကိန်းမှသည် တောင်းရမ်းစားသောက်သူပပျောက်ရေးစီမံကိန်းသို့ တိုးချဲ့လုပ်ဆောင်သွားဖို့ ပို့ဆောင်ပေးသလိုဖြစ်နေပါတယ်။

ကောက်ဆွနဲ့ ဆန်ကောပဲကျန်အောင် ဖိနှိပ်တဲ့ ချစ်တီးများထက်ဆိုးသော တောင်သူ၊ လယ်ပိုင်ဘဝမှ လယ်ကူလီဘဝသို့ ပို့ဆောင်ပေးနေသော သက်ဆိုင်သူများနဲ့ ခရိုနီများ၊ ယင်းတို့လုပ်ငန်းတရားဝင်ဖြစ်ရေးအတွက် ကူညီဖေးမပေးတဲ့ မြေယာအာဏာပိုင်ဝန်ထမ်းများဟာ တကယ်တော့ မိမိတို့ရဲ့ ထမင်းရှင်၊ အဖိနှိပ်ခံ၊ ဆင်းရဲသူအပြစ်မဲ့တောင်သူလယ်သမားများရဲ့ ထမင်းအိုးကို ရိုက်ချိုးသူများဖြစ်လို့ သူတို့တွေ၏ကံအကျိုးပေးဟာ ကောင်းကွက်တစ်ချက်မှ ရှိမယ် မထင်ဘူး။ တစ်ဘဝများသာဖြစ်တယ်။ သူတို့ရဲ့ ပုံရိပ်များဟာ အပြစ်မဲ့တောင်သူများရဲ့ ဘဝအဆက်ဆက်မှာ ဖျောက်မရ၊ ဖျက်မရတဲ့ အမည်းစက်ပုံရိပ်များဖြစ်လို့သံသရာ အကျိုးပေးကိုစဉ်းစားဆင်ခြင် ဆောင်ရွက်သင့်ကြပါတယ်။ ဒီလိုလူ့ပယောဂ ဘေးဒဏ်တွေ ကြားထဲ အလူးအလဲ ခံစားနေရဆဲမှာ မုဆိုးမသွားလေရာ မိုးလိုက်လို့ရွာဆိုသလို အချိန်အခါမဟုတ် မိုးရွာမှု၊ မြစ်ရေကြီးမှုတို့ကြောင့် ဧရာဝတီ၊ရန်ကုန်၊ ပဲခူး၊ မွန်၊ ကရင် ပြည်နယ်တွေရဲ့ လယ်မြေဧကစုစုပေါင်းခြောက်သိန်းကျော်သည် ဇူလိုင်တတိယပတ်မှ ယနေ့ထိတိုင် တစ်လကျော်ရေမြုပ်ခံနေရတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဌာနများကို ဆက်သွယ်မေးမြန်းတော့လည်း ဒါ နှစ်စဉ်ဖြစ်ရိုးဖြစ်စဉ်ကိစ္စဖြစ်လို့ ပူပန်စရာမလို၊ အားလုံးအဆင်ပြေသွားမှာပါလို့ပဲ ပြောပါတယ်။

တကယ်တော့ ပူပန်စရာ အပြည့်ရှိပါတယ်။ စပါးသီးနှံဟာ ပျိုးခင်းဘဝအရွယ်မှာ ရေမြုပ်လို့ ၁၀ ရက်ဆိုရင် အားလုံးသေပါတယ်။


**သာပေါင်းမြို့နယ်မှ ရေမြုပ်လယ်သမားမိသားစုတစ်စုကို ဩဂုတ်လလယ်ကတွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

စာ(၃၀) သို့



7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# စာ- ၂၉၊ ခရိုနီဒဏ်၊ ရာသီဥတုဘေးဒဏ်များကြားမှ လယ်သမားများအတွက် လက်တွဲဖော် မှ

အခုလိုတစ်လ၊နှစ်လအရွယ် လောက်ဆိုရင်တော့ အရွယ်တွေ အားလုံးရှံ့ကပ်လို့ နှစ်ပတ်ကနေ သုံးပတ်အတွင်းမှာရိန္နမ်းပြီးသေပါ တယ်။ ဒါဆိုရင် အခုရေမြုပ်နေဆဲ ဖြစ်တဲ့ စပါးခင်းကေခြောက်သိန်း ခွဲစလုံးဟာလုံးဝမျှော်လင့်ချက်ကင်း စွာ ရှံ့နှံ့များကပ်ပြီး ရိန္နမ်း၊ ပုတ် ဆွေးသေဆုံးသွားမှာ အသေအ ချာဖြစ်ပါတယ်။ ဒါကို ထုံးစံအ တိုင်း ရေကျလို့ပြန်ကောင်းလာ မယ်ထင်ပြီး ကိန်းဂဏန်းတွေလုပ် ပြီး မကောင်းသတင်း မမြင်လို မကြားလိုသော အတိတ်အစွဲအ လမ်းများကိုဆက်လက်ဖြေဖျောက် လိုကလည်း ဖြေဖျောက်ကြလေ ရော့။

ဒါပေမဲ့ ဒီပျက်စီးသွားတဲ့ လယ်တွေကိုပြန်စိုက်ဖို့စီမံဆောင် ရွက်ခြင်း မပြုကြရင်တော့ ဒီပျက် စီးဆုံးရှုံးတဲ့ စပါးလယ်မြေက ရရှိ မယ့်ဆန်တင်းပေါင်းလေးသိန်းဆုံး ရှုံးဖို့ရှိပါတယ်။

ဒီဆန်လေးသိန်းပမာဏသည် မနှစ်က မြန်မာပြည်ရဲ့ ပို့ကုန်ပမာ ဏဆိုတော့ လာမယ့် နှစ်ရာသီအ တွက် အရေးပေါ် ဆန်ထားရှိဖို့အ တွက်ပါ အခက်အခဲဖြစ်နိုင်တယ်။ ဒါကြောင့်ဒီရေမြုပ်လယ်တွေ လာ မည့်ကာလအတွင်း တဖြည်းဖြည်း ကျဆင်းချိန်မှာ ရေကျနောက်စိုက် လိုက်စိုက်နိုင်ဖို့ အခုကတည်းက ပျိုးခင်းကိုမြင့်ရာမှာထောင်ဖို့ လို တယ်။ ပျိုးထောင်ဖို့ မျိုးစေ့လို မယ်။ ဘာလို့လဲဆိုတော့ ယခုနှစ်ရေ ကြီးတာက ကယ်ဆယ်ရေးစခန်း ရာကျော်ဖွင့်ပြီး လက်ခံရအောင် တောင်သူတွေ နေရပ်စွန့်ပြီး လွတ် ရာပြေးခဲ့ရလို့ မျိုးစပါးကို သယ် နိုင်ဖွယ်မထင်၊ ဒီစပါးကေခြောက် သိန်းခွဲအတွက် မျိုးစေ့တင်းပေါင်း ၁၀ သိန်းလောက်လိုပါတယ်။

ဒ့ါအပြင်မိုးရေမကျမီအောက် တိုဘာလ မတိုင်မီမှာ ပျက်စီးသွား တဲ့လယ်မြေကေခြောက်သိန်းခွဲအ တွက် တောင်သူ သူ့ဘာသာသူပြန် စိုက်မှာပဲ ဆိုတဲ့လုပ်ရိုးလုပ်စဉ်မျက် နှာလွှဲခဲပစ်စီမံကိန်း သဘောမျိုးမ ထားဘဲ လယ်မြုပ်ဒေသတိုင်းက တာဝန်ရှိသူများဖြစ်တဲ့ နိုင်ငံတော် ရဲ့ ဒေသ ဆန်ကုန်သည်၊ ဆန်စက် ပိုင်ရှင်များ၊ အင်န်ဂျီအိုများသည် ယခုအချိန်မှစ၍ မထိခိုက်သော ဒေသများမှမျိုးစပါးများကိုဝယ်ယူ စုဆောင်း၍ပံ့ပိုးဝေငှသင့်ပါတယ်။

ဒီလိုရေကျပြီး ဒေသတွေမှာ စိုက်သင့်တဲ့မျိုးတွေကတော့ သက် တမ်း ၉၀ မှ ၁၁၀ ရှိတဲ့ ၇၄၇၊ ရွှေ သွယ်ရင်၊ သီးထပ်ရင်၊ ရတနာတိုး၊ ရွှေမြန်မာ စတဲ့မျိုးတွေသာ ဖြစ် သင့်ပြီး ယခုမျိုးရရချင်း ကုန်း လွတ်နေရာများမှာ ကြိုတင်ပျိုး ထောင်ထားကြမယ်။ ရေကျလျှင် ကျခြင်း နေရာတွေမှာ ထွန် ယက်ပြီး အလိုက်သင့် တဖြည်း ဖြည်းစိုက်မယ်ဆိုရင် ဒီရေကျပြီး လယ်မြေများက စပါးအထွက် သည်တစ်ဧက တင်းရာကျော်မှာ အသေအချာဖြစ်တယ်။ ဒ့ါကြောင့် မို့ အကယ်၍ ပျက်စီးသော ၆၀, ၀၀၀ ကျော်မှာ ဧက ၃၀,၀၀၀ လောက် ပြန်စိုက်နိုင်ရုံဖြင့် ပုံမှန် မိုးစိုက်ဧကအထွက်ကို ပြန်ပြီး ခု သွားနိုင်မယ်။ ရေကျပြီး လယ်မြေ တွေမှာ စပါးထွက်ရခြင်းအား၊ ရေ ဖုံးစဉ်ကာလရှည်မှာ အနယ်ထိုင် ကျန်ခဲ့တဲ့ နုန်းအနယ်အနှစ်တွေ သည် ရေကျနောက်ပိုင်းစိုက်တဲ့ စပါးတွေအတွက် မြေဆီအာဟာ ရကောင်းများဖြစ်ပြီး စိုက်ပျိုးချိန် ကာလတစ်လျှောက်လည်း နေ ရောင်အပြည့်အဝ ရရှိတာကြောင့် ဖြစ်တယ်။ ယူတတ်မယ်ဆိုရင် အ ဆိုးထဲက အကောင်းပြန်ပြီးရရှိနိုင် လို့စပါးပြန်စိုက်ဖို့ကို အထူးအလေး ထားဆောင်ရွက်သင့်ပါတယ်။

စာရေးသူ ၁၀ နှစ်ကာလ အတွေ့အကြုံအရ အခုလိုမိုးရာ သီကာလ မြစ်ဝကျွန်းပေါ် ဒေသ တွေမှာ အာဏာပိုင်နဲ့ ဆန်စပါး ပညာရှင်ကြီးများက ၁၉၇၈ မှစ တင်၍ ဒေသစပါးမျိုးများ မထွက် မှာစိုး၍ ယင်းဒေသစပါးမျိုးများ နေရာတွင် မနောသုခ၊ သီးထပ် ရင်၊ ဆင်းသွယ်လတ်၊ မနော်ဟရီ၊ ရွှေဝါထွန်း၊ ကျော်ဇေယျ၊ ရတနာ တိုးတို့လို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနထုတ်မျိုးများ ကိုအစားထိုးစိုက်ခဲ့တယ်။ ယခင် တောင်သူများ သမားရိုးကျ အသုံး ပြုတဲ့ ပေါ်ဆန်း၊ ငကျွဲ၊ နံ့ကား စပါး တွေလောက် မထွက်နိုင်ဘူးလို့ ယူဆလို့ပါပဲ။ တကယ်တော့ ဒီ စပါးမျိုးတွေ ဖြစ်တဲ့ မနောသုခ အပါအဝင် မျိုးအုပ်စုသည် ပုလဲ သွယ်လို ဆည်ရေသောက်လယ် မြေတွေအတွက်သာ ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်လို့ အခုလို မိုးရွာ ကာရေဒဏ်၊ လေဒဏ် ခံနိုင် ရည်မရှိခြင်း၊ မိုးရာသီကာလတစ် လျှောက် နေရောင်အပြည့်အဝ မရခြင်းကြောင့် သူတို့ထွက်နိုင်တဲ့ အထွက်တင်းရာကျော် မထွက်ဘဲ တစ်ဧကကိုတင်း ၅၀ မှ ၆၀ လောက် ပဲ ထွက်နေခြင်းဖြစ်တယ်။ ဒ့ါ ကြောင့် မိုးရာသီမြစ်ဝကျွန်းပေါ် ဒေသမှာ အလားတူ အထွက်နှုန်း ၅၀ မှ ၆၀ ကျော်ထိ ထွက်နိုင်ပြီး ရာသီဘေးဒဏ်၊ မိုးဒဏ်၊ ရေမြုပ် ဒဏ်၊ ပိုးမွှားရောဂါဒဏ်ကို လုံးဝ ခံနိုင်ရည်ရှိတဲ့ ပေါ်ဆန်းဘေး ကြားယဉ်၊ ငကျွဲ၊ နံ့ကား စပါးမျိုး တွေကိုပဲစိုက်သင့်ကြောင်း အကြိမ် ကြိမ်အဆိုပြုတင်ပြနေခြင်းဖြစ်ပါ တယ်။

ဒီဒေသမျိုးစပါးတွေဖြစ်တဲ့ ငကျွဲ၊ ပေါ်ဆန်းမျိုးတွေရဲ့ ရေ မြုပ်ဒဏ်ခံနိုင်စွမ်းက ပြိုင်စံရှားပါ တယ်။ စာရေးသူကိုယ်တိုင် အ ပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေ သနမှာ ၁၉၉၀ ခုနှစ်က သူတို့ရဲ့ လေမဲ့အနေအထားခံနိုင်စွမ်းရည် ကို စမ်းသပ်ရာမှာ မျိုးစေ့တွေကို မြေအနက် တစ်လက်မနဲ့ ရေနှစ် လက်မအောက်မှာ မြှုပ်ပြီး စမ်း သပ်စိုက်ပျိုးခဲ့တယ်။ ငကျွဲနဲ့ပေါ် ဆန်းမျိုးစေ့များသည်သာ မြေအ တွင်းမှ ပေါက်ထွက်ပြီး ရေပေါ်အ ထိတိုင် ဖောက်ထွက်ရှင်သန်နိုင် ကြောင်းကို တွေ့ရှိခဲ့တယ်။ ဒ့ါ ကြောင့်မို့လေမဲ့ကာလ ရေဖုံးလွှမ်း စဉ်မှာ ဒီစပါးမျိုးတွေသည်သာ အ ခြားလက်ရှိစပါးမျိုးတွေထက် ခံ နိုင်ရည်ရှိပါတယ်။ ဒီအပြင် ဒီငကျွဲ၊ ပေါ်ဆန်း၊ စပါးတွေသည်သာ ရေကိုလွတ်အောင် အဆစ်ပိုများ ဆက်ထွက်ပြီး ရေလွတ်ရာကို ရှည် ထွက်နိုင်စွမ်းရှိပါတယ်။

ဒီလိုအရည်အချင်းတွေကို ပိုင်ဆိုင်ရုံမျှမက ရောင်းဈေးမှာ ဒီ မနောသုခ၊ သီးထပ်ရင်စပါးများ ထက် (၂-၃) ဆရှိတာမို့ ပေါ်ဆန်း ငကျွဲစိုက်ဧက တစ်ဧကသည် မ နောသုခ၊ သီးထပ်ရင်၊ ဆင်းသွယ် လတ်စိုက်ဧက နှစ်ဧက၊ သုံးဧက နဲ့ ညီပါတယ်။ ဆန်ကိုချက်ကြည့် မယ်ဆိုရင်လည်း အိုးနှစ်ဆတက် သမို့ ဆန်စားသုံးမှုကို ချွေတာနိုင် ပါတယ်။

ဒီလောက် ရာသီဒဏ်၊ ရေ ဒဏ်၊ မိုးဒဏ်ခံနိုင်ပြီး တောင်သူ ကိုလည်း အကျိုးအမြတ်ပေးတဲ့ ကမ္ဘာ့နိုင်ငံများရဲ့ အရည်အသွေး အကောင်းဆုံး ပထမဆုကိုလည်း နှစ်စဉ်အဆက် ချီးမြှောက်ခံရတဲ့ ဖျာပုံ ပေါ်ဆန်းဘေးကြားရင်ရဲ့ ကောင်းသတင်းဂုဏ်ကိုမျက်ကွယ် ပြုပြီး အမေကျော်ဒွေးတော်လွှမ်း ဇာတ်ခင်းတဲ့ တစ်ကြိမ်မျှယှဉ်တွဲ စမ်းသပ်ခြင်း မပြုပါဘဲလျက် နောက်မှ ပေါက်တဲ့ ရွှေကြာပင် ဒီပုလဲသွယ်စပါးသည်သာပေါ်ဆန်း ဘေးကြားရင်ထက် အစစသာပါ တယ်လို့ နိုင်ငံသိကြော်ငြာထုတ် ခြင်းသည် လွန်စွာမှအကျည်းတန် လှတယ်။ ရှက်ဖွယ်ကောင်းလှ ပါတယ်။ ဒ့ါကြောင့်မို့ လူဘီးလူ ခရိုနီ၊ ဝါ၊ ပြာတို့ရဲ့ ဒဏ်၊ ရာသီဥတု ဘေးဒဏ် အမျိုးမျိုးအောက်မှာ ရဲ ဝံ့စွာတွန်းလှန်ရုန်းကန်လျက်ရှိနေ တဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် တောင်သူလယ်သမားများအတွက် အလားတူရာသီဘေးဒဏ်ဖြစ်တဲ့၊ ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံနိုင်တဲ့၊ စီးပွားရေးအရလည်းကောင်း ကူ ညီပံ့ပိုးပေးဖို့ အဆင့်သင့်ရှိနေတဲ့ ပေါ်ဆန်းဘေးကြားရင်ကို သာ လာမည့် မိုးရာသီမှာအကောင်း ဆုံးသော မိတ်ဆွေအဖြစ်အသုံးချ စိုက်ပျိုးကြမယ်ဆိုရင်တော့ ဒီရေ ကြီးနစ်မြုပ်လေ့ရှိတဲ့ မြန်မာပြည် ဆန်အိုးဒေသတိုင်းကြီးများအ တွက် ရင်လေးစရာ မလိုတော့ဘူး ပေါ့။ ။


ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
အမှတ်(၂၅၁)၊ (6B,7Bထပ်)၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း၊-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm)ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။
- တန်းခွဲတစ်ခုလျှင် (၂၀)ဦး ကန့်သတ်ထားပါသည်။

"တည်ထောင်ခြင်းကိုးနှစ်ပြည့်အဖြစ် (၁၅-၉-၂၀၁၂)နေ့အထိ 50%Discount သတ်မှတ်ပါသည်"
**"အောင်" ပြီး "ချမ်းမြေ့" မှုတွေရရှိရန် "အောင်ချမ်းမြေ့"** ကိုလာခဲ့ပါ။

(I)

**တစ်လပြတ်အထူး (တစ်ပတ်ငါးရက်)**
ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)

| | | | |
|---|---|---|---|
| စဉ် (၂၂၈၃) | ၁၀. ၉. ၁၂ | စဉ် (၂၂၈၇) | ၁၇. ၉. ၁၂ |
| စဉ် (၂၂၈၄) | ၁၁. ၉. ၁၂ | စဉ် (၂၂၈၈) | ၁၈. ၉. ၁၂ |
| စဉ် (၂၂၈၅) | ၁၂. ၉. ၁၂ | စဉ် (၂၂၈၉) | ၁၉. ၉. ၁၂ |
| စဉ် (၂၂၈၆) | ၁၃. ၉. ၁၂ | စဉ် (၂၂၉၀) | ၂၀. ၉. ၁၂ |

**နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)**
ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

စဉ်(၂၂၉၁) ၈. ၉. ၁၂ (Sat & Sun) စဉ်(၂၂၉၄) ၁၅. ၉. ၁၂ (Sat & Sun)
စဉ်(၂၂၉၂) ၁၁. ၉. ၁၂ (Tue & Wed) စဉ်(၂၂၉၅) ၁၈. ၉. ၁၂(Tue & Wed)
စဉ်(၂၂၉၃) ၁၃. ၉. ၁၂ (Thur & Fri) စဉ်(၂၂၉၆) ၂၀. ၉. ၁၂(Thur & Fri)

**သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်)** ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
စဉ်(၂၂၉၇) ၁၅. ၉. ၁၂ (Sat) စဉ်(၂၂၉၉) ၂၂. ၉. ၁၂ (Sat)
စဉ်(၂၂၉၈) ၁၆. ၉. ၁၂ (Sun) စဉ်(၂၃၀၀) ၂၃. ၉. ၁၂ (Sun)

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
(တနင်္လာ မှ သောကြာနေ့အထိ)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊

| | | | |
|---|---|---|---|
| စဉ် (၂၃၀၁) | ၁၀. ၉. ၁၂ | စဉ် (၂၃၀၄) | ၁၇. ၉. ၁၂ |
| စဉ် (၂၃၀၂) | ၁၁. ၉. ၁၂ | စဉ် (၂၃၀၅) | ၁၈. ၉. ၁၂ |
| စဉ် (၂၃၀၃) | ၁၃. ၉. ၁၂ | စဉ် (၂၃၀၆) | ၂၀. ၉. ၁၂ |

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ (Fri, Sat, Sun, Mon, Tue)**
စဉ် (၂၃၀၇) ၇. ၉. ၁၂ စဉ် (၂၃၀၈) ၁၄. ၉. ၁၂

**သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ**
(I) 07:00 am to 09:00 am (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm (VI) 05:30 pm to 07:30 pm



**PATENT CAUTION**

PROTEKTORWERK Florenz Maisch GmbH & Co. KG., a company incorporated in Germany at Viktoriastrasse 58, 76571 Gaggenau, Germany is the Owner and Sole Proprietor of the following the title and description of the Patent :-

**STAMPING METHOD AND SECTION ELEMENT**

**Reg: No.4/9281/2012**

In respect of : "A stamping method is described in which a plurality of depressions is stamped into a material web to be stamped by at least one stamp die. Compensation portions respectively associated with the depressions are produced in the material web before the stamping of the depressions. The compensation portions are arranged and designed with respect to the associated depressions subsequently to be stamped such that material strains occurring due to the stamping procedure are substantially taken up by the compensation portions. A waviness or arching of the material web outside the depressions caused by the stamping procedure is thereby prevented or at least minimized. Furthermore, a section element manufactured using such a method is described."

Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.

U Myint Lwin, Advocate,
LL.B,DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 6.Sept.2012



UNAIDS

**Vacancy Announcement**

UNAIDS is seeking for a qualified candidate for the following position to be recruited.

**Position Information**

| | |
|---|---|
| Post title: | **Driver** |
| Post level: | GS-2 |
| Post number: | 327062 |
| Number of Post: | 1 |
| Type of Contract: | Fixed Term |
| Duty Station: | Yangon |
| Deadline for application: | 21-09-2012 |

A full job description and P11 form can be downloaded at http://www.themimu.info/Jobs/Driver_UNAIDS_21_Sept_2012.zip

Qualified candidates may submit their application (In English), including a letter of interest, complete Curriculum Vitae and an updated United Nations Personal History Form (P.11), to UNAIDS Country Coordinator, UNAIDS Secretariat Office, 12th Floor, Traders Hotel, 223 Sule Pagoda Road, Kyauktada Township, Yangon, Myanmar not later than **21 September 2012**.

Only those candidates in whose qualifications and experience the Office has further interest will be contacted for subsequent interviews.

# ဂ န္ဓာ လ ရာဇ် စျေး တန်း ကို
# ဖြတ်သန်းခြင်း

မောင်သာချို



**(တစ်)**

ကွန်မြူနစ်ပါတီကြီးစိုးသော တရုတ်ပြည်ကြီး၌ နိုင်ငံကို စီးပွားရေးအရ ခေတ်မီရန် ကြိုးစားကာ 'To get rich is glorious' ချမ်းသာတာဟာ ဂုဏ်ရှိတာပေ့ါဟု ဆိုလိုက်သဖြင့် အံ့ဩစရာကွန်မြူနစ်တစ်ယောက်အဖြစ် ကမ္ဘာက လှမ်းကြည့်ရသူမှာကား တိန့်ရှောင်ဖိန်ပင် ဖြစ်ပါသည်။ 'Deng Xinoping' သို့မဟုတ် 'Teng Hsiao-Ping' ဟုစာလုံးပေါင်းသူတရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်။ ခုတော့ဖြင့် သူလည်းဤကမ္ဘာမြေပေါ်၌ သက်ရှိထင်ရှား မရှိတော့ပါလေပြီ။

သို့သော် သူ့နှုတ်မြွက်စကာ 'To get rich is glorious' ဆိုသည့် ဩဝါဒအတိုင်း ချမ်းသာခြင်းကို ဂုဏ်အဖြစ် ခံယူလျက် တရုတ်တစ်ပြည်လုံး ချမ်းသာဖို့တစ်နည်းအားဖြင့် ပိုက်ဆံရဖို့ ကြိုးစားရာက စီးပွားရေးအရ မဟာအင်အားကြီး နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာလည်း အများအသိပင် ဖြစ်ပါသည်။

ချမ်းသာဖို့ (သို့မဟုတ်) ပိုက်ဆံရဖို့ကြိုးစားကြခြင်းက ကောင်းပါသည်။ သို့သော် တစ်ခုစဉ်းစားဖို့ ကောင်းသည်က ဘယ်လိုနည်းနှင့် ချမ်းသာအောင် လုပ်ကြမှာလဲ၊ ပိုက်ဆံရအောင် လုပ်ကြမှာလဲ ဟူသည့်ကိစ္စဖြစ်ပါသည်။ တစ်လောကလုံး ဘာပဲဖြစ်နေဖြစ်နေဟုဆိုကာ ငွေမျက်နှာတစ်ခုတည်းကို ကြည့်ရှုမှုနှင့်တော့ အလုပ်ဖြစ်နိုင်လိမ့်မည် မဟုတ်ပါ။ ဂုဏ်ကျက်သရေလည်း ရှိနိုင်လိမ့်မည်မဟုတ်ပါ။

စိနရဋ္ဌ၊ စိန့်တိုင်း၊ ဂန္ဓာလရာဇ် စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသော တရုတ်ပြည်ကြီးဘက်က ဝင်ရောက်လာသည့် ပိုက်ဆံနောက်သို့ လိုက်ကြပုံ သတင်းတွေကဖြင့် ကြက်သီးထစရာကောင်းလှပါဘိ။

**(နှစ်)**

ပထမ ကျွန်တော် အမှတ်ရမိသည်က နို့မှုန့်ပြဿနာဖြစ်ပါသည်။ နို့မှုန့်ထဲသို့ မယ်လမင်းထည့်သည့်ကိစ္စ။ ပလတ်စတစ်ထုတ်လုပ်ရာ၌ ပါဝင်သည့် မယ်လမင်းဓာတုပစ္စည်းသည် ကုန်ကျစရိတ် အထူးသက်သာသဖြင့် နို့မှုန့်ထဲသို့ ထည့်သွင်းထုတ်လုပ်ခဲ့လေရာ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း နို့မှုန့်တန်ချိန် ၇၀၀ ဟုဆိုပါ၏။ ယင်းနို့မှုန့်ကို သောက်သုံးသည့် ကလေးများ ဆီးလမ်းကြောင်းနှင့် ပတ်သက်သည့် ရောဂါဖြစ်တော့မှ နို့မှုန့်ထဲသို့ မယ်လမင်းထည့်ထားကြောင်း စစ်ဆေးတွေ့ရှိကာ ဆန်းလုနို့ထွက်ပစ္စည်းကုမ္ပဏီက တာဝန်ရှိသူ ဂျန်ဂျီပင်းနှင့် ဇန်ယူဂျင်းတို့အား သေဒဏ်ချမှတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ဒါက ဆင်ဟွာ (Xinhua)သတင်း။

ဒုတိယ ကျွန်တော် အမှတ်ရမိသည်က အစားအစာနှင့် အိမ်သုံးဆေးဝါး သတင်းဖြစ်ပါသည်။ 'KongLiyuam Group' က ဆေး ၂၇၇ မျိုး ထုတ်ပါသည်။ ထိုဆေးများကို အမှန်တကယ် အရည်အသွေးမပြည့်မီဘဲ ပြည့်မီကြောင်း ထောက်ခံပေးခဲ့သူက စားသောက်ကုန်နှင့် ဆေးဝါးစစ်ဆေးရေး အကြီးအကဲ 'Zheng Xiaoyu' ဖြစ်ပါ၏။ သူက ထောက်ခံပေးခ ယွမ်ငွေ ၆ ဒသမ ၅ သန်းယူသည်။ ဤတွင် စစ်ဆေးတွေ့ရှိကာ ဂျူရီလူကြီးတို့က သေဒဏ်ချမှတ်ခဲ့ရခြင်း ဖြစ်ပါသည်။ ထိုသူ 'Zheng Xiaoyu' လိုင်စင်ချပေးထားခဲ့သော အစားအစာနှင့် ဆေးဝါးလုပ်ငန်းပေါင်း ၁၇၀,၀၀၀ ကို ပြန်လည်စစ်ဆေးမည်ဟုဆိုရာ ကြောက်ခမန်းလိလိ ကိန်းဂဏန်းများပင် ဖြစ်ပါ၏။ ဒါက ၂၀၀၇ ခုနှစ် မေလ ၂၉ ရက် ဘီဘီစီသတင်း။

တတိယ ကျွန်တော် သတိရမိပြန်တာက စားသုံးဆီသတင်း ဖြစ်ပါသည်။ စားသောက်ဆိုင်တို့က စွန့်ပစ်လိုက်သည့် ဆီများ၊ ရေမြောင်းထဲသို့ စွန့်ပစ်လိုက်သည့် ဆီကြွင်းဆီကျန်များ စသည် စသည်တို့ကိုလိုက်လံစုဆောင်းကာ ဆီပြန်ချက်ပြီး ရောင်းသည်မှာ တစ်နှစ်ကို တန်ချိန်နှစ်သန်းမှ သုံးသန်းအထိ ရှိလေသတဲ့။ ဇီကျန်ပြည်နယ်၊ ရှန်တုန်ပြည်နယ်၊ ဟီနန်ပြည်နယ်တို့၌ ဆီကျန်ပြန်ချက်သူ ၃၂ ဦးကို ဖမ်းမိထားကြောင်း ဖော်ပြထားရာ ဒါကလည်း ကြောက်ခမန်းလိလိ သတင်းပဲ ဖြစ်ပါသည်။ ၂၀၁၁ ခု စက်တင်ဘာ ၁၃ ရက် ဘေဂျင်းအခြေစိုက် အေအက်ဖ်ပီသတင်း။

စတုတ္ထ ကျွန်တော် သတိရမိပြန်သည်က အစားအသောက်နှင့် ကြွက်သတ်ဆေးသတင်းဖြစ်ပါသည်။ ကြွက်သတ်ဆေးခတ်သူ

> သည်လို နို့မှုန့်တွေ၊ သည်လို အိမ်သုံးဆေးဝါးတွေ၊
> သည်လို စားသုံးဆီတွေ၊
> သည်လို ကြွက်သတ်ဆေးခတ်ထားတဲ့ မုန့်တွေ၊
> သည်လို အဆုတ်ကင်ဆာဖြစ်စေတဲ့ ကားတွေ
> ကျွန်တော်တို့ဆီ ထိုးဖောက်ဝင်ရောက်လာမှဖြင့်။
> လူ့ခန္ဓာကိုယ်ကို လှီးထုတ်ဖြတ်တောက်
> ရောင်းဝယ်တာကလည်း ငွေကြောင့်။
> ရေနစ်နေတဲ့ ကလေးကို
> ဆင်းဆယ်၊ မဆယ်ကလည်း ငွေကြောင့်။

က မုန့်ဆိုင်ပိုင်ရှင် ချင်ဇင်ပင်း။ သူက နန်ကျင်းမြို့ရှိ ရှင်ပူးမုန့်တိုက်ပိုင်ရှင်ကို လုပ်ငန်းပြိုင်ဖြစ်၍ မုန်းသည်။ ထို့ကြောင့် နို့ပြောင်းဖူးမုန့်၊ ကောက်ညှင်းမုန့်၊ နှမ်းကိတ်မုန့်များထဲ၌ ကြွက်သတ်ဆေးထည့်ကာ ကြားလူကတစ်ဆင့် ရှင်ပူးမုန့်တိုက်၌ သွားရောက်၍ တင်ထားခဲ့ရာ ထိုမုန့်များကို စားမိသူ ကလေး ၄၂ ယောက်သေ၊ ကလေး ၃၀၀ ဆေးရုံရောက်ဟု ဆိုပါ၏။ ၂၀၀၂ ခု စက်တင်ဘာ ၁၃ က ဖြစ်ပွားခဲ့သောအဖြစ် ဖြစ်ပါသည်။ မုန့်ထဲသို့ကြွက်သတ်ဆေးခတ်သူ ချင်ဇင်ပင်းကိုကား ၂၀၀၂ ခု စက်တင်ဘာ ၃၀ ၌ သေဒဏ်ချမှတ်လိုက်ပါသည်။ ဒါက ၂၀၀၂ အောက်တိုဘာ ၁ ရက် အေအက်ဖ်ပီ သတင်း။

ပဉ္စမကျွန်တော်သတိရမိပြန်သည်က လူ့ခန္ဓာကိုယ်အစိတ် အပိုင်းမှောင်ခိုဂိုဏ်းများအကြောင်း ဖြစ်ပါသည်။ တရုတ်ပြည်၌ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တရားဝင် အရောင်းအဝယ် လုပ်ပိုင်ခွင့် ပေးထားသည်များ ရှိပါ၏။ သေဒဏ်ကျသော အကျဉ်းသားများထံက ရသည်နှင့် သေဆုံးသွားသူများဆီက ရသည်မှာ ၆၅ ရာခိုင်နှုန်း ရှိပါ၏။ အသက်ရှိနေသူများက လှူသည်မှာ ၃၅ ရာခိုင်နှုန်း ရှိပါ၏။ သို့သော် မှောင်ခိုဂိုဏ်းများက အင်တာနက်ကို အသုံးပြုကာ ငွေကြေးလိုအပ်သူများကို ကျောက်ကပ်ရောင်းဖို့ အသည်းရောင်းဖို့ မျက်လုံးရောင်းဖို့ အသားရောင်းဖို့ ဆွဲဆောင်နေကြကြောင်း Shanghai Daily သတင်း၌ ဖော်ပြထားခဲ့ဖူးပါသည်။

ဆဋ္ဌမ ကျွန်တော် သတိရမိပြန်သော သတင်းက တရုတ်နိုင်ငံ ဟီနန်ပြည်နယ်ထဲက သတင်းဖြစ်ပါသည်။ ၂၀၀၂ ဇူလိုင်လဆန်း၌ မစ္စတာလီက သူ့သားကလေးလီနှင့်အတူ အခြားညီအစ်ကိုမောင်နှမများ ပါဝင်လျက် မြစ်ဘက်သို့ သွားရာက ကလေးများ ရေဆင်းကူးကြရာ လီကလေး ရေနစ်သည်။ ထိုအခါ လမ်းသွားလမ်းလာ တစ်ယောက်က ဆင်းဆယ်ရန် ဈေးညှိသည်။ ကယ်မည့်သူက ယွမ်နှစ်သောင်းတောင်းသည်။ ဖခင်လီက ငါးထောင်ပေးသည်။ ထို့နောက် တစ်သောင်းနှင့် ဈေးတည့်သည်။ သို့သော် ဆင်းကယ်ချိန်တွင်ကား ကလေး၏ အသက်ကို မမီပါလေတော့။ ဈေးစကားပြောနေချိန်က ကလေး၏ အသက်ကို သတ်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားခဲ့ပါသည်။

ယခုရက်ထဲတွင်ကား တရုတ်ပြည်ဖြစ် မော်တော်ကား သတင်းတွေက ဆူညံ၍ နေပြန်ပါသည်။ ချယ်ရီ (Chery)က ထုတ်လုပ်သည့် Chery 13, Sedon နှင့် Chery T ll Suv ကားများ အပါအဝင် Great Wall တံဆိပ်ပါ ကားများ၌ gasket နှင့် အိတ်ဇောပိုင်းဆိုင်ရာတို့တွင် ကျောက်ဂွမ်းခေါ် ဖိုက်ဘာဓာတ်ပါသည့် Asbestos အမှုန့်များကို ထည့်သုံးထားရာ အဆုတ်ကင်ဆာကို အကြီးအကျယ်ဖြစ်စေသောဓာတုပစ္စည်းများ ဖြစ်သဖြင့် ဩစတြေးလျနိုင်ငံမှ ကားအစီး ၂၃,၀၀၀ ပြန်သိမ်းကြောင်း၊ ဥရုဂွေး၊ ဘရာဇီး၊ ချီလီ၊ စင်ကာပူ၊ အာဂျင်တီးနားတို့မှ ကားအစီး ၁၈,၈၇၅ ပြန်သိမ်းကြောင်းတို့ကို The Straits Time နှင့် International Business Time တို့က ဖော်ပြလာခဲ့ကြပါသည်။

အင်း. . . စိတ်မောစရာကြီးပါလား။

သည်လို နို့မှုန့်တွေ၊ သည်လို အိမ်သုံးဆေးဝါးတွေ၊ သည်လို စားသုံးဆီတွေ၊ သည်လို ကြွက်သတ်ဆေးခတ်ထားတဲ့ မုန့်တွေ၊ သည်လို အဆုတ်ကင်ဆာ ဖြစ်စေတဲ့ ကားတွေ ကျွန်တော်တို့ဆီ ထိုးဖောက်ဝင်ရောက်လာမှဖြင့်။ လူ့ခန္ဓာကိုယ်ကိုလှီးထုတ်ဖြတ်တောက်ရောင်းဝယ်တာကလည်း ငွေကြောင့်။ ရေနစ်နေတဲ့ ကလေးကို ဆင်းဆယ်၊ မဆယ်ကလည်း ငွေကြောင့်။

'To get rich is glorious' ဟု ဆိုသော်လည်း ငွေကြေး (သို့မဟုတ်) အသပြာ (သို့မဟုတ်) ပိုက်ဆံ၏မျက်ခွက် တစ်ခုတည်းကို ကြည့်ကာ ဈေးကွက်ထဲသို့ဝင်ရောက်လာလျှင်ဖြင့် စားသုံးသူတို့အတွက် အန္တရာယ်ကြီးလွန်းလှပါသည်။ ကိုယ့်စားသုံးသူပြည်သူလူထု အန္တရာယ်မကျရောက်ရလေအောင် အစောင့်အနေ ထူထပ်ကြပ်မတ်သင့်လှပါသည်။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

**၂၀၁၂ဩဂုတ်၁၆ ရက်ထုတ် အတွဲ(၁၁)အမှတ်(၂၃) 7Day News တွင် ဆောင်းပါးရှင်မောင်သာချို၏ "ဘယ်စာကိုဘယ်အခါကစလို့ဘယ်နှဝါမောင်သင်မတုံး" ဆောင်းပါးကိုဖတ်လိုက်ရတော့ပညာရေးနဲ့ပတ်သက်ပြီး မိဘများရဲ့ အယူအဆမှားယွင်းမှုကြောင့်ကလေးတွေအတွက် ထိခိုက်နစ်နာဆုံးရှုံးရမှုတွေကို ရိုးသားပွင့်လင်းစွာထောက်ပြလိုတဲ့ ဆန္ဒတွေတဖွားဖွားပေါ်ပေါက်လာခဲ့ပါတယ်။**



# မိဘများအတွက် ဖတ်စာ

ညြင်(သံတွဲ)

(၁)

တစ်ခါက ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက်မှာ ဖွင့်လှစ်ထားတဲ့ မူကြိုကျောင်းတစ်ကျောင်းကို ရောက်သွားခဲ့တယ်။ သင်ကြားသူဆရာလေးဟာ စင်ကာပူမှာ အလုပ်သွားလုပ်ရင်း မူကြိုလုပ်ငန်းကို စိတ်ဝင်စားတာမို့ စင်ကာပူမှာ မူကြိုလုပ်ငန်းကို ဇောင်းပေးပြီး လေ့လာခဲ့တယ်လို့ သိရတယ်။

ရှေးဦးစွာ ဆရာလေးက ဂီတာတီးပြီး ကလေးတွေက တေးသီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုရင်း တစ်နေ့တာအတွက် စတင်လိုက်ကြတယ်။ ပြီးတော့ ဆရာလေးက အဝတ်နဲ့ချုပ်ထားတဲ့ အရုပ်နှစ်ရုပ်ကိုယူလားပြီး "ကလေးတို့ရေ ဦးဦးပုံပြောမယ်။ လာကြ" လို့ကလေးတွေကိုခေါ်လိုက်တယ်။

"တစ်ခါတုန်းက မနီနဲ့ မောင်ဖြူဆိုတဲ့ မောင်နှမနှစ်ယောက်ရှိတယ်"လို့ အစချီပြီး လက်ထဲက အရုပ်နှစ်ရုပ်ကို ပြလိုက်တယ်။

"တစ်နေ့မှာ မောင်နှမနှစ်ယောက်ဟာ ရွာတစ်ရွာကို သွားကြသတဲ့"ဆိုပြီး အရုပ်နှစ်ရုပ်ကို လမ်းလျှောက်တဲ့ ဟန်ပန်နဲ့လုပ်ပြလိုက်တယ်။ ကလေးတွေအားလုံးဟာ အရုပ်ကိုကြည့်ပြီး စိတ်ဝင်စားစွာ နားထောင်နေကြတယ်။

"မောင်နှမ နှစ်ယောက်သွားနေတဲ့ လမ်းမှာ တောအုပ်ကလေးတစ်ခုကို ဖြတ်သွားရသတဲ့။ လမ်းဘေးရေကန်မှာလည်း ကြာပန်းတွေ ပွင့်နေကြလို့ပေ့ါ။ ကြာရွက်ကြီးတွေကလည်း အကြီးကြီးတွေပဲ။ အဲဒီအချိန်မှာ မမျှော်လင့်ဘဲ မိုးရွာပါလေရောကွယ်။ သူတို့မောင်နှမနှစ်ယောက်လုံးမှာလည်း ဆောင်းစရာ မပါလာဘူးတဲ့" ဆိုပြီး ပုံပြင်ကိုရပ်ထားလိုက်တယ်။

ကလေးတွေဟာ ရှေ့ဆက်ပြီး ဘာဖြစ်မှာလဲဆိုတဲ့ သိချင်ဇောတွေ ကပ်နေကြတယ်။ အသံတစ်သံမှ မထွက်ဘူး။ တိတ်ဆိတ်နေတယ်။ အရုပ်နှစ်ရုပ်ရဲ့ သတ္တိ၊ ဆရာလေးရဲ့ အသံနေ အသံထား၊ တင်ပြပုံနည်းစနစ်တို့ဟာ ကလေးတွေ အားလုံးကို ဖမ်းစားနိုင်ခဲ့တယ်။ ဆရာလေးဟာသူ့အနားမှာရှိတဲ့ မိန်းကလေးတစ်ဦးကို 'သမီးလေးက မနီဆိုရင် သမီးလေးဘာလုပ်မှာလဲ'လို့ မေးခွန်းမေးပါတယ်။ ယောကျ်ားလေးတွေကိုလည်း 'သားလေးက မောင်ဖြူဆိုရင် သားလေးဘာလုပ်မှာလဲ' စတဲ့ မေးခွန်းတွေကို တစ်ယောက်စီ မေးလိုက်ပါတယ်။

တချို့က မဖြေနိုင်ကြဘူး။ ဖြေနိုင်တဲ့ ကလေးတွေကလည်း စိတ်ကူးအမျိုးမျိုးနဲ့ အဖြေအမျိုးမျိုးကို ပေးကြတယ်။ ကလေးတွေအားလုံးတက်ကြွလန်းဆန်းနေကြတယ်။ စာသင်ခန်းရဲ့ပတ်လည်နံရံတွေမှာလည်း ကလေးတွေအတွက် ရုပ်ပုံအမျိုးမျိုးပါဝင်တဲ့ Wall Sheets တွေကပ်ထားတယ်။ ရွှေငါးလေးတွေ မွေးထားတဲ့ ငါးကန်တစ်ကန်လည်း တွေ့ရတယ်။ ကစားစရာ အရုပ်လေးတွေလည်း အများအပြားရှိနေတယ်။ Reading Corner ဆိုပြီး စာအုပ်စင်တစ်စင်ကိုလည်း တွေ့ရတယ်။ စာအုပ်တွေကတော့ ကလေးတွေရဲ့ မိဘများအတွက် ဖြစ်တယ်။

ဆရာလေးကို အထင်ကြီးပြီး သင်ကြားမှုပိုင်းကို စိတ်ဝင်တစားနဲ့ အကဲခတ်နေစဉ် သင်ကြားမှုတစ်ခုကြောင့် စိတ်ဘဝင်မကျဖြစ်သွားခဲ့ရတယ်။

ကလေးတွေအားလုံးဟာ ငါးနှစ်မပြည့်ကြသေးဘူး။ ဒါပေမဲ့ သူငယ်တန်းအတွက် ပြဋ္ဌာန်းထားတဲ့ Primer ကို သင်ပေးနေတာ တွေ့ရတယ်။ အသံထွက်ရုံမျှမက စာလုံးပေါင်းပါ သင်ပေးနေတာကြောင့် ဆရာလေးကို စိတ်ပျက်သွားမိခဲ့တယ်။

စာရေးသူနဲ့ ဆရာလေးက ရင်းနှီးပြီးသားမို့ ဘာကြောင့် Primer ကို သင်သလဲ။ ဘာကြောင့် စာလုံးပေါင်းတွေသင်သလဲလို့မေးလိုက်တယ်။ Primer ဟာ စာလုံးပေါင်းသင်ရမယ့် ဖတ်စာအုပ် မဟုတ်ပါ။ ဆရာလေးက "ကျွန်တော် ဒီလိုမသင်ရင် ကျွန်တော့်ကျောင်းမှာ ဘယ်မိဘ ကမှ သူ့ကလေးကို လာထားမှာ မဟုတ်ဘူးဦးဦးရေ"လို့ ပြန်ပြောပါတယ်။

(၂)

မိဘ တော်တော်များများဟာ သားသမီးအပေါ် သူတို့ဖြစ်စေချင်တဲ့ သူတို့ရဲ့ ဆန္ဒကို ဦးစားပေးပြီး ပုံဖော်တတ်ကြတယ်။ မိဘအချင်းချင်းကလေးတွေကိုကြားခံပစ္စည်း(ငွေ)လိုသဘောထားပြီး ပြိုင်ကြတယ်။ မိဘချင်းပြိုင်ဆိုင်မှုဟာ ကလေးတွေအပေါ်မှာ ဆိုးကျိုးတွေဖြစ်နေတယ်ဆိုတာကိုသဘောမပေါက်ကြဘူး။ သားသမီးတွေ အဆင့်(၁)ရအောင် အပြင်းအထန်ကြိုးစားခိုင်းကြတယ်။

ဆရာမောင်သာချိုရဲ့စကားနဲ့ ပြောရရင် ကမ္ဘာကိုသာမက စကြဝဠာကိုပါ လွှမ်းသွားအောင် သင်ကြားနေကြသည့် ပုံစံမျိုး။

ပညာရေးဌာနမှာ သင်ရိုးတစ်ခုကို ပြဋ္ဌာန်းမယ်ဆိုရင် ကလေးရဲ့ ဇာတာသက်၊ စိတ်သက်ကို အခြေခံပြီး ပြဋ္ဌာန်းကြရပါတယ်။ ငါးနှစ်အရွယ် ကလေးတစ်ယောက်အတွက် ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာများဟာ သူတို့ရဲ့ ဦးနှောက်ဖွံ့ဖြိုးမှုအပေါ်မှာ အခြေခံထားခြင်း ဖြစ်ပါတယ်။ သူငယ်တန်းကလေးများအတွက် Primer စာအုပ်ဟာကြည့်ပြီး ရွတ်ဆိုတတ်ရုံ Look and Say အတွက်မျှသာ ဖြစ်ပါတယ်။ စာလုံးပေါင်းဖတ်တတ်အောင် စီစဉ်ထားခြင်း မဟုတ်ပါ။ ပန်းသီးကိုမြင်လိုက်ရင် 'အဲ့ပဲလ်' လို့ အသံထွက်ပြီး ပြောတတ်ရုံမျှသာ ဖြစ်ပါတယ်။

မိဘတော်တော်များများ (ပညာတတ်မြို့နေ လူတန်းစားများ) ဟာ သူတို့ရဲ့ သူငယ်တန်း သားသမီးများ စာလုံးပေါင်းပြီး ဖတ်တတ်တာကိုသာ လိုချင်ကြပါတယ်။ ကြည့်ပြီး ရွတ်ဆိုတတ်ရုံမျှနဲ့ မ ကျေနပ်ကြပါ။ ကျောင်းမအပ်မီ မူကြိုထားကြစဉ်ကပင် Primer ကိုအရကျက်ပြီးအလွတ်ဆိုတတ်အောင် အပြိုင်အဆိုင်အားထုတ်ကြပါတယ်။

ကျွန်တော်တို့မြို့က အလယ်တန်းကျောင်းတစ်ကျောင်းမှာ မူကြိုဖွင့်လှစ်သင်ကြားပါတယ်။ ကျောင်းအုပ်ဆရာကြီးက "ကျောင်းဖွင့်စ ဇွန်လမှာ မူကြိုကလေးတွေ တော်တော်များပါတယ်။ ဇူလိုင်မှာ ထက်ဝက်လောက် ကျောင်းထွက်သွားပြီး ဩဂုတ်လမှာ မရှိသလောက် ဖြစ်သွားပါတယ်"လို့ ပြောပါတယ်။ အဖြေက ရှင်းပါတယ်။ Primer ကို မသင်လို့ပေ့ါ။

(၃)

ကလေးများအတွက် ကိုယ်ကျင့်တရားများ၊ စာရိတ္တများ ကောင်းမွန်အောင် ပုံပြင်များနားထောင်ခြင်း၊ ဉာဏ်ရည် ဉာဏ်သွေးထက်မြက်အောင် လေ့ကျင့်ပေးသည့် သင်ထောက်ကူပစ္စည်းများအသုံးပြုခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း အိပ်စက်အနားယူခြင်း၊ အဟာရကျွေးမွေးခြင်းစတဲ့ ကလေးများအတွက် အမှန်တကယ် လိုအပ်ချက်များကို လျစ်လျူရှုပြီး ငါ့သားသမီးအဆင့်(၁)ရအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ ဆန္ဒဇောနဲ့ ကလေးတွေကို မတန်တဆ လုပ်ခိုင်းထားကြတယ်။

ဆရာမောင်သာချိုက 'သူများကလေးရှေ့မှာ ကိုယ့်ကလေးက ရောက်နေစေလိုသည့် အငမ်းမရနေရာခိုးလိုစိတ်များဖြင့် ကလေးကို ဇွတ်ဖိအားပေးပြီး စာသင်ခိုင်းနေကြသော ခေတ်ကြီးကိုကား ကျွန်တော်အံ့ဩမိပါသည်" ဟု ရေးသားပါတယ်။

ကျွန်တော်ကတော့ မိဘတွေဟာ ကလေးတွေကို နှိပ်စက်နေတယ်လို့ မြင်မိပါတယ်။ ငယ်စဉ်က သိပ်စာတော်တယ်ဆိုတဲ့ ကလေးတွေ အရွယ်ရောက်လာတော့ ဘယ်နှယောက်လောက်များ ထူးချွန်ထက်မြက်ပြီး လူလားမြောက်သွားကြပါသလဲ။ ဒီကနေ့ မြန်မာနိုင်ငံက အောင်မြင်နေတဲ့ လူတွေထဲမှာ ငယ်စဉ်က ပုဆိုးစလွယ်သိုင်းပြီး တုတ်တစ်ချောင်းနဲ့ နွားကျောင်းခဲ့သူတွေ၊ ရွှံ့ဗွက်တွေ ကြားပြေးလွှားဆော့ကစားခဲ့သူတွေ။ ကလေးသဘာဝအတိုင်း ခပ်ရိုင်းရိုင်းနေလာခဲ့သူတွေ ရှိကြပါတယ်။

တစ်နေ့က ဩစတြေးလျမှာ ပညာသင်နေတဲ့ ကလေးနှစ်ယောက်ရဲ့ အဘိုးဖြစ်သူ (စာရေးသူရဲ့ မိတ်ဆွေ)နဲ့တွေ့တယ်။ သူ့မြေးနှစ်ယောက်ဟာ ဩစတြေးလျမှာ ကျောင်းတက်နေတာ တစ်နှစ်မပြည့်သေးပါဘူး။ စာသင်ရတဲ့အချိန်ထက် ကစားရတဲ့အချိန်က များတဲ့အကြောင်း တအံ့တဩပြောပြပါတယ်။ စာရေးသူရဲ့ မိတ်ဆွေဟာ ပညာရေးနှင့်ပတ်သက်ပြီး သိထားမှုအလွန်အားနည်းသူတစ်ဦးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူ့မြေးနှစ်ယောက် စာဘယ်လိုဖတ်ခဲ့ရတယ်။ ဘယ်လိုကျောင်းတက်ခဲ့ရတယ်။ ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာနဲ့ ပြောင်းပြန် ဖြစ်နေတာကို အံ့ဩနေတယ်။ သူ့မြေးနှစ်ယောက်ဟာ စာမဖတ်ဘဲ စာတတ်နေကြကြောင်းကို သူနားလည်နိုင်လောက်တဲ့ စကားလုံးတွေနဲ့ ရှင်းပြလိုက်ရတယ်။

မိဘများဟာ ကိုယ့်သားသမီးများရဲ့ ဝါသနာကိုသိရှိနားလည်ထားသင့်ပါတယ်။ ကလေးတွေရဲ့ ဝါသနာကို ဇောင်းပေးပြီး လမ်းကြောင်းဖြောင့်ပေးဖို့ လိုပါတယ်။ အထက်တန်းအဆင့်ကို ရောက်လာတဲ့ကလေးတွေအတွက် ဘဝင်မကျစရာ ဖြစ်နေရတာတစ်ခုကိုလည်း တင်ပြလိုပါတယ်။ မြန်မာနိုင်ငံ ပညာရေးစနစ်အရ နဝမတန်းကို ရောက်လာရင် ဘာသာတွဲတွေ ခွဲခြားရပါတယ်။ ဘာသာတွဲ ၈ ခုရှိပါတယ်။ များသောအားဖြင့် ဘာသာတွဲ(၁) (ဝိဇ္ဇာ၊ သိပ္ပံ)၊ ဘာသာတွဲ(၂)(ဝိဇ္ဇာ)နဲ့ ဘာသာတွဲ(၇) သိပ္ပံ များကို ယူသူများကြပါတယ်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
# Business
Vol.11, No.26 • SEPTEMBER 6 , 2012

## ရေမြုပ်လယ်မြေပိုင် လယ်သမားများကို ချေးငွေထပ်ပေးရန် စီစဉ်

**ပြည်သိမ်း**

**ရန်ကုန်၊ဩဂုတ်-၃၁**

ရေကြီးနစ်မြုပ်ခဲ့ရသည့် လယ်မြေများမှ လယ်သမားများကို နိုင်ငံတော်က မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေထပ်မံပေးရန် ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းဆိုထားကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတင်းရရှိသည်။

"လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေထပ်ပေးနိုင်ရင်ပေး။ ဒါမှမဟုတ် ပြန်ဆပ်ဖို့ နှစ်ဆိုင်းပေးရင်ပေးဖို့ တင်ပြထားတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အထွေထွေအတွင်းရေးမှူး ဦးအေးကျော်ကပြောသည်။

ထိုသို့ တင်ပြရာတွင် ချေးငွေပမာဏကို ဖော်ပြခြင်းမရှိဘဲ ပြည်ထောင်စုအစိုးရအဖွဲ့၏ အစီအစဉ်အတိုင်းသာ ရယူမည်ဖြစ်သည်။ လယ်ယာဖွံ့ဖြိုးရေးဘဏ်က တစ်ဧက ကျပ်ငါးသောင်းနှုန်းဖြင့် ယခုနှစ် မိုးစပါးအတွက် လယ်သမားများအား ထုတ်ချေးခဲ့ပြီးဖြစ်သည်။

ဩဂုတ်လဆန်းရက်ပိုင်းက ရွာသွန်းခဲ့သည့် မိုးများကြောင့်



**သာပေါင်းမြို့နယ်ရှိ ရေလွှမ်းနေသော စပါးခင်းများနှင့် ဒေသခံကလေးငယ်သုံးဦးကို တွေ့ရစဉ်**
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဧရာဝတီတိုင်းဒေသကြီးရှိ နေရာအချို့တွင် မြစ်ရေလျှံပြီး လယ်ဧကနှစ်သန်းကျော် ရေနစ်ခဲ့ရသည်။ နောက်ဆုံး၌စာရင်းများအရ ရေနစ်လယ်မြေများမှာ ဧက ၉၇,၀၀၀ ကျော် ပျက်စီးခဲ့သည်။

"ပြန်စိုက်ဖို့အဓိကလိုနေတာက ငွေကြေးနဲ့ မျိုးစပါးပဲ"ဟု ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အလယ်ဘူတာရွာမှ လယ်သမားကြီး ဦးညာဏ်စိန်က ဆိုသည်။

ယခင်နှစ် မိုးစပါးစိုက်ပျိုးချိန်မှာလည်း ဧရာဝတီတိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးများပြီး လယ်မြေများ ရေနစ်ပျက်စီးခဲ့ရသည်။ ထို့အပြင် စပါးပေါ်ချိန်တွင်လည်း ဈေးကောင်းမရသဖြင့် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရသည်။ ဆောင်းသီးနှံမှာလည်း ဈေးမရခဲ့ပေ။ ယင်းအခက်ခဲများကြောင့် လယ်သမားအချို့မှာ ချေးယူခဲ့သော အကြွေးများ ပြန်ဆပ်နိုင်ခဲ့ခြင်း မရှိပေ။

"ငွေမတတ်နိုင်သူကတော့ ပြန်စိုက်မှာ မဟုတ်ဘူး။ သူတို့က ရွာထဲမှာ အများစုပဲ"ဟု ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ လယ်သမားတစ်ဦးက ပြောသည်။

**စာ(၃၅)သို့**

## ဆန်ကြမ်းဈေးတက်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၃၀**

စပါးခင်းများ ရေကြီးနစ်မြုပ်သည့်သတင်းအပါအဝင်ပြည်ပဆန်ဈေးတက်လာခြင်းကြောင့် ပြည်တွင်းဆန်ကြမ်းဈေးနှုန်းများ ဆက်တိုက်တက်လာကြောင်း သတင်းရရှိသည်။

"ဆန်ချော(ပေါ်ဆန်းအုပ်စု)ဈေးတော့မတက်ဘူး။ အကြမ်း(ညှော့မထအုပ်စု)ဈေးပဲ တက်လာတာ၊ ဝယ်ဈေးက တစ်အိတ်ကို ၁၆,၅၀၀ ကျပ်ဈေးရှိတယ်"ဟု ဘုရင့်နောင်အခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။

ဇူလိုင်လကုန်ထိ ဆန်ကြမ်းတစ်အိတ်လျှင် ၁၄,၀၀၀ ကျပ်သာရှိခဲ့ရာမှ ဩဂုတ်လလယ်တွင် တစ်အိတ်လျှင် ၁၅၀၀ ကျပ်ခန့် ဈေးတက်လာခဲ့ပြီးနောက် လကုန်ပိုင်းတွင် ထပ်မံဈေးတက်ကာ တစ်အိတ် ကျပ် ၇၀,၀၀၀ ကျော်လာခြင်း ဖြစ်သည်။

**စာ(၃၄)သို့**

## တရုတ်နိုင်ငံသို့အမဲသား ပြန်ပို့နိုင်ရန် ကြိုးစား

**သန်းဌေး**

**ရန်ကုန်၊ ဩဂုတ်-၃၁**

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီတွင် ကျွဲ၊ နွား ခွာနာ လျှာနာရောဂါ ကင်းရှင်းရေးယာသတ်မှတ်ပြီး အဆိုပါဒေသထွက် အမဲသားများအား တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်ကြီးက ပြောသည်။

"တချို့ကင်းစင်တဲ့ဒေသမှာ ခွာနာ လျှာနာ လုံးဝမဖြစ်ပါဘူး၊ အဲဒီကထုတ်တဲ့ အမဲသား ဖြစ်ပါတယ်၊ လက်ခံပါဆိုပြီးတော့ လာမယ့်ကုန်သွယ်ရေးညှိနှိုင်းအစည်းအဝေးမှာ တာဝန်ရှိတဲ့လူတွေနဲ့ ညှိနှိုင်းပြီးရင် နောက်ပိုင်းမှာ တင်ပို့လို့ရလာမှာပေါ့"ဟု ၎င်းကပြောသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံသည် ကျွဲ၊ နွား ခွာနာလျှာနာရောဂါကင်းရှင်းသည့် နိုင်ငံအဖြစ် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)၏ ထောက်ခံချက် မရရှိသေးပေ။

"ကျွန်တော်တို့နိုင်ငံမှာ ခွာနာလျှာနာရှိတယ်လို့ ပြောတယ်။ ဒေါင့်သန်းရှိတယ်လို့ ပြောတယ်။ တခြားနိုင်ငံတွေက မဝယ်ချင်လို့ မဟုတ်ဘူး။ သိရက်သားနဲ့ အရမ်းဝယ်ချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာပေါ်မှာ အရှားဆုံးက အမဲသားဖြစ်တယ်။ ပိုက်ဆံရှိတဲ့ နိုင်ငံအားလုံးဟာ အမဲသားပဲ စားချင်တယ်။ ကြက်လို ချက်ချင်းမွေးလို့မရဘူး"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ မြင့်သိန်းက ပြောသည်။

**စာ(၃၄)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၅ | ၈၇၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၅ | ၈၇၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၉ | ၇၀၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၈၂ | ၁၁၀၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂၅ | ၂၇. ၃ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၃ | ၁၃၅ | ကျပ် |

၂၀၁၂ စက်တင်ဘာ ၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၀၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၉၄၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၃၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၄၈၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၅၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၃. ၁၉ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၂၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၃၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၂၇. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၇၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၁၀၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၈၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၄၄၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၂၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၈၇. ၆၀၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၅၇၀ |
| ငွေ | ၁ အောင်စ | ၃၁. ၄၄၂ |
| ကြေးနီ | ပေါင် | ၃၄၅. ၇၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၇၉၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ စက်တင်ဘာ ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ရွှေအရောင်းအဝယ် မကောင်း

သိမ့်သိမ့်စိုး

**ရန်ကုန်၊ စက်တင်ဘာ - ၁**

ကမ္ဘာ့ ရွှေဈေး မြင့် တက် နေမှု ကြောင့် ပြည်တွင်းရွှေဈေးပါတက်နေ၍ ရွှေဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သူနည်းနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်း ရွှေအရောင်းအဝယ် အဓိကလုပ်ရာ အရပ်ဖြစ်သော ရွှေဘုံသာလမ်းဈေးကွက်သည်လည်း နယ်စပ်ဝယ်လိုအားနည်းနေသည့်အတွက် အရောင်းအဝယ်ပြုလုပ်သည့်ပမာဏ နည်းနေကြောင်း အပိုင်းဈေးကွက်၌နေ့စဉ်အရောင်းအဝယ် ပြုလုပ်နေသောကုန်သည်များကပြောသည်။

"ပြည်တွင်းဈေးက နယ်စပ်ဈေးထက် မြင့်နေတော့ နယ်စပ်အဝယ်မလိုက်တော့ဘူး။ ဒါကြောင့် အရောင်းအဝယ်လုပ်တာ ဒီရက်ပိုင်းမှာ နည်းနေတယ်။ နယ်စပ်အဆွဲများမှပြည်တွင်းဈေးကွက်က အရောင်းအဝယ် ကောင်းတာ"ဟု အပိုင်းအရောင်းအဝယ်ပြုလုပ်သည့် ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်တွင်း ရွှေဈေးနှုန်းများသည် နယ်စပ်ဈေးထက်စာလျှင် ကျပ်တစ်သောင်းဝန်းကျင် ဈေးနှုန်းမြင့်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းများမှာ တစ်အောင်စလျှင် ၁,၆၆၀ ဒေါ်လာဝန်းကျင်ထိ မြင့်တက်နေသည်။ ထို့ကြောင့် ပြည်တွင်းဈေးနှုန်းများမှာလည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၆၀,၀၀၀ ကျပ်ထိ မြင့်တက်နေသည်။ ၁၅ ပဲရည် ဈေးနှုန်းမှာလည်းတစ်ကျပ်သားလျှင်၆၈၀,၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးနှုန်းများမြင့်တက်နေသည်။

"ရွှေက ဈေးကလည်း ဆက်တိုက်တက်လာတာဆိုတော့ ဆက်တယ်မယ်မှန်းပြီး ပြန်ထုတ်တဲ့ဘက်မှာလည်း ဒီရက်ပိုင်း နည်းနေတယ်။ အထည်ဈေးကွက်မှာတော့ရောင်းအားရှိနေသေးတယ်" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ပြည်တွင်း ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ရွှေဆိုင်များတွင် ပြုလုပ်သော ဖြတ်စနှင့်အပိုင်းဈေးကွက်မှာလည်း အရောင်းအဝယ်နည်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။ သို့သော် အထည်ဈေးကွက် အရောင်းအဝယ်မှာ ပုံမှန်ထက် ဝယ်လိုအားနည်းနေသော်လည်း အရောင်းအဝယ်ကောင်းသော ဈေးကွက်တစ်ခုဖြစ်နေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။




## စာ(၃၃) - တရုတ်နိုင်ငံသို့အမဲသား ပြန်ပို့နိုင်ရန် ကြိုးစား မှ

မြန်မာ့ အသားထွက်ကုန်များတွင် ခွာနာလျှာနာရှိနေသောကြောင့် တရုတ်နိုင်ငံက လက်မခံနိုင်ဟုဆိုကာ အေးခဲအမဲသားများ တင်ပို့နေမှုအား ဇူလိုင်လဆန်းမှစတင်၍ လုံးဝပိတ်လိုက်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၁)ဦးဝင်းစိန်က ဇူလိုင်လ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

"အခုလောလောဆယ်တော့ နှစ်ဖက်တိရစ္ဆာန်ဆေးကုဌာနတွေ အချင်းချင်းညှိနှိုင်းနေတယ်" ဟု ဒေသတစ်ခုချင်းထွက် အမဲသားများ တင်ပို့ခွင့်ရရှိရေးအတွက် ဆောင်ရွက်နေမှုကို ဒေါက်တာအောင်ကြီးက ပြောသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အစ ဧပြီလမှ ဇွန်လအထိ သုံးလအတွင်း အေးခဲအမဲသား တန်ချိန် ၄,၈၈၄ တန်တင်ပို့နိုင်ခဲ့သည်။ သို့ရာတွင် ပုံမှန်ရက်သတ္တတစ်ပတ်လျှင် အေးခဲအမဲသားတန်ချိန် ၄၀၀ ခန့် တင်ပို့နေရာမှ ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၃ ရက်တွင်မူ ၁၄၅ တန်သာ တင်ပို့နိုင်တော့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စာရင်းဇယားများအရ သိရှိရသည်။

## စာ(၃၃) - ဆန်ကြမ်းဈေးတက် မှ

ထို့အပြင် ဗီယက်နမ်နှင့် အိန္ဒိယမှ ဆန်ဈေးများ ဈေးမြင့်ရောင်းလာခြင်းအပါအဝင် အခြားသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ပြည်ပနိုင်ငံသို့ တင်ပို့နေသည့်မြန်မာ့ဆန်ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၀ ခန့် ဈေးတက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်း ဗဟိုအလုပ်အမှုဆောင် ကိုမျိုးသူရအေးက ပြောသည်။

ရေကြီးနစ်မြုပ်နေသည့် ရက်များကလည်း မြဝတီနယ်စပ်ဂိတ်ပေါက်မှ ဆန်နှင့် ဆန်ကွဲများ ဝယ်ယူမှုများခဲ့ကြောင်းလည်း သတင်းရရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင်လည်း ဆန်ဈေးမြင့်တက်လာခြင်းကြောင့်ဆန်အိတ်လေးသောင်းရောင်းချပေးရန် အရန်ဆန်ကြီးကြပ်ရေးကော်မတီသို့ တိုင်းဒေသကြီးအစိုးရက တောင်းဆိုထားကြောင်း အရန်ဆန်ကြီးကြပ်ရေးကော်မတီမှ ဒေါက်တာစိုးထွန်းက ပြောသည်။

ပြီးခဲ့သည့်လအတွင်း အရန်ဆန် ကြီးကြပ်ရေးကော်မတီက ဆန်တန်ချိန် ၄,၅၀၀ အား လက်သိပ်ထိုးရောင်းချခဲ့သဖြင့် ဈေးကွက်တွင်း သက်ရောက်မှု မရှိခဲ့ကြောင်း ဆန်ကုန်သည်များက ပြောသည်။

"တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်း ဈေးတက်တာမဟုတ်ဘူး။ တစ်နိုင်ငံလုံးတက်နေတာကို ဈေးကွက်ထဲ ထိုးရောင်းပေးမှ သက်ရောက်မှုရှိမှာပေါ့"ဟု ဘုရင့်နောင်အခြေစိုက် ဆန်ကုန်သည် တစ်ဦးက ပြောသည်။

စက်တင်ဘာလ ၁ ရက်မှစ၍ အရန်ဆန်ကြီးကြပ်ရေးကော်မတီက ဝါးတန်းဆန်ကုန်စည်ဒိုင်မှ ဆန်အိတ်တစ်သိန်းအထိ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

TRADEMARK CAUTION
PT.Nutrifood Indonesia., a company incorporated in Indonesia at Jl. Rawabali II No 3, K.I.P, Jakarta 13920 Indonesia is the Owner and Sole Proprietor of the following Trademark:-

Nutrisari

Reg: 4/6002/2012
In respect of : Int'l class 32 : "Mineral water (beverages), non-alcoholic fruit extracts, non-alcoholic fruit juice beverages, syrup for beverages, syrup for lemonade, tomato juices (beverages), unfermented grape must, vegetable juices (beverages), preparations for making beverages , essences for making beverages, lemonades, fruit juice"

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 6. Sept. 2012

# ကုန်စည်ပြပွဲများတွင် ပါဝင်ရောင်းချသော ကုမ္ပဏီ လျော့နည်းလာ

**ခင်ငြိမ်းချမ်းစိုး**
**ရန်ကုန်၊ ဩဂုတ်-၃၁**

ရန်ကုန်၊ မန္တလေးနှင့် အခြားနယ်မြို့များတွင် ကုန်စည်ပြပွဲများ ဆက်တိုက်ကျင်းပနေခြင်းကြောင့် ပါဝင်ရောင်းချသည့်ကုမ္ပဏီလျော့နည်းလာသည့် ပြဿနာနှင့် ကြုံတွေ့နေရကြောင်းပြပွဲစီစဉ်သူများထံမှ သတင်းရရှိသည်။

"ပြပွဲတွေက ရန်ကုန်မှာဆိုရင် တစ်ပတ်တစ်ပွဲလောက်ဖြစ်နေတယ်။ အရင်က တစ်လတစ်ခါလောက်ပဲလုပ်ကြတာ။ ၂၀၁၁-၂၀၁၂ ခုနှစ်လောက်မှာ အရမ်းစိပ်လာတယ်။ ပြပွဲတွေ များလာတာကြောင့်ကုမ္ပဏီတွေ ချိတ်ရတာလည်း အဆင်မပြေတော့ဘူး။ ဈေးကွက် ပျက်လာတယ်။ ပရိသတ်အဝင်လည်းနည်းသွားတယ်" ဟု ငါးနှစ်ခန့် ပြပွဲစီစဉ်သူအဖြစ်လုပ်ကိုင်ခဲ့သော Conquest ကုမ္ပဏီမှ ဒါရိုက်တာကိုချမ်းငြိမ်းက ဆိုသည်။

ရန်ကုန်၊ မန္တလေးတွင်သာမက အခြားနယ်မြို့များတွင်ပါကားပြပွဲ၊ လူသုံးကုန်ပစ္စည်းပြပွဲ၊ အိမ်သုံးပရိဘောဂပြပွဲစသည်ဖြင့် ကုန်စည်ပြပွဲများ ပြုလုပ်လျက်ရှိရာ ပြပွဲ စီစဉ်သူ များပြားလာပြီး လာရောက်ကြည့်ရှုသူမှာနည်းပါးသွားကြောင်း သိရသည်။

ရန်ကုန်မှပြပွဲစီစဉ်သူတစ်ဦးက "ကုမ္ပဏီတွေကလည်း ချိတ်ကြတာပေါ့။ ပွဲတွေက အပတ်စဉ် ရှိနေတော့ လူဝင်မယ့်ပွဲနဲ့ ဈေးနှုန်းသက်သက်သာသာ ရမယ့်ပွဲကို ရွေးကြတယ်" ဟု ကုန်စည်ပြပွဲဈေးကွက်ကို သုံးသပ်ပြောကြားသည်။

ပြပွဲစီစဉ်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်ကာ ဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်ရန် ကြိုပမ်းသင့်ကြောင်း၊ အုပ်စုတစ်ခုအနေဖြင့် ဖွဲ့စည်းကာ ညှိနှိုင်းဆောင်ရွက်ရမည့် အချိန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြပွဲစီစဉ်သူအချို့က ဆိုသည်။

နယ်မြို့များတွင် ကုန်စည်ပြပွဲများ ကျင်းပသည့်အခါ တစ်ပတ်လျှင် တစ်ပွဲဖြစ်နေခြင်းကြောင့် လာရောက်ကြည့်ရှုဝယ်ယူသူ ဦးရေမှာ သိသာစွာ နည်းပါးသွားကြသည်။

လူဝင်နည်းခြင်းကြောင့် လာရောက်ပြသရောင်းချမည့် ကုမ္ပဏီများကို ခေါ်ယူရာတွင် အခက်အခဲများဖြစ်နေကြောင်း နယ်ပွဲစီစဉ်သူများကဆိုသည်။

ယခုနောက်ပိုင်းတွင် နယ်မြို့များတွင် ကုန်စည်ပြပွဲများ ပြုလုပ်သည့်အခါ လူဝင်စေရန် ထည့်သွင်းသည့် ဖျော်ဖြေရေးအစီအစဉ်များကို ပြုလုပ်ခွင့် မပေးတော့ကြောင်း သိရသည်။ ဖျော်ဖြေရေးအစီအစဉ်များကြောင့် ပြပွဲလက်ခံကျင်းပသည့် ခန်းမများ၊ ဥယျာဉ်များ ပျက်စီးခြင်းများရှိသည်ဟုလည်း တောင်ကြီးမြို့ရှိ မြို့ခံအချို့ကပြောသည်။

ပြပွဲများတွင် ဖျော်ဖြေရေးအစီအစဉ် မထည့်တော့ခြင်းကြောင့် လာရောက်ကြည့်ရှုသူဦးရေမှာပိုမိုနည်းပါးလာပြီး ပြပွဲစီစဉ်ရာတွင် အခက်အခဲများဖြစ်လာသည်ဟု ပြပွဲစီစဉ်သူများက ဆိုသည်။

ကုန်စည်ပြပွဲများ ဆက်တိုက်ကျင်းပလျက်ရှိသည့်အနက် ယခုနောက်ပိုင်းတွင် အများစုမှာ ကားနှင့်ပတ်သက်သော ပြပွဲများဖြစ်သည်။

## စာ(၃၃) - ရေမြုပ်လယ်မြေပိုင် လယ်သမားများကို ချေးငွေထပ်ပေးရန် စီစဉ် မှ

ပျက်စီးသွားသော လယ်မြေများအတွက် နိုင်ငံတော်သမ္မတက မျိုးစပါးတင်းပေါင်း ၈၀,၉၀၀ ကျော် အတွက် ကျပ်ငွေသိန်း ၄,၀၀၀ ကျော်နှင့်မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်က မျိုးစပါးတင်း ၃,၀၀၀ ထောက်ပံ့ပေးခဲ့သည်။

ယခုနှစ် စံချိန်တင် မိုးရွာသွန်းမှုများကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လယ်ဧကခြောက်သိန်းကျော် ရေနစ်မြုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်း အသင်းချုပ်က ပြုစုထားသော စာရင်းများအရ သိရသည်။

ရေကြီးနစ်မြုပ်မှုများကြောင့် ငွေကြေးတတ်နိုင်သူများက ဆန်ဝယ်ယူ စုဆောင်းမှုများ ရှိနေသဖြင့် ဈေးကွက်တွင် ဆန်ဈေးနှုန်းများ မြင့်တက်လာမည်ကို စိုးရိမ်ပြီး နိုင်ငံတော်အရန်ဆန်မှ ဆန်တန်ချိန် တစ်သောင်းနီးပါး နှစ်လအတွင်း ဈေးကွက်ကိုထုတ်ရောင်းထားကြောင်း နိုင်ငံတော် အရန်ဆန်ဝယ်ယူရေးကော်မတီမှ သတင်းရရှိသည်။

ဧရာဝတီတိုင်း ဒေသကြီးတွင် ရေဘေးသင့် ၈ မြို့နယ်အတွက် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကစေတနာရှင်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့မှ ထောက်ပံ့အလှူငွေကျပ်သိန်း ၈,၀၀၀ ကျော်တန်ဖိုးရှိ မျိုးစပါး၊ ဆန်နှင့်ရိက္ခာပစ္စည်းများထောက်ပံ့ပေးခဲ့သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy Mini | 118,000 |
| Galaxy Ace II | 230,000 |
| Galaxy Y | 118,000 |
| Galaxy Gio | 135,000 |
| Galaxy Ace | 175,000 |
| Galaxy Note | 465,000 |
| Galaxy S Plus | 265,000 |

**LU GYI MIN Mobile, Mobile Planet, Unique, Mobile Country ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### iPhone

| Model | Price |
|---|---|
| iPhone 4S (16 GB) | 615,000 |
| iPhone 4S (32 GB) | 675,000 |

### Sony Ericsson

| Model | Price |
|---|---|
| Arc S | 245,000 |
| Ray | 185,000 |
| Neo V | 190,000 |
| Xperia Neo L | 235,000 |
| Sony Ericsson W 13i | 95,000 |
| Sony Ericsson $X_8$ | 117,000 |
| Xperia X 10 | 238,000 |

### Huawei

| Model | Price |
|---|---|
| U 8812 (GSM) | 147,000 |
| U 8860 (GSM) | 228,000 |
| U 8861 (GSM) | 88,000 |
| U 8818 (GSM) | 140,000 |
| U 8650 (GSM) | 88,000 |
| U 8812 D (GSM) | 158,000 |
| U 1280 (GSM) | 45,000 |
| T 2281 (GSM) | 58,000 |

**စက်တင်ဘာ(၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 220,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 21,000 |
| EVD(ZEC) | DVK75 | 21,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 28,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 155,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 170,000 |
| Samsung | WT10J | 170,000 |
| **Aircon** | | |
| Chigo | 1.0HP | 195,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 195,000 |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၂၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၈၀-၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၈၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၈၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၂၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၂၀ |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၂၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| အာလူး | တစ်ပိဿာ | ၅၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၈၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၆၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၈၀၀-၃၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၃,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |

**ဩဂုတ်(၃၀) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Aug(26) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(27) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(28) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(29) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(30) | 3,550 | 3,950 | 4,100 | 4,100 |
| Aug(31) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(1) | 3,550 | 3,950 | 4,100 | 4,100 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6" | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **MSI** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **Hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012



# အိုဘားမား၏ ပထမသက်တမ်းကို ခွဲခြမ်းစိတ်ဖြာခြင်း

ကြည်နေဝင်းမင်း

အမေရိကန်နိုင်ငံတွင် ပြုလုပ်သောလူထုထင်မြင်ချက်စစ်တမ်းများအရနိုဝင်ဘာလ သမ္မတရွေးကောက်ပွဲများမှာ အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် အနေအထားဖြစ်သည်။ လက်ရှိသမ္မတ ဘားရက်အိုဘားမားက ရီပက်ဘလေကန်ပါတီမှ စိန်ခေါ်သူ မစ်ရွမ်းနေအပေါ် နိုင်ငံခြားရေးပေါ်လစီတွင် အသာစီးရနေသော်လည်း စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးခြင်းနှင့် အလုပ်လက်မဲ့မြင့်မားမှု ကိစ္စရပ်များတွင် မစ်ရွမ်းနေက မျက်နှာသာရနေသည်။ အိုဘားမား၏ ဝေဖန်သူများကမူ နိုင်ငံခြားရေးပေါ်လစီကဏ္ဍမှာပင် သမ္မတအိုဘားမားသည် လွန်ခဲ့သောလေးနှစ်က ၎င်းကတိပြုခဲ့သော ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သည်ဟုဆိုကြသည်။ဝေဖန်ရေးသမားများ မှန်ကန်နေပြီလား။

အိုဘားမားအာဏာရလာချိန်မှာ အမေရိကန်နှင့် ကမ္ဘာ့စီးပွားရေးတွင် အကျပ်အတည်းများတွေ့နေချိန်ဖြစ်သည်။ တကယ်တော့အိုဘားမား၏ စီးပွားရေးအကြံပေးအချို့က စီးပွားရေးအားနှိုးဆွရန်အရေးတကြီးမလုပ်ဆောင်ပါက ကမ္ဘာ့စီးပွားရေးသည် ကျကပ်အတွင်း သက်ဆင်းရန် အလားအလာ ၃၀ ရာခိုင်နှုန်း ရှိသည်ဟုဖွင့်ဟပြောဆိုခဲ့ကြသည်။

ထို့အတွက်ကြောင့် အိုဘားမားမှာ ဆက်လက်ဖြစ်ပေါ်နေသော စစ်ပွဲနှစ်ပွဲကို အမွေခံခဲ့ရသည်သာမက အီရန်နိုင်ငံနှင့် မြောက်ကိုရီးယားတို့၏ နျူကလီးယားမပြန့်ပွားရေးချိုးဖောက်မှုခြိမ်းခြောက်ခြင်းများ၊ အယ်လ်ကိုင်ဒါအဖွဲ့၏ အကြမ်းဖက်ဝါဒပြဿနာများလည်း ကြုံတွေ့ခဲ့ရသည်။ အာဏာရခါစ စောစောပိုင်းလများတွင် အိုဘားမားသည် နိုင်ငံတွင်းမှာရောပြည်ပမှာပါကြုံတွေ့နေရသည့် စီးပွားရေးအခက်အခဲကိုစူးစူးစိုက်စိုက် ဖြေရှင်းခဲ့ရသည်။ သူ့ကြိုးပမ်းမှုများမှာ ပြည့်ပြည့်ဝဝအောင်မြင်ခဲ့ခြင်း မရှိပါ။ သို့သော် အဆိုးဆုံးရလဒ်ကိုတော့ ရှောင်လွှဲနိုင်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်အတွင်း မဲဆွယ်ပွဲများတွင် အိုဘားမား၏ မဲဆွယ်စည်းရုံးပြောဆိုမှုများမှာ ပြုပြင်ပြောင်းလဲရေးသဘောဆန်သလိုစိတ်ကူးဉာဏ်ကွန့်မြူးမှုများလည်း ပါဝင်ပါသည်။၎င်း၏သမ္မတသက်တမ်းပထမဆုံးနှစ်တွင် ပါရက်ဂ်မြို့၌ ပြောကြားသည့် မိန့်ခွန်းတွင် နျူကလီးယားကင်းစင်သောကမ္ဘာကြီးတစ်ရပ် ထူထောင်ရန် ရည်မှန်းထားကြောင်း ၎င်းက အခိုင်အမာပြောဆိုခဲ့သည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ပြောကြားသည့် မိန့်ခွန်းတွင် မွတ်ဆလင်ကမ္ဘာအား နည်းလမ်းသစ်ဖြင့် ချဉ်းကပ်ရန် ကတိပေးခဲ့သည်။ ငြိမ်းချမ်းရေးနိုဗယ်ဆု လက်ခံမိန့်ခွန်း၌ ကမ္ဘာ့သမိုင်းအား တရားမျှတရေးလမ်းကြောင်းပေါ်သို့ ကွေးညွတ်စေရမည်ဟု အိုဘားမားက ကတိပြုခဲ့သည်။

တစ်နည်းတစ်ဖုံ အားဖြင့် ယင်းမိန့်ခွန်းများမှာ နည်းဗျူဟာသဘောများ ပါဝင်ပါသည်။ အိုဘားမားသည် နိုင်ငံခြားရေးပေါ်လစီလမ်းကြောင်းသစ် ဖောက်လုပ်ရေး ကတိပေးရန်လိုအပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ဂျော့ချ်ဒဗလျူဘုရှ် ချန်ထားရစ်ခဲ့သော အကြောင်းအရာများကိုလည်း တစ်ခုပြီးတစ်ခုကိုင်တွယ်ခဲ့ရသည်။ ယင်းအကြောင်းအရာများကိုမဖြေရှင်းဘဲ ထားရှိပါကလည်း၎င်း၏သမ္မတသက်တမ်းအားအကျပ်အတည်းတွေ့စေနိုင်သည့်ကိစ္စရပ်များဖြစ်သည်။

မည်သို့ပင်ဆိုစေ အိုဘားမားသည်၎င်း၏ရည်မှန်းချက်များမှသွေဖည်သွားသည်ဟူ၍ ယူဆစရာအကြောင်းမရှိသေးပေ။ ၎င်း၏ကမ္ဘာ့အမြင်မှာ ငယ်စဉ်တုန်းကအင်ဒိုနီးရှားနိုင်ငံတွင် နေခဲ့ဖူးသည်ဟူသော အချက်နှင့် အာဖရိကဖခင်တစ်ဦး ရှိခဲ့သည်ဟူသောအချက်များက ပံ့သွင်းပေးခဲ့သည်။

မကြာသေးမီက ထုတ်ဝေခဲ့သော “Brookings Institution” စာအုပ်ပါစကားများအရဆိုလျှင် အိုဘားမားတွင် တက်ကြွလှုပ်ရှားသူတစ်ဦး၏ သမိုင်းအမြင်ရှိပြီး ကမ္ဘာ့နိုင်ငံများအကြား အမေရိကန်နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ရန် ရည်ရွယ်ခဲ့သည်။ အထူးသဖြင့် မွတ်ဆလင် ကမ္ဘာတွင် ယင်းသို့မြှင့်တင်ရန် ရည်ရွယ်ခဲ့သည်။ အမေရိကန် ပါဝင်ပတ်သက်ခဲ့သော စစ်ပွဲနှစ်ပွဲကို အဆုံးသတ်ကာ အီရန်နိုင်ငံ အားလက်ဆန့်တန်း၍ နျူကလီးယားကင်းစင်သောကမ္ဘာဖြစ်စေရန်ရည်ရွယ်၍ ရုရှားနိုင်ငံနှင့်ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ခဲ့သည်။ တရုတ်နိုင်ငံနှင့် ဒေသဆိုင်ရာကိစ္စရပ်များတွင်မက ကမ္ဘာ့ရေးရာများတွင်ပါ ပိုမို၍ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အရှေ့အလယ်ပိုင်းတွင်လည်း ငြိမ်းချမ်းရေးရှာဖွေခဲ့သည်။ သို့သော် ယင်းကိစ္စရပ်များအားလုံးတွင် ၎င်း၏အောင်မြင်မှုမှတ်တမ်းမှာ ရောထွေးလျက် ရှိသည်။

ခြေရာမခံနိုင်သော အခြေအနေများကကမ္ဘာ့အခင်းအကျင်းသစ်တစ်ရပ်ဖော်ထုတ်ပြသနိုင်ဖွယ်ရှိသည့် ဗိသုကာတစ်ဦးအား နှစ်ဖက်ဆက်ဆံရေးကို ပြန်လည်ပြင်ဆင်ရသည့် အကျပ်အတည်းများကိုတုံ့ပြန်ဖြေရှင်းရသူခေါင်းဆောင်တစ်ဦးအဖြစ် ပြောင်းလဲစေခဲ့ရကြောင်း “Brookings Institution” အစီရင်ခံစာက ဆိုသည်။ အိုစမာဘင်လာဒင်ကိုသုတ်သင်ခဲ့ပြီးအယ်လ်ကိုင်ဒါအဖွဲ့အား အားနည်းစေခဲ့သော်လည်း အချို့သောအကြမ်းဖက်ဆန့်ကျင်ရေး ပေါ်လစီများကြောင့် အရှေ့အလယ်ပိုင်းနှင့်ပါကစ္စတန်ကဲ့သို့နိုင်ငံများတွင် ၎င်း၏ပုံရိပ်ကိုထိခိုက်စေခဲ့သည်။

ရေတစ်ဝက်သာရှိသော ဖန်ခွက်အချို့မှာ အဆိုပါခြေရာခံ၍မရသော အဖြစ်အပျက်များ၏ရလဒ်ပင်ဖြစ်သည်။ ရလဒ်အချို့မှာစောစောပိုင်းဖြူစင်ရိုးအမှုများနှင့်ဆက်စပ်နေသည်။ ဥပမာအားဖြင့် အစ္စရေး၊ တရုတ်နှင့် အာဖဂန်နစ္စတန်တို့တွင် ပြုလုပ်ခဲ့သည့်ကနဦးချဉ်းကပ်ခြင်းမျိုးများ ဖြစ်သည်။ သို့သော် အိုဘားမားသည် ယင်းအမှားများမှနေ၍ လက်တွေ့ကျသောနည်းလမ်းများဖြင့် ပြန်လည်ရှင်သန်လာခဲ့သည်။ ၎င်းအားထောက်ခံသူတစ်ဦး၏စကားအရဆိုလျှင် အိုဘားမားသည် လက်တွေ့ကျသော စိတ်ကူးယဉ်သမားတစ်ဦးဖြစ်သည်။

ဤသို့ဖွင့်ဆိုချက်၌ အိုဘားမားသည် ရာသီဥတုပြောင်းလဲမှုနှင့်နျူကလီးယားလက်နက်များကဲ့သို့ ကိစ္စရပ်များတွင် ၎င်း၏ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်များမှ ဖယ်ခွာခြင်းမရှိခဲ့သော်လည်းလက်တွေ့အကောင်အထည်ဖော်ရာ၌ ၎င်း၏လက်တွေ့ဆန်သောဝါဒမှာသမ္မတဟောင်းများဖြစ်သော ဒွိုက်အိုင်ဆင်ဟောင်ဝါနှင့် ဂျော့ အိတ်ချ်ဒဗလျူဘုရှ်တို့ကို အမှတ်ရစရာဖြစ်သည်။ နိုင်ငံတကာကိစ္စရပ်များတွင် အတွေ့အကြုံနည်းပါးသည်ဟုဆိုနိုင်သော်ငြားလည်း ရှုပ်ထွေးသောနိုင်ငံခြားရေးပေါ်လစီစိန်ခေါ်မှုများကို တုံ့ပြန်ရာတွင် ရှေးသမ္မတများကဲ့သို့ ကျွမ်းကျင်မှုများပြသခဲ့သည်။ ယင်းကို အတွေ့အကြုံရှိသော အကြံပေးများခန့်အပ်ခြင်း၊ ပြဿနာများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ အကြောင်းအရာများကို သိမြင်နားလည် အောင်စူးစူးစိုက်စိုက် လေ့လာမှတ်သားခြင်းများဖြင့် ပြသခဲ့သည်။

သို့ဆိုလျှင် အိုဘားမားကြောင့်ပြုပြင်ပြောင်းလဲမှုဆိုင်ရာအကျိုးသက်ရောက်မှုမရှိပါဟုပြောလိုခြင်းမဟုတ်ပေ။ အိုဘားမားသည် အီရတ်နှင့် အာဖဂန်နစ္စတန်တွင် လူကြိုက်များမှု မရှိတော့သည့်ပေါ်လစီလမ်းကြောင်းကိုပြောင်းလဲခဲ့သည်။ပုန်ကန်ထကြွမှုဆန့်ကျင်ရေး နည်းနာများကိုအကုန်အကျနည်းသောစစ်ဘက်ဆိုင်ရာနည်းဗျူဟာများနှင့် ဆိုက်ဘာအင်အားကို အသုံးပြုခဲ့သည်။ အမေရိကန်၏ အယူဝါဒဆိုင်ရာပါဝါပျော့ကိုကမ္ဘာ့ဒေသနေရာအများအပြားတွင် မြှင့်တင်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံ၏ မဟာဗျူဟာချဉ်းကပ်မှုကို ကမ္ဘာ့စီးပွားရေး၏ အချက်အချာဖြစ်လာသောအာရှဒေသသို့အာရုံစိုက်မှုစတင်ပြောင်းလဲခဲ့သည်။

အီရန်နှင့် ပတ်သက်၍မူ အိုဘားမားသည် ကုလသမဂ္ဂကထောက်ခံအတည်ပြုထားသော ပိတ်ဆို့တားဆီးမှုများကိုအကောင်အထည်ဖော်ခြင်းနှင့် အချိန်မတန်သောစစ်ပွဲတစ်ရပ် ရှောင်လွှဲခြင်းများတွင် ရုန်းကန်နေခဲ့ရသည်။ အာရပ်နွေဦးတော်လှန်ရေးများမှာ မလိုလားသော အံ့အားသင့်စရာတစ်ရပ်အဖြစ်ရောက်ရှိလာခဲ့ပြီး အစပိုင်းတွင် တွန့်ဆုတ်မှုရှိခဲ့ပြီးနောက် အိုဘားမားသည် သမိုင်းဘက်မှ ရပ်တည်နိုင်ရန် အပြင်းအထန်ကြိုးစားခဲ့သည်။

Confront and Conceal ဟုခေါ်ဆိုသော စာအုပ်သစ်တွင် မစ္စတာဒေးဗစ်ဆန်ဂါက အိုဘားမား၏ လမ်းစဉ်ဟူ၍ သုံးနှုန်းခဲ့သည်။စစ်ရေးအင်အားနည်းနည်းအသုံးပြုခြင်း သို့သော် အမေရိကန်၏ လုံခြုံရေးနှင့် ပတ်သက်ပါက မိမိတစ်ဖက်တည်းမှ အင်အားသုံးရန် စိတ်အားထက်သန်မှုပြသခြင်း၊ အမေရိကန်၏ လုံခြုံရေးအား တိုက်ရိုက်ခြိမ်းခြောက်မှုမရှိသော ကမ္ဘာလုံးဆိုင်ရာ ပြဿနာများတွင် မဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို အားကိုးခြင်း၊ အရှေ့အလယ်ပိုင်း သပွတ်အူမှ ရုန်းထွက်ခြင်းနှင့် အနာဂတ်အတွက်အလားအလာအရှိဆုံး အာရှဒေသဆီသို့ပြန်လည်၍ ချိန်ခွင်လျှာညှိခြင်းများကို အိုဘားမား၏လမ်းစဉ်အဖြစ် အထက်ပါစာအုပ်တွင် ဖွင့်ဆိုထားသည်။

အိုစမာဘင်လာဒင် သတ်ဖြတ်မှုနှင့် လစ်ဗျားနိုင်ငံတွင် ဝင်ရောက်ဖြေရှင်းခြင်း ကိစ္စရပ်များတွင်အိုဘားမားလမ်းစဉ်ကို ကွဲကွဲပြားပြားမြင်ရသည်။ ပထမကိစ္စရပ်တွင် အိုဘားမားက မိမိတစ်နိုင်ငံတည်း အင်အားအသုံးပြုခဲ့ပြီး ပါကစ္စတန်နယ်မြေထဲတွင်ဝင်ရောက်စီးနင်းမှုလုပ်ဆောင်ခဲ့သည်။ ဒုတိယကိစ္စရပ်တွင် အမျိုးသားအကျိုးစီးပွားပြတ်ပြတ်သားသား မပါဝင်ခဲ့သောကြောင့် အာရပ်အဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို စောင့်ဆိုင်းခဲ့ပြီး နေတိုးမဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။


အိုဘားမားလမ်းစဉ်၏ ရေရှည်အကျိုးသက်ရောက်မှုများကို အပြည့်အဝနားလည်ရန် အချိန်တစ်ရပ်လိုအပ်ဦးမည်ဖြစ်သည်။ သို့သော် နိုဝင်ဘာရွေးကောက်ပွဲနီးကပ်လာချိန်တွင်မစ္စတာအိုဘားမားသည် နိုင်ငံခြားရေးပေါ်လစီတွင်၎င်း၏ ယှဉ်ပြိုင်ဘက်အပေါ် အသာစီးရနေပုံပေါ်သည်။ အိုဘားမားသည်သူ၏ပထမအကြိမ်သမ္မတသက်တမ်းအတွင်း လွန်ခဲ့သော လေးနှစ်က ၎င်းစေ့ဆော်ခဲ့သောပြုပြင်ပြောင်းလဲဆိုင်ရာနည်းလမ်းဖြင့် သမိုင်းလမ်းကြောင်းမပြောင်းလဲစေခဲ့သော်လည်း သူ၏ လက်တွေ့ဆန်သောချဉ်းကပ်မှုမှာ အပြုသဘောပြောင်းလဲလာခြင်းဖြစ်သည်။ အထူးသဖြင့် မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံ့စီးပွားရေးအပေါ် သံသယရှိနေသောယခုလိုအချိန်မျိုးတွင် ကောင်းမွန်သောပြောင်းလဲမှုဖြစ်ပေတော့သည်။

*—Ref: The Obama Doctrine's First Term: Joseph S.Nye*


DAIKIN
နေရာတိုင်းမှာ သင်နှင့် အတူ
PICHONKUN © DAIKIN I.H.T. 2000
ကမ္ဘာအရပ်ရပ်တွင် ထင်ပေါ်ကျော်ကြားသော ဒိုင်ကင်း (Daikin) လေအေးပေးစက် ၊ မြန်မာနိုင်ငံတွင် ရရှိနိုင်ပါပြီ။
ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် နည်းပညာကို အသုံးပြု ထားသော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံ၏ စီးပွားရေးသုံး ၊
အိမ်သုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားပါသည်။
Air-Condition Related Products Trading Co., Ltd
Tel: +95 1 2304065
Ywar Taw International Trading Co. Ltd
Tel: +95 1 252510 / 375533 / 725712 / 09 8617430
Zeya & Associates
Tel: +95 1 502016-8 / 534846 / 525682
SINGAPORE BOOK OF RECORDS
First with 4 Ticks
Daikin Inverter Aircons
4 Ticks Distinction
*Applicable to certain models only
TRUSTED BRAND 2012
Trusted Brand Gold
Award Winner since 2002

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

## 7DAY BOOK REVIEW




### သက်ရှိရာဇဝင်–ဒုတိယအုပ် (စိန်ဝင်းစိန်)

၁၉၅၄ မှ ၁၉၆၉ ခုနှစ်အတွင်း The Guardian မဂ္ဂဇင်းတွင် ဒေါက်တာမောင်မောင်အင်္ဂလိပ်ဘာသာဖြင့်ရေးသားခဲ့သောထင်ရှားသည့်လူပုဂ္ဂိုလ်များ၏အကြောင်းကို ဒေါက်တာမောင်မောင်ကပင် မြန်မာလိုပြန်လည်ရေးသားကာ 'သက်ရှိရာဇဝင်' ပထမအုပ်ကိုထုတ်ဝေခဲ့ဖူးသလို ယခုတွင်လည်း ကျန်ရှိနေသေးသော လူပုဂ္ဂိုလ် ၁၉ ဦးတို့၏အကြောင်းအားစိန်ဝင်းစိန်က မြန်မာဘာသာသို့ပြန်ဆိုခြင်းဖြင့် သက်ရှိရာဇဝင် ဒုတိယစာအုပ်အဖြစ် ပေါ်ထွက်လာသည်။

ဒေါက်တာမောင်မောင် ပြန်ဆိုခဲ့သော ပထမအုပ်တွင် ဦးသိမ်းမောင်၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ ဗိုလ်မှူးအောင်၊ ဗိုလ်ခင်မောင်လေး၊ ဦးထွန်းဝင်း၊ သခင်ချစ်မောင်နှင့် ဦးသန်းအောင်တို့ကိုးဦးပါဝင်ခဲ့ပြီး ယခုဒုတိယအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါ်ခင်ကြည်၊ ဦးလှမောင်၊ ဦးချန်ထွန်း၊ ဦးညိုမြ၊ ဦးသန့်၊ အမ်-အေ-ရာရှစ်၊ သခင်သန်းထွန်း၊ ဒေါက်တာ ဧမောင်၊ တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ ဒေါက်တာထင်အောင်၊ ဗိုလ်မှူးချုပ်ကျော်ဇော၊ ဦးကိုလေး (ဇေယျာမောင်)၊ ပြည်သူ့ရဲဘော်ထိန်လင်း၊ ဆရာဇာခပ်၊ ဦးဝမ်ကိုဟော၊ ဒေါက်တာဖာနီဗယ်၊ ကာနယ်ဘသန်း၊ မက်ဖစု၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကဏ္ဍတို့ပါဝင်သည်။

လွတ်လပ်ရေးအကြိုနှင့် လွတ်လပ်ပြီးကာလများတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စစ်ရေး၊ တရားရေး၊ စာပေယဉ်ကျေးမှုမျက်နှာစာ၊ သံခင်းတမန်ခင်း၊ ကုလသမဂ္ဂစသည့် အခန်းကဏ္ဍများ၌ ထင်ရှားခဲ့သည့် လူပုဂ္ဂိုလ်များ၏အကြောင်းကို ဒေါက်တာမောင်မောင်၏ လူသို့လေ့လာချက် (သို့မဟုတ်) တစေ့တစောင်းရုပ်ပုံလွှာများအဖြစ် တို့ထိထားသည်ကို စိတ်ဝင်စားဖွယ်ဖတ်ရှုရပါမည်။ သို့ရာတွင် အချို့သောပုဂ္ဂိုလ်များအကြောင်းရုပ်လုံးဖော်ရာ၌ကာလံဒေသံအဂ္ဂံခနံ အရမူရင်းစာရေးသူဒေါက်တာမောင်မောင်၏ ထင်မြင်ယူဆချက် များပါထည့်သွင်းရေးသားထားသည်မျိုး (ဥပမာ- သခင်သန်းထွန်းအကြောင်း) သတိထားဖတ်ရှုရပါမည်။ ယခုစာအုပ်သည် အတ္ထုပ္ပတ္တိစာပေနှစ်ခြိုက်သူများအတွက် ဖြည့်ဆည်းပေးနိုင်သော စာအုပ်မျိုးလည်း ဖြစ်သည်။

Unity စာအုပ်တိုက်က တန်ဖိုး၃,ဝဝဝ ကျပ်ဖြင့် ဖြန့်ချိသည်။




### မော်ကွန်းမဂ္ဂဇင်း

သတင်းဂျာနယ်များ ခေတ်စားသည့်အချိန်တွင် မဂ္ဂဇင်းတစ်စောင်ရေရှည်ရပ်တည်ရေးမှာ မလွယ်ပါ။ သို့ရာတွင် နေ့စဉ်ထုတ် ပုဂ္ဂလိက သတင်းစာများပေါ်ထွက်လာမည်ဆိုပါက သတင်းဂျာနယ်တစ်ခေတ်ကုန်ဆုံးပါလိမ့်မည်။ ထိုသို့သော အခြေအနေ၌ ယနေ့သတင်းဂျာနယ်အတော်များများသည် နေ့စဉ်ထုတ်အသွင်ပြောင်းကာ ဂျာနယ်တစ်ခေတ် ကုန်ဆုံးစေနိုင်သည်။ သို့သော် လစဉ်နှင့် အမှတ်စဉ်အရ ထွက်ရှိနေသောမဂ္ဂဇင်းများသည်ကား ခေတ်မကုန်ဆုံးနိုင်၊ အဘယ်ကြောင့်ဆိုသော် မဂ္ဂဇင်းတွေမှာ ရသပါသည်။ ကဗျာပါသည်။ ဝတ္ထုတိုလေးတွေပါသည်။ ပြန်လည်ဆင်ခြင်တွေးတောသည့် သတင်းဆောင်းပါးများပါသည်။ အငြင်းပွားဖွယ် ဝေဖန်ရေးအချို့လည်းထည့်သွင်းကြသေးသည်။

ယနေ့သတင်းခေတ်ကြီးတွင် သတင်းကိုအခြေခံ၍ ဆောင်းပါးဟန်အရေးသွက်သွက်ဖြင့်ထွက်ရှိလာသည်မှာ မော်ကွန်းဆိုသည့် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။ မြန်မာဂျာနယ်လစ်များစု၍ မဂ္ဂဇင်း ထုတ်ခြင်းဖြစ်ပေရာ မော်ကွန်းတွင် သတင်းရနံ့များ သင်းပျံ့နေပါသည်။ သတင်းရနံ့ဟုဆိုရခြင်းမှာ သတင်းပေါ်ဆင့်ကဲ၍ ပေါ်ထွက်လာသောရသပါဝင်သည့်ဆောင်းပါးများသာမက နိုင်ငံတကာဂျာနယ်လစ်အချို့၏ သီးသန့်ရေးပေးထားသော မြန်မာပြည်နှင့် ပတ်သက်သည့်စာများကို ဖတ်ရခြင်း ဖြစ်သည်။ မြန်မာဂျာနယ်လစ်တို့က ရှစ်လေးလုံး အရေးတော်ပုံကြောင့် နိုင်ငံရပ်ခြားရောက်သွားသူများ၏ အိမ်အပြန်ခရီး၊ တရုတ်ထံရောင်းစားခံရသည့် မြန်မာမိန်းကလေးများအကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားကြားက အခွင့်အရေးနှင့် အကျိုးစီးပွား၊ ထိုင်းနိုင်ငံရောက် မြန်မာဒုက္ခသည်များဘဝကို ရေးကြသလို နိုင်ငံတကာ ဂျာနယ်လစ်များက ရန်ကုန်ရှိ ကိုလိုနီခေတ်အဆောက်အအုံများအကြောင်း၊ ရခိုင်အရေးအခင်းအကြောင်း၊ မြန်မာ့စီးပွားရေးအနာဂတ်၊ မဲခေါင်မီဒီယာခရီး စသည်ဖြင့်ပါဝင်ရေးသားကြသည်။ ကာတွန်းအော်ပီကျယ်က မော်ကွန်းနှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းသတင်းသမားများ၏လက်ရာဟုဆိုထားသည်။ ပုံမှန်ထုတ်ဝေနေကျ မဂ္ဂဇင်းအသွင်များထဲမှ ခွဲထွက်လာသော တင်ဆက်မှုမျိုးဖြင့် မော်ကွန်းကို ဖတ်ရပါမည်။ တန်ဖိုး ၂,၅ဝဝ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### ကမ္ဘာ့အပါးလွှာဆုံး လက်ပ်တော့က ဘာလဲ

ဆမ်ဆောင်းကုမ္ပဏီက မကြာသေးမီက ထုတ်လုပ်ခဲ့သော Series 9 လက်ပ်တော့သည် အထူအားဖြင့် ဝ ဒသမ ၆ လက်မသာ ရှိ၍ ကမ္ဘာ့အပါးလွှာဆုံး လက်ပ်တော့ဟုဆိုနိုင်သည်။ အဆိုပါလက်ပ်တော့ကိုပြီးခဲ့သည့် CES 2012 နည်းပညာပြပွဲတွင် ဆမ်ဆောင်းက မိတ်ဆက်ပြသခဲ့ခြင်းဖြစ်သည်။ Series 9 လက်ပ်တော့ပ်သည် ယခင်က ကမ္ဘာ့အပါးလွှာဆုံးလက်ပ်တော့အဖြစ် သရဖူဆောင်းထားသော Acer ၏ Aspire S5 လက်ပ်တော့ကိုကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

Series 9 သည်ပါးလွှာသည်နှင့်အမျှ ဘက်ထရီသက်တမ်းအလွန်ကောင်းပြီး မျက်နှာပြင်အလင်းရောင်တောက်ပမှု ထက်ဝက်ခန့်ဖြင့်လျှော့သုံးစွဲပါက ၁ဝ နာရီသက်တမ်းရှိမည်ဖြစ်ကာ ပုံမှန်အသုံးပြုမည်ဆိုပါက သက်တမ်းရှစ်နာရီအထိ ခံမည်ဖြစ်သည်။ Intel ၏ တတိယမျိုးဆက် core i7 3517 UM Processor ကို အသုံးပြုထားသော ယင်းလက်ပ်တော့သည် အလေးချိန် ၂ ဒသမ ၅ ပေါင်ရှိကာ ဈေးနှုန်းဒေါ်လာ ၁,၂၉၉ ခန့်ကျသင့်မည်ဖြစ်သည်။ ယမန်နှစ်က ကမ္ဘာ့အပါးလွှာဆုံးဖြစ်ခဲ့သည့် Acer Aspire S5 မှာ ကန်ဒေါ်လာ ၁,၃၉၉ ခန့်ကျသင့်သည်ဟု သိရသည်။

—Ref: CNet/ Samsung



## တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၅ ရက်မှ ၁၁ ရက် အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂ဝ)

စိတ်ရှည်သည်းခံရမည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ အလုံးစုံအဆင်ပြေ၍ လမ်းသစ်ပွင့်ကာ တိုးတက်မှုများ ဖြစ်ထွန်းမည်။ ဖန်တီးမှုစွမ်းရည်၊ ဉာဏအင်အားတိုးပွားအားကောင်းနေသည်။ လုပ်သမျှ ထူးခြားစွာ တိုးတက်မည်။ အလုပ်နေရာ၊ နေထိုင်မှုနေရာ အပြောင်းအလဲများ ရှိမည်။ ရပ်ဝေးမှ သတင်းစကားကောင်းကြားသိရမည်။ အပြာရောင် မီးခိုးရောင် သုံးစွဲ၍ လိုရာဆန္ဒပြုပါ။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဆောင်ရွက်ထားသော ကိစ္စမှန်သမျှပြီးမြောက်ခါနီးမှ အနှောင့်အယှက်များ ကြုံတတ်သည်။ စကားမတည်၊ ကတိမတည်သောသူများနှင့် တွေ့ရတတ်သည်။ အကျိုးမဲ့၍ လူပင်ပန်းသော ခရီးများသွားရမည်။ ငွေကုန်များခြင်း၊ ရန်အတိုက်အခံများခြင်းများကြားမှ တိုးတက်မှုအခိုင်အမာ ရရှိမည်။ ပန်းအဖြူရောင် ၃ ပွင့်ကို ဘုရားပန်းကပ်လှူပူဇော်၍ လိုရာဆောင်ရွက်ပါ။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဦးတည်ချက်ပြောင်းလဲလုပ်ကိုင်မှုများမှ အကျိုးထူးရရှိမည်။ ရင်းနှီးသော သူများနှင့် စကားများရတတ်သည်။ ပဋိပက္ခ၊ ရန်အတိုက်အခံ၊ အငြင်းအခုံများမည်။ အတူတကွ တွဲဖက်လုပ်ကိုင်သူများနှင့် လမ်းခွဲရမည်။ ပတ်ဝန်းကျင်အသစ်နှင့်ဆက်ဆံရမည်။ လက်လွှန်ထားသော အရာများ ပြန်လည်ရရှိမည်။ အိမ်၏ တောင်ဘက်အရပ်ကို သန့်ရှင်းရေး မကြာခဏလုပ်ပါ။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လူယုံထား၍ မရသော ကာလဖြစ်သည်။ အပြိုင်အဆိုင် အတိုက်အခံများရှိမည်။ အကုန်အကျ အပျက်အစီးများမည်။ ရည်မှန်းထားသည်များကို အကောင်အထည်ဖော်ရန် ခက်ခဲမည်။ တစ်ပါးသူ၏ သွေးထိုးစကားများကြောင့် ဆွေမျိုးအသိုင်းအဝိုင်းအတွင်း စိတ်အနှောင့်အယှက်များ ဖြစ်ရမည်။ မိဘအကြီးအကဲ အမျိုးသမီး၏ ကျန်းမာရေးဂရုပြုပါ။ ထမင်းစားပွဲတွင် အနီရောင်ပန်းများထိုးပါ။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

တစ်ပါးသူစကား၊ ရှုပ်ထွေးထားသည့် ပြဿနာများကြောင့် စိတ်ထိခိုက်ရမည်။ ငွေကြေးကိစ္စ အပေးအယူ သတိရှိပါ။ တစ်ပါးသူကိစ္စကြားဝင် ဖြေရှင်းသဖြင့် လူမုန်းခံရ၍ စိတ်ပင်ပန်းမည်။ အရောင်းအဝယ် သတိပြုပါ။ ရောင်းမှား၊ ဝယ်မှား၊ ပစ္စည်းအတုများ ကြုံတတ်သည်။ ငွေကြေးမြုပ်နှံမှု ရှောင်ကြဉ်ရမည့်ကာလ ဖြစ်သည်။ အနီးကပ်လူမှ ဒုက္ခပေးတတ်သည်။ ဧည့်ခန်းတွင် 'နေမင်း' ထွက်ပြူစပြုသောပုံ ပိုစတာချိတ်ဆွဲပါ။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သူငယ်ချင်းဟောင်း၊ လူယုံ၏စကားကြောင့် ပြဿနာဖြစ်တတ်သည်။ ငွေကြေးအလွဲသုံးစားပြုသူများနှင့် ကြုံရတတ်သည်။ စာရွက်စာတမ်း လက်မှတ်ထိုးခြင်း သတိရှိရမည်။ တစ်ပါးသူမှ မိမိအားအထင်မှား၊ အမြင်မှား ဖြစ်တတ်သည်။ တစ်ပါးသူ၏ မနာလိုမှုကို ခံရမည်။ အာရုံကြောအားနည်းမည်။ အခက်အခဲကြားမှ အဆင်ပြေမှုများ ဖြစ်ပေါ်မည်။ ဧည့်ခန်းအတွင်း စားပွဲတွင် ပန်းအနီသုံးပွင့် မကြာခဏ ထိုးပါ။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အနှောင့်အယှက် အတိုက်အခံများနှင့်ယှဉ်၍ အောင်မြင်မှုများ ရရှိမည်။ လမ်းကြောင်းသစ်များ ချဲ့ထွင်၍ အဆင်ပြေမှုများ ရရှိမည်။ နှစ်ရှည်လများ မပြီးပြတ်သေးသော ပြဿနာများ ပြန်လည်အဆုံးသတ်နိုင်မည်။ ဆုံးပြီဟုထင်မှတ်ထားသော ငွေကြေးများ ပြန်လည်တောင်းခံရရှိမည်။ အပြာရောင်၊ အနီရောင်၊ ကြက်သွေးရောင်များ မကြာခဏ ဝတ်ဆင်သုံးစွဲပါ။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

တစစ ကောင်းမွန်အဆင်ပြေသော ဘက်သို့ဦးတည်နေသည်။ အတိုက်အခံများကိုကျော်လွှား၍ အောင်မြင်မှုများ ရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြား အထူးအကျိုးပေးမည်။ တစ်ပါးသူနှင့် စပ်တူလုပ်ကိုင်သော လုပ်ငန်းများမှ ထူးခြားစွာအောင်မြင်မှုများ၊ အကျိုးမြတ်ကောင်းများ ရရှိမည်။ လုပ်ငန်းအရှိန်အဟုန် မြှင့်တင်နိုင်မည်။ အနက်ရောင်ကို အထူးရှောင်ကြဉ်ပါ။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရွေးချယ်စရာများသော ကာလဖြစ်သည်။ စိတ်တည်ငြိမ်မှု အားနည်းနေသည်။ ဆုံးဖြတ်ချက် နှေးကွေးသဖြင့် အောင်မြင်မှုများ လက်တစ်လှမ်းအကွာ ဆုံးရှုံးရတတ်သည်။ စိတ်အပြောင်းအလဲ မြန်မှုကြောင့် စိတ်ဒုက္ခရောက်ရတတ်သည်။ ငွေကြေးအပေးအယူလုပ်ခြင်း၊ ငွေကစားခြင်း မပြုရ။ ငွေလိမ်ခံရတတ်သည်။ အိပ်ခန်းအတွင်းရှိ ကြည့်မှန်ဟောင်းများ စွန့်ပစ်ပါ။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂ဝ)

မှန်းချက်နှင့် နှမ်းထွက်မကိုက်သော ကာလဖြစ်သည်။ ကိုယ်ထင်ထားသော အရာများ တလွဲတချော်ဖြစ်နေမည်။ လုပ်ငန်းများ ရှေ့တိုးမလုပ်ဘဲ ဖြည်းဖြည်းမှန်မှန်သွားရမည့် အချိန်ဖြစ်သည်။ သူငယ်ချင်း အသစ်၊ မိတ်ဆွေသစ်များ ရရှိမည်။ အကြီးအကဲထံမှ အထောက်အပံ့ ကောင်းများ ရရှိမည်။ လက်လွှန်ထားသော ငွေကြေးများ ပြန်လည်ရရှိမည်။ အိပ်ခန်းအတွင်းရှိ အထည်ဟောင်းများ စွန့်ပစ်ပါ။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

စိတ်ကူးနှင့် လက်တွေ့တစ်ထပ်တည်းကျ၍ ဆောင်ရွက်မှု အလုံးစုံ အောင်မြင်မှုများ ရရှိမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ပေါ်ထွန်းလာသော အခြေအနေသစ်များနှင့် တိုးတက်မှုများ အဆင့်ဆင့်ဖြစ်ပေါ်မည်။ ဆက်ဆံရသော ဝန်းကျင်သစ်အပေါ် အားတက်စရာများ ကြုံမည်။ အိမ်နေရာ အပြောင်းအလဲများ ကြုံမည်။ အနီးတစ်ဝိုက်တွင်ရှိ ကျောက်စိမ်းများ ဖယ်ရှားပါ။ ဝတ်ဆင်ခြင်း မပြုရ။




### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂ဝ)

တစ်ခုထက်ပိုသော လုပ်ငန်းများ ဆောင်ရွက်ရမည်။ အကြံအစည်သစ်များ တိုးပွားမည်။ လုပ်ငန်းသစ်များ ချဲ့ထွင်နိုင်မည်။ ကိုယ်ကျိုးလုံးဝမရှိသော ကိစ္စများကြောင့် လူမုန်းခံရတတ်သည်။ ငွေကြေးမမြဲသော ကာလဖြစ်သည်။ ကျန်းမာရေးအထူး သတိပြုပါ။ လုပ်ငန်းအတွင်း ယှဉ်ပြိုင်မှုများရှိက ပိုမိုအဆင်ပြေအောင်မြင်မည်။ ကနုကမာနှင့်ပြုလုပ်ထားသော ပစ္စည်းများ ဆောင်ပါ။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၉၈)



**အလျားလိုက်**

၃။ လူတစ်ယောက်၏ဖြစ်တည်ရပ်တည်မှုကို ညွှန်ပြသည့်အရာ
၆။ မျိုးချစ်စိတ်ဓာတ်
၉။ ဝါတွင်းဝါပ ရွေးခွင့်မရသူများ
၁၀။ အရှေ့နှင့်အနောက်ပေါင်းစည်းထားသည့် ဖုန်းကုမ္ပဏီ
၁၁။ 7day news ၏ကဏ္ဍတစ်ခုကို ပံ့ပိုးကူညီသည့် ကုမ္ပဏီတစ်ခု
၁၂။ မြန်မာသို့လာသည့်ကမ္ဘာ့ဒဿနပညာရှင်


**ဒေါင်လိုက်**

၁။ ရိုးရာပွဲတော်ကာလအတွင်း ငှားရမ်းမှုများပြားသည့်ယာဉ်များ
၂။ ထိုင်ခုံကိုင်လှုပ်ခံရသူများ
၄။ လောင်စာပြဿနာနှင့်ဆက်စပ်နေသောဖြစ်စဉ်
၅။ ပဋိပက္ခကြောင့်ဒေသတွင်းမှာပင် ရွှေ့ပြောင်းနေထိုင်ရသူ(အတိုကောက်)
၇။ ယောက်ျားစွမ်းရည်မြှင့်တင်ပေးနိုင်သည့်အရာ
၈။ စနစ်တကျသန့်ရှင်းရေးလုပ်တော့မည့်နေရာ

**Smart Dictionary**
**ကံထူးသူ**

၁။ ကျော်ဇောဟိန်း၊ ၁၂/တမန(နိုင်)၁၂၀၄၁၁ အမှတ်(၅၃)၊ သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်။

**ပဟေဠိ အမှတ်စဉ်(၁၉၇)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ..............................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၇-၉-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းဘုန်း



## Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **ဖုန်း- ၀၉-၇၃၀၃၇၇၇၆ ၀၉-၇၃၂၀၄၃၇၄**

**ကားရောင်းမည်**

ဒေဝူး Express ၃/က လက်ရှိ လိုင်းပြေးဆွဲနေသောကား။
**ဖုန်း- ၀၉ ၄၂၀၀၀၅၀၉၇**

**အိမ်လိုက်သင်သည်**

၈၊ ၉၊ ၁၀ တန်း ဘာသာစုံနှင့် တစ်ဘာသာချင်း (သီးသန့်)သင်ကြားလေ့ကျင့်ပေးသည်။
**ဖုန်း- ၀၉ ၄၂၅၀၂၃၂၈၁**

**အိမ်လိုက်သင်ကြားသည်**

အင်္ဂလိပ်စာအခြေခံ အားနည်းသူများအတွက် Grammar, Vocabulary, Speaking & Writing တို့ကို Basic မှပြန်ပြီး သင်ပေးပါမည်။
**Ph: 09 73057210**

**ကိုအငယ်လေး**

ဂစ်တာဝါသနာပါ၍ စနစ်တကျ သင်ကြားလိုသူများအား အိမ်တိုင်ရာရောက် ဂီတအမျိုးအစားအလိုက် အထူးသင်သည်။ **ဖုန်း- ၀၉ ၄၂၀၀၇၇၃၃၄**

**သင်ကြားပေးသည်**

မူလတန်းမှ စတုတ္ထတန်းအထိ ဘာသာစုံ(အထူး) အခြေခံကောင်း၍ အမှတ်မြင့်စေရန် ဘွဲ့ရလုပ်သက်ရင့်၊ 'ဆရာမ'က သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၇၃၀၈၂၅၀၃**

**ရောင်းမည်**

ကွမ်းသီးပင်ပေါက် ရောင်းမည်။ လိုသလောက်ရမည်။
**ဖုန်း- ၀၉ ၇၃၀၁၅၁၇၃**

**ဆရာနေသူရှိန်**

အဆင့်မြင့် ဗန်ဒိုလက်သိုင်း အိမ်ထိလိုက်သင်ပေးသည်။
**ဖုန်း- ၀၉ ၇၃၁၇၃၅၀၉**

**International School**

Math, Chemis, Phys, Eng အိမ်လိုက်သင်သည်။
**ဖုန်း- ၀၉ ၇၃၁၃၆၀၇၈**

**အိမ်လိုက်သင်သည်**

Saya Infinity Ph.D (Prelin) ၁၀ တန်း၊ secondary (1-4) IGCSE 'O' Level (Maths, Phys) ဆရာကိုယ်တိုင် စနစ်တကျသင်သည်။
**ဖုန်း- ၀၉ ၄၄၈၀၀၃၂၅၈**

**အိမ်နှင့်ခြံရောင်းမည်**

၉ မိုင်၊ ပြည်လမ်း၊ ပေ(၅၀×၇၀)၊ အိမ်နှင့်ခြံရောင်းမည်။ (ပွဲစားမလို) သိန်း(၃၂၀၀) ညှိနှိုင်းဈေး။
**ဖုန်း- ၀၉ ၇၃၀၂၈၇၂၆**

**သိန်းသန်းငွေ**

အိမ်တွင်းအလှဆင်ခြင်းလုပ်ငန်း၊ ပါကေးခင်းခြင်း၊ ဆေးသုတ်ခြင်း၊ ကြွေပြားကပ်ခြင်း၊ နံရံဆေးသုတ်ခြင်း စသော လုပ်ငန်းများကို လုပ်ကိုင်ပေးပါသည်။ **ဖုန်း- ၀၉ ၇၃၀၃၄၇၉၇**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးသစ်ရှိ ငါးခြောက်ဆိုင်ခန်းအား အမြန်ရောင်းမည်။ **ဖုန်း- ၀၉ ၄၃၁၈၈၆၆၅**

**ရောင်းမည်**

- မန်းတောင်ခြေ၊ မြင်းပြိုင်ကွင်း၊ လူနေဆိုင်ခန်းထောင့်ခန်း၊ မန္တလေး။ -ရောထွန်းတိုက်ခန်း(၃)လွှာ၊ ရောဝတီမြစ်ဘေး၊ မန္တလေးမြို့။
**ဖုန်း- ၀၉ ၄၀၂၆၂၇၃၃၉**

**ရောင်းမည်**

-ဈေးချိုပလာဇာ၊ မြေညီထပ် အလယ်တန်းထောင့်ခန်း။ -ရတနာပုံ စူပါစင်တာ ပေ(၈×၆)၊ နှစ်ခန်းတွဲ (နှစ်ဖက်မျက်နှာစာ) ၃၃ လမ်းဘေး။
**ဖုန်း- ၀၉ ၂၀၄၃၃၄၅**

**MK ဘီလီယက်ခုံ**

ဘီလီယက်ခုံ ဝယ်မယ်ဆိုရင် အာမခံရတဲ့ MK နဲ့ပဲ ဆက်သွယ်လိုက်ပါ။
**ဖုန်း- ၀၉ ၇၃၇၂၇၀၅၀**

**ထိုက်စံ**

စိန်ရွှေတနာဆိုင်နှင့်အပေါင်ဆိုင် ရွှေရည်ပြည့် ရတနာထည်များကို အလျော့တွက် လက်ခသက်သာစွာဖြင့်၊ ၁၀၀ လျှင် ၈ ရာခိုင်နှုန်းလျော့ဖြင့် ရောင်းချပေးနေပါသည်။
**ဖုန်း- ၀၉ ၄၀၂၆၂၇၃၃၉**

**ဆူဒိုခုဖြေနည်း**

အဖြေမှန်ကို လွယ်ကူလျင်မြန်စွာ ဖြေရှင်းနည်းသင်ပေးမည်။ နယ်မှ သိလိုသူများ စာပို့တံဆိပ်ခေါင်း တစ်ရာတန်(၁၅)လုံး စာအိတ်တွင်း ထည့်၍ ဆက်သွယ်မေးမြန်းနိုင်သည်။
**ဖုန်း- ၀၉ ၄၃၁၀၅၄၉၇**

**ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)**

ကွန်ပျူတာနက္ခတ်ပညာရှင်၊ နက္ခတ်ပညာဖြင့် အဖြေရှာကြည့်ပါ။ (ရင်သွေးငယ်အမည်ပေး)
**ဖုန်း- ၀၉ ၇၃၂၃၄၆၂၄**

**ရေယိုစိမ့်မှုကာကွယ်ခြင်းလုပ်ငန်း**

ရေယိုစိမ့်မှုလုပ်ငန်းများကို ကျွန်တော်များအဖွဲ့က တာဝန်ယူဆောင်ရွက်ပေးပါသည်။
**ဖုန်း- ၀၉ ၇၃၂၄၁၈၇၈**

**ရောင်းမည်**

အဆင့်မြင့်ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်း၊ ရန်ကင်းပန်းခြံကွန်ဒို၊ ၅ လွှာထောင့်ခန်း၊ A/C (၅)လုံး၊ ရေပူ/ရေအေးစက်၊ ပရိဘောဂများအပါ။ သိန်း(၁,၅၀၀) **ဖုန်း- ၀၉ ၄၃၀၉၈၆၃၀**

**ငှားရမ်းလိုသည်**

ကုမ္ပဏီတွင် အသုံးပြုရန်အတွက် Light Truck ကား(ယာဉ်မောင်းအပါ) ငှားရမ်းသုံးစွဲလိုပါသည်။
**ဖုန်း- ၀၉ ၄၃၀၉၈၆၃၀**

**G & G Car Rental**

မြို့တွင်းမြို့ပြင် ခရီးစဉ်အားလုံးအား သစ်လွင်ပြီး စိတ်ချရသော ကားများဖြင့် ၂၄ နာရီ ပို့ဆောင်ပေးနေပါသည်။ **ဖုန်း- ၀၉ ၄၉၂၈၄၈၁၄**

**အမြန်ရောင်းမည်**

Mother Land Tower, (1250) sqft၊ ထောင့်ခန်း၊ ရုံးဖွင့်ရန်ကောင်း။ ရောင်း(၁၆၀၀)သိန်းဝန်းကျင်။
**ဖုန်း- ၀၉ ၄၃၁၃၄၀၉၈**

**ဝန်ဆောင်မှုများ**

Computer Service, Network Service, Customized Software Service, Web Development Service များအတွက် IT CURRENT.
**Ph: 09 43026443**

**ဝန်ဆောင်မှု**

ဈေးနှုန်းသက်သာ၍ ခိုင်ခံ့တောင့်တင်းသော ယာယီမြေစိုက်ဘုတ်အတွက် အကောင်းဆုံးဝန်ဆောင်မှုကို ရရှိပါလိမ့်မည်။
**ဖုန်း- ၀၉ ၄၂၁၁၃၂၉၄**

**ရောင်းချပေးမည်**

ကိုရီးယားနိုင်ငံမှ တင်သွင်းလာသော လျှပ်စစ်မီးမလိုသော အိမ်သုံး ၁၄ လီတာ ရေသန့်စက်များ လက်လီ၊ လက်ကား ဝယ်ယူရောင်းချလိုသူများ
**ဖုန်း- ၀၉ ၅၀၄၇၃၁၄**

**ခွေးချစ်သူများအတွက်**

ခွေးချစ်သူများအတွက် နှစ်လသားအရွယ် Imported မှပေါက်သော အိမ်မွေး Shih tzu လေးများ ရောင်းရန်ရှိသည်။
**ဖုန်း-၀၉ ၅၀၇၄၈၉၆**

**ဆရာထက်မြက် B.Sc.E.L.T.M**

အင်္ဂလိပ်စာ တစ်ဦးချင်း အုပ်စုလိုက် အိမ်သင်ဝိုင်းများ၊ ဘွဲ့ရ၊ ဘွဲ့ ကြိုတက္ကသိုလ်တန်းများ Grammar, reading, writing.
**Ph: 09 421009339**

**Music သင်တန်း**

Piano, Violin, Guitar, Drum တစ်ဦးချင်း၊ ကလေးများနှင့် အမျိုးသမီးများအတွက်လည်း သီးသန့်သင်တန်းရှိသည်။ ဖုန်း- ၀၉ ၄၂၀၅၅၀၈၈

**New Future**

Teacher Guide လိုအပ်ပါသလား။ အစိုးရကျောင်း (သူငယ်တန်းမှ ဆယ်တန်း)၊ International School (Primary-Secondary), GTC, Medical Students, Art & Music
**Ph: 09 73077301**

**ခြံရောင်းမည်**

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ သဃ်န်းကျွန်းကြီး၊ အောင်စည်းခုံ ဘုရားလမ်းမပေါ် (အရှေ့ပိုင်း)။
**ဖုန်း- ၀၉ ၅၅၀၄၇၂၃**

**ရုံးခန်းငှားလိုသည်**

ကမာရွတ်မြို့နယ်၊ မရမ်းကုန်းမြို့နယ်အတွင်း၊ ပါရမီလမ်းနှင့် ကမ္ဘာအေးဘုရားလမ်း၊ ပါရမီလမ်းနှင့် ပြည်လမ်း၊ ပေ(၃၀×၅၀)၊ မြေညီထပ်။
**ဖုန်း- ၀၉ ၇၃၀၃၉၁၅၁**

**UNITED**

Mobile Phone Accessories, Sales & Services. No.68, Thapyay Street, Mingaladon Tsp.
**PH: 09-73149354**

**အယ်လ်ဇေးရှင်းခွေးရောင်းမည်**

ခြံစောင့်အလှမွေး၊ လိမ္မာသော ၃ နှစ်သား အထီးမျိုးကောင်းအရိုးအဆစ်ကြီး။ **ဖုန်း- ၀၉-၇၃၂၀၄၅၃၀**

**ရောင်းမည်**

ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း၊ မြေညီထပ်၊ ပေ(၂၀×၆၀)ပွဲစားမလို။
**ဖုန်း- ၀၉-၄၂၀၀၇၆၅၂၂**

**DynamicWin Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။
**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊ ၂၅၄၅၀၃**

Environment

7 DAY NEWS JOURNAL

Vol.11, No.26 • SEPTEMBER 6 , 2012

# မြန်မာနိုင်ငံတွင် မြေဟက်တာ ၇ ဒသမ ၃ သန်းကျော်သာ မြေဆီလွှာကောင်း၊ ဟက်တာ ၆၆ သန်းခန့် မြေဆီလွှာညံ့ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၃၀**

မြန်မာနိုင်ငံတွင်စိုက်ပျိုးရေးအတွက်မြေဆီလွှာကောင်းမွန်သောမြေဟက်တာပေါင်း ခုနစ်သန်းသုံးသိန်းကျော်ရှိသောကြောင့် ယင်းနေရာများတွင် မြေဆီလွှာပြုန်းတီးစေသည့် မြေအသုံးချနည်းများ မလုပ်ဆောင်သင့်ကြောင်းမြေဆီလွှာနှင့် ရေစီမံခန့်ခွဲမှုတွင် အကြံပေး (စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အငြိမ်းစား) ဦးဟုတ်စန်းက ပြောသည်။

တစ်နိုင်ငံလုံးတွင် စုစုပေါင်း မြေဟက်တာပေါင်း ၆၆ သန်းနီးပါးရှိရာတွင် မြေဟက်တာ ၇ ဒသမ ၃ သန်းကျော်သာ စိုက်ပျိုးရန် ကောင်းမွန်သော မြေဧရိယာဖြစ်သည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ကုန်းမြေဧရိယာများအနက် ၁၁ ရာခိုင်နှုန်းသာ မြေဆီလွှာကောင်း၍ ကျန်သောမြေဧရိယာများသည် စိုက်ပျိုးရန် မြေဆီလွှာညံ့သော နေရာများဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ၂၀၀၀ ပြည့်နှစ်ကထုတ်ပြန်သော ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာကိုကိုးကား၍ဦးဟုတ်စန်းကပြောသည်။

စိုက်ပျိုးမြေဧရိယာများအပေါ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဖြစ်သော စက်မှုဇုန် အကောင်အထည်ဖော်ခြင်း လုပ်ငန်းများနှင့် အခြားမြေ အသုံးချမှုပုံစံများ ပြောင်းလဲလာမှုအပေါ် စိုးရိမ်မိကြောင်း၊ လက်ရှိ ကျန်ရှိသော မြေဆီလွှာကောင်းမွန်သော နေရာဒေသများသည်လည်း ရာသီဥတုပြောင်းလဲခြင်းကို ခံစားနေရသောကြောင့် မြေဆီလွှာပြုန်းတီးခြင်းများ ကြုံတွေ့နေရကြောင်း၊ ယင်းအပြင် မြေအသုံးချမှုပုံစံ ပြောင်းလဲပါက အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေးကို ထိခိုက်နိုင်ကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဖြစ်စေရန်အတွက် မြေယာမူဝါဒနှင့် မြေယာဥပဒေကို



**မြန်မာနိုင်ငံအလယ်ပိုင်းမှ တောင်ယာမြေတစ်ကွက်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထည့်သွင်းစဉ်းစားသင့်ကြောင်း အထက်ပါပုဂ္ဂိုလ်က စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည်။

"သုံးလို့မရတဲ့ မြေရယ်လို့တော့ မရှိဘူး။ စက်မှုဇုန်လုပ်ဖို့ ကောင်းတဲ့နေရာရှိသလို ငါးကန်လုပ်ဖို့ ကောင်းတဲ့မြေလည်း ရှိတယ်။ ဒါပေမဲ့ သူ့အသုံးနဲ့သူ ရှိတယ်။ အခုအသုံးချပုံတွေက အနာဂတ်မှာ ရေအတွက်ရော မြေအတွက် ရေရှည်ဖူလုံမှု မပေးနိုင်တဲ့ သုံးစွဲမှုတွေ ဖြစ်နေတယ်။ နေရာတိုင်းမှာလိုဖြစ်နေတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လက်ရှိအခြေအနေတွင်လည်း မြေဆီလွှာပြုန်းတီးခြင်းကို ရင်ဆိုင်နေရပြီး ယခုနောက်ပိုင်းတွင် စိုက်ပျိုးရက် ၁၉၉ ရက်ထက်နောက်ကျသော မြေများကိုနေရာအနှံ့အပြားတွင်တွေ့ရှိနေရသည်။ ယင်းမြေများကို မထိန်းသိမ်းပါက မြေဆီလွှာပြုန်းတီးမှုကို ကြုံတွေ့နိုင်ပြီး မည်သည့်သီးနှံမျှ စိုက်ပျိုး၍မရသည့် သဲကန္တာရဆန်သော မြေများ ဖြစ်လာနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ယခုလက်ရှိတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဦးဆောင်ကာ သက်ဆိုင်ရာဝန်ကြီးဌာန ၁၆ ခုနှင့် ပူးပေါင်း၍ ထွက်ရှိပြီးသား မြေယာဥပဒေ ၁၄ ခုကို ပြင်ဆင်ပြီး မြေယာအသုံးချမှု မူဝါဒရေးဆွဲလျက်ရှိသည်။ ပြည်တွင်းတွင်လည်း မြေယာသိမ်းဆည်းမှုများနှင့်မြေယာအသုံးချမှု ပဋိပက္ခများ ဖြစ်ပွားနေသည်။

မြန်မာနိုင်ငံတွင် မြေအမျိုးအစား ၁၂ မျိုးရှိသည်။ ရေခဲဖုံးလွှမ်းသော ဒေသသည် မြေဧရိယာ ဟက်တာငါးသိန်းကျော်ရှိသည်။ မြေဆီလွှာ တိုက်စားမှုကောင်းပြီး မြေဆီလွှာမရှိသော တောင်တန်းဒေသ မြေဧရိယာမှာ ဟက်တာသန်း ၂၀ကျော်ရှိကာတစ်နိုင်ငံလုံးတွင် အများဆုံးရှိသော မြေဧရိယာဖြစ်သည်။ ဒုတိယအများဆုံးဖြစ်သည့် သံဓာတ်နှင့် ဂဝံဆန်သောမြေဧရိယာမှာဟက်တာကိုးသန်းကျော်ရှိသည်။တတိယအများဆုံးမြေမှာ ရေကြီးမှုကို အများဆုံးခံရသော မြေဖြစ်ပြီး ဧရိယာ ဟက်တာ ရှစ်သန်းကျော်ရှိကာ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် တွေ့ရသည်။

# ရေသယံဇာတ ဆွေးနွေးပွဲရလဒ် လက်တွေ့အသုံးချမှု အားနည်း

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ် - ၃၀**

ကိုးနှစ်ဆက်တိုက် ကျင်းပခဲ့သော ရေသယံဇာတနှင့်ပတ်သက်ဆက်နွှယ်သည့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများသည်လက်တွေ့အသုံးချခြင်းတွင် အမှန်တကယ် အားနည်းခဲ့ကြောင်း မြန်မာရေသယံဇာတ မိတ်ဖက်အဖွဲ့ဥက္ကဋ္ဌ၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဇော်လွင်ဦးက အရှေ့တောင်အာရှဒေသဆိုင်ရာပံ့ပိုးမှုဖြင့်ကျင်းပသော ရေ-စားနပ်ရိက္ခာ-စွမ်းအင်ဖူလုံမှုဆိုင်ရာဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

ဩဂုတ်၃၀ရက်ကကျင်းပသော ဆွေးနွေးပွဲတွင် တင်ပြဆွေးနွေးသည့်အကြောင်းအရာများကိုယခုပွဲတွင် ပြီးဆုံးသွားပါက ကျင်းပသောအသင်းအဖွဲ့များနှင့်ထောက်ပံ့သော အဖွဲ့အတွက် အချိန်ကုန်လူပန်း၊ ငွေကုန်မည်သာ အဖတ်တင်မည်ဖြစ်သောကြောင့် လက်တွေ့ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ဆောင်သင့်ကြောင်း ထောက်ပြဆွေးနွေးခြင်းအပေါ် ယင်းဆွေးနွေးပွဲနှင့် ပတ်သက်ပြီး တက်ရောက်သူ ပညာရှင်ဦးမြင့်သိန်း၏ ပြောကြားချက်ကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ဆွေးနွေးတဲ့အကြောင်းအရာတွေကို ဘာလုပ်သင့်တယ်။ ဘာလုပ်ဖို့ရှိတယ်ဆိုတာ ပေါင်းပြီးလုပ်ရင် ကောင်းတယ်။ ဒီမှာတင်ပြ၊ ဒီမှာဆွေးနွေး၊ ဒီမှာတင်ပြီးသွားရင်တာထက် ဖြစ်နိုင်တဲ့နေရာက စလုပ်ကြရင်ကောင်းမယ်" ဟုအထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

မြန်မာရေသံယံဇာတ မိတ်ဖက်အဖွဲ့အစည်းကို ဆည်မြောင်းဦးစီးဌာနမှ ဦးဆောင်ပြီး အခြားဆက်စပ်သည့် ဌာနဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ရေနှင့်ပတ်သက်သော ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များပါဝင်ပြီး ဒေသတွင်းရေသံယံဇတဆိုင်ရာ ဆွေးနွေးပွဲများတွင် အရှေ့တောင်အာရှ ဒေသတွင်းဆိုင်ရာ ရေသယံဇာတအဖွဲ့ကထောက်ပံ့ကူညီခဲ့သည်။

"လက်တွေ့ဖြစ်လာတယ်။ မဖြစ်လာတယ်ဆိုတာထက် ပညာပေးတယ်လို့ ယူဆလို့ရပါတယ်။ အခုလုပ်နေတဲ့ လုပ်ဆောင်မှုတွေကနေ အောက်ပို့စ်ထွက်လာဖို့ ကြိုးစားနေတာတွေ ရှိပါတယ်။ အခု ဒီမှာပါတဲ့သူအားလုံးက ဒါရိုက်တာအဆင့်၊ မန်နေဂျာ အဆင့်တွေပဲ ဖြစ်နေကြတော့ ဆုံးဖြတ်ချက်ချနိုင်တဲ့ အစိုးရအကြီးအကဲတွေပါပါဝင်လာအောင်လုပ်နေပါတယ်" ဟု ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာဇော်လွင်ဦးက ပြောသည်။

ယင်းအဖွဲ့သည်ရေသယံဇာတစီမံခန့်ခွဲမှုနှင့်ဆက်စပ်သည့် ဆွေးနွေးပွဲများကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်ပြီး ယခု ၂၀၁၂ ခုနှစ်အထိ ဆက်တိုက်လုပ်ဆောင်ခဲ့သည်။ ရေသယံဇာတနှင့် ဆက်စပ်သည့် ပွဲများတွင် ရာသီဥတုပြောင်းလဲခြင်းကြောင့် ရင်ဆိုင်ရမည့် ရေသယံဇာတအခက်အခဲများ၊ အနာဂတ်တွင် ရေချိုအမှီခိုနေရသည့် စိုက်ပျိုးရေးလုပ်ငန်းများယင်းနှင့်ဆက်စပ်သည့် စားနပ်ရိက္ခာဖူလုံမှုတွင်ပြင်ဆင်ထားရမည့် အချက်များ၊ စွမ်းအင်ထုတ်ယူခြင်းတွင် ရေသယံဇာတအသုံးချခြင်း ခေါင်းစဉ်အကြောင်းအရာမျိုးစုံဖြင့် စကားဝိုင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။

ယခုလက်ရှိ အခြေအနေတွင် ရန်ကုန်မြို့ရှိလူဦးရေသည် ခြောက်သန်းဝန်းကျင်ရှိနေသော်လည်း ၂၀၄၀ ပြည့်နှစ်တွင် ၁၀ သန်းထပ်မံတိုးလာမည်ဖြစ်သောကြောင့် ရေသယံဇာတ အသုံးချမှုကိုစနစ်တကျစီမံခန့်ခွဲလုပ်ဆောင်ရန် လိုအပ်ကြောင်းရေအရင်းအမြစ်အသုံးချ သုတေသနနှင့် သင်တန်းစင်တာမှရေကျွမ်းကျင်သူ ပါမောက္ခဒေါက်တာ ခင်နီနီသိန်းက ပြောသည်။

**ENVIRONMENT Cartoon**



အင်းဆက်တွေ
ပျောက်ကွယ်သွားရင်၊
ကမ္ဘာကြီးလည်း ပျက်စီးသွားမယ်။
David Attenborough

"သင်ထင်ထားတာထက် တုပ်ကွေးရောဂါ ပိုဖြစ်နိုင်ပါတယ်"
အခုချက်ခြင်း ကာကွယ်ထားသင့်ပါတယ်။



တုပ်ကွေးရောဂါမဖြစ်စေရန် ကာကွယ်သင့်သူများမှာ-[1]
❁ နာတာရှည်ရောဂါရှိသူများ(ဥပမာ-နှလုံးရောဂါ၊ ဆီးချိုရောဂါ၊အဆုတ်ရောဂါ)
❁ ကလေးငယ်များ(အသက်(၆)လအထက်ရှိသောကလေးများအားလုံး)
❁ အသက်ကြီးသောသူများနှင့်
❁ လူတိုင်းကာကွယ်ထားသင့်ပါတယ်။

တုပ်ကွေးရောဂါကြောင့် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေရန်
နီးစပ်ရာ ဆရာဝန်နှင့်တိုင်ပင်ပါ။(ဥပမာ - ကာကွယ်ဆေးထိုးခြင်း)

References
(1) • Chisanu P, et al. Handbook of Vaccines: Asian Perspective, Bangkok, 2006.

gsk GlaxoSmithKline
01-211594

Tourism

7Day News Journal

Vol.11, No.26 • SEPTEMBER 6 , 2012

# ခရီးသွားနယ်မြေပြင်းနေရာကို ကမ္ဘာလှည့်ခရီးသွားများ သွားလာခြင်းတားမြစ်

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ်-၃၁**

နယ်မြေအခြေအနေအရ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်လည်ပတ်လေ့ရှိသော နေရာ ငါးနေရာအားသက်ဆိုင်ရာကဩဂုတ်လ ၃၀ ရက်မှစ၍ တားမြစ်လိုက်ကြောင်းဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည်။

တားမြစ်ထားလိုက်သောနေရာ ငါးခုမှာ ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ မြောက်ဦး၊ ဝေသာလီနှင့် မဟာမုနိတို့ဖြစ် ပြီး ရှမ်းပြည်နယ် မိုင်းလားမြို့တို့ ဖြစ်သည်။

ယခုတားမြစ်လိုက်သောဒေသများမှာ ကမ္ဘာလှည့်ခရီးသွားများ အဓိကသွားရောက်သောဒေသများမဟုတ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းကို များစွာထိခိုက်မှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌဦးသက်လွင်တိုးက သုံးသပ်သည်။

"လေယာဉ်တွေမှာတော့ လူလျော့သွားမှာပေါ့" ဟု Air Mandalay လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုင်းလားဒေသကိုမူ ကမ္ဘာလှည့်ခရီးသွားများ သွားရောက်မှုနည်းသော်လည်း ရခိုင်ပြည်နယ်စစ်တွေနှင့် မြောက်ဦးဒေသများကိုမူ ပြင်သစ်နှင့် ဂျာမန်လူမျိုးများ သွားရောက်လေ့ရှိပြီး ပြီးခဲ့သည့်နှစ်က စ၍ သိသိသာသာ တိုးတက်လာခဲ့သည်။

ရခိုင်ပြည်နယ်တွင် ဇွန်လက ဖြစ်ပွားခဲ့သောပဋိပက္ခများကြောင့် စစ်တွေမြို့ အပါအဝင် မြို့ကြီးအချို့အား ပုဒ်မ ၁၄၄ ထုတ်ပြန်ပြီး ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့သည်။

ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် မတည်ငြိမ်မှုများရှိနေသော်လည်း လက်ရှိတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ဝင်ရောက်မှု မြင့်တက်နေပြီး ယခုနှစ်တွင်ခြောက်သိန်းခန့်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းနေကြသည်။

# ဦးပိန်တံတားတွင် စီးပွားရှာသူများကြောင့် ကမ္ဘာလှည့်ခရီးသည်များ အနှောင့်အယှက်ဖြစ်ရ

**နိုင်ချို**

**ရန်ကုန်၊ ဩဂုတ် - ၃၀**

ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လေ့လာအပန်းဖြေနေရာတစ်ခုဖြစ်သည့်ဦးပိန်တံတား၌ ဓာတ်ပုံဆရာအချို့၊ ငါးမျှားသူများနှင့် အမှတ်တရပစ္စည်းများ အတင်းအဓမ္မ လိုက်လံရောင်းချသူများကြောင့်နိုင်ငံခြားဧည့်သည်များ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ဧည့်လမ်းညွှန်များက ပြောသည်။

"နိုင်ငံခြားသား ဧည့်သည်တော်တော်များများက မကြိုက်ကြဘူး။ သူတို့က အပန်းဖြေဖို့၊ လမ်းလျှောက်ချင်လို့ လာတာ။ ကောင်းကောင်း လမ်းမလျှောက်ရဘူး"ဟု စပိန်ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုကျော်သူက ပြောကြားသည်။



ဦးပိန်တံတားနှင့်ကမ္ဘာလှည့်ခရီးသွားအချို့ကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဦးပိန်တံတားပေါ်တွင် တံတားတိုင်ဘေး၌ စက်ဘီးများ ရပ်တန့်မိုလှဲထားပြီး ငါးမျှားနေသူများနှင့် တံတားလက်ရမ်းအချို့ပေါ်မှ အင်းထဲသို့ ဒိုင်ဗင်ထိုးချသူများကြောင့် တံတားပေါ်ရှိ လေ့လာအပန်းဖြေသူများ အနေဖြင့် အနှောင့်အယှက်ဖြစ်ရသည်ဟု ဧည့်လမ်းညွှန်များက ပြောသည်။

ဦးပိန်တံတားထိပ် (တောင်သမန်ရွာအနီး) တွင်လည်း အကျီဗလာဖြင့် ဓာတ်ပုံဆရာအချို့လာရောက်လည်ပတ်သူများအား အမှတ်တရဓာတ်ပုံရိုက်နိုင်ကြောင်း မခွာတမ်း လိုက်လံပြောဆိုနေသည်မှာ အလွန်ဆိုးရွားသည့်ကိစ္စဖြစ်ပြီး ယင်းကိစ္စကို တာဝန်ရှိသူများက အရေးယူဆောင်ရွက်သင့်ကြောင်း ဩဂုတ် ၂၉ ရက်ထုတ် နိုင်ငံပိုင် သတင်းစာတွင်ဖော်ပြပါရှိသည်။

ဦးပိန်တံတားနှင့် တောင်သမန်အင်းသည် တန်ဖိုးထားရမည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်ပြီး ခရီးသွားဧည့်သည်များ လွန်စွာ စိတ်ဝင်စားသောနေရာဖြစ်သောကြောင့် ဂရုတစိုက် ထိန်းသိမ်းသင့်သည်ဟု ဧည့်လမ်းညွှန်များက ဆိုသည်။

# ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်လာရောက်စုံစမ်းမှု မရှိသေးဟုဆို

**အောင်သူရ**

**ရန်ကုန်၊ ဩဂုတ် - ၂၅**

ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နေသော မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း လာရောက်ရင်းနှီးမြှုပ်နှံရန် လေ့လာစုံစမ်းမှု တစ်စုံတစ်ရာ မရှိသေးကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းက ပြောကြားသည်။

"ဟိုတယ်ဆောက်ဖို့တော့ ကြိုးစားတယ်။ Servic Sector မှာခရီးသွားလုပ်ငန်းနဲ့ ပတ်သက်လို့ နိုင်ငံခြားသားတစ်ယောက်မှ လာမလုပ်ဘူး"ဟု မြန်မာစီးပွားစီမံအမှုဆောင်များအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် ဦးစိုးသိန်းက ပြောသည်။

ဟိုတယ်များတည်ဆောက်ရာတွင်လည်း တိုင်းရင်းသားများဆောက်နိုင်သောကြယ်နှစ်ပွင့်၊ သုံးပွင့်အဆင့်ဟိုတယ်များအား ဆောက်လုပ်ရန်ခွင့်မပြုဘဲ အဆင့်မြင့်ကြယ်ငါးပွင့်ဟိုတယ်ကြီးများ ရင်းနှီးမြှုပ်နှံခြင်းကိုသာ ခွင့်ပြုသွားမည်ဟု ဦးစိုးသိန်းက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံက ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်နေချိန်တွင် ခရီးလှည့်လယ်ရေးလုပ်ငန်းများ၌ နိုင်ငံခြားသားများအား ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံခွင့်ပြုမည်ကို ပြည်တွင်းခရီးသွားကုမ္ပဏီများက စိုးရိမ်လျက်ရှိနေကြသည်။

"ထိုင်းတို့ ဗီယက်နမ်တို့ ရုရှားတို့ကလာပြီး လုပ်ချင်တဲ့လူတွေရှိတယ်။ စုံစမ်းမှုတွေလည်းရှိပါတယ်"ဟု Nature Dream ခရီးသွားကုမ္ပဏီက အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စပယ်အောင်က ပြောသည်။

လာရောက်ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုစောင့်ကြည့်နေခြင်းဖြစ်နိုင်ကြောင်းဒေါ်စပယ်အောင်က သုံးသပ်သည်။ နိုင်ငံတကာမှ ခရီးသွားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံပါက ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်နိုင်မည်မဟုတ်သည့်အတွက် စိတ်ပူနေကြခြင်းဖြစ်သည်။

သို့သော်လက်ရှိခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများထဲတွင် အချို့မှာ နိုင်ငံခြားသားများနှင့် ဆက်စပ်နေသူများရှိကြောင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော ဆွေးနွေးပွဲတစ်ခုတွင် လုပ်ငန်းရှင် တစ်ဦးက ပြောကြားသည်။

ခရီးသွားလုပ်ငန်းလုပ်နေသော ကုမ္ပဏီများမှာ ၂၀၁၂ ဇူလိုင်လအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခု၊ ဖက်စပ်လုပ်ကိုင်သူ ၁၆ ခုနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ၈၈၄ ခုရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတကာ လေကြောင်းလိုင်း ရှစ်ခု မြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းမည်

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

လာမည့်ပွင့်လင်းရာသီမှစတင်၍ နှစ်မကုန်မီကာလအတွင်း နိုင်ငံတကာလေကြောင်းလိုင်း ၈ ခုမြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးဦးစီးဌာနမှ သိရသည်။

တိုးချဲ့ပျံသန်းမည့် လေကြောင်းလိုင်းများမှာ Korean Air, Qatar Airways, Eva Air, All Nippon Airlines, Singapore Airlines, Hongkong Dragon, Condor Airlines, Trans Asia Airways လေကြောင်းလိုင်းများဖြစ်ပြီး ဂျပန်၊ ကိုရီးယား၊ ဒိုဟာ၊ စင်ကာပူ၊ ဟောင်ကောင် စသည့်နိုင်ငံများသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အခြေပြုပျံသန်းမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပျံသန်းနေသည့် လေကြောင်းလိုင်း ၁၄ ခုရှိပြီး ယခုထပ်မံတိုးချဲ့မည့် လေကြောင်းလိုင်း ၈ ခုနှင့် အပါအဝင် ပြည်ပလေကြောင်းလိုင်းစုစုပေါင်း ၂၂ ခုထိရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများ ပျံသန်းဆင်းသက်နိုင်မည့် နိုင်ငံတကာ လေဆိပ်၃ခုရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုတည်းသို့ခရီးသည်ဝင်ရောက်မှုနှုန်းသည် ၂၀၁၁ခုနှစ်နှင့် ယှဉ်လျှင်ပင် ပိုမိုများပြားနေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သောစာရင်းများအရ သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

The Cartoon Logo




























7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဖိလစ်ပိုင် ကမ်းလွန်ပင်လယ်ပြင်တွင် အင်အားပြင်းငလျင်တစ်ခုလှုပ်၍ အဘွားအိုတစ်ဦး သေဆုံး

**မနီလာ၊ စက်တင်ဘာ - ၁**

ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက် ကမ်းလွန်ပင်လယ်ပြင်တွင် ယမန်နေ့ညနေကပြင်းအားရစ်ချ်တာစကေး ၇ ဒသမ၆ရှိသော အင်အားပြင်းငလျင်တစ်ရပ် လှုပ်ခတ်ခဲ့ရာ နိုင်ငံတောင်ပိုင်း ကာဂါယန် ဒီရိုရိုဒေသမှအဘွားအိုတစ်ဦး သေဆုံးကာ ၎င်း၏မြေးလည်းဒဏ်ရာရခဲ့ကြောင်းမြို့တော်ဝန်က ပြောသည်။ ကာဂါယန်မြို့တော်ဝန် ဗင်းဆင့်အီမန်နိုက သေဆုံးသူအဘွားအိုမှာ မြစ်ထဲ ရေနစ်သေဆုံးရခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့်မြို့၌ အိမ်ခုနစ်လုံးပျက်စီးခဲ့ကြောင်း ဆိုသည်။

ပစိဖိတ်ဆူနာမီစောင့်ကြည့်ရေးစင်တာသည် ၎င်းငလျင် ဖြစ်ပွားပြီးနောက် ဖိလစ်ပိုင်၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် တိုင်ပေတို့တွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန် ခဲ့ပြီး နောက်ပိုင်းတွင် ပြန်ရုပ်သိမ်းခဲ့သည်။ ဖိလစ်ပိုင်တွင် ယင်းဆူနာမီသတိပေးချက်ကြောင့် လူပေါင်းထောင်ချီ၍ နေအိမ်များမှ ခေတ္တစွန့်ခွာခဲ့ပြီး ယနေ့တွင် ပြန်လည် ဝင်ရောက်နေပြီဖြစ်သည်။

ဖိလစ်ပိုင်၏အရှေ့ဘက်ကမ်းရိုးတန်းမှ ဆူရီဂါအိုကျွန်းသည် ပစိဖိတ်သမုဒ္ဒရာကိုမျက်နှာမူထား၍ ဆူနာမီဒဏ်ခံရနိုင်ခြေအများဆုံးဖြစ်ပြီး ငလျင်ဖြစ်ပွားပြီးနောက် မြို့တွင်းသို့ ရေလှိုင်းလုံးကြီးတစ်ခုဝင်လာခဲ့သေးကြောင်း သိရသည်။

—*Ref: CNA, Xinhua*



တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ပန်ဇီဟွားဒေသတွင် ကျောက်မီးသွေးမိုင်းတစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပေါ်ပြီးနောက် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေရေးလုပ်ဆောင်ရန်ပြင်ဆင်နေသော ကယ်ဆယ်ရေးအဖွဲ့များကို ဩဂုတ်လ ၂၉ ရက်က တွေ့ရစဉ်။ ယင်းပေါက်ကွဲမှုကြောင့် မိုင်းလုပ်သား ၃၇ ဦး သေဆုံးပြီး မြေအောက်တွင် ၁၀ ဦး ပိတ်မိနေသည်။ အဆိုပါမိုင်းပေါက်ကွဲချိန်၌ မိုင်းလုပ်သား ၁၅၀ မြေအောက်တွင် အလုပ်လုပ်နေခဲ့သည်။ ဓာတ်ပုံ - AFP

# တရုတ်နိုင်ငံ စီချွမ်တွင် မိုင်းတွင်းပေါက်ကွဲမှုကြောင့် လူ ၃၇ ဦးသေ၍ ၁၀ ဦးပိတ်မိ

**ဘေကျင်း၊ စက်တင်ဘာ - ၁**

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးမိုင်းတွင်းတစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ သေဆုံးသူဦးရေ ၃၇ ဦးရှိပြီး နောက်ထပ်လူ ၁၀ ဦးမှာလည်း ကယ်ဆယ်၍မရဘဲ ပိတ်မိနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။ အဆိုပါမိုင်းတွင်းမှာ တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်မှ ရှောက်ကျားဝမ် မိုင်းတွင်းဖြစ်ပြီး မြေအောက်၌ လုပ်သား ၁၅၄ ဦး အလုပ်လုပ်နေစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးလုပ်သားများသည် မိုင်းလုပ်သားများ ပိတ်မိနေရာသို့ရောက်အောင်ကြိုးစားနေရပြီး ယင်းမြေအောက်တွင် အပူချိန် ၉၀ ဒီဂရီဆဲလ်ဆီးယပ်စ် (၁၉၀ ဒီဂရီဖာရင်ဟိုက်) ရှိကာ အဆိပ်သင့်စေနိုင်သော ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့များ မြင့်မားစွာရှိသည်ဟု သိရသည်။ ကယ်ဆယ်ရေးလုပ်သားများသည် မိုင်းတွင်းမှ သေဆုံးသူ ၃၄ ဦး၏ ရုပ်အလောင်းများကို ဆွဲထုတ်နိုင်ခဲ့ပြီး ကျန်သုံးဦးမှာ ကယ်ထုတ်ခံရပြီးနောက် သေဆုံးသွားခဲ့သည်။ ကျန် ၁၇ ဦး ကိုမူ အရေးပေါ်ကုသမှု ခံယူနေရကြောင်း သိရသည်။

တရုတ်နိုင်ငံရှိမိုင်းတွင်းများသည် ကမ္ဘာ့အသေအပျောက်အများဆုံးမိုင်းတွင်းများဖြစ်ပြီး မတော်တဆပြိုကျမှုများ မကြာခဏဖြစ်လေ့ရှိသည်။ နောက်ဆုံးထုတ်ပြန်သော တရားဝင်စာရင်းများအရ ၂၀၁၁ တွင် ကျောက်မီးသွေးမိုင်းတွင်း မတော်တဆမှုများကြောင့် သေဆုံးသူ စုစုပေါင်း ၁,၉၇၃ ဦးရှိသည်ဟု သိရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကျောက်မီးသွေးသုံးစွဲမှု အများဆုံးနိုင်ငံဖြစ်ပြီး နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုမှ ၇၀ ရာခိုင်နှုန်းကို ရုပ်ကြွင်းလောင်စာများသုံးစွဲမှီခိုနေရသည်။

—*Ref: AFP*




# ဩစတြေးလျတွင် ခိုလှုံရန် လှေဖြင့်ဝင်လာသူများ ပင်လယ်၌ ပျောက်ဆုံး

**မာရက်ခ် (အင်ဒိုနီးရှား)၊ စက်တင်ဘာ - ၁**

အင်ဒိုနီးရှားကမ်းလွန်ပင်လယ်ပြင်၌ ပြီးခဲ့သည့်နှစ်ရက်ကပျောက်ကွယ်သွားခဲ့သောလှေတစ်စင်းတွင် ဩစတြေးလျသို့ နိုင်ငံရေးခိုလှုံခွင့်ရရန်ဝင်လာသူ၅၄ဦး အသက်ရှင်ကျန်လျက်ရှိပြီး ယင်းတွင် အာဖဂန်လူမျိုးများလည်းပါဝင်ကြောင်း ဩစတြေးလျ ပင်လယ်ရေကြောင်းလုံခြုံရေးအာဏာပိုင်အဖွဲ့က ပြောသည်။ သို့သော် ကျန်ပျောက်ဆုံးနေသူ ၁၀၀ ဦးကို ရှာတွေ့ရေးမှာ ဩဂုတ် ၃၁ ရက်တွင်ပင် ခက်ခဲသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဩစတြေးလျအာဏာပိုင်အဖွဲ့က ပင်လယ်ထဲမျောနေသောအာဖဂန်လူမျိုး လေးဦးကို ရေထဲမှ ကယ်ဆယ်ခဲ့ပြီး သုံးဦးမှာဒဏ်ရာများ ရနေကြောင်း ဆိုသည်။ ကလေးများအပါအဝင် နိုင်ငံရေးခိုလှုံခွင့်ရရန် ဝင်လာသူလူပေါင်း ၁၅၀ ခန့်ကို သယ်လာသော အဆိုပါ သစ်သားလှေကို ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့ကဂျာဗားကျွန်းမှ ရေမိုင်ရှစ်မိုင်အကွာတွင် ခြေရာခံမိခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဩစတြေးလျဘက်မှ အကြောင်းကြားမှုဖြင့် အင်ဒိုနီးရှားရေတပ်က ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ခဲ့သော်လည်း ကြာသပတေးနေ့တွင် ရေထဲမျောနေသော လူ ၅၅ ဦးကိုသာ ရှာတွေ့ကယ်ဆယ်ခဲ့သည်။ ထို့ကြောင့် ကျန်ရစ်သူဦးရေ ၅၄ ဦးကို ရှာဖွေတွေ့ရေးမှာ မှေးမှိန်သွားပြီဟု အာဏာပိုင်များကဆိုခြင်းဖြစ်သည်။

ဩစတြေးလျသည် ယခုနှစ်များအတွင်း နိုင်ငံတွင်းသို့ ခိုလှုံခွင့်ရရန် အင်ဒိုနီးရှားကို ကြားခံထား၍ လှေဖြင့် ကူးပြောင်းလာကြသော လူများကို မကြာခဏ ရင်ဆိုင်နေရသည်။ ယခုနှစ်၌ ဩစတြေးလျသို့ တရားမဝင်လှေဖြင့် ခိုးဝင်လာသူ ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

—*Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဆီးရီးယားတွင် ကုလကထောက်ခံသော ဘေးကင်းရေးဇုန်များ ပေါ်ထွက်လာရေး တူရကီ ဆက်လက်လုပ်ဆောင်သွားမည်

**အစ္စတန်ဘူးလ်၊ စက်တင်ဘာ - ၁**

ဆီးရီးယားနိုင်ငံတွင်း၌ နိုင်ငံခြားက အကာအကွယ်ပေးသော ဘေးကင်းရေးဇုန်များ ပေါ်ထွက်ရေး နိုင်ငံတကာ၏ ထောက်ခံမှုရရှိရန် တူရကီအစိုးရက ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။ ယခုတစ်ပတ် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် သူပုန်များ ထိန်းချုပ်ထားရာ ဒေသများသို့ ပိုမို၍ အကူအညီပေးရေး ပြင်သစ်နိုင်ငံ၏ အစီအစဉ်အပြင် အခြား မယ်မယ်ရရ ဆုံးဖြတ်ချက်များ မထွက်ပေါ်ခဲ့ပေ။

တူရကီနှင့် ပြင်သစ်နိုင်ငံတို့ကဆီးရီးယားနိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် သမ္မတအယ်လ်အာဆတ်၏ ထိန်းချုပ်မှုမှ လွတ်ကင်းသော လွတ်မြောက်နယ်မြေများရှာဖွေဖော်ထုတ်ထားပြီဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေးဘတ်စ်က ပြောကြားသည်။ ငွေကြေးပံ့ပိုး၍ စနစ်တကျ စီမံခန့်ခွဲပါက ယင်းနယ်မြေများမှာ နှစ်ဖက်တိုက်ခိုက်မှုများကြား ပိတ်မိနေသော အရပ်သားများအတွက် ခိုလှုံစရာနေရာဖြစ်လာမည်ဟု ၎င်းကပြောသည်။

"ဘာရှားအယ်လ်အာဆတ်ရဲ့နိုင်ငံရေးသက်တမ်း အဆုံးသတ်သွားပါပြီ။ အခုဆိုရင် အာဆတ်ဟာ ဆီးရီးယားမှာ နိုင်ငံရေးသမားတစ်ယောက်လို ပြုမူနေတာမဟုတ်ပါဘူး။ စစ်ပွဲကို အသက်သွင်းသူတစ်ယောက်ဖြစ်နေပါပြီ" ဟုတူရကီဝန်ကြီးချုပ် စေရစ်အာဒိုဂန်က အင်တာဗျူးတစ်ရပ်တွင် ပြောကြားသည်။

ဆီးရီးယား၏ အိမ်နီးချင်း တူရကီနိုင်ငံမှာ ဒုက္ခသည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာခြင်းနှင့် ရုန်းကန်နေရပြီး ဆီးရီးယားကိစ္စကို နိုင်ငံတကာမှ အရေးယူဆောင်ရွက်မှု မရှိခြင်းအပေါ်လည်းပိုမို၍ စိတ်ပျက်လာကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထို့အတွက် ဆီးရီးယားနိုင်ငံတွင် ဘေးကင်းရေးနယ်မြေများ ထူထောင်ရေး နိုင်ငံတကာမှ ထောက်ခံသဘောတူညီရေးအတွက်လာမည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တွန်းအားပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းအစီအစဉ်များ ဆန့်ကျင်သည့် ရုရှားနှင့် အီရန်နိုင်ငံတို့အားလည်း ဖိအားပေးသွားမည်ဖြစ်ကြောင်း တူရကီအစိုးရ အသိုင်းအဝိုင်းက ပြောကြားသည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ဂျာမန်အများစုက ဂရိနိုင်ငံအား ယူရိုဇုန်မှ လက်တွဲဖြုတ်လိုကြ မှ

အချိန်ပိုပေးရမည်လား (သို့မဟုတ်) ဂရိအတွက် ဒုတိယအချေးငွေ ယူရို ၁၇၄ ဘီလီယံပေးအပ်ရေး ဆက်လက်လုပ်ဆောင်ရမည်လားဆိုသည်ကို ပြည်တွင်း၌ပင် လိပ်ခဲတည်းလည်း အခြေအနေနှင့် ရင်ဆိုင်နေရသည်။

Financial Times နှင့် Harris အဖွဲ့တို့ ပူးပေါင်းကောက်ယူခဲ့သော စစ်တမ်းတွင် အီတလီနှင့် စပိန်နိုင်ငံသားများက ဂရိအားလက်တွဲဖြုတ်ရန် ဂျာမန်များလောက် စိတ်အားထက်သန်မှုမရှိဟု ဆိုသည်။

ဂျာမနီ၊ အီတလီ၊ စပိန်၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံမှ လူ ၁,၀၀၀ ကိုမေးမြန်းကောက်ယူခဲ့သောစစ်တမ်းအရ ဂရိနိုင်ငံသည် ကယ်ဆယ်ရေးချေးငွေများကို တစ်ချိန်ချိန် ပြန်ဆပ်လိမ့်မည်ဟု ယုံကြည်ပါသလားဆိုရာတွင် ဂျာမန် ၂၆ ရာခိုင်နှုန်းကသာ ယင်းသို့ယုံကြည်ပြီး အီတလီ ၇၇ ရာခိုင်နှုန်းနှင့် စပိန် ၅၇ ရာခိုင်နှုန်းယုံကြည်မှုရှိခဲ့သည်။

ဂရိနိုင်ငံအပေါ် သဘောထားကွဲလွဲမှုများရှိသော်လည်း ယူရိုဇုန်အတွင်းရှိ နိုင်ငံသားအများစုကၡင်းတို့ခေါင်းဆောင်များအနေဖြင့် ဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းသွားနိုင်လိမ့်မည်ဟု အကောင်းမြင်ဘက်က ရှုမြင်ထားကြသည်။ —Ref: Reuters

## နောက်ကျောဖုံး - နပိုလီယန်အား အနိုင်ရရှိခဲ့သော စစ်ပွဲအကြောင်းပြောကြားရင်း ရုရှားနိုင်ငံသားများ စည်းလုံးညီညွတ်ကြရန် သမ္မတပူတင် တိုက်တွန်း မှ

အများအားဖြင့် မျိုးချစ်စိတ်ဓာတ်ကြောင့် အောင်ပွဲများရရှိခြင်းဖြစ်ပြီး နိုင်ငံ၏ စည်းလုံးညီညွတ်မှုမှ မျိုးချစ်စိတ်ဓာတ် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရုရှားနှင့် နိုင်ငံခြားဧည့်သည်တော်များ ပါတက်ရောက်သည့်အခမ်းအနားတွင် မစ္စတာပူတင်က ပြောကြားခဲ့သည်။

—Ref: Reuters

# Leader's Profile

# ပြင်သစ်ဝန်ကြီးချုပ် ဂျင်မာ့ခ်အားရော့

ရဲမင်း



ဂျင်မာ့ခ်အားရော့သည် လက်ရှိပြင်သစ်ဝန်ကြီးချုပ်ဖြစ်ပြီး ၂၀၁၂ ခုနှစ်မေလ ၁၆ ရက်တွင် ပြင်သစ်သမ္မတ ဟော်လန်ဒီက ၎င်းအားဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ မစ္စတာ အားရော့သည် နန့်စ်မြို့တော်ဝန်အဖြစ် ၁၉၈၉ မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၁၉၉၇ မှ ၂၀၁၂ ခုနှစ်အထိ ပြင်သစ်အမျိုးသားလွှတ်တော်တွင် ပြင်သစ်ဆိုရှယ်လစ်ပါတီကို ခေါင်းဆောင်ခဲ့သူဖြစ်သည်။

အားရော့ကို ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၂၅ ရက်တွင် မော်လက်ရီကာဒေသ၌မွေးဖွားခဲ့ သည်။ ဖခင်မှာလယ်ယာလုပ်သားတစ်ဦးဖြစ်ပြီးနောက်ပိုင်းတွင် အထည်စက်ရုံ၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ မိခင်မှာ အိမ်ရှင်မတစ်ဦးဖြစ်သည်။ အခြေခံပညာရေးကို မော်လက်ရီကာမှာပင် သင်ယူခဲ့သူအားရော့သည်နန့်စ်တက္ကသိုလ်တွင် တက်ရောက်၍ ဂျာမန်ဘာသာသင်ယူခဲ့သည်။ ၁၉၇၂ တွင် ဂျာမန်ဘာသာသင်ကြားရေး ဒီပလိုမာရရှိခဲ့ပြီး နန့်စ်မြို့မှာပင် အလုပ်သင်ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၇၃ မှ ၁၉၈၆ ခု နှစ်အထိ စိန့်ဟာဘလိန်ဒေသတွင် ဂျာမန်ဘာသာဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။

ငယ်စဉ်ကပင် ကျေးလက်လူငယ်လှုပ်ရှားမှုများတွင်ပါဝင်ခဲ့သူအားရော့သည် ၁၉၇၁ ခုနှစ်တွင် မစ္စတာဖရန်ဆွာမီတရောင်းပါတီအကြီးအကဲဖြစ်လာချိန်တွင် ပြင်သစ်ဆိုရှယ်လစ်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ပါတီ၏ အထွေထွေကောင်စီသို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၁၉၇၇ ခုနှစ်တွင် နန့်စ်မြို့အနီးရှိ စိန့်ဟာဘလိန်းမြို့နယ်၏ မြို့တော်ဝန်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ထိုစဉ်ကမစ္စတာအားရော့မှာအသက် ၂၇ နှစ်သာရှိသေးပြီးပြင်သစ်နိုင်ငံတွင်အသက်အငယ်ဆုံးမြို့တော်ဝန်ဖြစ်သည်။

မစ္စအားရော့သည် ၁၉၇၉ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီအမျိုးသားကော်မတီတွင် ပါဝင်လာခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ပါတီအလုပ်အမှုဆောင်အဖွဲ့သို့ ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၈၆ ခုနှစ်တွင် ပြင်သစ်အမျိုးသားပါလီမန်သို့ ရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၈၉ ခုနှစ်တွင် နန့်စ်မြို့တော်ဝန် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ၁၉၉၅၊ ၂၀၀၁၊ ၂၀၀၈ ခုနှစ်များတွင် နန့်စ်မြို့တော်ဝန်အဖြစ် ထပ်ခါထပ်ခါ ရွေးကောက်တင်မြှောက်ခံရသည်။

၁၉၉၇ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ အခြေမလှဖြစ်ခဲ့သော်လည်း မစ္စတာအားရော့မှာ ဆိုရှယ်လစ်ပါတီပါလီမန်အမတ်များ အဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာသည်။ ယင်းတာဝန်ကို ၁၅ နှစ်ကြာသစ္စာရှိရှိ ထမ်းဆောင်ခဲ့သော အားရော့သည် ၂၀၁၁ ခုနှစ် ဆိုရှယ်လစ်ပါတီကနဦးရွေးကောက်ပွဲများမှာပင် မစ္စတာဖရန်ဆွာ ဟော်လန်ဒီအား ထောက်ခံခဲ့သည်။ ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် မစ္စတာဟော်လန်ဒီအနိုင်ရရှိသောအခါ ပြင်သစ် သမ္မတဟော်လန်ဒီက မစ္စတာအားရော့အား နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်ဖြစ်လာပြီး နောက်တစ်ရက်မှာပင် မစ္စတာအားရော့က ၎င်း၏ ဝန်ကြီးအဖွဲ့စာရင်းကို ထုတ်ဖော်ကြေညာခဲ့သည်။

မစ္စတာအားရော့သည် ဇနီးသည် ဘရစ်ဂျစ်တာရိန်းနှင့်အတူ သားသမီးနှစ်ဦးထွန်းကားထားသည်။

—*Ref: Wikipedia*

# ၂၀၁၂ တွင် ကမ္ဘာ့စီးပွားရေး နှေးကွေးသွားမည်ဟု WTO အကြီးအကဲ ပြောကြား

**ပါရီ၊ ဩဂုတ် - ၃၁**

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်ယခုနှစ်တွင် ၄ ရာခိုင်နှုန်းအောက်တွင်သာရှိမည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲ ပါစကယ်လာမီက တည်ပြုပြောကြားပြီး အစိုးရအဖွဲ့များအနေဖြင့်လည်း ကိုယ်ကျိုးစီးပွားကာကွယ်ရေး မူဝါဒကို ဆန့်ကျင်ကြရန်၎င်းက တိုက်တွန်းပြောကြားသည်။

ကမ္ဘာ့စီးပွားရေးနှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုသည် လွန်ခဲ့သော ၁၅ နှစ်တာကာလအတွင်းပျမ်းမျှအားဖြင့် ၆ ရာခိုင်နှုန်း ရှိခဲ့သည်။ သို့သော် ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၄ ရာခိုင်နှုန်းအောက်တွင်သာ ရှိမည်ဟုမစ္စတာလာမီကပြင်သစ်ရေဒီယိုဌာနတစ်ခုသို့ ပြောကြားသည်။ သို့သော်ယင်းသို့ ဆိုးရွားသော ကာလတစ်ရပ်ကျော်ဖြတ်နေရခြင်း မူဝါဒဆီသို့အလျှော့ပေးစရာ အကြောင်းပြချက်မဟုတ်ကြောင်း WTO အကြီးအကဲက ပြောသည်။

"ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒဆူနာမီ မကြုံတွေ့ရဘဲနဲ့ ကမ္ဘာကြီးက ဒီအကျပ်အတည်းကို ကျော်ဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလိုဆူနာမီ အရိပ်အယောင်တွေတွေ့နေရပြီး ဒါကို WTO က အနီးကပ်စောင့်ကြည့်နေပါတယ်" ဟုမစ္စတာလာမီက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့စီးပွားရေးသည် ၂၀၁၀ ပြည့်နှစ်တွင် အားကောင်းမောင်းသန်ရုန်းထခဲ့သော်လည်း ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တွင်ပြန်လည်နှေးကွေးလာသည်။

—*Ref: AFP*

## နောက်ကျောဖုံး - ပါတီညီလာခံ မတိုင်မီ အိုဘားမားနှင့် ရွမ်းနေ လူကြိုက်များမှု တူညီနေ မှ

ခန့်မှန်းနိုင်ရန် ခုနစ်ရက်ဆက်တိုက် စစ်တမ်းများကောက်ယူခဲ့ရာ၌ ယခုရလဒ်များ ပေါ်ထွက်လာခြင်းဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ် စစ်တမ်း၌ အိုဘားမားက ရွမ်းနေအပေါ် ၄၆ ရာခိုင်နှုန်း၊ ၄၂ ရာခိုင်နှုန်းဖြင့် အသာစီးရရှိခဲ့သည်။

ထိုအတောအတွင်း ရီပက်ဘလေကန်ပါတီ ညီလာခံကို ဖလော်ရီဒါပြည်နယ် တမ်ပဒေသတွင် ကျင်းပခဲ့ပြီး မစ်ရွမ်းနေမှာ ရီပက်ဘလေကန်ပါတီ၏ တရားဝင်သမ္မတလောင်းဖြစ်လာခဲ့ပြီးနောက် အိုဘားမားနှင့် လူကြိုက်များမှုဆတူဖြစ်လာခြင်းဖြစ်သည်။ သို့သော် အိုဘားမားအပေါ် ကျော်လွန်သွားခြင်း မရှိသေးပေ။

ဒီမိုကရက်တစ်ပါတီညီလာခံကျင်းပပြီးချိန်တွင် အိုဘားမားအပေါ် ထောက်ခံသူများပြားလာမည်ဟု ယုံကြည်ကြောင်း Ipsos စစ်တမ်းမေးမြန်းသူ ဂျူလီယာကလာ့ခ်က ပြောကြားသည်။

—*Ref: Reuters*

7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012



# “ဥရောပဟာ ကျွန်မတို့ရဲ့ စုပေါင်းဘုံနေအိမ်ပါပဲ

## ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗီဗီယန် ရက်ဒင်းနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

လက်ရှိအချိန်မှာ ဥရောပသမဂ္ဂ (အီးယူ) ထဲက ပြည်သူတွေကို တစ်ခုတည်းသောစုစည်းညီညွတ်ပြီးသာယာဝပြောတဲ့ဥရောပဆိုတဲ့ အိပ်မက်ကို တကယ်ပေးနိုင်ဖို့အတွက် စီးပွားရေးအကျပ်အတည်းဆိုတဲ့ တံတိုင်းကြီးက အဟန့်အတားဖြစ်လို့နေပါတယ်။ ဒါပေမဲ့ အီးယူရဲ့ တရားရေးအကြီးအကဲ၊ ဥရောပကော်မရှင်ဒုတိယဥက္ကဋ္ဌ ဗီဗီယန်ရက်ဒင်းကတော့ ဥရောပဟာအခက်အခဲတွေကို ရင်ဆိုင်ပြီး သူ့ပြည်သူတွေကို ရှင်သန်နိုင်အောင်ကူညီပေးနိုင်မယ်လို့ ယုံကြည်အကောင်းမြင်နေပါတယ်။

ဒါ့ကြောင့် ယူရိုသတင်းဟာ ဥရောပကော်မရှင်ရဲ့စီးပွားရေးအကျပ်အတည်း ကျော်လွှားရေး လုပ်ငန်းစဉ်တွေနဲ့ ရိုမေးနီးယားနိုင်ငံရေးအကြောင်း စတာတွေကို မစ္စက်ဗီဗီယန်ရက်ဒင်းနဲ့ တွေ့ဆုံမေးမြန်းခဲ့တာတွေ ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**ဥရောပကော်မရှင်က စတင်လုပ်ဆောင်နေခဲ့တဲ့ လေးလတာလူထုအကြံပေးဆွေးနွေးမှုလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ စမေးချင်ပါတယ်။ ဒီအစီအစဉ်ရဲ့ ရည်ရွယ်ချက်က အီးယူထဲမှာ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ပြဿနာတွေကိုရှာတွေ့ဖို့ ရည်ရွယ်တယ်လို့ဆိုပါတယ်။ဥက္ကဋ္ဌကိုယ်တိုင်ကလည်း လာမယ့်နှစ်အနည်းငယ်အတွင်း အီးယူရဲ့ မူဝါဒချမှတ်ရေးကို တိုက်ရိုက်ချပြသွားမယ်လို့ ဖြေဆိုခဲ့တယ်။ ဒါပေမဲ့ လက်ရှိမှာဥရောပရင်ဆိုင်နေရတဲ့ အကျပ်အတည်းနဲ့ ပတ်သက်လို့ပြောရရင်အဲဒီအစီအစဉ်က ဘယ်လောက်လက်တွေ့ကျကျအောင်မြင်နိုင်မယ်လို့ မျှော်လင့်ထားပါသလဲ။**

ဥရောပဟာ ကျွန်မတို့ရဲ့ စုပေါင်းဘုံနေအိမ်ပါပဲ။ ဒါကို နိုင်ငံရေးသမားတွေနဲ့ချည်း တည်ဆောက်လို့မရနိုင်ပါဘူး။ ပြည်သူတွေနဲ့အတူ တည်ဆောက်ရပါလိမ့်မယ်။ အတိတ်တုန်းက ပြဿနာတစ်ခုကတော့ ကျွန်မတို့ဟာ ဥရောပနဲ့ ပတ်သက်လို့ အခြားသူတွေနဲ့ အတူနေရတာနဲ့ပတ်သက်လို့ ပြည်သူတွေကို တစ်ခါမှ မမေးမြန်းခဲ့ဖူးတာပဲ။ ဒီလူတွေက လူဦးရေသန်း ၅၀၀ ရှိတယ်။ အခုဒါကို ကျွန်မတို့ ပြောင်းလဲပစ်ရမယ့်အချိန်ပါပဲ။

**ဒီလို လူထုအကြံပေးဆွေးနွေးမှုလုပ်ငန်းဟာလက်တလောမှာတော့ ဘယ်ကိုမှ မရောက်နိုင်တဲ့ပုံပေါ်နေပြီး လက်ရှိဥရောပရဲ့အလယ်ဗဟိုမှာဖြစ်နေတဲ့ ဒီမိုကရေစီနည်းမကျတဲ့ ကိစ္စတွေကို ပြောရမှာအလုပ်မဖြစ်တဲ့ပုံပေါ်နေပါတယ်။**

ဒါပေမဲ့ကြည့်ပါ။ ဥရောပသမဂ္ဂမှာ ဒီမိုကရက်တစ် မဆန်တဲ့ အမြင်က မှားသည်ဖြစ်စေ၊ မှန် သည်ဖြစ်စေ ပြည်သူတွေမှာ အခုထိစွဲနေကြတာပါ။ ဒါ့ကြောင့် ပြည်သူတွေကို သူတို့ရဲ့ အမြင်တွေမေးကြဖို့ အချိန်တန်ပါပြီ။ အခုကျွန်မတို့ လုပ်တာပထမဆုံးခြေလှမ်းတွေပါပဲ။ ဘာ့ကြောင့်လဲဆိုရင် အခုကစပြီး တစ်နှစ်လုံးဆွေးနွေးညှိနှိုင်းမှုတွေ ကျွန်မတို့လုပ်သွားတော့မှာမို့ပါ။ မြို့တွေ၊ ရွာတွေမှာ ဆွေးနွေးသွားမှာပါ။ ဒီနောက် ကျွန်မတို့ ဥရောပရွေးကောက်ပွဲတွေ လုပ်မယ်။ ပြည်သူတွေဟာလည်း သူတို့ရဲ့ ဥရောပပါလီမန်အမတ်တွေကို ရွေးချယ်တင်မြှောက်ရတော့မယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူတို့ဘာကြောင့် ရွေးချယ်ရတာလဲဆိုတာကိုသိနားလည်ပြီး ရွေးကြမှာပါ။

**ဒါသိပ်ကောင်းပါတယ်။ ဒါပေမဲ့ အချိန်ယူရပါမယ်။ လက်ရှိအချိန်မှာဥရောပရင်ဆိုင်နေရတဲ့ပြဿနာကလည်း အချိန်မလုံလောက်တော့ဘူး။ ဟုတ်တယ် မဟုတ်လား။**

ဒါ့ကြောင့်ကျွန်မတို့အခုချက်ချင်းအလုပ်တွေစနေတာပေ့ါ။ ဒါမှ ဥရောပရွေးကောက်ပွဲတွေရောက်လာတဲ့အခါပြည်သူတွေဟာသူတို့ ရွေးချယ်မဲပေးသူကိုသိနိုင်မှာဖြစ်ပြီး ဥရောပပါလီမန်ကိုလည်း ပိုအားဖြည့်ဆောင်ရွက်စေနိုင်မှာပါ။

**ဒါပေမဲ့ ကြားဖြတ်မေးပါရစေဦး။ ဥရောပပါလီမန်ရွေးကောက်ပွဲတွေလုပ်တဲ့အချိန်တိုင်းလာရောက်ကြတဲ့ လူအရေအတွက်က နှစ်တိုင်းကျဆင်းလာတာကိုသိမှာပါ။ လူတွေကဥရောပပါလီမန်နဲ့ဆက်သွယ်မှုမရှိဘူးဖြစ်နေပါတယ်။**

လုံးဝမှန်တာပေ့ါ။ ဥရောပပါလီမန်မှာ ဥရောပပြည်သူတွေကိုကိုယ်စားပြုဖို့ အာဏာရှိထားပါတယ်။ လူတွေက ဒါကိုမသိကြဘူး။ ဒီတော့ မဲဆန္ဒရှင်တွေ၊ နိုင်ငံသားတွေကိုဥရောပပုံစံအသစ်ထဲထည့်သွင်းရေးဟာ သိပ်အရေးကြီးတာပဲပေ့ါ။ ဒါ့ကြောင့်လည်း ကျွန်မတို့ အခုသွားလာနေတဲ့အခါမှာ တွေ့ရတဲ့လူများစုက အသက် ၃၀ အောက်လူငယ်တွေဖြစ်နေတာကို ပျော်ရွှင်ကျေနပ်မိတယ်။ ကျွန်မတို့ဟာ သူတို့ရဲ့ အနာဂတ်နဲ့ ပြန်ဆက်သွယ်ရပါမယ်။ သူတို့ရဲ့ အနာဂတ်ကို အခုတည်ဆောက်နေပါပြီ။ သူတို့မပါရင်မဖြစ်ဘူးလို့ ကျွန်မမျှော်လင့်ပါတယ်။

**ဒါပေမဲ့ဥရောပကိုကြည့်ရင်အစွန်းရောက်ပါတီတွေ ပေါ်လာနေပါတယ်။ ဂရိက ရွှေရောင်အရုဏ်ဦး Golden Dawn လိုပါတီမျိုးပေ့ါ။ အဲဒီမှာ ဒီမိုကရေစီစနစ် လုံလုံလောက်လောက်မဖြစ်သေးတဲ့ အချက်ကိုလည်း ဥက္ကဋ္ဌအနေနဲ့ မစိုးရိမ်ဘူးလား။လူတွေကဥရောပသမဂ္ဂဟာ တာဝန်ခံမှုမရှိတော့ဘူးလို့ခံစားပြီး ဒါ့ကြောင့်ပဲ အဲဒီပါတီတွေ ဘက်လှည့်သွားတော့မလား။**

အင်း. .။ ဒါကလည်းကျွန်မတို့ပေးကိုပေးရမယ့်အဖြေတစ်ရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ အဖြေက သဘောတရားတော့ ဆန်နိုင်မှာမဟုတ်ပါဘူး။ ကတိတွေပေးတာလည်း မဖြစ်နိုင်ပါဘူး။ လက်တွေ့ပဲပြောရပါမယ်။ နိုင်ငံရေးသမားတွေဟာ အပြင်ထွက်ပြီး လူထုအသံကို နားထောင်ရပါမယ်။ လူတွေနဲ့ ဆွေးနွေးရပါမယ်။

**ရိုမေးနီးယား ကိစ္စကို မေးချင်ပါတယ်။ အဲဒီမှာ လက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ပတ်သက်လို့လူကြီးမင်းဘယ်လောက် စိုးရိမ်ပူပန်နေပါသလဲ။**

အများကြီး ပူပန်တာပေ့ါ။ ဥရောပကော်မရှင်တစ်ခုလုံးရော၊ ကောင်စီတစ်ခုပါ စိတ်ပူနေကြပါတယ်။ ကျွန်မတို့ရဲ့ တုံ့ပြန်မှုကိုလည်း ရှင်တို့ မြင်ပြီးဖြစ်မှာပါ။ ဒီမိုကရေစီဆိုတာ ထိန်းသိမ်းဖို့ လိုအပ်တဲ့ကောင်းတဲ့အရာတစ်ခုပါ။ ကျွန်မတို့မှာ လွတ်လပ်တဲ့ တရားရုံးတွေ လိုအပ်ပါတယ်။ အခြေခံဥပဒေခုံရုံးတွေကို ဖျက်သိမ်းမပစ်နိုင်ပါဘူး။ ဒီခုံရုံးတွေက ပြောတာကိုကျွန်မတို့ လေးစားရပါမယ်။

**နောက်ကြောင်းပြန်ကြည့်တဲ့အခါ ရိုမေးနီးယားလို နိုင်ငံမျိုးတွေကို အီးယူထဲ ပါဝင်စေခဲ့တာဟာ အမှားပဲလို့ ဥက္ကဋ္ဌထင်ပါသလား။**

ဥရောပသားတွေဟာ သမိုင်းဝင်ဆုံးဖြတ်ချက် တစ်ခုလုပ်ခဲ့တယ်။ ခွဲခြားခံထားရတဲ့ ဥရောပဆိုတာ ပျောက်ကွယ်သွားပြီး ကွန်မြူနစ်အာဏာရှင်စနစ်အောက်မှာနေခဲ့ရသူတွေလည်း လွတ်လပ်မှုပြန်ရလာတဲ့အချိန်မှာ ကျွန်မတို့ဟာ သူတို့ကို တံခါးတွေဖွင့်ထားတယ်လို့ ပြောခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ဟာ လွယ်ကူတဲ့ခရီးစဉ်တစ်ရပ်တော့မဟုတ်ပါဘူး။ ဆယ်စုနှစ်များစွာ ဥရောပအဟောင်းနဲ့နေခဲ့ရတဲ့ ကျွန်မတို့ထဲကအများစုဟာဒီမိုကရေစီစနစ်ဘယ်လို အလုပ်လုပ်တယ်ဆိုတာ သိခဲ့တယ်။ အသစ်ဝင်လာတဲ့ နိုင်ငံတွေကတော့ ဒါကိုသိဖို့သင်ယူနေရတုန်းပါ။ ကျွန်မတို့သူတို့ကို ကူညီရပါမယ်။ အခွင့်အရေးပေးရပါမယ်။ ဥရောပဟာ ဒီမိုကရက်တစ်အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။

**ဒါဆို ဥရောပဟာ သူတို့ထဲမှာပဲ အာဏာရှင်စနစ်တစ်ရပ်ကို ရှင်သန်ခွင့်ပေးနိုင်တယ်ပေ့ါ။**

ဟင့်အင်း။ အဲဒီလိုကျွန်မ မယုံကြည်ပါဘူး။ ဥရောပဟာ အဲဒီလိုမလုပ်နိုင်ပါဘူး။ ရှင်းလင်းတဲ့အချက်တစ်ခုကတော့ ဥရောပဆိုတာဒီမိုကရေစီနိုင်ငံတစ်နိုင်ငံပါ။ နိုင်ငံတွေစုစည်းထားတဲ့ နိုင်ငံတော်တစ်ရပ်ပါ။ ဒီလိုပဲ ဆက်သွားမှာဖြစ်ပြီး ဆက်လက်အားဖြည့်လုပ်ဆောင်သွားမှာပါ။

*—Ref: 'Liviane Reding, Vice President of the European Commission: "Democray is not an easy endeavour" Euronews.*

---

# အမေရိကန်သူဌေးကြီး ဝါရင်းဘတ်ဖတ် မွေးနေ့တွင် ကန်ဒေါ်လာ သုံးဘီလီယံ လှူဒါန်း

**အိုမားဟား၊ စက်တင်ဘာ - ၁**

အမေရိကန် ဘီလျံနာသူဌေးကြီး ဝါရင်းဘတ်ဖတ်က ၎င်း၏ သားသမီးများ ထူထောင်လုပ်ကိုင်နေသောဖောင်ဒေးရှင်းအဖွဲ့များသို့ ၎င်း၏ Beskshire Hathaway စတော့ရှယ်ယာများ ကန်ဒေါ်လာ သုံးဘီလီယံဖိုးအထိ ပေးရန် ကတိပြုလိုက်သည်။

မစ္စတာဘတ်ဖတ်သည် ၁၉၉၆ ခုနှစ်ကလည်း ၎င်း၏ သားသမီးများ၏ ဖောင်ဒေးရှင်းအဖွဲ့များသို့ ရှယ်ယာပေါင်း ၁၇ ဒသမ ၅ သန်းစီ ပေးအပ်ခဲ့သည်။ မစ္စတာဘတ်ဖတ်သည် အသက် ၈၂ နှစ်ပြည့်ပြီဖြစ်ကာ သားသမီးများလုပ်ကိုင်နေသော အဖွဲ့များ အောင်မြင်နေခြင်းအတွက် ဂုဏ်ယူကြောင်း ပြောကြားပြီး တစ်ဦးချင်းစီအတွက် ရှယ်ယာ ၁၂ ဒသမ ၂ သန်းစီထပ်မံပေးအပ်မည်ဟု ပြောကြားသည်။

“ဖေဖေ့ရဲ့ လက်ဆောင်ကို အကောင်းဆုံး အသုံးချဖို့ မင်းတို့ရဲ့ အသိဉာဏ်နဲ့အင်အားတွေ တော်တော်လေးအသုံးချရတယ်ဆိုတာ ဖေဖေသိပါတယ်။ ဒါပေမဲ့လည်း မင်းတို့ဟာ ဖေဖေ့ရဲ့ မျှော်လင့်ချက်တွေထက်တောင် ကျော်လွန်အောင် လုပ်ဆောင်ခဲ့ကြတယ်။ မင်းတို့ရဲ့ အမေလည်း ဖေဖေ့လိုပဲ ဂုဏ်ယူနေပါလိမ့်မယ်။ မင်းတို့ရဲ့ အောင်မြင်မှုတွေမှာ မင်းတို့ မေမေရဲ့ လွှမ်းမိုးမှုတွေဖေဖေတွေ့ရပါတယ်” ဟု မစ္စတာဝါရင်းဘတ်ဖတ်က အိတ်ဖွင့်ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။

မစ္စတာဘတ်ဖတ်၏ ပထမဇနီးသည် မစ္စဆူဇန်သည် ၂၀၀၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

*—Ref: UPI*

Entertainment

7DAY NEWS JOURNAL

Vol.11, No.26 • SEPTEMBER 6 , 2012

## ကေပေါ့ပ်အဆိုတော်နစ်ခ်ဟွန် အရက်မူးပြီး ကားမောင်း၍ ဒဏ်ငွေဝမ်လေးသန်း ပေးဆောင်ရ

**ဆိုးလ်၊ စက်တင်ဘာ - ၁**

ကေပေ့ါပ်ဂီတလောက၏ အမျိုးသားဂီတအဖွဲ့ 2PM မှအဖွဲ့ဝင် နစ်ခ်ဟွန်သည်ပြီးခဲ့သည့်ဇူလိုင်လအတွင်း အရက်သေစာသောက်သုံးပြီး ကားမောင်းခဲ့၍ ဒဏ်ငွေ ဝမ်လေးသန်း တပ်ရိုက်ခံရမည်ဖြစ်ကြောင်း ကိုရီးယားအာဏာပိုင်များကပြောသည်။

နစ်ခ်ဟွန်သည် ဇူလိုင် ၂၄ ရက်က ၎င်း၏ကားနှင့် ဆိုင်ကယ်တစ်စီးတို့ တိုက်မိခဲ့စဉ် ဆေးစစ်ချက်အရ သွေးထဲ၌ အယ်လ်ကိုဟောပမာဏသာမန်ထက်မြင့်မားနေကြောင်းတွေ့ရ၍ ယခုကဲ့သို့ဒဏ်ငွေချမှတ်ခံရခြင်းဖြစ်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ နစ်ခ်ဟွန်ကို ဆိုးလ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ၂၀၀၈ တွင် 2PM အဖွဲ့နှင့်အတူ ဂီတလောကထဲဝင်ခဲ့ပြီး ကေပေ့ါပ်လောက၏ အတောက်ပဆုံး ကြယ်ပွင့်တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့သည်။

—Ref: CNA





ဓာတ်ပုံ-ကျော်မောင်မောင်(အမရပူရ)

## အောင်မြင်တဲ့ဓာတ်ပုံမော်ဒယ်လ်သာ ဖြစ်ချင်တဲ့

# ယွန်းဝတီလွင်မိုး

**ကြူကြူဟန်**

**ရန်ကုန်၊ဩဂုတ်-၃၀**

သရုပ်ဆောင်လွင်မိုး၏ သမီးဖြစ်သူ ယွန်းဝတီလွင်မိုးက သူမကို ဆယ်ကျော်သက်မိန်းကလေး ဓာတ်ပုံမော်ဒယ်လ် တစ်ယောက် အဖြစ်သာ ပရိသတ်က မြင်စေချင်ကြောင်း ယွန်းဝတီလွင်မိုးက ပြောသည်။

"ဆယ်ကျော်သက်တစ်ယောက်ပေ့ါ။ သူ့ဝါသနာပါတာကို အောင်မြင်အောင် လုပ်ချင်တဲ့ ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်လို့ပဲ မြင်စေချင်တယ်။ ဓာတ်ပုံမော်ဒယ်လ် တစ်ယောက်လို့ပဲ မြင်စေချင်တယ်။ အမှန်တိုင်းပြောရရင် ဓာတ်ပုံမော်ဒယ်လ် ယွန်းဝတီလို့ ပြောပေမယ့် ဦးလွင်မိုး သမီး ယွန်းဝတီလို့ပြောတာ ပိုကြိုက်ပါတယ်"ဟု ယွန်းဝတီလွင်မိုးကပြောသည်။

မော်ဒယ်လ်တစ်ယောက်ဖြစ်လိုပြီး သရုပ်ဆောင်ရန်အတွက်မူ သူမအတွက် ခက်ခဲကြောင်းလည်းဖွင့်ဟသည်။

"ဓာတ်ပုံမော်ဒယ်လ်မှာဆို အကုန်လုံးရတယ်။ ဘာမှ အခက်အခဲမရှိဘူး။ ဒါပေမဲ့ သရုပ်ဆောင်ရတာဆို သမီး အဲဒီလောက်ကြီး မတော်သေးဘူးပေ့ါနော်။ ဒါရိုက်တာတို့၊ ဖေဖေ၊ မေမေတို့ဆီက အကူအညီကလိုတုန်းပဲ။ ဓာတ်ပုံမော်ဒယ်လ်ဆိုသူများ အကူအညီမယူဘဲနဲ့ ကိုယ့်ဟာကိုယ်လုပ်လည်းရတယ်။ သရုပ်ဆောင်တာတွေကျတော့ သူများအကူအညီလိုတယ်။ သမီးအတွက် နည်းနည်းခက်ခဲတယ်။ အဲဒီအတွက် ဓာတ်ပုံမော်ဒယ်လ်ကိုပဲ ကိုယ့်ဟာကိုယ်ဆုံးဖြတ်တာပါ"ဟု သူမကပြောသည်။

ဖခင်ကဲ့သို့ အောင်မြင်သော သရုပ်ဆောင်တစ်ယောက်ဖြစ်ရန် ရည်ရွယ်ထားခြင်း မရှိသော်လည်း တီဗီကြော်ငြာ၊ MTV ရိုက်ကူးခြင်းများကို ပိုမိုပြုလုပ်သွားမည်ဟုပြောသည်။

လက်ရှိတွင် အဋ္ဌမတန်း၌ ပညာသင်ယူနေပြီး လာမည့်နှစ်တွင် အထက်တန်းတက်ရမည်ဖြစ်သောကြောင့် အနုပညာအလုပ်ကို လျှော့၍ ပညာရေးကို ပိုမိုအားစိုက်မည်ဖြစ်ရာ ဖခင်ကလည်း ပညာရေးကို အားပေးကြောင်း ယွန်းဝတီလွင်မိုးက ပြောသည်။ ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်းတို့၏ တစ်ကိုယ်တော်အခွေ VCD များတွင် ယွန်းဝတီလွင်မိုး သရုပ်ဆောင်ထားသည်။

## အလေးမပြိုင်ပွဲဝင် အထိမ်းအမှတ်သီချင်း အားတီရေးစပ်နေ



**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၁**

တစ်ကိုယ်တော်စီးရီး 'ချိုချဉ်' ထွက်ရှိရန် စီစဉ်နေသော အာအန်ဘီအဆိုတော် Ar. Tသည် မြန်မာနိုင်ငံတွင် နိုဝင်ဘာလ ၇ ရက်၌ ကျင်းပမည့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ၃၆ နိုင်ငံအလေးမဖိတ်ခေါ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အထိမ်းအမှတ်သီချင်း (Theme Song) ကို ရေးစပ်သီဆိုရန် ကမ်းလှမ်းခံခဲ့ရကြောင်း 7Day News သို့ ပြောသည်။

MRTV-4 ၏ ဟင်းချက်ပြိုင်ပွဲ (Cooking Master)အထိမ်းအမှတ်သီချင်း၊ မြန်မာဖက်ရှင်ဒီဇိုင်နာအဖွဲ့ (MFDG)တို့၏ ပြိုင်ပွဲအထိမ်းအမှတ် သီချင်းများဖြင့် ပရိသတ်အားပေးမှု ရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲဝင်အထိမ်းအမှတ်သီချင်းများ ရေးသားသီဆိုရန် ကမ်းလှမ်းခံရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"အဲဒီသီချင်းအတွက် စာသားတွေ စဉ်းစားနေပါပြီ။ အလေးမရုံထဲကိုလည်း သွားလေ့လာပြီးပါပြီ။ ဘယ်လိုအကြောင်းအရာပါချင်တယ်လို့ သူတို့ဘက်က မပြောပါဘူး။ ကိုယ့်ဘာသာကိုယ်လွတ်လွတ်လပ်လပ် ဖန်တီးလို့ရပါတယ်။ ကျွန်တော်က အဆို၊ ယူရေနီယမ်အကအဖွဲ့က အကနဲ့ ပုံဖော်ဖို့ လုပ်နေပါတယ်။ ခုလို ပြိုင်ပွဲကြီးတစ်ခုလုံးအတွက် ပုံဖော်သီဆိုရမယ့်အပေါ် အရမ်းစိတ်လှုပ်ရှားပါတယ်။ ကျွန်တော်သီဆိုနေကျ အီလက်ထရိုပုံစံ ဖန်တီးတင်ဆက်သွားမှာပါ။ သီချင်းကိုတော့ မြန်မာဘာသာနဲ့ပဲ သီဆိုမှာပါ။ ဒါပေမဲ့ အဖွင့်နှုတ်ဆက်စကားကိုတော့ အင်္ဂလိပ်လိုပြောဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အလေးမအဖွဲ့ချုပ် ပြိုင်ပွဲဖွင့်ပွဲတွင် Ar. T နှင့်အတူ စိုင်းစိုင်းခမ်းလှိုင်၊ J Me တို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ပြီး နိုဝင်ဘာလတွင် ထွက်ရှိမည့် အရှေ့တောင်အာရှ ဆီးဂိမ်းအထိမ်းအမှတ် ထွက်ရှိမည့် "Game"စီးရီးတွင်လည်း J Me နှင့်တွဲဖက်ကာ အာအန်ဘီနှင့် ဟစ်ဟော့ပ်အမျိုးအစား သီချင်းတစ်ပုဒ်ကို ဖန်တီးထားကြောင်း သိရသည်။

**စာ(၄၈)သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဂီတအစည်းအရုံး အမှုဆောင်အဖွဲ့သစ် ရွေးချယ်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်-၃၀**

မြန်မာနိုင်ငံဂီတအစည်းအရုံးရွေးကောက်ပွဲကို ဩဂုတ်လ ၂၀ မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ဂီတလောကသားအများစု၏ ဆန္ဒအရ အဆိုတော်တင်ဦးလေးမှာ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဖြစ်လာသည်။


ပရိသတ်အများစု လက်ခံအားပေးနေသော ဂီတအနုပညာရှင်အများစုမှာ အမှုဆောင်သစ်အဖွဲ့တွင် ရွေးချယ်ခံရသည်ကို ဂီတအစည်းအရုံး ရွေးကောက်ပွဲစိစစ်ကြီးကြပ်ရေးကော်မရှင်၏ ထုတ်ပြန်သော မဲစာရင်းများအရ သိရသည်။ တေးရေးမြင့်မိုးအောင်၊ ရွှေကျော်ကျော်၊ နောင်နောင် (SF)၊ အောင်နိုင်စန်း၊ မေသော်၊ ဖြူဖြူကျော်သိန်း၊ ဟေမာနေဝင်း၊ နွဲ့ယဉ်ဝင်း၊ စည်သူလွင်၊ ဇော်ပိုင်၊ တင်ဦးသောင်း၊ ပက်ထရစ်၊ မိုးနိုင် (ဂီတမိတ်)၊ ဥက္ကာဦးသာနှင့် ဇော်လတ် (The Trees) တို့မှာ အမှုဆောင်အဖွဲ့ဝင်များ ဖြစ်လာသည်။

"ဒီအမှုဆောင်သစ်အဖွဲ့ကို ကြိုဆိုပါတယ်။ ရုပ်ရှင်အစည်းအရုံးက လူတွေက ခိုးကူးဖမ်းမယ်ဆိုပြီးခဏခဏ ဖုန်းနဲ့လှမ်းခေါ်တယ်။ ဒီခိုးကူးကိစ္စကတော့ မဖြစ်အနေရှင်းရမှာဆိုတော့ ဒါတွေ ပူးပေါင်းလုပ်ဆောင်ရမယ်။ နောက်ဂီတနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေမှာ အဆင်ပြေချောမွေ့ဖို့အတွက် ဂီတအစည်းအရုံးအောက်ကနေ အသင်းအဖွဲ့လေးတွေဖွဲ့ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်" ဟု အနဂ္ဃက ပြောကြားသည်။

ဂီတအစည်းအရုံး အမှုဆောင်သစ်ကို မဟာဂီတအလွှာမှ ၁၀ ဦး၊ ကာလပေါ်အလွှာမှ ၁၅ ဦး၊ ခေတ်ပေါ်စတီရီယိုအလွှာမှ ၁၅ ဦး၊ ထုတ်လုပ်ဖြန့်ချိအလွှာမှ ၅ ဦးနှင့်စက်မှုနှင့် အသံဖမ်းမှ ၅ ဦး၊ ခေတ်သစ်ဂီတအလွှာမှ ၉ ဦး စုစုပေါင်း ၅၉ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ အမှုဆောင်အဖွဲ့သစ်မှာ စက်တင်ဘာလတွင် စတင်၍ တာဝန်ယူမည်ဖြစ်သည်။ ဩဂုတ်လ ၂၇ ရက်တွင် အဆိုပါ ၅၉ ဦးထဲ မှ ဥက္ကဋ္ဌကို ဦးတင်ဦးလေး၊ ဒုဥက္ကဋ္ဌများအဖြစ် ဂီတစာဆို ဦးလွင်မြင့်၊ စောင်းဦးသိန်းဟန်ကြီး၊ ဟေမာနေဝင်း၊ ဦးရေအေး၊ အတွင်းရေးမှူး ဖြူဖြူကျော်သိန်း၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် မြင့်မိုးအောင်၊ ကိုကြီးကျော်၊ ကျော်ဇေယျ၊ ဇော်ထူးအောင်၊ ဦးမျိုးနွယ်ဆွေ၊ စည်းရုံးရေးမှူးများအဖြစ် ဒေါ်တင့်တင့်ဝင်း၊ ဦးမျိုးမြင့်လေး၊ ဦးတင်ဦးသောင်း၊ သားစိုး၊ အေးစိုးနှင့် ညွန့်လှိုင်လှိုင်တို့ဖြစ်သည်။

ယခင်အမှုဆောင် လက်ထက်တွင် အသံဖမ်းစက်မှုအလွှာတွင် အမှုဆောင်ဖြစ်ခဲ့ပြီး ယခုသက်တမ်းတွင်လည်း ပြန်လည်ရွေးကောက်ခံရသည့် Pro Studio မှ ကိုကျော်ဇေယျက "အရင်ခြောက်နှစ်ခွဲတုန်းက လုပ်ချင်ပေမယ့် လုပ်ခွင့်မရတာတွေ၊ ရှေ့ကိုဆက်သွားလိုတဲ့ လုပ်ငန်းစဉ်တွေမှာ မြန်မြန်ဆန်ဆန်လုပ်လို့ မရတာတွေကို ခုအမှုဆောင်သစ်မှာပါလာမယ့်သူတွေနဲ့ လက်တွဲပြီး လုပ်ချင်ပါတယ်။ ဂီတသမားတွေရဲ့ မူပိုင်ခွင့်နဲ့ စနစ်မကျသေးတဲ့ ကိစ္စတွေကို အားလုံးကြိုးစားလုပ်သွားပါမယ်" ဟု ပြောသည်။

## လျှို့ဝှက်လက်ထပ်လိုက်ပြီဆိုသော သတင်းကို အဒဲလ်တရားဝင် ငြင်းဆို



**လန်ဒန်၊ စက်တင်ဘာ - ၁**

အင်္ဂလိပ်အဆိုတော် သီချင်းရေးသူ ဂရမ်မီဆုများရှင် အဒဲလ်က သူမနှင့်ချစ်သူ ဆိုင်မွန်ကိုနက်ကီတို့လျှို့ဝှက်လက်ထပ်လိုက်ကြပြီဆိုသော သတင်းများကို ငြင်းဆိုလိုက်သည်။ အဒဲလ်လက်ထပ်ပြီဆိုသော သတင်းကို အမေရိကန် Life & Style မဂ္ဂဇင်းတွင် ဖော်ပြလိုက်ပြီးနောက် ပရိသတ်များကြား ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ သို့သော်သူမက ၎င်း၏ တွစ်တာဝက်ဘ်ဆိုက်မှနေ၍ "ကျွန်မလက်မထပ်ပါဘူး" ဟုကြေညာခဲ့၍ သတင်းများမှာ ကောလာဟလများဖြစ်ကြောင်း သေချာစေခဲ့သည်။

အဒဲလ်သည် ဆိုင်မွန်နှင့်ရသောကိုယ်ဝန်ခြောက်လလွယ်ထားပြီး ပထမဆုံးကလေးကို ၎င်းနှင့်ဆိုင်မွန်တို့နှစ်ဦး အတူတူစောင့်ရှောက်ခွင့်ရရန် မျှော်မှန်းနေသည်။ သူမသည် ဆိုင်မွန်နှင့် မိတ်ဆွေများအဖြစ်မှ ချစ်သူဖြစ်ခဲ့ပြီး ဇွန်လမှစ၍ အတူတူနေထိုင်ခဲ့ကာ ယခုအခါတွင် တက္ကဆက်ခ်ပြည်နယ်ရှိ ပေါင်ခုနစ်သန်းတန်စံအိမ်ကြီးတစ်ခု၌ နေထိုင်လျက်ရှိသည်။

—Ref: Hello

## စာ–၄၇၊ အလေးမပြိုင်ပွဲဝင် အထိမ်းအမှတ်သီချင်း အားတီး ရေးစပ်နေ မှ

"ကျွန်တော်တို့ နိုင်ငံအတွက် ဂုဏ်ယူရတဲ့ပွဲကြီး တစ်ခုဖြစ်တဲ့အပြင် ပရိသတ်တွေနဲ့ အားကစားသမားတွေ စိတ်ဓာတ်တက်ကြွမယ့် ပုံစံမျိုး သီဆိုထားပါတယ်" ဟု Ar. T က သီချင်းဖန်တီးမှုအကြောင်း ပြောသည်။

၎င်း၏ 'ချိုချဉ်'အမည်ဖြင့် တစ်ကိုယ်တော်ကိုယ်ပိုင်သံစဉ် စီးရီးကိုလည်း ယခုနှစ် နိုဝင်ဘာလတွင် ကိုယ်တိုင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။







# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကယ်ဒမီဆုရွေးချယ်ရေးအဖွဲ့တွင် သရုပ်ဆောင်အဖွဲ့စတင်ထည့်သွင်း

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ ၁**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ(အကယ်ဒမီ)ကို ၂၀၁၃ ခုနှစ်အတွက်မှစ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွေးချယ်ချီးမြှင့်မည်ဖြစ်ရာ ဆုရွေးချယ်ရေးအဖွဲ့ဝင်များကို ရွေးချယ်ရာတွင် သရုပ်ဆောင်အလွှာကိုစတင်ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း ရုပ်ရှင်အစည်းအရုံးအမှုဆောင် ဒါရိုက်တာညီညီထွန်းလွင်က 7Day News သို့ ပြောသည်။

"ခါတိုင်း အကယ်ဒမီ အကဲဖြတ်အဖွဲ့ဖွဲ့ပြီဆို ဒါရိုက်တာ၊ဇာတ်ညွှန်း၊ အသံ၊ တည်းဖြတ်တို့ပဲပါတယ်။ သရုပ်ဆောင်အလွှာမပါဘူး။ အကယ်ဒမီဆုအမျိုးအစားမှာ သရုပ်ဆောင်က ဆု ၄ ဆုနဲ့ အများဆုံးပဲလေ။ အများဆုံးပေးတဲ့ဆုကို အကဲဖြတ်တဲ့အခါ သရုပ်ဆောင်တွေပါသင့်ပါတယ်။ ခုဖွဲ့တဲ့အထဲမှာ သရုပ်ဆောင်အလွှာက ဝါရင့်ပညာရှင်တွေ ပါလာပါတယ်" ဟု ရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ဝင် ဒါရိုက်တာညီညီထွန်းလွင်ကပြောသည်။

"ပေးဖို့ကျန်နေသေးတဲ့ ၂၀၁၁ နဲ့ ၂၀၁၂ တစ်နှစ်ချင်းစီကို ပြန်ကြားရေးဝန်ကြီးဌာနက ပေးပါလိမ့်မယ်။ ရုပ်ရှင်အစည်းအရုံးကတော့ ၂၀၁၃ ခုနှစ်ပြက္ခဒိန်နှစ်အတွက် ၂၀၁၄မှာ သီးခြားပေးပါမယ်။ ၂၀၁၃ အတွက် အကယ်ဒမီအကဲဖြတ်အဖွဲ့ကိုလည်း ရုပ်ရှင်အစည်းအရုံးကပဲ ပညာရှင်တွေ၊ ရုပ်ရှင်လောကသားတွေနဲ့ဖွဲ့စည်းမှာပါ။ တခြားမည်သည့်ဌာနဆိုင်ရာအဖွဲ့အစည်းတွေ မပါတော့ပါဘူး"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းကပြောသည်။

လက်ရှိတွင် အကယ်ဒမီပေးပွဲကို အစိုးရရုံးစိုက်ရာ နေပြည်တော်၌ ပြုလုပ်ခဲ့သည်မှာ ငါးကြိမ်ရှိပြီဖြစ်ပြီး ၂၀၁၃ ခုနှစ် အကယ်ဒမီချီးမြှင့်ပွဲမှစ၍ ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနသို့ စာတင်ထားကြောင်း ဦးဇင်ဝိုင်းက ပြောသည်။

# အဆိုတော် ဒေါ်မာမာအေး ဒီဇင်ဘာလ ၁၀ ရက် ပြန်ရောက်မည်

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ ၁**

နိုင်ငံကျော်အဆိုတော် ဒေါ်မာမာအေး၏ ၁၅နှစ်တာ ကာလအတွင်းပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲကို လာမည့်နှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလ ၁၀ရက်တွင်မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း ဒေါ်မာမာအေး၏ သမီးဖြစ်သူ ဒေါ်မေချို(ခ) ဒေါ်အေးလွင်လွင်ဦးက 7Day News သို့ပြောသည်။

"ကွဲကွာသွားတဲ့ ၁၅ နှစ်အတွင်း သူ့ပရိသတ်တွေကလည်း အရမ်းတွေ့စေချင်တယ်။ သူ့သီချင်းတွေကို နားထောင်စေချင်တယ်။ ခုလိုဖျော်ဖြေပွဲ ဖြစ်ပေါ်လာတာ အရမ်းဝမ်းသာပါတယ်။ ကျွန်မကတော့ သီချင်းမဆိုဖြစ်တာ အိမ်ထောင်ကျကတည်းကဆိုတော့ မေမေ့ပွဲမှာ ပါဝင်ပြီးဆိုပေးဖြစ်ဖို့ မသေချာပါဘူး။ ပွဲအစီအစဉ်အားလုံးက မေမေ့ဆန္ဒအပေါ်မှာပဲ မူတည်ပါတယ်" ဟု ဒေါ်မေချိုက ပြောသည်။

ဒေါ်မာမာအေး၏ မြန်မာနိုင်ငံခရီးစဉ်တွင်၎င်းတက်ရောက်ပညာသင်ကြားခဲ့သည့် မရမ်းခြံကျောင်းဆရာကန်တော့ပွဲ သို့ တက်ရောက်နိုင်ရန်အတွက် ဒီဇင်ဘာလ ၁၀ရက်အမီ ပြန်လည်ရောက်ရှိရန် စီစဉ်ထားပြီး ၎င်း၏ခရီးစဉ်အတွင်း မိသားစုနှင့်အတူ ပုဂံသို့ဘုရားဖူးထွက်ရန်ရှိကြောင်း သိရသည်။

"မေမေက ပုဂံမှာ ဘုရားလည်းဖူးရင်း သူလှူထားတဲ့ဓမ္မာရုံကို ရေစက်မချရသေးတဲ့အတွက် ရေစက်ချရင်း၊ တရားစခန်းလည်းဝင်မယ်" ဟု ၎င်းကပြောသည်။

ဒေါ်မာမာအေး၏ ဖျော်ဖြေပွဲကို အဓိကစီစဉ်နေသူမှာ ဘိုဘိုအန်တာတိန်းမန့်ဖြစ်ပြီး ရှိုးပွဲစီစဉ်ထားမှုနှင့်ပတ်သက်၍ ဘိုဘိုအန်တာတိန်းမန့်မှ ကိုဘိုဆန်းက "ပွဲအစီအစဉ်အသေးစိတ်ကိုတော့ ဒေါ်မာမာအေးနဲ့ညှိနှိုင်းတုန်းပါပဲ။ လောလောဆယ် အခမ်းအနားမှူးကိုအရိုင်းလို့ လျာထားတယ်။ ဂီတမှူး စန္ဒရားမောင်လှအေး ပါမယ်။ မြန်မာသံစုံတီးဝိုင်းပုံစံနဲ့ဖျော်ဖြေဖို့ စီစဉ်ထားတော့ ပါဝင်မယ့် အဆိုတော်အသေးစိတ်ကညှိနှိုင်းတုန်းအဆင့်မို့ အတိအကျပြောလို့ မရသေးပါဘူး"ဟု ပြောသည်။

ဒေါ်မာမာအေးသည် ၁၉၉၈ ခုနှစ်က ဗြိတိန်နိုင်ငံသို့ဖျော်ဖြေရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့ချိန်မှစ၍ ယနေ့အထိမြန်မာနိုင်ငံသို့ပြန်လာခြင်း မရှိတော့ဘဲ ဘီဘီစီအသံလွှင့်ဌာန၏ မြန်မာပိုင်းအစီအစဉ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခု ၁၅ နှစ်အကြာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင်ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး ယခုနှစ် ဇူလိုင်လ ၂၁ ရက်က မာမာအေး၏ 'ရင်ဖွင့်ကြည့်ပါသူငယ်ချင်း'ကို လင်းလွန်းခင်စာပေတိုက်က ထုတ်ဝေခဲ့သည်။ မဟေသီမဂ္ဂဇင်းတွင် ဒေါ်မာမာအေးအခန်းဆက် ရေးသားခဲ့သော စာမူများကို စုစည်းထားသော ယင်းစာအုပ်မှာ သူမ၏ဘဝကို သားသမီး နှစ်ယောက်အားသိစေရန် သူငယ်ချင်းတစ်ဦးထံ တိုင်တည်ရင်ဖွင့်ရေးသားခဲ့သော စာစုများဖြစ်သည်။

**CHALLENGING JOB OPPORTUNITIES!**

Long Term Career Development? Feel like family when you are working with International Company?

Unilever

A leading multinational FMCG company with operations in over 125 countries worldwide with the key vision of adding vitality to everyday life of people, is looking for suitable candidates for the following positions as part of its expansion plan in Myanmar.

1 HRBP Supervisor

**Job Objectives**
- Support the activation of the local Human Resources plan (including the talent component)
- Support the activation of the Talent strategy for the business by developing insight and analysis of people related business issues and opportunities (by utilizing global solutions, e.g. Talent Management tools/ processes and diversity metrics, etc.
- Support the collection of Human Resources/Organization Effectiveness metrics and measurement for the business across HR lifecycle
- Help to monitor and to address legal compliance issues to ensure that the organization complies with local and national laws
- Support the business with Employee & Industrial Relations
- Interface with HR service provider for delivery of core HR services to the business, monitor quality and timeliness of service provision
- Escalate HR service provision issues through HRBP Managers/ Directors, Encourage groups and individuals to work collaboratively by focusing on the common purpose of the team

**Qualifications**
- Bachelor's degree or higher in any fields

2 Recruitment Specialist

**Job Objectives**
- Manage external and internal recruitment activities as per global process (e.g., job briefing, screening cv's /applications, conducting telephone interviews, Providing the short lists, scheduling interviews, extend offers, coordinate on-boarding activities, etc).
- Work closely with Hiring Manager, Expertise Team and HR Business Partners in promoting the Employer Brand in order to attract the right candidates.
- Communicate Unilever Employee Value Proposition to prospective candidates in order to attract and convert talent.
- Compile and manage data & reporting of recruitment KPIs and SLAs and provide information upon request. Manage the candidate pool by identifying & using multiple talent channels
- Responsible for briefing and management of recruitment agencies
- Maintain Recruitment budget in line with country local practice.

**Qualifications**
- Bachelor's degree or higher in any fields

**Experiences**
- At least 3-5 years experience as a Recruiter in FMCG business or factory is a must
- 1 – 2 years experience in other HR function is an advantage
- Good command in English, Computer literacy (MS office), Flexible, self motivation and result oriented person.

3 Sales Manager Push/Trade

**Job Objectives**
- Business development for trade sales growth targets.
- To develop and implement the agreed trade and distribution strategy
- Collaborate with the Chef team for customers' activities and partner the Marketing team on industry insights.

**Qualifications**
- Bachelor degree with minimum 5 years of sales development experience
- Strong leadership skills and has a drive to success
- Excellent negotiation skills and strong business acumen

4 Sales Manager Pull/Horeca

**Job Objectives**
- Business development for Horeca sales growth targets.
- Establish close liaison with Marketing to exploit new products and other business opportunities.
- Collaborate with the Chef team for customers' activities and partner the Marketing team on industry insights.

**Qualifications**
- Bachelor degree
- 5 years of sales development experience with minimum 3 years on a supervisory role
- Strong leadership skills

5 Sales Operation Support Manager

**Job Objectives**
- Build winning strategies for his/her region based on business opportunities derived from in-depth & through analysis.
- Develop action plans that fit/align with the strategies and effectively communicate to sales team
- Determine the optimum size and structure of the sales force as well as to establish balanced and manageable sales areas and territories that will effectively and efficiently meet Unilever FoodSolutions financial goals and sales objectives.
- Manage, develop, coach, control and motivate the sales force to develop their skills to ensure that a high professional standard is achieved and monthly sales targets and KPI targets are met.
- Determine key tasks of sales force, monitor progress on a quarterly basis, and conduct annual appraisals in line with Company policies and GGG KPI's
- Identify appropriate training needs for individual pull sales and ensure right balance between pace of pull sales career development and actual level of experience.

**Qualifications**
- Bachelor's degree of higher
- Minimum 3 to 5 years successfully relevant Account Management / Field Sales

**Experience**
- Strongly proven people management capabilities
- Strong Customer facing experience
- Experience in foodservice industry
- Good command in English and computer literacy

6 Channel Marketing Manager Horeca

**Job Objectives**
- Implement activities that help customers and maximize growth
- Work with Channel Marketing Manager to set the Channel Activation Plan, and develop UFS selling materials in the channel
- Build deep channel understanding from real life customer perspective, channel issues and trends.
- Work with product marketing team to adapt product activation packs with local implementation.

**Qualifications**
- Bachelor degree with 4 -6 years of related working experience
- Some experience in Customer Development will be highly recommended.
- Ability to think-out-of the box and drive to success

7 Channel Marketing Manager - Trade / Trade Mkt.

**Job Objectives**
- Build intimate overall trade channel understanding from real life customer perspective, profit/cost drivers, channel issues, trends – at customer's level.
- Identify activation drivers for overall category growth in the overall trade channel
- Develop trade marketing strategies and translate it into trade activations
- Manage and allocate trade budget to ensure optimal spending for Advertising and Promotion.

**Qualifications**
- Bachelor degree with 4 -6 years of related working experience
- Some experience in Trade or Customer Development will be highly recommended.
- Business acumen and excellent execution and planning skills.

8 Chef

**Job Objectives**
- Supports Marketing and Formulation and lead the culinary side of Innovation projects.
- Assist in product development and analyses insights from Chef Perspectives.
- Translate customers' product needs into prototypes and ideas.
- Develop training materials and identify training needs for chefs and all functions.
- Be the Brand and Food Culture Ambassador for UFS through culinary activities.

**Qualifications**
- Vocational education with 4 -6 years of culinary experience
- Knowledge of country culinary styles is preferred.
- Can do attitude with good presentation skills

CHALLENGING JOB OPPORTUNITIES!!!

Closeup | sunsilk CO-CREATIONS | CLEAR | LUX | Fair & Lovely | POND'S | Knorr | Lifebuoy | Sunlight

Interested candidates (Myanmar National Only), please send your full CV in English with copy of degree certificate and a recent photo to:
No. 90, University Avenue, Bahan Township, Yangon, Myanmar Phone: (+951) 511761, 504664 E-Mail: chawsu.myat@unilever.com
Only Short-listed candidates will be notified.

Sports
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vo… No.26 • SEPTEM… 2012



# မွေထိုင်းချန်ပီယံနှစ်ဦးနှင့် တွေ့မရှောင်၊ လုံးချောတို့ ယှဉ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁**

အရှေ့အာဖရိက မွေထိုင်းချန်ပီယံ ယူဂန္ဓာနိုင်ငံသား အူမာနှင့် ရွှေခါးပတ်ချန်ပီယံတွေ့မရှောင်၊ နယူးဇီလန်နိုင်ငံ မွေထိုင်းချန်ပီယံ Erua Druce နှင့် မြန်မာပြည်ချန်ပီယံဟောင်းလုံးချောတို့ ပွဲစဉ်များပါဝင်သည့် နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို စက်တင်ဘာလ ၁၆ ရက်တွင် သိမ်ဖြူအားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပွဲစဉ်များတွင်မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်ယှဉ်ပြိုင်မည့် နိုင်ငံခြားသားလက်ဝှေ့သမားနှစ်ဦးနှင့်မြန်မာ့ရိုးရာလက်ဝှေ့သမားများ၏ ငါးချီပွဲစဉ်နှစ်ပွဲအပါအဝင်ပြည်တွင်းပွဲစဉ်ခြောက်ပွဲပါဝင်မည် ဖြစ်သည်။ ယူဂန္ဓာနိုင်ငံသား အူမာသည်ယှဉ်ပြိုင်ထိုးဖူးခဲ့သည့် ပွဲစဉ် ၇၅ ပွဲတွင် ပွဲ ၆၀ နိုင်၊ နှစ်ပွဲသရေ၊ ၁၃ ပွဲရှုံးနှင့် နယူးဇီလန်နိုင်ငံသား Eura Druce မှာ ပွဲစဉ်၃၀တွင်၁၈ပွဲနိုင်၊၁၀ပွဲသရေ၊ ၂ ပွဲရှုံးရလဒ်ရရှိထားသူ ဖြစ်ကာ ငွေရေးကြေးရေးထက် အတွေ့အကြုံပညာဖလှယ်လိုသောကြောင့် လာရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သည့် T&T Group မှ ဦးအောင်နိုင်မိုးက ပြောသည်။

“ဒီပွဲစဉ်တွေမှာ လာရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံခြားသားနှစ်ဦးက မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။ သူတို့အနေနဲ့ရရှိတဲ့ငွေကြေးထက် ပညာချင်းဖလှယ်တဲ့ ရည်ရွယ်ချက်ကြောင့် ဒီပွဲစဉ်တွေကို ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်လို့ ပြောပါတယ်။ အခြားပြည်တွင်းပွဲစဉ်တွေကိုလည်း ပရိသတ်ကြိုက်လောက်မယ့် တွဲဆိုင်းတွေ စီစဉ်ထားပါတယ်။ ပွဲစဉ်အားလုံးရဲ့ ထိုးကြေးစုစုပေါင်းကျပ်သိန်း ၁၄၀ ကျော်ရှိပါတယ်” ဟု ၎င်းက ပြောသည်။

ပြည်တွင်းပွဲစဉ်များအဖြစ် ကြယ်စင်ဖြိုးနှင့် ရဲရင့်၊ အားမာန်နှင့်ကြယ်လေး၊ ရွှေဖလားနှင့် လှစ်လှစ်လေး၊ လေးညို့ရှင်နှင့် နေရူဘီ၊ စောဂေါ်မူတိုနှင့် ထက်အောင်ဦး(ခ)စနေထွန်း၊ သားသားနှင့် စောအုန်းမြင့်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။ မွန်းလွဲ ၂ နာရီတွင် စတင်မည့် အဆိုပါပြိုင်ပွဲဝင်ကြေးလက်မှတ်များကို ကျပ် ၁၅,၀၀၀၊ ၁၀,၀၀၀ နှင့် ကျပ် ၇,၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဖုန်း-၀၁-၃၈၇၃၈၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်များကို မည်သည့်ရုပ်သံလိုင်းများမှ တိုက်ရိုက်၊ နောက်ကျထုတ်လွှင့်ပြသမည် မဟုတ်ကြောင်းနှင့် ပထမဦးဆုံး လက်ဝှေ့ရုံအတွင်းသို့လာရောက်အားပေးသည့်ပရိသတ်ငါးရာအား အမှတ်တရလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ဦးအောင်နိုင်မိုးက ဆိုသည်။

# ချန်ပီယံဆုအတွက် နောက်ဆုံးစက္ကန့်အထိ ရန်ကုန်နှင့် ကမ္ဘောဇ အားပြိုင်ရမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၁**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)တွင် ဇွဲကပင်အသင်းအား နိုင်ပွဲဆက်လက်ရရှိခဲ့သောရန်ကုန်ယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားပြီး ရတနာပုံအသင်းကိုအနိုင်ယူခဲ့သောကမ္ဘောဇအသင်းသည်လည်း ချန်ပီယံအိပ်မက်ကိုနောက်ဆုံးပွဲစဉ်အထိခေါ်ဆောင်လာနိုင်ခဲ့ပြီဖြစ်သည်။

စက်တင်ဘာ ၁ ရက်က သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို(၃-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ အမှတ်ပေးဇယားထိပ်ဆုံးအသင်းအားဖိအားပေးနေသည့် အသင်းနှစ်သင်းတွေ့ဆုံသည့်ပွဲစဉ်တွင်မူ ကမ္ဘောဇအသင်းက ရတနာပုံအသင်းကို (အိမ်ကွင်း) တောင်ကြီး၌(၃-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအရှုံးကြောင့် ရတနာပုံအသင်းသည် အမှတ်ပေးဇယားထိပ်ဆုံးမှ အသင်းနှင့် လေးမှတ်ကွာဟသွားကာ ချန်ပီယံလမ်းကြောင်းမှ နှုတ်ဆက်ခဲ့ရသည်။

ပွဲစဉ်(၂၅)ပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်က ရမှတ် ၅၇ မှတ်ဖြင့် ဦးဆောင်ထားပြီး ကမ္ဘောဇအသင်းက ရမှတ် ၅၆ မှတ်ဖြင့် ဆက်လက်ဖိအားပေးနေကာ ယခုနှစ်ထွက်ပေါ်လာမည့်မြန်မာနေရှင်နယ်လိဂ်ချန်ပီယံအသင်းကို ၎င်းတို့နှစ်သင်း၏ နောက်ဆုံးပွဲစဉ်များအထိ စောင့်ကြည့်ရတော့မည်ဖြစ်သည်။

ပွဲစဉ်ဇယားရေးဆွဲထားမှုအရ ကမ္ဘောဇအသင်းသည် စက်တင်ဘာ ၇ ရက်တွင် ဇွဲကပင်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာ ဧရာဝတီယူနိုက်တက်အသင်းနှင့် စက်တင်ဘာ ၈ ရက်တွင် ရင်ဆိုင်ရမည်ဖြစ်သည်။

ကမ္ဘောဇအသင်းအနေဖြင့် အသင်းငယ် ဇွဲကပင်အသင်းအား အနိုင်ရရှိရန် ရာခိုင်နှုန်းအားကောင်းနေပြီး အဆိုပါပွဲစဉ်ပြီးနောက်မှ ယှဉ်ပြိုင်ကစားရမည့် လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းအတွက် အသင်းကြီးဧရာဝတီယူနိုက်တက်နှင့် ပွဲစဉ်သည် ဖိအားများနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။ အကယ်၍ ကမ္ဘောဇအသင်းအနေဖြင့်ဇွဲကပင်အသင်းအား အနိုင်ရရှိခဲ့ပါက ရန်ကုန်ယူနိုက်တက်အသင်းသည် ဧရာဝတီယူနိုက်တက်အသင်းကို အနိုင်ကစားနိုင်မှသာ လက်ရှိချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

# အင်္ဂလန်လက်ရွေးစင် ဘောလုံးသမားဟောင်း မြန်မာယူ-၁၂ ကစားသမားများကို လေးရက်လေ့ကျင့်သင်ကြားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၁**

အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်း ဂျွမ်ဘမ်းသည် အောက်မြန်မာပြည်ယူ-၁၂ကစားသမားများကို လေးရက်ကြာ လာရောက်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်ခဲ့ဖူးသူ ဂျွမ်ဘမ်းသည် အောက်မြန်မာပြည်ဘောလုံးအသင်းမှ နည်းပြ ၃၀ ဦးနှင့် ကစားသမား ၅၀ ဦးတို့ကို စက်တင်ဘာလ၁၈ရက်မှ ၂၁ရက်အထိ သုဝဏ္ဏကွင်း၌ ပူးတွဲလေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာနများ ပူးပေါင်းကျင်းပသည့် အထက်/အောက်အခြေခံပညာယူ-၁၂ ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာလ ၁၀ ရက်မှ ၁၇ ရက်အထိ သက်ဆိုင်ရာအားကစားကွင်းများတွင် ကျင်းပသွားမည်ဖြစ်သည်။

Digicel ကုမ္ပဏီက အဓိကစပွန်ဆာပေးသည့် အဆိုပါပြိုင်ပွဲတွင် ၎င်းကုမ္ပဏီ၏အားကစားသံတမန်အဖြစ် တာဝန်ယူထားသူ ဂျွမ်ဘမ်းက မြန်မာယူ-၁၂ ကစားသမားများအတွက် လာရောက်ကူညီပြသခြင်းဖြစ်ကြောင်းနှင့် ရရှိမှုအချိန်ကာလအရ အောက်မြန်မာပြည်လူငယ်ကစားသမားများကိုသာ လေ့ကျင့်ပေးနိုင်ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

အင်္ဂလန်လက်ရွေးစင်ဟောင်းဖြစ်သူဂျွမ်ဘမ်းသည်လီဗာပူး၊နယူးကာဆယ်၊ ဝက်ဖို့ဒ်၊ ချာလ်တန်၊ ဆဲလ်တစ်စသည့်အသင်းများတွင် ကစားခဲ့ဖူးသည့် ဘောလုံးသမားဖြစ်ကြောင်း သိရသည်။




Less Sugar, More Happiness.
100
PLUS
MINUMAN ISOTONIK
Rehydrate, Refresh, Re-energise

# ဥရောပအကောင်းဆုံးဆုကို အသင်းဖော်များနှင့် ပရိသတ်ကြောင့်ရခဲ့ဟု အင်နီယေစတာ ဖွင့်ဟ



ဓာတ်ပုံ - AFP

**ဘာစီလိုနာ၊ စက်တင်ဘာ - ၃**

ဘာစီလိုနာအသင်းကွင်းလယ်လူ စပိန်လက်ရွေးစင် အင်ဒရေးအင်နီယေစတာက မကြာမီက ၎င်းရရှိခဲ့သော ယူအီးအက်ဖ်အေ ဥရောပအကောင်းဆုံး ကစားသမားဆုသည် အသင်းဖော်များနှင့် ပရိသတ်များကြောင့် ရခဲ့ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ ယမန်နေ့က ဗလင်စီယာနှင့် ကစားသော ပွဲမတိုင်ခင် ကွင်းထဲအဝင်၌ အင်နီယေစတာက ၎င်းရရှိခဲ့သော အကောင်းဆုံးကစားသမားဆုကို ဘာကာ၏ အိမ်ကွင်း နူးကမ်းပ်မှ ပရိသတ်များအား လွှဲပြောင်းပေးအပ်ပုံအမူအရာကိုပြုလုပ်ကာ ပရိသတ်ကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

၎င်းက သတင်းထောက်များအား "ကျွန်တော်ဟာ ဒီမှာ အကြာကြီးနေပြီး ရင့်ကျက်လာခဲ့တာကို ပရိသတ်ကမြင်တွေ့ပြီးပါပြီ။ သူတို့အတွက် ကျွန်တော့်မှာ အထူးအလေးထားစရာ ရှိနေပါတယ်။ ဒီဆုဟာ ကျွန်တော်နဲ့ အတူရှိနေခဲ့တဲ့ ကစားသမားတွေ အားလုံးအတွက် ဆုလည်းဖြစ်ပါတယ်" ဟုပြောခဲ့သည်။

အင်နီယေစတာသည် ယူရို၂၀၁၂ချန်ပီယံစပိန်အသင်းအလယ်တန်းတွင်ဦးဆောင်ခဲ့ပြီး ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုရခဲ့ကာ ယခုနှစ်အတွက် ယူအီးအက်ဖ်အေအကောင်းဆုံး ကစားသမားဆုကိုလည်း အသင်းဖော်မက်ဆီ၊ ရီးရဲလ်မှ ရော်နယ်ဒိုတို့ကို ကျော်ဖြတ်ကာ ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

*—Ref: Soccerway*

# နာမည်ကျော်တွေ အခြေအနေကောင်းနေသေးတဲ့ ယူအက်စ်အိုပင်း





ဓာတ်ပုံ - AFP

**နယူးယောက်၊ စက်တင်ဘာ - ၃**

ကျင်းပလျက်ရှိသော ယူအက်စ်အိုပင်းတင်းနစ်ပြိုင်ပွဲတွင် ၂၀၀၆ အမျိုးသမီးပြိုင်ပွဲချန်ပီယံဟောင်း ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် တစ်နိုင်ငံထဲသူ တင်းနစ်မယ် နာဒီယာပီထရိုဗာအား စတုတ္ထအဆင့်၌ အနိုင်ရကာ နောက်ဆုံးရှစ်ဦးအဆင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ပြိုင်ပွဲ၌ တတိယဦးစားပေး အဆင့်သတ်မှတ်ခံရသူ ရှာရာပိုဗာသည် မိုးရွာသွန်းမှုကြောင့်နောက်ကျခဲ့ရသည့် ယင်းပွဲတွင် ပီထရိုဗာအား ၆-၁၊ ၄-၆၊ ၆-၄ ဖြင့်အနိုင်ရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဆမန်သာစတိုဆာမှာလည်း ဗြိတိန်မှ လော်ရာရော့ဘ်ဆင်အား အနိုင်ရကာ ကွာတားသို့တက်ရောက်ခဲ့သည်။ ရှာရာပိုဗာသည် ကွာတားဖိုင်နယ်တွင် အီတလီမှ မာရီယွန်ဘာတိုလီနှင့်လည်းကောင်း၊ စတိုဆာမှာ ဘီလာရုစ်မှ အဇာရင်ကာနှင့် လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဂျိုကိုဗစ်ချ်ကပြင်သစ်မှ ဂျူလီယန်ဘင်နတ်တူးအား ၆-၃၊ ၆-၂၊ ၆-၂ ဖြင့်လည်းကောင်း၊ ရော်ဂျာဖက်ဒါးရားမှာ ဖာနန်ဒိုဗာဒတ်စကိုအား ၆-၃၊ ၆-၄၊ ၆-၄ ဖြင့်လည်းကောင်း အင်ဒီရော့စ်မှာ အီတလီမှ ဖေဘီယိုဖော့ဂါနီနီအား ၇-၅၊ ၇-၆၊ ၄-၆၊ ၆-၄ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရကာ စတုတ္ထအဆင့်တက်ရောက်နိုင်ခဲ့သည်။

ယခုနှစ်ယူအက်စ်အိုပင်းတင်းနစ်ပြိုင်ပွဲတွင် အမျိုးသား ပွဲစဉ်၌ ဗိုလ်စွဲရန်ရေပန်းအစားဆုံးမှာဂျိုကိုဗစ်ဖြစ်ပြီး၊ ဒုတိယနေရာတွင်ဖက်ဒါးရားရှိနေသည်။ အမျိုးသမီးပွဲ၌ ဆရီနာဝီလီယံကို ကျွမ်းကျင်သူများက တစ်ပေးထားပြီး၊ အဇာရင်ကာနှင့် ကဗီတိုဗာတို့ကိုလည်း ဗိုလ်စွဲနိုင်ခြေရှိသည်ဟု ခန့်မှန်းထားကြောင်း ESPN ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

*—Ref: AFP/ ESPN*

# မြန်မာနေရှင်နယ်လိဂ်တွင် ဂျပန်ဘောလုံးသမားများ လာရောက်ကစားဖွယ်ရှိဟုဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဩဂုတ်-၂၇**

ဂျေလိဂ်နှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနေရှင်နယ်လိဂ်တွင် ဂျပန်ဘောလုံးသမားများ လာရောက်ကစားဖွယ်ရှိကြောင်း သတင်းရရှိသည်။


ဂျပန်ဘောလုံးသမားများ တစ်နှစ်ပတ်လုံးရရှိသည့် ဝင်ငွေများအဖြစ် ကန်ဒေါ်လာရှစ်သောင်းမှ တစ်သိန်းကြား၊ ဒေါ်လာငါးသောင်း၊ ဒေါ်လာသုံးသောင်းဝန်းကျင်များဖြစ်ကြောင်း၊ မြန်မာကလပ်အသင်းများ တတ်နိုင်သည့် လစာပေးနိုင်သည့် ဂျပန်ဘောလုံးသမားများကို ခေါ်ယူကစားခွင့်ရရှိရန် ဆွေးနွေးထားပါကြောင်း မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က ဩဂုတ် ၂၇ ရက် ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ်နှင့် ဂျပန်နိုင်ငံဂျေလိဂ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ပြောကြားသည်။

"တစ်နှစ်ကို ဒေါ်လာသုံးသောင်းလောက်ရတဲ့ ဂျပန်ဘောလုံးသမားဆိုရင် သူ့လစာက ဒေါ်လာ ၂,၅၀၀၊ ၃,၀၀၀ လောက်ဖြစ်မယ်။ အခု မြန်မာနေရှင်နယ်လိဂ်မှာ ခေါ်ကစားနေတဲ့ နိုင်ငံခြားကစားသမားတွေ ရရှိတဲ့ လစာဝန်းကျင်လောက်ပဲဖြစ်တဲ့အတွက် ဒီက ကလပ်တွေအတွက် သိပ်အခက်အခဲမရှိလောက်ဖူးထင်ပါတယ်။ ဒါကြောင့် ဂျေလိဂ်မှာ လူငယ်ကစားသမားတွေ သူတို့နေရာ မရသေးတဲ့အချိန်ဖြစ်ဖြစ်၊ ထူးချွန်တဲ့ ကစားသမားတွေပဲဖြစ်ဖြစ် မြန်မာပြည်က ကလပ်တွေက သုံးချင်ရင်ပဲဖြစ်စေ အဲဒီအတွက် အဆင်ပြေအောင် ဆောင်ရွက်ဖို့အတွက် ဆွေးနွေးထားပြီးဖြစ်ပါတယ်"ဟုဦးဇော်ဇော်ကပြောသည်။

အဆိုပါ အခမ်းအနားသို့ ဂျေလိဂ်ဥက္ကဋ္ဌကာဇူမီအိုဂူရီလည်း တက်ရောက်ခဲ့သည်။ မြန်မာဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာယူ-၁၃၊ ယူ-၁၄ ကစားသမားများကိုလည်း ဂျေလိဂ်လူငယ်ဘောလုံးအကယ်ဒမီများသို့ စေလွှတ် လေ့ကျင့်နိုင်ရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

၁၉၉၂ ခုနှစ်က စတင်ခဲ့သော ဂျေလိဂ်ပြိုင်ပွဲသည် နှစ်ပေါင်း ၂၀ သက်တမ်းရှိခဲ့ပြီးလက်ရှိအချိန်တွင် အာရှတွင် အအောင်မြင်ဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ပရော်ဖက်ရှင်နယ် ကလပ်အသင်းပေါင်း ၄၀ ဝန်းကျင်ရှိပြီး ဂျေလိဂ်တွင် အသင်း ၁၈ သင်းပါဝင်ကစားနေကြောင်း သိရသည်။

ဂျေလိဂ်နှင့် မြန်မာနေရှင်နယ်လိဂ်တို့ ပူးပေါင်းမှုအရ ကလပ်အသင်းများ၏ အုပ်ချုပ်မှုပိုင်း၊ ဘဏ္ဍာငွေရှာဖွေရေး၊ လူငယ်စီမံကိန်းများကိုမြန်မာ့ဘောလုံးလောကတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီမည်ဖြစ်ပြီး၊ နှစ်နိုင်ငံကစားသမားများအနေဖြင့်လည်း သက်ဆိုင်ရာ ပရိုလိဂ်များတွင် အပြန်အလှန်ကစားခွင့်ရရှိရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# အီရန်သို့ သွားရောက်ခဲ့ခြင်းကို ဘန်ကီမွန်း ကာကွယ်ပြောဆို

**ဒူဘိုင်း၊ စက်တင်ဘာ - ၁**

အီရန်နိုင်ငံသို့အငြင်းပွားဖွယ်ရာ သွားရောက်လည်ပတ်ခဲ့သော ခရီးစဉ်ကို ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ကာကွယ်ပြောကြားခဲ့ပြီး လူ့အခွင့်အရေးနှင့် နျူအစီအစဉ်အပေါ် အီရန်၏ ပွင့်လင်းမြင်သာမှုရှိစေရေး တိုက်တွန်းရန် အီရန်သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်ဟုပြောသည်။

"သံတမန်ရေး စွမ်းအားကို ကျွန်တော်ယုံကြည်ပါတယ်။ တွေ့ဆုံဆွေးနွေးခြင်းကို ကျွန်တော်ယုံကြည်ပါတယ်။ ထိတွေ့ဆက်ဆံမှုကိုကျွန်တော်ယုံကြည်ပါတယ်။ တီဟီရန်ခရီးစဉ်မှာလည်း အဲဒီအတိုင်းပဲလုပ်ဆောင်ခဲ့ပါတယ်" ဟု နယူးယောက်မြို့သို့ ခရီးမဆက်မီ ဒူဘိုင်း၌ ခရီးတစ်ထောက်နားစဉ် မစ္စတာဘန်ကီမွန်းက ပြောကြားသည်။



**အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအား ဩဂုတ် ၂၉ ရက်က ၎င်း၏ရုံးခန်းတွင် လက်ခံတွေ့ဆုံစဉ်။ မစ္စတာဘန်ကီမွန်းသည် ဘက်မလိုက်နိုင်ငံများ လှုပ်ရှားမှုအဖွဲ့(NAM)၏ ထိပ်သီးအစည်းအဝေးကို တက်ရောက်ရင်း ၎င်း၏ခရီးစဉ်အတွင်း အီရန်၏ အငြင်းပွားဖွယ်ရာနျူကလီးယားကိစ္စ၊ လူ့အခွင့်အရေးနှင့် ဆီးရီးယားပဋိပက္ခကိစ္စများနှင့်ပတ်သက်၍ အရေးတကြီးဆောင်ရွက်ရန် အီရန်အား တိုက်တွန်းခဲ့သည်။ ဓာတ်ပုံ** - AFP

ယခုခရီးစဉ်တွင် ၎င်းနှင့်စကားပြောခဲ့သော အီရန်ခေါင်းဆောင်များ၏ တုံ့ပြန်မှုကို အမြဲကျေနပ်အားရမှုရှိသည်ဟု မဆိုနိုင်ကြောင်း မစ္စတာဘန်ကီးမွန်းက ဝန်ခံသော်လည်း ၎င်းအနေဖြင့် နိုင်ငံတကာ ထိပ်သီးဘက်မလိုက်ဆွေးနွေးပွဲသို့တက်ရောက်ခြင်းဖြင့် အီရန်တို့၏ လှည့်ကွက်ထဲဝင်သွားသည်ဟူသော အမေရိကန်နှင့် အစ္စရေးတို့၏ စွပ်စွဲမှုများကို ပယ်ချခဲ့သည်။ အီရန်က အစည်းအဝေးကို အသုံးချ၍ ၎င်း၏သံတမန်ရေးရပ်တည်မှုကို မြှင့်တင်ရန်ကြိုးစားနေသည်ဟုလည်း အမေရိကန်နှင့် အစ္စရေးကစွပ်စွဲပြောကြားသည်။

မစ္စတာဘန်ကီမွန်းသည်၎င်း၏ပထမဦးဆုံး အီရန်ခရီးစဉ်အတွင်း နိုင်ငံပေါင်း ၁၂၀ ပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့(NAM)၏အစည်းအဝေးသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

*—Ref: Reuters*

## မက္ကဆီကို ရွေးကောက်ပွဲတွင် ပင်ညာနီယက်တို အနိုင်ရကြောင်း တရားရုံး အတည်ပြု

**မက္ကဆီကိုစီးတီး၊ စက်တင်ဘာ - ၁**

မက္ကဆီကိုနိုင်ငံ၏ ရွေးကောက်ပွဲတရားရုံးက အင်နရစ်ပင်ညာနီယက်တိုအား ရွေးကောက်ခံသမ္မတအဖြစ် အတည်ပြုပြောကြားလိုက်သည်။ သို့သော် ၎င်း၏ပြိုင်ဘက်ကမူ ရှုံးနိမ့်ကြောင်းဝန်ခံရန်ငြင်းဆန်နေပြီး နောက်ထပ်ကန့်ကွက်မှုများ လုပ်ဆောင်သွားရန်လမ်းဖွင့်ထားသည်။

ဇူလိုင်လရွေးကောက်ပွဲတွင် ပင်ညာနီယက်တိုသည် ငွေကြေးခဝါချမှုများပြုလုပ်၍ မဲဝယ်မှုများလုပ်ဆောင်ခဲ့သည်ဟု လက်ဝဲဝါဒီခေါင်းဆောင် အင်ဒရေး မယ်နျူရယ်လိုပက်စ်အိုဘရာဒါက ပြောကြားပြီး ရွေးကောက်ပွဲရလဒ်အား ပြောင်းပြန်လှန်ရန် ကြိုးပမ်းမှုကို တရားရုံးက ပယ်ချခဲ့သည်။

အလယ်အလတ်ဝါဒီပင်ညာနီယက်တိုသည် လာမည့်ဒီဇင်ဘာလ ၁ ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ပြီး ဘဏ္ဍာရေး၊ အလုပ်သမားရေးနှင့် စွမ်းအင်ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားရန်ကတိပေးထားသည်။ ယင်းအစီအစဉ်များကို အိုဘရာဒါက ဆန့်ကျင်သွားမည့်ပုံပေါ်နေသည်။

"မက္ကဆီကို နိုင်ငံအတွက် တာဝန်သိသိအလုပ်လုပ်ကြဖို့ စည်းလုံးညီညွတ်ကြဖို့ အချိန်တန်ပါပြီ" ဟုရွေးကောက်ပွဲဆိုင်ရာ တရားရုံးဆုံးဖြတ်ချက်ထွက်ပေါ် လာပြီးနောက် ပင်ညာနီယက်တိုကပြောကြားသည်။

"မက္ကဆီကိုနိုင်ငံမှာ လိုအပ်နေတဲ့ပြုပြင် ပြောင်းလဲမှုတွေအတွက် အတူတကွ လက်တွဲအလုပ်လုပ်ကြပါစို့" ဟု ၎င်းကတိုက်တွန်းပြောကြားသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဆီးရီးယားတွင် ဗုံးခွဲမှုနှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေ

**ဒမတ်စကပ်၊ စက်တင်ဘာ - ၃**

ဆီးရီးယားနိုင်ငံတွင်မြို့တွင်းတိုက်ပွဲများနှင့် ဗုံးခွဲမှုများဆက်လက်ဖြစ်ပေါ်လျက်ရှိရာ တိုက်ခိုက်မှုများ လျော့ပါးသွားမည့် အရိပ်အယောင်ကို မတွေ့ရပေ။


နိုင်ငံ့ မြို့တော် ဒမတ်စကပ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ မီတာ ၂၀၀ အကွာ၌ ပေါက်ကွဲမှုနှစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ပေါက်ကွဲမှုများမှာ သေးငယ်သော်လည်း လုံခြုံရေးစစ်ဆေးရေးဂိတ်များနှင့် ဗုံးဒဏ်ခံနိုင်သော နံရံများဖြင့် အားဖြည့်ထားသော နယ်မြေအတွင်း ပေါက်ကွဲခြင်းဖြစ်သည်။ ယင်းမှာ ဆီးရီးယားခေါင်းဆောင်ပိုင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်ဟုလည်း ဆိုသည်။

ယင်းမတိုင်မီ တစ်ရက်က ဒမတ်စကပ်နှင့် ဒိုင်ယာအယ်လ်ဇာခရိုင်တွင် ကားဗုံးပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့ပြီး ၁၇ ဦးသေဆုံးခဲ့သည်။ ဒိုင်ယာအယ်လ် ဇာခရိုင်တွင် အစိုးရတပ်ဖွဲ့များက လက်နက်ကိုင် သူပုန်များအား လိုက်လံတိုက်ခိုက်နေပြီး အများအပြားသေကြေစေခဲ့ကြောင်း နိုင်ငံပိုင်ဆာနာသတင်းအေဂျင်စီက ပြောကြားသည်။

နိုင်ငံတောင်ပိုင်း ဒါရာခရိုင်တွင်လည်း အစိုးရတပ်ဖွဲ့များက လက်နက်ကိုင်သူပုန်များကို ရှင်းလင်းနိုင်ခဲ့ကြောင်း ဆာနာသတင်းဌာနက ပြောကြားသည်။ ထိုအတောအတွင်း နိုင်ငံမြောက်ပိုင်း အလက်ပိုမြို့၊ အလယ်ပိုင်းဟားမားမြို့နှင့် ဒမတ်စကပ်မြို့ ဆင်ခြေဖုံးဒေသများ၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်ခဲ့ကြောင်း၊ အာဘင်းဒေသရင်ဆိုင်တိုက်ပွဲများအတွင်း ၁၄ ဦးသေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

—*Ref: Xinhua*



**ဒဏ်ရာရ ဆီးရီးယားကလေးငယ်တစ်ဦး ဆေးကုသမှုခံယူနေစဉ်** ဓာတ်ပုံ-AFP










VITAHOME Soft Cap.
VITAHOME SPECIAL PROMOTION
Vitahome (10)လုံးကဒ်ခွဲ (3)ခု
ဘော(လ်)ပင် (1)ချောင်း
Vitahome (10)လုံးကဒ်ခွဲ (6)ခု
Alarm Clock (1)လုံး
Vitahome (10)လုံးကဒ်ခွဲ (12)ခု
S-Shirt (1)ထည်
PROMOTION PERIOD
August to September, 2012
VITAHOME
ကိုရီးယားနိုင်ငံတွင်ထုတ်လုပ်သည်
"မိသားစုတစ်စုလုံး ကျန်းမာဖို့ ဗိုက်တာဟုမ်း ကိုသုံးကြစို့"
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.


ပွေး၊ ညှင်း၊ ယားနာ ကင်းစင်အောင်
နိုင်ဇိုရယ်လ် ကိုဆောင်
Nizoral ketoconazole
စိုထိုင်းပြီး အနံ့အသက် မကောင်းသော အဝတ်အစားများကြောင့် ပွေး၊ ညှင်း ပေါက်ခြင်း၊
အစိုဓာတ်များသော မိုးရာသီတွင် ရေငွေ့နှင့် အညစ်အကြေးများကြောင့် မှိုနှင့် ယားနာအဖု ဖြစ်ခြင်း၊
စွတ်စိုအေးမြသော အရေပြားအောက်တွင် မှိုရှိခြင်းဖြင့် ယားယံစေပြီး နေရထိုင်ရမသက်သာခြင်း၊
ပွေးကောင်
ညှင်းကောင်
ယားနာကောင်
တစ်နေ့တစ်ကြိမ် မှန်မှန်လိမ်းပါ
ဆေးလိမ်းပြီး (၁)နာရီအတွင်း အရေပြားထဲသို့ စိမ့်ဝင်ရောက်ပြီး (၁၆) နာရီကြာခံသော ဆေးအာနိသင်အစွမ်းကြောင့် တစ်နေ့တစ်ကြိမ်သာ လိမ်းရန်လိုသည်။
Nizoral cream ketoconazole
5 g cream
JANSSEN-CILAG
Nizoral သည်အရေပြားရောင်ရမ်းခြင်း၊ ပွေး၊ ဝဲ၊ ညှင်း၊ ယားနာ၊ အရေပြားရောဂါအမျိုးမျိုးနှင့် မှိုရောဂါအမျိုးမျိုးတို့ကို အချိန်တိုအတွင်း ထိရောက်လျင်မြန်စွာ ပျောက်ကင်းစေပါသည်။
JANSSEN-CILAG

7 Day News Journal
# International
Vol.11, No.26 • SEPTEMBER 6 , 2012


ရီပက် ဘလေကန်ပါတီမှ သမ္မတရွေးကောက်ပွဲဝင်မည့် မစ်ရွမ်းနေ ဓာတ်ပုံ - AFP


အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဓာတ်ပုံ - AFP

# ပါတီညီလာခံ မတိုင်မီ အိုဘားမားနှင့် ရွမ်းနေ လူကြိုက်များမှု တူညီနေ

**ဝါရှင်တန်၊ စက်တင်ဘာ - ၃**
ဒီမိုကရက်တစ်ပါတီ၏ အမျိုးသား ညီလာခံမတိုင်မီ ကောက်ယူထားသော Reuters/Ipsos လူထု စစ်တမ်းအရ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ရီပက်ဘလေကန်ပါတီ သမ္မတပြိုင်ပွဲဝင်မည့်သူမစ်ရွမ်းနေနှင့် လူကြိုက်များမှု ရာခိုင်နှုန်းအတူတူဖြစ်နေကြောင်း သိရသည်။

မြောက်ကယ်ရိုလိုင်းနား ပြည်နယ် ချားလော့မြို့တွင် ကျင်းပမည့် ဒီမိုကရက်တစ်ပါတီညီလာခံတွင် ကိုယ်စားလှယ်များက အိုဘားမားအား ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် အမည်စာရင်းတင်သွင်းရန်ရှိနေချိန်တွင် ရွေးကောက်ပွဲမဲပေးမည့်သူများ၏ ကြိုက်နှစ်သက်မှုမှာ ပြိုင်ဘက်နှစ်ဦးစလုံးအတွက် ၄၅ ရာခိုင်နှုန်းစီရှိနေသည်။

ပါတီညီလာခံများ မတိုင်မီ မဲဆန္ဒရှင်များ၏ သဘောထားကို

စာ(၃၆)သို့

## NEWS ANALYSIS



အိုဘားမား၏ ပထမသက်တမ်းကို ခွဲခြမ်းစိတ်ဖြာခြင်း

စာ(၃၆)သို့

## INTERVIEW



ဥရောပဟာ ကျွန်မတို့ရဲ့ စုပေါင်းဘုံနေအိမ်ပါပဲ

ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗီဗီယန် ရက်ဒင်းနှင့် တွေ့ဆုံခြင်း

စာ(၄၆)သို့

# နပိုလီယန်အား အနိုင်ရရှိခဲ့သော စစ်ပွဲအကြောင်းပြောကြားရင်း ရုရှားနိုင်ငံသားများ စည်းလုံးညီညွတ်ကြရန် သမ္မတပူတင် တိုက်တွန်း

**ဘိုရိုဒီနို၊ စက်တင်ဘာ - ၃**



နပိုလီယန်ဘိုနာပတ်အပေါ် အနိုင်ရရှိခဲ့သောစစ်ပွဲ နှစ် ၂၀၀ ပြည့်အခမ်းအနားသို့ တက်ရောက်ရင်း ရုရှားနိုင်ငံရှိ လူမျိုးပေါင်းစုံနှင့်ဘာသာရေးအုပ်စုများအကြား စည်းလုံးညီညွတ်ကြရန် ရုရှားသမ္မတဗလာဒီမာပူတင်က တိုက်တွန်းပြောကြားလိုက်သည်။

မော်စကိုမြို့ အနောက်ဘက် ၇၅ မိုင်အကွာ ဘိုရိုဒီနိုတိုက်ပွဲအထိမ်းအမှတ် အဆောက်အအုံအနီးပြောကြားခဲ့သည့် မိန့်ခွန်းတွင် မစ္စတာပူတင်က ၁၈၁၂ ခုနှစ်တွင် ပြင်သစ်တပ်မတော်အားတွန်းလှန်ခဲ့သော ရုရှားတို့၏ မျိုးချစ်စိတ်ဓာတ်ကို ချီးကျူးပြောဆိုခဲ့သည်။

ပြီးခဲ့သည့်မေလက သမ္မတရာထူးပြန်လည်ရခဲ့ပြီးနောက်ပိုင်း မစ္စတာပူတင်သည်မြို့ကြီးအချို့တွင်ပေါ်ပေါ်ထင်ထင်ဆန့်ကျင်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီး မြောက်ကော့ကေးဆပ်ဒေသတွင်လည်း အစ္စလာမ်မစ်ပုန်ကန်မှုနှင့်ရင်ဆိုင်နေရသည်။

ရုရှားနိုင်ငံစည်းလုံးညီညွတ်ရေးအတွက် မစ္စတာပူတင်၏ တိုက်တွန်းမှုမှာ ငါးရက်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး ရုရှားဖယ်ဒရေးရှင်း နိုင်ငံများအတူတကွ စည်းလုံးညီညွတ်မှုရှိနေချိန်များတွင်သာ အဖနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးရလဒ်များရရှိကြောင်း ပြောကြားခဲ့သည်။

စာ(၃၆)သို့

# ဂျာမန်အများစုက ဂရိနိုင်ငံအား ယူရိုဇုန်မှ လက်တွဲဖြုတ်လိုကြ

**လန်ဒန်၊ စက်တင်ဘာ - ၃**
ဂျာမန်နိုင်ငံသား လေးပုံတစ်ပုံကသာဂရိနိုင်ငံအနေဖြင့် ယူရိုဇုန်တွင် ဆက်လက်ရှိနေသင့်ကြောင်းထင်မြင်ကြပြီး ထိုသို့မဟုတ်ပါကအခြားတိုင်းပြည်များမှ အကူအညီပိုမိုရယူသင့်သည်ဟုထင်မြင်ကြကြောင်း စစ်တမ်းတစ်ရပ်အရ တွေ့ရှိခဲ့သည်။


ဂျာမနီအဓိပတိမစ္စက်အန်ဂျလာမာကယ်မှာ ဂရိနိုင်ငံအား

စာ(၃၆)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.26 • SEPTEMBER 6 , 2012

# မန်းလူထု သမ္မတကို ထောက်ခံ၍ ကင်တားနားအား ကန့်ကွက်



ဓာတ်ပုံ-ဇေယျာအောင်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၃**

ရိုဟင်ဂျာအရေးတွင် သမ္မတကို ထောက်ခံပြီး ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ကင်တားနားအား ကန့်ကွက်သည့်မန္တလေးမြို့၏ပထမဆုံးသော တရားဝင်ဆန္ဒထုတ်ဖော်မှုကိုမန္တလေးမြို့ရှိမဟာအောင်မြေမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီတွင် မဟာအောင်မြေမြို့နယ် ဆန္ဒထုတ်ဖော်ပွဲကို လူစည်ကားရာ ၈၄ လမ်းနှင့် ၃၅ လမ်းထောင့်မှ ၈၁ လမ်း ၄၁ လမ်းထောင့်သို့လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ဆန္ဒထုတ်ဖော်ပွဲကိုမွန်းလွဲ ၁ နာရီတွင် မန္တလေးကျုံးမြို့ရိုး အနောက်မြောက်ထောင့်ရှိ ၁၂လမ်းနှင့် လမ်း ၈၀ ထောင့်မှ ၁၉ လမ်းနှင့် ၈၆ လမ်းထောင့်သို့လည်းကောင်း၊ ယင်းနေရာမှ မူလစုရပ် ကျုံးအနောက်မြောက်ထောင့်သို့လည်းကောင်း ချီတက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ရာတွင် ခွင့်ပြုသည့် လူဦးရေ၁၀၀ ဆိုသော်လည်း ဆန္ဒပြလူထု နောက်တွင် ရာဂဏန်းခန့်ရှိသော သံဃာတော်များနှင့်ကန့်ကွက်ဆန္ဒထုတ်ဖော်သည့် အင်္ကျီများ ဝတ်ဆင်လိုက်ပါခဲ့သော လူထုနှင့် အပေါင်းပါများက ထောင်ဂဏန်းခန့်ရှိသည့် လူထုဆန္ဒထုတ်ဖော်ပွဲကြီးတစ်ခု ဖြစ်သွားခဲ့သည်။ ဆန္ဒပြရာ လမ်းကြောင်း တစ်လျှောက်၌ ကားနှင့် ဆိုင်ကယ်များ ပြည့်ကျပ်သွားခဲ့ပြီးယာဉ်ထိန်းများက လမ်းကြောင်းများ ရှင်းလင်းပေးခဲ့ရသည်။

မဟာအောင်မြေနှင့်အောင်မြေသာစံ ဆန္ဒထုတ်ဖော်ပွဲတွင် ပါဝင်ဆန္ဒထုတ်ဖော်ခဲ့သည့် အမျိုးသမီးတစ်ဦးက "အောင်ပင်လယ်ကနေ အမျိုးသမီးတွေချည်း ကိုးယောက်စုပြီး ကားငှားလာကြတာ။ ရိုဟင်ဂျာနဲ့ပတ်သက်တဲ့စာတွေကြိုဝေထားတော့ ဖတ်ကြည့်ပြီးကိုယ်တိုင် ဆန္ဒဝင်ပြချင်လာတာနဲ့ဝင်ပြဖြစ်တာ"ဟုပြောသည်။

မူလက မန္တလေးရှိ မြို့နယ်ခြောက်ခုလုံး၌ ပြုလုပ်နိုင်ရန်စီစဉ်ခဲ့သော်လည်း ပထမဆုံးရက် ဖြစ်သောစက်တင်ဘာ ၂ရက်တွင်မြို့နယ်နှစ်ခု ဆန္ဒထုတ်ဖော်ပွဲများ အပြီး ညပိုင်း၌ ဆန္ဒထုတ်ဖော်ရန် ကျန်ရှိနေသေးသည့် မြို့နယ်များမှ ဆန္ဒဖော်ထုတ်ရာတွင် ခေါင်းဆောင်မည့်သူများကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများက ခေါ်ယူတွေ့ဆုံကာ ဆန္ဒဖော်ထုတ်ခွင့်ကိုပြန်လည်ရုပ်သိမ်းကြောင်းပြောကြားခဲ့သည်ဟုမန္တလေးဆန္ဒထုတ်ဖော် ပွဲများကို ဦးဆောင်စီစဉ်သူ ဆရာတော် အရှင်ဝီရသူက မိန့်ကြားသည်။

"ဆန္ဒပြခွင့်ပြုတဲ့လူတွေနောက်မှာ သံဃာတွေ လူတွေ မလိုက်အောင်တာဝန်ယူဖို့ပြောတယ်။ သူတို့ဟာသူတို့ လိုက်လာတာ ဘယ်လိုလုပ်တားလို့ရမလဲ။ တာဝန်မယူရင် ရုပ်သိမ်းတယ်တဲ့။ အဓိကကတော့ လုပ်ပြီးသွားတဲ့ မြို့နယ်နှစ်ခုမှာ နောက်က လိုက်လာတဲ့ သံဃာအင်အားနဲ့ လူထုအင်အားများနေလို့ ဖျက်လိုက်တာပါ"ဟု ဆရာတော်က မိန့်ကြားသည်။

သတ်မှတ်လူ၁၀၀ဆန္ဒထုတ်ဖော်ပွဲအတွက်လုံခြုံရေးအင်အား ပိုမိုချထားနိုင်ခဲ့ကြောင်း အောင်မြေသာစံမြို့နယ်ဆန္ဒ ထုတ်ဖော်ပွဲတွင်တာဝန်ကျနေသည့် ရဲအရာရှိတစ်ဦးက သုံးသပ်သည်။ "အတိအကျ ဘယ်လောက်ချထားတယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ များတာကတော့များတယ်"ဟု ဆိုသည်။ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်သည့်ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ပြုမိန့် ရုပ်သိမ်းကြောင်း အသိပေးသည့်စာတွင် ပြုလုပ်ပြီးသွားသည့် မြို့နယ်နှစ်ခုတွင် ခွင့်ပြုထားခြင်းမရှိသည့် သံဃာတော်အင်အား ၃၀၀ ပါးမှ ၅၀၀ ပါးအထိ ပါဝင်လာခြင်း၊ ခွင့်ပြုထားခြင်းမရှိသော သီဆိုကြွေးကြော်မှုများ ဖြစ်ပေါ်လာခြင်း၊ စည်းကမ်းမဲ့သူအချို့မှ ဆိုင်ကယ်များဖြင့် စီးနင်းအော်ဟစ်ခြင်းများ ပြုလုပ်လာခြင်းတို့ကြောင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသောပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အကြောင်း ရှိလာနိုင်၍လည်းကောင်း၊ လူမျိုးစုအချင်းချင်း တစ်ဖက်နှင့် တစ်ဖက် ပြစ်မှုကျူးလွန်အောင် လှုံ့ဆော်ခြင်းကိုဖြစ်စေတန်ရာသည့် လက္ခဏာ ဖြစ်ပေါ်လာခြင်းကိုသော်လည်းကောင်း ဖြစ်ပွားလာနိုင်ကြောင်း သုံးသပ်တွေ့ရှိရ၍ ရုပ်သိမ်းရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

"ကျွန်တော်တို့ လူကိုယ်တိုင်လည်း ခေါ်ပြောထားတယ်။ စာလည်း ထုတ်ပေးထားတယ်။ ဥပဒေအတိုင်းပဲ လုပ်ကြစေချင်တယ်"ဟု ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအုန်းခင်က ပြောသည်။

တရားဝင်ခွင့်ပြုသည့် ဆန္ဒပြဦးရေထက် ပိုနေသော လူထုနှင့် သံဃာတော် အင်အားကြောင့် မလိုလားအပ်သော၊ မူလဆန္ဒပြရည်ရွယ်ချက်နှင့် လွဲသောဖြစ်ရပ်များ ဖြစ်ပွားမည်ကို မြို့ခံအချို့စိုးရိမ်ပူပန်ခဲ့ကြသည်။ မွန်းလွဲ ၁ နာရီတွင် မူလစီစဉ်ထားသည့် ချမ်းအေးသာစံမြို့နယ်၏ ဆန္ဒထုတ်ဖော်ပွဲ ပြုလုပ်မည့် ၇၉ လမ်းနှင့် ၃၄ လမ်းထောင့်တွင် သံဃာတော်များနှင့်ဆန္ဒပြမည့်လူစုအား ဆရာတော်ကြီးများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက ဆန္ဒထုတ်ဖော်ပွဲ ရုပ်သိမ်းသည့်အတွက် မိမိနေရာပြန်ကြရန် ပြောဆိုခဲ့သည်။

သို့သော် သံဃာတော်များနှင့် ဆန္ဒပြလူထုမှာမူ လူစည်ကားရာ လမ်းမကြီးများဖြစ်သော လမ်း ၈၀ တစ်လျှောက်နှင့် ၈၄ လမ်း တစ်လျှောက်တွင် ဆန္ဒထုတ်ဖော်ကြွေးကြော်မှုများ ပြုလုပ်ရင်း ချီတက်ဆန္ဒပြခဲ့ကြသည်။ မွန်းလွဲ ၂ နာရီတွင် ၈၄လမ်းနှင့် ၃၅လမ်းထောင့်အနီး မြတောင်ကျောင်းတိုက်ရှေ့တွင် ဆန္ဒထုတ်ဖော်မှုကို အဆုံးသတ်ခဲ့ကြသည်။

## 'ဗ'အက္ခရာနှင့် နှစ် ၂၀ ကျော် ယာဉ်များ အပ်နှံခွင့်ပြု

### ကားစလစ်ဈေး စတင်ကျဆင်းလာ

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ - ၃**

ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှုစီမံချက် ဒုတိယပိုင်း၌ 'ဗ'အက္ခရာမှ နှစ် ၂၀ ကျော် ယာဉ်များအား ယခုလ ၅ရက်မှစ၍ အပ်နှံမှုလက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

'ဗ'အက္ခရာ အပ်နှံခွင့်ရရှိသည့် စက်တင်ဘာ ၅ ရက်သို့ရောက်ရှိပါက လက်ရှိ မြင့်တက်နေသော စလစ်ဈေးနှင့် ကားဈေးနှုန်းများပါ ပြန်လည်ကျဆင်းလာနိုင်ပြီး ဩဂုတ်လနောက်ဆုံးပတ်အတွင်း၌ကားဈေးမကျသေးသော်လည်းစလစ်ဈေးနှုန်းအချို့ကျဆင်းလာကာ စလစ်တစ်စောင်လျှင် ယခင် ၈၅ သိန်းမှ ယခု ၇၅ သိန်းပေါက်၍ ကျပ်ဆယ်သိန်းဝန်းကျင်ကျဆင်းလာသည်။ စက်တင်ဘာ ၅ရက် ကျော်ပါကလည်း ထပ်မံ၍ ကျဆင်းမည့် အနေအထားများရှိကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ကားဝယ်ရောင်းတစ်ဦးကပြောသည်။

စီမံချက် ဒုတိယပိုင်းတွင် အပ်နှံမည့်ယာဉ်များအပေါ် က. ည. နမှ ကောင်း၊ ညံ့ မခွဲခြားဘဲ ၆၀ ရာခိုင်နှုန်းလျှော့ချ ကောက်ခံမည်ဖြစ်ပြီး ယခင်ကဲ့သို့ ယာဉ်ဟောင်းအပ်နှံ၍ ခေတ္တပြန်သုံးရန် ခွင့်ပြုမည်မဟုတ်ကြောင်း ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

"အခု စီမံချက်ဒုတိယပိုင်းမှာ အပ်တဲ့ယာဉ်တွေကို အရင်လိုခေတ္တသုံးခွင့်ပြုမှာမဟုတ်ဘူး။ မြန်မြန် သံမဏိစက်ရုံကိုပို့ခိုင်းမှာ။ ၉/ဃ အက္ခရာနံပါတ်က စက်တင်ဘာ ၅ရက်လောက်ဆိုရင်ရောက်ကောင်းရောက်နိုင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှု အစီအစဉ်အရ မြန်မာတစ်နိုင်ငံလုံးတွင် လာရောက်အပ်နှံသည့် ယာဉ်အစီးရေမှာဩဂုတ်လ ၃၁ ရက်အထိ ၆၄,၇၉၁ စီး အပ်နှံခဲ့ပြီး၊ သွင်းကုန်ပါမစ်ထုတ်ပေးသည့် အစီးရေ ၆၀,၆၄၇ စီးရှိခဲ့ကာ သွင်းခွင့်လိုင်စင်ယူပြီး အစီးရေမှာ ၅၃,၃၁၈ စီးရှိခဲ့ကြောင်း နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ထို့အတူပြည်ပမှတင်သွင်းရောက်ရှိလာသော ယာဉ်အစီးရေမှာဩဂုတ်လ၁၀ရက်အထိ၆၆,၈၄၇စီးတင်သွင်းခွင့်ပြုသည့်အနက် လူစီးယာဉ် ၆၂,၇၅၅ စီး၊ ဘတ်စ်ကား ၁,၁၅၆ စီးနှင့် ကုန်တင်ယာဉ် ၂,၉၃၆ စီးတို့အား တင်သွင်းခွင့်ပြုခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိသည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုအစီအစဉ်အရ ၂၀၁၁ စက်တင်ဘာ ၁၉ ရက်မှ ယခုနှစ် စက် တင်ဘာ ၃ ရက်အထိ တစ်နှစ်ခန့် မှတ်ပုံတင်(မူသေ)နံပါတ်ကို ကားအစီးရေ ၅၀,၆၂၀ စီးအားထုတ်ပေးခဲ့ပြီးယခုအခါ၇ဃ/ အက္ခရာဖြင့်ပေးသော အစီးရေမှာ စက်တင်ဘာ ၃ ရက်အထိ ၉,၄၆၃ စီးရှိပြီဖြစ်ကြောင်း ရန်ကုန်တိုင်း က. ည. နရုံးမှ သတင်းရရှိသည်။

## ပြင်သစ်တိုတယ်ရေနံကုမ္ပဏီ မုတ္တမကွေ့ရှိ M 11 လုပ်ကွက်မှ ဝေစု ၄၀ ရာခိုင်နှုန်းကို ထိုင်းကုမ္ပဏီထံမှ ဝယ်ယူ

**ပါရီ၊ စက်တင်ဘာ - ၃**

ပြင်သစ်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးကုမ္ပဏီတိုတယ်သည် မြန်မာ့ကမ်းလွန်ပင်လယ် မုတ္တမကွေ့ရှိM 11 လုပ်ကွက်တွင် ထုတ်လုပ်ခွင့်ဝေစု ၄၀ ရာခိုင်နှုန်းကို မဖော်ပြနိုင်သော ငွေကြေးပမာဏတစ်ခုဖြင့် ထိုင်းနိုင်ငံ PTT Exploration and Production ရေနံကုမ္ပဏီထံမှ ဝယ်ယူလိုက်ကြောင်းထုတ်ဖော်ပြောကြားသည်။

တိုတယ်ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်မှစ၍ တူးဖော်ရေး လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ထိုင်းနိုင်ငံရှိ ဓာတ်အားပေးစက်ရုံများသို့ဓာတ်ငွေ့ပေးပို့နေသောရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို လုပ်ဆောင်ခဲ့သည်။ ယခုအကြိမ်သည် ကုမ္ပဏီအတွက် ၁၉၉၈ ခုနှစ်မှစ၍ မြန်မာ့စွမ်းအင်ကဏ္ဍတွင် ပထမဆုံးအကြိမ်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ တိုတယ်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ယက်ဗ်လူးစ်ဒါရီကာရာက ကုမ္ပဏီ၏ ကြေညာချက်တွင်"ဒီလိုလွှဲပြောင်းဝယ်ယူလိုက်ခြင်းအားဖြင့် ကုမ္ပဏီဟာ သူ့ရဲ့ကမ္ဘာတစ်ဝန်း အသိအမှတ်ပြုခံထားရတဲ့ ကမ်းလွန်ပင်လယ်တူးဖော်ရေးနည်းပညာတွေနဲ့ မြန်မာနိုင်ငံရဲ့ ရေနံဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ငန်းတွေမှာ အသုံးပြုသွားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ ဟိုက်ဒရိုကာဗွန်ရင်းမြစ်တွေ ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေပါတယ်"ဟု ဖော်ပြထားသည်။

ထိုင်းရေနံကုမ္ပဏီ PTTEP သည် ယင်းမုတ္တမ M 11 လုပ်ကွက်၌ ပြင်သစ်ကုမ္ပဏီတိုတယ်အပြင် JX Nippon ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးကော်ပိုရေးရှင်းတို့နှင့်လည်း လက်တွဲဆောင်ရွက်မည်ဖြစ်ကာ JX Nippon မှာ လုပ်ကွက်တွင် ၁၅ ရာခိုင်နှုန်း ဝေစုရယူဆောင်ရွက်သွားမည်ဟုသိရသည်။

—Ref: AFP/Reuters

7DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012



# ကလေးစစ်သားတွေ ထပ်မရှိလာအောင်

**မေဝင်းမွန်၊ ချယ်ရီမြင့်**

အရွယ်မရောက်သေးသူ (ကလေးစစ်သား) များကို စစ်မှုထမ်းဆောင်ခြင်းမှ နုတ်ထွက်ခွင့်ပြု၍ မိဘရင်ခွင်ပြန်ခွင့်ရသူတစ်ဦးက သူစစ်ထဲရောက်ခဲ့ပုံကို အောက် ပါအတိုင်းပြောသည်။

"အလုပ်ရှာပေးမယ်ဆိုပြီး ခေါ်သွားခဲ့တာ။ တပ်ထဲမှာ ၄ နှစ်ကြာခဲ့တယ်။ ရှေ့တန်းလည်းပါဖူးတယ်။ မိဘတွေကရှာလို့ထွက်ရတာ။ အလုပ်လုပ်မလို့စဉ်းစားထားတယ်။"

အခြားကလေးစစ်သားဖြစ်ခဲ့ရာမှ စစ်မှုထမ်းခြင်းမှနုတ်ထွက်ခွင့်ရသူတစ်ဦးကလည်း "၃ လကျော်နေခဲ့တယ်။ တပ်ထဲကရုံးမှာနေရတယ်။ တပ်ထဲကိုကိုယ်ဘာသာ ကိုယ် ဝင်ချင်လို့ ဝင်ခဲ့တာ။ အခုမိဘတွေနဲ့ ပြန်တွေ့ရတော့ပျော်ပါတယ်။ ကျွန်တော်ကအကြောင်းကြားလိုက်လို့ အိမ်ကပြန်ခေါ်တာ။ တပ်ကထွက်ခွင့်ရပြီးတော့ဘာဆက်လုပ်မလဲဆိုတာ စဉ်းစားတုန်းပဲ"ဟု ပြောသည်။

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) အစီအစဉ်ဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များကို တိုင်းစစ်ဌာနချုပ်အလိုက်စိစစ်ရာမှ တွေ့ရှိခဲ့သော အသက် ၁၈နှစ်မပြည့်သေးသည့် စစ်မှုထမ်း ၄၂ နှစ်ဦးကို အမှတ် ၁စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စက်တင်ဘာ ၃ရက် နံနက်ပိုင်းက တပ်မှနုတ်ထွက်စေကာ မိဘအုပ်ထိန်းသူများထံအပ်နှံမှုပြုလုပ်ခဲ့ရာ အထက်ပါနှစ်ဦးမှာ အပါအဝင်ဖြစ်၏။

တပ်မတော်အတွင်း အသက်မပြည့်ဘဲစစ်မှုထမ်းအဖြစ်ရောက်ရှိနေသူအများစုမှာ အလုပ်ရှာပေးမည်ဟုဆိုကာ လိမ်လည်ခေါ်ဆောင်ခံရမှုမှာအများဆုံးဖြစ်ပြီး အချို့သည်လည်း ကိုယ်ပိုင်စိတ်ကူးဖြင့် တပ်ထဲဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း အသက်မပြည့်စစ်မှုထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များကပြောသည်။

"အရွယ်မရောက်သေးတဲ့ စစ်မှုထမ်းက ရေနဲ့ လေတပ်မှာမရှိဘူး၊ ကြည်းတပ်မှာအများဆုံးပဲ။ မြန်မာတပ်မတော်အတွင်းမှာကလေး စစ်သားမရှိတော့ဘူးလို့ အနီးစပ်ဆုံးပြောနိုင်တယ်။ သို့သော်လည်း အုပ်ချုပ်မှုဝေးတဲ့ အရပ်ဒေသတွေမှာတော့ ရှိနိုင်သေးတယ်။ တချို့က တပ်က တစ်နေရာ၊ နောက်တန်းဌာနက တစ်နေရာ၊ စစ်ဆင်ရေးကတစ်နေရာ ဆိုတာမျိုးတွေရှိတယ်။ စိစစ်ကြပ်မတ်တဲ့အပိုင်းကတော့ ထပ်လုပ်ဖို့လိုမယ်" ဟုကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်မှူးကြီးမောင်မောင်ရှင်က7Day News သို့ပြောသည်။

"တိုင်းအသီးသီးက သက်ဆိုင်ရာတပ်တွေကို သင်တန်းပေးမယ်။ ပြီးရင်လုပ်ငန်းစဉ်အတိုင်း စိစစ် ဆောင်ရွက်သွားမယ်။ ကလေးစစ်သားတွေ ထပ်မရှိလာအောင် ၁အချက်က လက်ခံတဲ့တပ်တွေလုံးဝ ၁၈ နှစ်မပြည့်ရင်လက်မခံရဘူး။ မှတ်ပုံတင်မပါရင်လက်မခံဘူး။ ခိုင်မာတဲ့မှတ်ပုံတင်ဖြစ်ရမယ်။ အထောက်အထားခိုင်ခိုင်မာမာ ရှိမှလက်ခံရမယ်။ အဓိကက အသက်၊ နောက်ကျန်းမာရေးလို အပ်ချက်၊ ပညာရေးလိုအပ်ချက်၊ ဒါလေးတွေစိစစ်မယ်" ဟု ဗိုလ်မှူးကြီးမောင်မောင်ရှင်က ဆက်လက်ပြောသည်။

တပ်သားစုဆောင်းခြင်းဆိုင်ရာဥပဒေများထုတ်ပြန်ထားသော်လည်း စည်းမျဉ်းဥပဒေများကိုမ လိုက်နာဘဲစုဆောင်းခဲ့သော တပ်မတော်အရာရှိနှင့်အခြားအဆင့်ရှိသူ ၁၇၀ ကိုလည်းအရေးယူခဲ့ပြီးဖြစ်သည်ဟုဆိုသည်။ "ထပ်ဖြစ်မယ်ဆိုရင်ဒီထက် ပိုပြီးကြီးလေးတဲ့ အပြစ်ဒဏ်နဲ့ အရေးယူသွားပါမယ်"ဗိုလ်မှူးကြီးမောင်မောင်ရှင်ကပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် အဓိကတပ်သားစုဆောင်းရေးစခန်း ၄ ခုရှိသည်။ တပ်မတော်သည် ၂၀၀၄ ခုနှစ် မှ ၂၀၁၂ ခုနှစ်ဇူလိုင်လအထိ ကလေး ၆၀၀အား စစ်တပ်အတွင်း စစ်မှုထမ်းခြင်းမှ နုတ်ထွက်စေကာ မိဘရပ်ထံလွှဲပြောင်းပေးအပ်မှုပြုလုပ်ခဲ့သည်။

တပ်မတော်နှင့် ILO မှ တာဝန်ရှိသူများသည် လာမည့် ၂၀၁၅ ခုနှစ်မတိုင်မီ ကလေးစစ်သားနှင့် အဓမ္မလုပ်အားပေးစေခိုင်းမှုပပျောက်ရေးအတွက် သဘောတူ လက်မှတ်ရေးထိုးထား၍ နောက်ထပ်မြန်မာနိုင်ငံတစ်ဝှမ်းရှိ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များက ကျန်ရှိနေသော ကလေးစစ်သားများအား မိသားစုထံပြန်လည်အပ်နှံသွားရန်ရှိကြောင်းလည်း သတင်းရရှိသည်။

"အလုပ်ရမယ်၊ ကားမောင်းသင်ပေးမယ်ဆိုပြီး လူတစ်ယောက်ကခေါ်သွားတာ။ မှတ်ပုံတင်တွေ၊ အထောက်အထားတွေအကုန်သိမ်းပစ်လိုက်ပြီး နာမည်ကိုပါပြောင်းပစ်လိုက်တော့ ရှာဖွေရတာတော်တော်ခက်သွားတယ်။ ရှေ့တန်းလည်းပါသွားဖူးတယ်။ ကံမကုန်လို့ပြန်ဆုံရတာပါ။ ကလေးတစ်ယောက်အတွက်တော့ နစ်နာသွားတာပေါ့။ သူနဲ့သက်ရွယ်တူတွေက ဘွဲ့ရတာတွေဖြစ်နေပြီ။ နိုင်ငံရေးထဲမှာ ၃ နှစ်လောက်နေခဲ့ရတယ်ဆိုတော့ သူ့ရဲ့စိတ်အနေအထားကိုကြည့်ပြီး ရှေ့ဆက်ပံ့ပိုးပေးဖို့ကို စဉ်းစားရမှာပါ" ဟု သားဖြစ်သူကို သုံးနှစ်ကြာဝေကွာခဲ့သော ရခိုင်ပြည်နယ်မှမိခင်တစ်ဦးကပြောကြား သည်။

အထက်မင်းလှမြို့နယ်မှ မိဘတစ်ဦးက "မိဘတစ်ယောက်အနေနဲ့ ပြောရရင်ကလေးတွေက အဖော်မင်လို့ပါသွားပေမယ့် နိုင်ငံတော်က အသက်မပြည့်လို့ပြန်လွှတ်ပေးတယ်ဆိုတော့ ဝမ်းသာတာပေါ့ဗျာ" ဟုပြောကြားခဲ့သည်။

# ငွေတိုက်စာချုပ် ပြည်တွင်းဘဏ်အချင်းချင်း ရောင်းဝယ်ခွင့်ပြုတော့မည်

**ထူးသန့်**

**နေပြည်တော်၊စက်တင်ဘာ-၃**

နိုင်ငံတော်အစိုးရက ဘဏ္ဍာငွေ လိုအပ်လာလျှင် ထုတ်ရောင်းလေ့ရှိသော ငွေတိုက်စာချုပ်(သို့မဟုတ်) ငွေချေးစာချုပ် (Boon)များကို ပြည်တွင်းပုဂ္ဂလိက ဘဏ်များအချင်းချင်း အပြန်အလှန် ရောင်းဝယ်ခွင့် ပြုသွားရန်ရှိကြောင်း မြန်မာ့ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် အမှုဆောင်ဒါရိုက်တာဦးစိုးသိန်းက ပြောကြားသည်။

"ငွေချေးစာချုပ်တွေကို ဘဏ်အချင်းချင်း ထုတ်ရောင်းတာကို ခွင့်ပြုသွားဖို့ရှိပါတယ်"ဟု ယင်းကပြောသည်။ ထိုသို့ ခွင့်ပြုနိုင်ရန် နောက်ဆုံးအဆင့် ရောက်ရှိနေပြီဖြစ်ကြောင်း ယခုကဲ့သို့ ခွင့်ပြုပါက ငွေလိုသည့် ပုဂ္ဂလိကဘဏ်အနေဖြင့် ငွေပိုနေသည့် အခြားပုဂ္ဂလိကဘဏ် တစ်ခုသို့ ၎င်း၏ ငွေချေးစာချုပ်များအား ထုတ်ရောင်းကာ ဖြေရှင်းသွားနိုင်မည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် အစိုးရက ငွေတိုက်စာချုပ်များ ထုတ်ရောင်းရာ၌ နှစ်နှစ်၊ သုံးနှစ်နှင့် ငါးနှစ်သက်တမ်း ကာလတို ငွေတိုက်စာချုပ်များ ရောင်းသည်။ အဆိုပါ သုံးမျိုးနှင့် မလုံလောက်ပါက ငါးနှစ်မှ ၁၀ နှစ်အတွင်းရှိ ကာလလတ်နှင့် ၁၀ နှစ်အထက်ရှိ ကာလရှည်ငွေတိုက်စာချုပ်များလည်း ရှိရန် လိုအပ်လာပြီဖြစ်ကြောင်း ဦးစိုးသိန်းကပြောသည်။

ထို့အပြင် အမျိုးသားလွှတ်တော်၌ ဩဂုတ် ၂၂ ရက်က အတည်ပြုခဲ့သော ငွေချေးသက်သေခံ လက်မှတ်များ ရောင်းဝယ်ရေးဥပဒေ(မူကြမ်း)ကိုလည်း လာမည့် အောက်တို ဘာ၊ နိုဝင်ဘာတွင် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်မည်ဖြစ်ကြောင်းနှင့် ယခုနှစ်မကုန်မီ အထက်ပါ ဥပဒေ အတည်ပြုနိုင်ဖွယ်ရှိကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတို့ကို ခန့်အပ် မှ

သမ္မတ၏ သဝဏ်လွှာကိုမှတ်တမ်းတင်ခဲ့သည်။ လက်ရှိကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးလှမင်းနေရာ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်ကိုတာဝန် ပေးအပ်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သမ္မတထံတင်ပြလာပြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သဖြင့် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသင့်သူဖြစ်ကြောင်း သမ္မတဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်နာယကထံ စက်တင်ဘာ ၃ရက်တွင် သဝဏ်လွှာပေးပို့ခဲ့သည်။

ထို့အတူ လစ်လပ်လျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်နေရာတွင် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်အား ပြောင်းလဲခန့်အပ်တာဝန်ပေးလိုသည့်အတွက်ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုရယူရန်ဩဂုတ်လ ၂၉ရက်တွင်နိုင်ငံတော်သမ္မတကပြည်ထောင်စုလွှတ်တော်ထံသဝဏ်လွှာပေးပို့ထားသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးအား ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက စက်တင်ဘာ၅ရက်နောက်ဆုံးထားစာရင်းပေးပို့ရမည်ဖြစ်ပြီး စက်တင်ဘာ၇ရက်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ် အတည်ပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-တစ်ဦးတစ်ယောက်တည်း နေရာရရေးထက် ဒီမိုကရေစီခိုင်မာရေးကို ဦးတည်ရန် ဒေါ်အောင်ဆန်းစုကြည် တိုက်တွန်း မှ

စက်တင်ဘာ ၁ရက်၊ နေ့လယ်ပိုင်းက ပုသိမ်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်ဒေသခံများအား ပြောကြားသွားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပုသိမ်မြို့ရှိ ရေဘေးဒဏ်သင့်ရပ်ကွက်တချို့သို့သွားရောက်ကာ ကျန်းမာရေးရန်ပုံငွေအတွက် မတည်ငွေကျပ်သိန်း ၂၀ ကိုထောက်ပံ့လှူဒါန်းခဲ့ပြီး ဒေသခံများတင်ပြကြသည့် လိုအပ်ချက်များကို နားထောင်ကာ ပြန်လည်ဆွေးနွေးခဲ့သည်။ ပုသိမ်မြို့နယ်အင်န်အယ်လ်ဒီရုံးချုပ်ရှေ့ရှိ ဒေသခံလူထုများအား မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ထည့်သွင်းဟောပြောသွားခဲ့ခြင်းဖြစ်သည်။

"ကျွန်မတို့ကနေပြီး ပြည်သူတွေကို အားလုံးဒို့ပဲလုပ်ပေးမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးဘယ်တော့မှ မလုပ်ဘူး။ အဲဒီလိုလုပ်ပေးမယ်ဆိုရင် ပြည်သူတွေက ဘယ်တတ်တော့မလဲ။ ကျွန်မတို့ပြည်သူတွေကို သန်မာစေချင်တယ်။ ကိုယ့် ရဲ့ ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်စေချင်တယ်။ မိဘကောင်းတွေက သားသမီးတွေကို သူတို့ကိုအားကိုးစရာ မလိုတဲ့ ပုဂ္ဂိုလ်တွေဖြစ်လာအောင် လုပ်ပေးရမယ်။ ငါတို့ကိုပဲ အားကိုးစေချင်တယ်ဆိုရင်စစ်မှန်တဲ့ မေတ္တာမဟုတ်တော့ဘူး။ ဒါအတွက်ပဲ။ ပြည်သူပြည်သားတွေကို ဒီမိုကရေစီအရွယ်ရောက်အောင် ကျွန်မတို့ကအမြန်ဆုံး တွန်းပို့ရမှာဖြစ်ပါတယ်။ ပြည်သူတွေက ဒီမိုကရေစီအရွယ်ရောက်သွားလို့ရှိရင် ဒီမိုကရေစီခေါင်းဆောင်တွေကိုမလိုအပ်တော့ဘူး။ ကိုယ့်ဘာသာကိုယ် လုပ်နိုင်တဲ့ အခြေအနေဖြစ်သွားမယ်။ ငါတစ်ယောက်တည်း အမြဲနေရာမှာရှိရေးအတွက်ဆိုပြီး လုပ်နေတဲ့ပုံနဲ့ ဆိုရင်တော့ ကျွန်မတို့ပြည်သူတွေဟာ ဒီမိုကရေစီအတွက် ခိုင်မာတဲ့ အခြေအနေကို ရောက်လာမှာ မဟုတ်ပါဘူး" ဟု ကမ္ဘာ့ဒီမိုကရေစီခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ ပြောစကားနှင့်ပတ်သက်၍ သတင်းစာဆရာ ဦးရဲနိုင်မိုးက "ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ခေါင်းဆောင်တွေအပေါ်မှာ မှီခိုဖို့ မလိုတော့ဘူး။ ဒါဟာ ခေါင်းဆောင်တွေမှ မဟုတ်ဘူး။ အစိုးရကလည်း ဒီအတိုင်းပဲ။ တကယ့်မှန်ကန်တဲ့ စနစ်မှာ အစိုးရရဲ့ အခန်းကဏ္ဍဟာ မကြီးမားတော့ဘူး။ ဘာလို့လဲဆိုတော့ စနစ်က မှန်ကန်သွားပြီ။ လူတွေက ရင့်ကျက်သွားပြီ။ ပုံမှန်လည်ပတ်သွားပြီပေါ့။ နိုင်ငံရေးပညာရှင်တချို့ ပြောတာရှိတယ်။ ရှိမှန်းမသိတဲ့ အစိုးရက အကောင်းဆုံးအစိုးရလို့။ တစ်ခုပဲ စိုးရိမ်ပူပန်စရာရှိတာက အဲဒီစနစ်ကလည်း မမှန်သေးဘူး။ ပြည်သူအများစုကလည်း ဒီမိုကရေစီရင့်ကျက်မှုကျင့်သားမရသေးဘူး။ လူ့အဖွဲ့အစည်းက စနစ်နဲ့ကျင့်သားမှန်ကန်မှု မရှိသေးတဲ့ အချိန်မှာ ခေါင်းဆောင်တွေ ဆုံးရှုံးသွားမယ်ဆိုရင်တော့အဲဒါကြောက်စရာကောင်းပါတယ်"ဟုမှတ်ချက်ပေးသည်။

"အခုဒေါ်အောင်ဆန်းစုကြည် လျှောက်တဲ့ပုံစံကို ယေဘုယျအားဖြင့် ကြည့်မယ်ဆိုရင် ပိုပြီးရင့်ကျက်လာတယ်လို့ ကျွန်တော်က တော့မြင်တယ်။ တစ်ခုပဲစိုးရိမ်ပူပန်မှုက အဖွဲ့အစည်းဆိုတဲ့ရှုထောင့်နဲ့ကြည့်မယ်ဆိုရင်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လူတစ်ဦးအပေါ်မှာမှီခိုနေရမှုက များတယ်လို့မြင်တယ်" ဟု ဦးရဲနိုင်မိုးက ဆက်လက်ပြောသည်။

ပုသိမ်မြို့သို့စက်တင်ဘာ ၁ ရက်နံနက် ၉ နာရီ ၄၅ မိနစ် တွင် ရောက်ရှိလာသော ဒေါ်အောင်ဆန်းစုကြည်သည် ရေဘေးသင့်ရပ်ကွက်များတွင် ပါဝင်သောအမှတ် (၁၂) ရေကြည်ဦးရပ်ကွက်နှင့် အမှတ် (၁၄) ဥမ္မာဒန္တီရပ်ကွက်တို့သို့ သွားရောက်ခဲ့ပြီး ရပ်ကွက်နေပြည်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။ ထို့နောက်ကျန်းမာရေး ရန်ပုံငွေအတွက် ငွေကျပ်ဆယ်သိန်းစီကို မတည်ပေးခဲ့ပြီး ရန်ပုံငွေထိန်းသိမ်းရေးကော်မတီများကိုလည်း ဖွဲ့စည်းပေးခဲ့သည်။

"အဓိကက ပိုက်ဆံမဟုတ်ပါဘူး။ ဒီရန်ပုံငွေကို ဘယ်လိုထိန်းသိမ်းမယ်။ ဘယ်လိုသုံးမယ်ဆိုတာပဲ။ ဒီရန်ပုံငွေလေးကို ထိန်းသိမ်းပြီးတော့ တကယ်လိုအပ်တဲ့သူတွေကို ဘယ်သူ့ကိုဘယ်လောက်ပေးမယ်။ ဘာအတွက်ပေးမယ်။ အဲဒီလိုလုပ်တတ်ကိုင်တတ်အောင်လို့ပါ။ ဒီရန်ပုံငွေဟာ အရေးပေါ်ရန်ပုံငွေဆိုတော့ နောက်ကုန်သွားမှာပဲ။ ကုန်သွားပေမယ့်လည်း ဒီရန်ပုံငွေကို ထိန်းသိမ်းသုံးစွဲတဲ့နေရာမှာ ရသွားတဲ့ အတွေ့အကြုံတွေကတော့ ကုန်သွားပျောက်သွားမှာ မဟုတ်ဘူး။ ကိုယ့်ရပ်ရွာအတွက် လူမှုရေးလုပ်ငန်းတွေ လုပ်တဲ့နေရာမှာ အသုံးဝင်မယ့် အတွေ့အကြုံတွေဖြစ်ပါတယ်" ဟု သူမက ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ရေဘေးသင့်ပြည်သူများတွေ့ဆုံရာတွင် ရေကြီးရခြင်းအကြောင်းအရင်းများနှင့် လတ်တလောကြုံတွေ့နေရသော ကျန်းမာရေးအပါအဝင် အခက်အခဲပြဿနာများကို တင်ပြခဲ့ကြကြောင်း သိရသည်။

**အများပိုင်ကုမ္ပဏီများ ခွင့်ပြုချက်မရမီ အစုရှယ်ယာဖိတ်ခေါ်ခြင်း တရားမဝင်**
**မျက်နှာဖုံးသတင်းအား စာမျက်နှာ(၁၂)တွင် ဆက်လက်ဖော်ပြထားပါသည်။**

## ပြည်ထောင်စုဝန်ကြီးဆယ်ဦး စာရင်းထွက်ပေါ်

**သန်းထူး**

**ရန်ကုန်၊စက်တင်ဘာ-၄**

နိုင်ငံတော်သမ္မတက လစ်လပ်လျက်ရှိသော ပြည်ထောင်စုဝန်ကြီး နေရာများအတွက် ခန့်အပ်ရန် အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူရန် ဩဂုတ် ၂၉ ရက် ရက်စွဲ ဖြင့် သဝဏ်လွှာပေးပို့ထားသည်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီး ခန့်ထားမည့် ပုဂ္ဂိုလ်ဆယ်ဦးမှာ ဦးအေးမြင့်ကြူ (လက်ရှိ အားကစားဒုဝန်ကြီး)၊ ဗိုလ်ချုပ်ဇေယျာအောင် (လက်ရှိမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး)၊ ဒေါက်တာမြင့်အောင် (လက်ရှိပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ ဦးကျော်လွင် (လက်ရှိ ဆောက်လုပ်ရေး ဒုဝန်ကြီး)၊ ဦး ဝင်းရှိန် (လက်ရှိ ဘဏ္ဍာ/အခွန် ဒုဝန်ကြီး)၊ ဒေါက်တာကံဇော် (လက်ရှိအမျိုးသားစီမံကိန်း ဒုဝန်ကြီး)၊ ဦးမောင်မြင့် (လက်ရှိ နိုင်ငံ ခြားရေး ဒုဝန်ကြီး)၊ ဒေါက်တာကိုကိုဦး (လက်ရှိ သိပ္ပံ/နည်းပညာ ဒုဝန်ကြီး)၊ ဦးငွေးအောင် (လက်ရှိ ဟိုတယ်/ခရီးဒုဝန်ကြီး)၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် (လက်ရှိ ကျန်းမာရေးဒုဝန်ကြီး)တို့ ဖြစ်သည်။

၎င်းတို့ကို ကန့်ကွက်လိုသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာ ရင်းတင်သွင်းခွင့် ပြုထားပြီး လာမည့် စက်တင်ဘာ ၇ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်အတည်ပြုမည်ဖြစ်သည်။

သမ္မတက အစိုးရအဖွဲ့တွင် အပြောင်းအလဲများစွာကို ပြုလုပ်လျက်ရှိပြီး ယခင်က ပြည်ထောင်စုဝန်ကြီးဌာန ၃၄ ခုနှင့်ပြည်ထောင်စုဝန်ကြီး ၃၀ဦး ခန့်အပ်ထားရာမှပြည်ထောင်စုဝန်ကြီးဌာန ၃၆ ခု၊ ဝန်ကြီး ၃၆ဦးသို့ပြင်ဆင်ဖွဲ့စည်းပြီး၊ ပြည်ထောင်စုလွှတ်တော်က စက်တင်ဘာ ၄ရက်တွင် အတည်ပြုခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာနများပြင်ဆင်ဖွဲ့စည်းရာတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှာ တစ်ခုတည်းသာ ဖြစ်လာပြီး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖျက်သိမ်းကာ သမ္မတရုံးဝန်ကြီးဌာနအောက်တွင် ဝန်ကြီးဌာန ၆ ခု ရှိလာသည်။

သမ္မတက ဩဂုတ် ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး ၉ ဦး ကို ပြောင်းလဲတာဝန်ပေးပြီး ဒုဝန် ကြီး ၁၅ဦးကို ခန့်အပ်သည်။ ဩဂုတ် ၂၈ရက်တွင် ပြည်ထောင်စု ဝန်ကြီးများဖြစ်သော ဦးဇော်မင်း၊ ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်အား နုတ်ထွက်ခွင့်ပြုခဲ့သည်။ ထို့အပြင် ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီး ဦးစိုးဝင်းကို သာသနာရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်သည်။

ဩဂုတ်လ ၂၉ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုဝန်ကြီးများအဖြစ် ဦးဇင်ယော်နှင့် ဦးသန့်ကျော်တို့ကိုလည်းကောင်း၊ ဘဏ္ဍာ/အခွန် ဒုဝန်ကြီးအဖြစ် ဒေါက်တာမောင်မောင်သိမ်းကို လည်းကောင်းခန့်အပ်ပြီး၊ ဩဂုတ်၃၁ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုဝန်ကြီးအဖြစ် ဦးရဲထွဋ်ကိုခန့်အပ်ခဲ့သည်။

## ခုံရုံးအား စွပ်စွဲပြစ်တင်မှုကို ပြည်သူ့လွှတ်တော်စုံစမ်းရေးကော်မတီ စတင်စစ်ဆေး

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊**

**စက်တင်ဘာ - ၃**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်မှုကိုပြည်သူ့လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မတီက စက်တင်ဘာ ၃ ရက်က စတင်စစ်ဆေးရာ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဘက်က မည်သူမျှလာရောက်ခြင်း မရှိခဲ့ဟု စုံစမ်းစစ်ဆေးမှုအဖွဲ့ဝင်များကပြောသည်။

ပြည်သူ့လွှတ်တော်က ဇူလိုင် ၂၉ ရက်စွဲဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဦးဆောင်သောအဖွဲ့ဝင် ၁၅ဦး ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကိုဖွဲ့စည်းလိုက်သော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခုံရုံး၏ တောင်းဆိုချက်ကို လေးစားသောအနေဖြင့် ဦးနန္ဒကျော်စွာအစား အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေကို ယနေ့မှစ၍ ပြောင်းလဲတာဝန်ပေးလိုက်သည်။

ခုံရုံးဘက်ကလည်း ပြည်သူ့လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ကန့်ကွက်သည့်စာကိုစက်တင်ဘာ၁ရက်ရက်စွဲဖြင့်ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်မူလျှောက်ထားဆဲဖြစ်သဖြင့် အမှုကို စီရင်ဆုံးဖြတ်ပြီးသည်အထိ စုံစမ်းစစ်ဆေးမှုကို ဆိုင်းငံ့ပေးရန် ခုံရုံးက စာပေးပို့ထားပြီးဖြစ်ကြောင်းနှင့် စုံစမ်းစစ်ဆေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခုံရုံးကို စွပ်စွဲပြစ်တင်ရန် လက်မှတ်ရေးထိုးသူများ၊ လွှတ်တော်များတွင် တက်ကြွစွာ အဆိုတင်သွင်းသူနှင့် ထောက်ခံသူများဖြစ်သည့်အတွက် မည်သည့်နည်းနှင့်မျှ တရားမျှတမှုရှိလိမ့်မည်မဟုတ်ဟု ကန့်ကွက်ကြောင်းပါရှိသည်။

အဆိုပါထုတ်ပြန်ချက်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့ ပေးပို့ထားပြီး မိတ္တူကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်စုံစမ်းစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌတို့သို့ ပေးပို့ထားကြောင်းလည်းသိရသည်။

စုံစမ်းစစ်ဆေးရေးကော်မတီက ခုံရုံးကို စစ်ဆေးခြင်းအား ယနေ့ စတင်ရာ ခုံရုံးဘက်က ပျက်ကွက်သည့်အတွက် နောက်တစ်နေ့သို့ ရွှေ့ဆိုင်းလိုက်သော်လည်း ထပ်မံ၍ လာရောက်ခြင်း မရှိဘဲ ပျက်ကွက်ပါက တစ်ဖက်တည်းသာ ဆုံးဖြတ်သွားမည်ဖြစ်သည်ဟုလည်း စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ဒေါ်ဒွဲဘူကပြောကြားခဲ့သည်။

အခြေခံဥပဒေဆိုင်ရာခုံရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် စွပ်စွဲပြစ်တင်သည့်အဆိုကို ဩဂုတ် ၂၄ ရက်က ပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးရန်အတည်ပြုခဲ့သည်။

## အစိုးရနှင့် ကေအင်န်ယူ နှစ်ဖက်တပ်များ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းမူကြမ်းကို သဘောတူလက်မှတ်ထိုး

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၄**

ပြည်သူလူထု ဘဝလုံခြုံရေးရရှိရန် အတွက် နှစ်ဖက်တပ်များ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း ဝင်သော မူကြမ်းအား သဘောတူကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ဦးအောင်မင်း ခေါင်းဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခန့်က လက်မှတ်ရေးထိုးသည်။

ကျင့်ဝတ်နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် နှစ်ဖက်တပ်များ လိုက်နာရမည့်စည်းကမ်းနှင့် တပ်ရွှေ့ပြောင်းရေးတို့ ပါဝင်ကြောင်း ဝန်ကြီးဦးအောင်မင်းက ပြောသည်။

"အသေးစိတ်ကို ဆက်ပြီး ဆွေးနွေးရဦးမယ်။ သက်ဆိုင်ရာ တပ်မှူးတွေနဲ့ တိုင်ပင်ပြီးတော့"

ယခုဆွေးနွေးပွဲနှင့်ပတ်သက်၍ KNU ပြောရေးဆိုခွင့်ရှိသူ နော်မေဦးက "အပစ်အခတ်ရပ်စဲရေးမှာ နှစ်ဦး နှစ်ဖက်လိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းတွေနဲ့ တပ်အရွှေ့အပြောင်းကိစ္စဆိုတာ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအနေနဲ့ ကြည့်ရင် ပထမအဆင့်ပဲ ရှိတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိ KNU နယ်မြေထဲတွင်နယ်ခြားစောင့်တပ်များ အပါအဝင် တပ်ရင်းပေါင်း ၈၀ နယ်ခြားစောင့်တပ်မှ တပ်ရင်း ၁၃ ခုနှင့် မြန်မာအစိုးရတပ်စခန်း ၃၁၀ ရှိကြောင်း KNU အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်က ပြောသည်။

## ဒီမိုကရေစီနေ့အခမ်းအနားတက်ရောက်ရန်စာရင်းကောက်ယူ

**ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၁**

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို တက်ရောက်ရန် နိုင်ငံရေးပါတီများမှ အမည်စာရင်းကောက်ယူနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

## ယုဇနကုမ္ပဏီက သိမ်းယူခဲ့သော လယ်မြေများအတွက် မြေနှင့်နစ်နာကြေးပြန်ပေးမည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်-၃၁**

ယုဇနကုမ္ပဏီက ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းတွင် သိမ်းယူခဲ့သော မြေများအနက် စိုက်ပျိုးမြေနှင့် နစ်နာကြေးတို့အား မူလ မြေပိုင်ရှင်များကို ပြန်ပေးမည်ဖြစ်ကြောင်း ဩဂုတ်လ ၂၈ ရက်တွင် နေပြည်တော်၌ တောင်သူကိုယ်စားလှယ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့သော ဒေါ်ဘောက်ဂျာက ပြောသည်။ မူလမြေပိုင်ရှင်များထံမှ ပီလောပီနံနှင့် ကြံစိုက်ပျိုးပြီး ပြန်ပြည့်မြဲစွမ်းအင် ထုတ်လုပ်ရန်ရည်ရွယ်ချက်ဖြင့် ၂၀၀၆ ခုနှစ်တွင်ကုမ္ပဏီမှ စိုက်ပျိုးမြေနှင့် ကျေးရွာမြေများ စုစုပေါင်း ဧကနှစ်သိန်းကျော် သိမ်းယူခဲ့သည်။ "တရားဝင်စာချုပ်စာတမ်း နဲ့ မဟုတ်ပေမယ့် သူကိုယ်တိုင်နှုတ်ကတိနဲ့ တောင်သူတွေ သဘောကျတဲ့ မြေကိုပြန်ပေးမယ်လို့ ပြော ခဲ့ပါတယ်။ မနေ့ကညအထိ ကျွန်မကို သူပြောခဲ့တာကို ကတိတည်ပါတယ်ဆိုတဲ့အကြောင်း ဖုန်းဆက်ပြောခဲ့တယ်" ဟု ဒေါ်ဘောက်ဂျာက ဦးဌေးမြင့်နှင့်၎င်းတို့ တွေ့ဆုံပြောကြားခဲ့မှုကို ပြန် ပြောပြသည်။

## ဒီဗီဘီသတင်းထောက်နှင့် ကျောင်းသားမိဘတစ်ဦး ကျပ်သိန်းတစ်ရာဖြင့် အာမခံရ

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ-၃**

မကွေးတိုင်းပညာရေးမှူးရုံးမှ တရားစွဲဆိုထားသော ဒီဗီဘီ သတင်းထောက်တစ်ဦးနှင့် ကျောင်းသားမိဘတစ်ဦးအား ပထမအကြိမ်အဖြစ် စက်တင်ဘာ ၁၁ရက်တွင် ရုံးတင်စစ်ဆေးမည်ဖြစ်ပြီး ၎င်းတို့ နှစ်ဦးအာမခံကြေးကျပ်သိန်းတစ်ရာဖြင့် အာမခံထားကြောင်း တရားစွဲဆိုခံထားသူ ဒီဗီဘီမကွေးသတင်းထောက် ကိုဇော်ဖေကပြောသည်။

## ပုဂ္ဂလိကအာမခံကုမ္ပဏီကို ယခုတစ်ပတ်အတွင်း ကြေညာမည်

**ထူးသန့်**

**နေပြည်တော်၊ စက်တင်ဘာ-၃**

လုပ်ခွင့်လျှောက်ထားသော ကုမ္ပဏီများထဲမှ လုပ်ခွင့်လိုင်စင်ရမည့် ပုဂ္ဂလိကအာမခံကုမ္ပဏီအမည် စာရင်းကို ယခုအပတ်အတွင်း ကြေညာသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။ "ဒီအပတ်ထဲမှာပဲ အောင် စာရင်းထွက်ဖို့ရှိပါတယ်" ဟု အထက်ပါဝန်ကြီးဌာနတွင် ယနေ့ပြုလုပ်ခဲ့သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ငွေကြေးအထောက်အကူပြုရေးဆွေးနွေးပွဲတွင် ယင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

## အချပ်ပို(D)ပါချောင်စခန်းကိစ္စ (ဦး)မိုးသီးဇွန်၊ (ဦး)ထွန်းအောင်ကျော်တို့၏ရှင်းလင်းချက် မှ

ကျွန်တော်တို့ ဆက်ပြီးတော့၊ အခု ခင်ဗျားတို့က မီဒီယာတွေ ခင်ဗျားတို့ကို အားကိုးပါတယ်၊ ယုံကြည်ပါတယ်။ ဒီသတင်းစကားကို ပို့ပေးပါ။ ဒီရဲဘော်တွေကို အထူးသဖြင့် သေဆုံးသွားတဲ့ ရဲဘော်တွေရဲ့ မိသားစုတွေဆီ ပို့ပေးပါ။ ကျွန်တော်တို့ရဲ့ ရဲဘော်တွေ ဂုဏ်ပြုရမယ်။ အဲဒ့ီအတွက် ကျွန်တော်တို့ အချက်အလက်တွေလျှောက်မေးနေရင် ပြီးမှာမဟုတ်ဘူး။ ဒါ ကျွန်တော်တို့ ရဲဘော်တွေ၊ ကျွန်တော်တို့ရဲ့ညီအစ်ကိုတွေ Part of our bodyပဲ။

**မြောက်ပိုင်းမှာ ကျန်ခဲ့တဲ့ ကျောင်းသားတွေအကုန်လုံးကရော မီဒီယာတွေကို အလယ်မှာထားပြီး နှစ်ဖက်သတင်းစာရှင်းလင်းပွဲ လုပ်ချင်တယ်လို့ ဟိုနေ့က သွားမေးတော့ ပြောဖူးပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး လုပ်ဖို့ရှိလား။**

**ဦးမိုးသီးဇွန်** - ကျွန်တော် ဒီကိစ္စကို ဒီမှာ ရှင်းပေးပါမယ်။ ကျွန်တော် သူတို့နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီးတော့ ဟိုဘက် ဒီဘက် ကြားနာဖို့ အစီအစဉ်မရှိဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လာခဲ့ရတဲ့ အချိန်အ ကန့်အသတ်ကြောင့်။ အခု ဆွေးနွေးချက်တွေအရ စက်တင်ဘာ ၁၇ရက်နေ့ဆို ကျွန်တော် အမေရိကန်ကို ပြန်ရမယ့်ပုံစံတောင် ရှိပါတယ်။ အလုပ်တာဝန်တွေပေါ့။ သမ္မတရဲ့ ခရီးစဉ်အတွက် ချောမွေ့ဖို့အတွက်ကို အမေရိကန်အစိုးရနဲ့ ဆွေးနွေးပေးဖို့။ ဒါတွေက ရဲဘော်တို့အတွက် ညီအစ်ကိုမောင်နှမတွေအတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့လုပ်တဲ့ကိစ္စတွေအားလုံးက သူတို့ကို ကျွန်တော်တို့ အပြန်အလှန်ဆွေးနွေးနေဖို့ ဒီတစ်ခေါက်မှာ မရှိပါဘူး။ ဒါပေမဲ့ ဒီတစ်ခေါက်မှာ ကျွန်တော် အလုပ်ချင်ဆုံးဆန္ဒက သူတို့ ကို ကျွန်တော် ဂုဏ်ပြုချင်တဲ့ဟာပဲ။ အဲလို အခမ်းအနားကို ကျွန်တော် လုပ်ချင်တယ်။ သူတို့နဲ့ဆွေးနွေးမယ်။ ကျွန်တော်တို့ရဲ့ ရဲဘော်တွေအဖြစ်နဲ့ ပြန်လည်ဂုဏ်ပြုမယ်။ အခု ဥက္ကဋ္ဌနှစ်ယောက် ရောက်နေတယ်။ သူ(ကိုထွန်းအောင်ကျော်)က ပထမဦးဆုံးအကြိမ် ဥက္ကဋ္ဌ။ ကျွန်တော်က ဒုတိယအကြိမ်မြောက် ရဲဘော်တစ်ယောက်။ အဲဒါ ဘာလို့ ပြန်လည်ဆွေးနွေးပြီး အဖြစ်မှန်ဖော်ထုတ်မလဲ။ ကျွန်တော်တို့ သိနိုင်ခဲ့ပြီပဲ။ ကျွန်တော်တို့ သိသွားပြီ။ ဒီကိစ္စကြီးကို ကျွန်တော်တို့ သိနေကြပြီ။ ဒါဟာ အမှန်တရားကို ဘာလဲဆိုတာဂုဏ်ပဲပြုချင်တယ်ကျွန်တော်က။

**ဦးထွန်းအောင်ကျော်** - မြောက်ပိုင်းက ရဲဘော်တွေနဲ့ ကျွန်တော် တွေ့ချင်တယ်ဗျ။ တွေ့ဖို့လည်း ကျွန်တော် အခွင့်အရေးပေးရင် တွေ့မယ်။ သပ်သပ် ကျွန်တော် တွေ့ချင်တယ်။ နောက်ပြီးတော့ တစ်ပွဲ သပ်သပ်ကျွန်တော် တွေ့ချင်တယ်။

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ပါချောင်စခန်းမှ ပြန်လည်လွတ်မြောက်လာသူ ဦးသာမားညီညီနှင့်တွေ့ဆုံခြင်း

ထွန်းနိုင်

**အခုဆိုရင် ABSDF (ဗဟို) ဥက္ကဋ္ဌဟောင်းဒေါက်တာနိုင်အောင်လည်း ပြည်တွင်းရောက်နေပြီ။ ကိုမိုးသီးဇွန်တို့၊ ကိုထွန်းအောင်ကျော်တို့လည်းရောက်လာပြီ။သူတို့နဲ့မျက်နှာချင်းဆိုင်တွေ့ပြီး ရှင်းလင်းဖို့ အစီအစဉ်ရှိပါသလား။**

ဒီအမှုမှန် ပေါ်ပေါက်ဖို့ကြိုးစားမယ်လို့ ကိုထွန်းအောင်ကျော်က အွန်လိုင်းမှာ ကျွန်တော်တို့ကို ကတိပေးထားတာရှိတယ်။ ကိုမိုးသီးနဲ့ပတ်သက်လို့ သူက သူတာဝန်ရှိတဲ့ကိစ္စတွေကို တာဝန်ခံပြီး ဖြေရှင်းသွားမယ်၊ သူ့မှာ အပြစ်ရှိရင်လည်း အပြစ်ခံမယ်ပြောသွားတယ်။ ဒေါက်တာနိုင်အောင်ကတော့ အခုချိန်အထိ တာဝန်မရှိပါဘူး။ သူ မသိပါဘူးပြောနေတုန်း။ ကျွန်တော်တို့က ဘယ်သူ့ဖြစ်ဖြစ်တွေ့ရဲတယ်။ တွေ့နိုင်တယ်။

**အသတ်ခံရတဲ့ သူတွေအတွက် စာနာသနားတဲ့ သူတွေရှိတယ်။ တစ်ဖက်မှာလည်းနိုင်ငံရေး အကူးအပြောင်းကာလမှာ ဒီကိစ္စက အနှောင့်အယှက်ဖြစ်လာမှာကိုပူပန်သူတွေရှိတယ်။ အစ်ကိုတို့ကရော နှစ် ၂၀ကကိစ္စကို ဘာ့ကြောင့် အခုမှ လူသိရှင်ကြား ထုတ်ဖော်ပြောတာလဲ။**

ဒီအခြေအနေမတိုင်ခင်က စစ်အစိုးရရဲ့ လက်အောက်မှာပဲရှိသေးတယ်။ နိုင်ငံရေးအသိုင်းအဝိုင်းအားလုံး ပါဝင်ပတ်သက်နေတဲ့ ဒီအမှုကြီးကို ဖော်လို့ရှိရင် အတိုက်အခံနိုင်ငံရေးသမားတွေ နစ်နာမှာစိုးလို့။ ကျွန်တော့်စာအုပ်ထွက်လာရင် တွေ့ပါလိမ့်မယ်။ ဒီအထဲမှာ NCGUB ရဲ့ ပတ်သက်မှုတွေ၊ NLD(LA) ရဲ့ ပတ်သက်မှုတွေပါ ပါနေတယ်။ ဖွင့်လိုက်လို့ရှိရင် အဲဒီအဖွဲ့အစည်းတွေ နစ်နာလို့ရှိရင် တော်လှန်ရေးအကျိုးစီးပွား ထိခိုက်မှာစိုးလို့ ပါးစပ်ပိတ်နေတာ။

**အစ်ကို့ကို ဖမ်းဆီးစစ်ဆေးခံရစဉ်က ဘယ်လိုပြုမူခဲ့သလဲဆိုတာ အကျဉ်းချုံးပြောပြပေးပါလား။**

ကျွန်တော့်ကို မန္တလေး ထောက်လှမ်းရေးတပ်က ဗိုလ်ပါလို့ ဝန်ခံခိုင်းပြီးတော့ ရိုက်နှက်တဲ့အချိန်မှာ ကျွန်တော့်ကို ရိုက်လိုက်တော့ ကျွန်တော် မတ်တတ်မရပ်နိုင်ဘဲနဲ့ ပြန်တဲ့အချိန်မှာ လေးဖက်ထောက်ပြန်ရတဲ့ အခြေအနေရှိတယ်။ အဲဒီအချိန်ထိ ကျွန်တော် ဝန်မခံသေးဘူး။ အဲဒီနောက်မှာ ကျွန်တော့်ကို လျှပ်စစ်နဲ့ ရှော့ခ်တိုက်တယ်။ ခြေထောက် နှစ်ချောင်းကို ချည်ပြီး ရှော့ခ်တိုက်တဲ့အချိန်မှာဝန်မခံသေးဘူး။ အဲဒီမှာ ခြေထောက်က ကြိုးတစ်ချောင်းကိုဖြုတ်ပြီး ခြေမတစ်ချောင်းနဲ့ ပါးစပ်ထဲကိုထည့်ပြီး ရှော့ခ်တိုက်တော့ သတိလစ်သွားတဲ့အချိန်မှာ ငါဆက်ပြီး ငြင်းနေရင်သေဖို့ပဲရှိတော့တယ်ဆိုပြီး ဝန်ခံလိုက်ရတာ။ ဒါက ကျွန်တော် နှိပ်စက်ခံရတဲ့အဖြစ်အပျက်တွေ အများကြီးထဲက တစ်ခုတည်းသာဖြစ်တယ်။

**ABSDF က ပြီးခဲ့တဲ့ မတ်လလောက်က ကြေညာချက်ထုတ်တယ်။ ၂၀၁၃မေမှာအပြီး ဒါကို အစီရင်ခံစာရေးမယ်၊ အပြီးသတ်ပြောမယ်လို့ပြောတာ ကြားလိုက်မှာပေါ့။ အဲဒီအပေါ် သဘောထားဘယ်လိုရှိပါသလဲ။**

သူတို့ ပြောတာက ပြောတာပဲရှိပြီးတော့ အမှုမှန်ပေါ်ပေါက်ဖို့ ကြိုးစားနေတဲ့ ကျွန်တော်တို့ပြည်တွင်းက ခံခဲ့ရတဲ့သူတွေနဲ့ အပြုသဘောဆောင်တဲ့ ဆက်ဆံမှုမရှိခဲ့ပါဘူး။ ဘယ်သူက ဘာပြောထားတယ်၊ ဘယ်သူက ဘာလုပ်ထားတယ်၊ ဒါနဲ့ပတ်သက်ပြီး ဘယ်လို စုံစမ်းစစ်ဆေးတယ်ဆိုတာ သူတို့ မပြောထားဘူး။ အဲဒီအဖွဲ့ဟာ တောင်ပိုင်းက ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပြီး အခုချိန်အထိ ကျွန်တော်တို့ အဖွဲ့ဝင်တွေအားလုံးက အပြုသဘောဆောင်တဲ့ ဆက်ဆံမှုတွေ မမြင်ဘူး။ ဒီနေရာမှာ တစ်ဆက်တည်း ပြောချင်တာက ကျွန်တော်တို့ တရားစွဲတဲ့နေရာမှာ အခုအခံလေးတွေ ရှိနေတာတွေ့ရတယ်။ ဥပမာ-ဒေါ်စိမ်းစိမ်း။ သူစွဲတဲ့အမှုက အဲဒီအမှုထဲမှာ တရားခံအဖြစ် ဒေါက်တာနိုင်အောင်ကို ထည့်မထားဘူး။ ဒါပေမဲ့ ကိုထွန်းအောင်ကျော် (၁၂-၂-၁၉၉၂ တွင် အသတ်ခံရသူ ABSDF (မြောက်ပိုင်း)ဥက္ကဋ္ဌဟောင်း)ရဲ့ အမှုမှာတော့ တရားခံအဖြစ် ဒေါက်တာနိုင်အောင်ကို ထည့်ထားတယ်။ ကိုထွန်းအောင်ကျော်အတွက် စွဲတဲ့အမှုက အခုချိန်ထိ ခွင့်မပြုသေးဘူး။ ကျွန်တော်တို့ဘက်က သို့လောသို့လော တွေးစရာလေးတွေဖြစ်လာတာက ဘာလဲ။ ဒေါက်တာနိုင်အောင် နာမည်ပါလို့လား။ အဲလိုဆိုရင်တော့ ကျွန်တော်တို့က အမျိုးသားလူ့အခွင့်အရေးကောင်စီဆိုတာကိုကျော်ပြီးတော့ နိုင်ငံတကာလူ့အခွင့်အရေးကောင်စီကို သွားရလိမ့်မယ်။ နိုင်ငံတကာတရားရုံးကို သွားရလိမ့်မယ်။ ကျွန်တော်တို့ကတော့ အမှန်အတိုင်း၊ ဖြစ်တာက ဒါက နိုင်ငံထဲမှာဖြစ်ခဲ့တယ်။ နိုင်ငံသားတွေအချင်းချင်းဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့အားလုံး ခံစားနေတဲ့ အခြေခံဥပဒေအရမြန်မာနိုင်ငံအတွင်းမှာပဲဖြေရှင်းချင်တယ်။

**ဒေါက်တာနိုင်အောင် ပြည်တွင်းကိုရောက်လာတဲ့အပေါ် ဘယ်လိုမြင်လဲ။**

သူက ဒီမှာ အခြေချနေမယ်ဆိုရင်တောင် ကြိုဆိုပါတယ်။ ကျွန်တော်တို့ကတော့ ရှင်းရှင်းလေးဗျာ။ တရားစွဲနေတာ။ ဒေါက်တာနိုင်အောင် နီးနီးနားနားရှိ



တော့ သမ္မန်စာပို့ရင်လည်း လွယ်တာပေါ့။ အဝေးဆိုရင်အင်တာပိုလ်နဲ့သွားနေရမှာ။ အဲဒီတော့ ကြိုဆိုပါတယ် ဒေါက်တာနိုင်အောင်ကို။ သူ့ကိုလည်း ဆက်ပြီးစစ်ဆေးတဲ့ အဖွဲ့တွေ၊ ဥပမာအားဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ဘာတို့ညာတို့ကလည်း ဆက်ပြီးလုပ်စရာတွေ အများကြီးရှိလိမ့်ဦးမယ်လို့ ကျွန်တော်ထင်ပါတယ်။

**ဒေါက်တာနိုင်အောင် ပြောတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဝိုင်းကူလုပ်ပေးဖို့ ပြန်လာတယ်လို့ပြောထားတယ်။ အဲဒီတုန်းကလည်း ထဲထဲဝင်ဝင် မပတ်သက်ခဲ့ရင်၊ ပြီးတော့လည်း တိုင်းပြည်ဖွံ့ဖြိုးအောင် တကယ်လုပ်ပေးဖို့ပြန်လာတာဆိုရင်ရော။ အစ်ကို့ရဲ့ ပုဂ္ဂလိကအမြင် ဘယ်လိုရှိလဲ။**

ထဲထဲဝင်ဝင်ပတ်သက်ခဲ့မှန်း ကျွန်တော်တို့က အတိအကျသိတဲ့သူလေ။ ကိုညီ ခင်ဗျား ထောက်လှမ်းရေးမဟုတ်ဘူး ကျွန်တော်သိပါတယ်။ ကျွန်တော့်ကို ပြောစမ်းပါဆိုပြီး ကျွန်တော့်ကို မလိမ့်တစ်ပတ်နဲ့ လာစစ်ဆေးတယ်။ (မှတ်ချက် - ဒေါက်တာ နိုင်အောင်က ကိုညီညီအား အထက်ပါအတိုင်း မေးသည်ဟု ဆိုသည်။) ကျွန်တော့်အဖွဲ့ထဲက ကိုသိန်းထွန်းကို မင်းထောက်လှမ်းရေးမဟုတ်လား။ မဟုတ်ပါဘူးဗျာ။ ကျွန်တော်က အခု သူနဲ့ အတူတူပြန်လာတဲ့ ဒေါက်တာသောင်းထွန်းရဲ့ညီပါလို့ ပြောလို့ ရိုက်သွားတာ နားထဲက သွေးထွက်တယ်ဗျာ။ အဲဒီအချိန်မှာ ၁၅ ယောက်မသတ်ခင် တပ်ထဲမှာ ရုပ်ရှင်မင်းသား(ဦး)ဇော်ခင်ရဲ့သား ဝဏ္ဏဇော်ကမြင်တယ်။ ကျော်ကျော်နဲ့သူ အတူတူပြန်လာတယ်။ တပ်ထဲမှာ အပေါ်မှာ မျိုးဝင်းတဲ့မှာနေပြီးတော့ အဲဒီနေ့ညက မီးပုံပွဲလုပ်ပြီးတော့ အရက်တွေသောက်စားပြီးတော့မှ ကျောင်းသားတပ်ဖြေဖျော်ရေးအဖွဲ့ကနေပြီး ဖျော်ဖြေတာတွေ ကျွန်တော်တို့က သိထားတယ်လေ။ သူက မဟုတ်များ မဟုတ်ရင်ဆိုတဲ့ သံသယစကားက ဒီစကားကြီးက ကျွန်တော် ဘယ်လိုနားလည်ရမှန်းမသိဘူး။ အဲဒီမေးတဲ့သူတွေကို ကျွန်တော်ပြန်ပြောချင်တာကဟုတ်ပါပြီ၊ ဒေါက်တာနိုင်အောင်များ ပါဝင်ပတ်သက်ခဲ့ရင် ခင်ဗျားတို့ကရော ဘယ်လိုတောင်းဆိုပေးမှာလဲလို့။ အဲဒီမေးခွန်းမေးတဲ့သူတွေကို ပြန်မေးချင်ပါတယ်။

**ကိုမိုးသီးဇွန်အပေါ်မှာရော ဒီကိစ္စနဲ့ပတ်သက်ပြီး အစ်ကိုတို့ဘက်ကအမြင် ဘယ်လိုရှိလဲ။**

မြောက်ပိုင်းမှာဖြစ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်သိသလောက်ပေါ့ ကိုမိုးသီးဇွန်မပါဘူး။ ဒါပေမဲ့ မြောက်ပိုင်းနဲ့ ဆက်စပ်တဲ့ တောင်ပိုင်းရဲ့ကိစ္စမှာ အခု ပြောနေတဲ့ကိစ္စတွေမှာ သူ့ရဲ့ဆက်စပ်မှုတွေ ရှိနေတယ်လို့ ကျွန်တော်ကြားသိရတယ်။ အဲဒီကိစ္စတွေ ကျွန်တော် အတိအကျမသိတော့ ကိုမိုးသီးဇွန်က ဘာပြန်ပြောသလဲဆိုတော့ သူဖြစ်ခဲ့တဲ့ကိစ္စ၊ သူလုပ်ခဲ့တဲ့ကိစ္စ သူတာဝန်ယူမယ်၊ ရှင်းမယ်၊ သူ့ကို တရားစွဲပါ၊ သူ အမှုရင်ဆိုင်မယ်၊ သူတာဝန်ရှိရင် ခံပါမယ်လို့ ကိုမိုးသီးဇွန်ပြောပါတယ်။

**ဘာများ ဖြည့်စွက်ပြောချင်ပါသလဲ။**

အဓိက ကျွန်တော် မေတ္တာရပ်ခံချင်တာက မီဒီယာတွေကိုပါ။ ဒေါက်တာနိုင်အောင်တို့က တောင်ပိုင်းမှာ နေပြီးတော့မှ မြန်မာပြည်ရဲ့ မီဒီယာအစကိစ္စမှာ သူတို့က အများကြီးကူပေးခဲ့၊ ပါဝင်ပတ်သက်ခဲ့ပါတယ်။ အဲတော့ မီဒီယာတွေရဲ့ သံယောဇဉ်က ကျွန်တော်တို့ထက်စာရင် ဒေါက်တာနိုင်အောင်အပေါ် မှာ ပိုနေပါတယ်။ မီဒီယာတွေကိုပေးတဲ့ အကူအညီဆိုတာ သူ့ကိုနောင်တစ်ချိန်မှာ အကာအကွယ်အတွက်ကို ကြိုတင်ဖန်တီးထားတဲ့ ကိစ္စတွေဖြစ်တဲ့ အကြောင်းကျေးဇူးပြုပြီး နားလည်ပေးကြပါ။ ကျွန်တော် မဟုတ်ပါဘူး။ ဒီမှာ ခံစားရတဲ့သူတွေအားလုံးရဲ့ ကြေကွဲမှုတွေ၊ မျက်ရည်တွေ၊ ခံစားရမှုတွေ နားလည်ပေးကြပါ။ ကျွန်တော်တို့ သူငယ်ချင်းတွေ အသတ်ခံရတယ်ဆိုတာ ရိုးရိုးအသတ်ခံရရုံတင်မကဘူး။ လူ့ရဲ့ ဂုဏ်သိက္ခာချပြီးတဲ့အခါကျတော့ ဆီးပုလင်းပြန်သောက်၊ ကိုယ်ပေါက်ထားတဲ့ ဆီးပုလင်းပြန်သောက်၊ ဆီးပုလင်းအဖုံးကို ချိုလိမ်လိုလုပ်ဆို့ထား။ ခွေးလိုကုန်းထမင်းစားဆိုတဲ့ ဘဝမျိုးနဲ့ ကျွန်တော်တို့က အဲလိုခံခဲ့ရတာပါ။ ခံရတဲ့သူတွေအားလုံးကလည်း ဒေါက်တာနိုင်အောင်လိုပဲ မြန်မာနိုင်ငံသားတွေပါ။ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးနဲ့ ဂုဏ်သိက္ခာကိုလည်း ပြန်ပြီးတော့မှ မီဒီယာတွေ အနေနဲ့လည်းငဲ့ပြီးတော့ ဒီကိစ္စမှာ ရှင်းရှင်းလင်းလင်းရေးသားပေးကြပါလို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။

# ပါချောင်စခန်းကိစ္စ (ဦး)မိုးသီးဇွန်၊ ဦးထွန်းအောင်ကျော်တို့၏ရှင်းလင်းချက်

**ABSDF (မြောက်ပိုင်း)တွင် ၁၉၉၂ ခုနှစ်ဝန်းကျင်တွင် ဖြစ်ပွားမှုများနှင့် ပတ်သက်ပြီး ABSDF (ဗဟို)၏ ဥက္ကဋ္ဌဟောင်းနှစ်ဦးဖြစ်သူ ဦးထွန်းအောင်ကျော်နှင့်ဦးမိုးသီးဇွန်တို့အား စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားချက်များအနက် အချို့ကိုကောက်နုတ်ဖော်ပြလိုက်ပါသည်။**

ထွန်းနိုင်

**မြောက်ပိုင်းကိစ္စကို စွပ်စွဲချက်တွေရှိတယ်။ အဲဒီကိစ္စကိုရော ဖြေရှင်းချက် ဒါမှမဟုတ် ကြေညာချက် တစ်စုံတစ်ရာ ထုတ်ပေးခဲ့ဖို့ ရှိပါသလား။**

ဦးထွန်းအောင်ကျော်-မြောက်ပိုင်းနဲ့ပတ်သက်လို့က ABSDF ကို ပထမဆုံး တည်ထောင်ခဲ့တဲ့ဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ရှင်းရှင်းလင်းလင်းပြောရရင် အင်မတန်ကြေကွဲဝမ်းနည်းခဲ့ရတယ်။ ခံပြင်းဒေါသထွက်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ABSDFဟာ ကျောင်းသားတပ်မတော်ဖြစ်တယ်။ ကျောင်းသားတပ်မတော်ဟာ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးကို တိုက်ပွဲဝင်ဖို့ ကျွန်တော်တို့ ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ အဲဒီတပ်မတော်ဟာ လူသတ်မှုကျူးလွန်တယ်ဆိုတဲ့ တချို့လွဲမှားတဲ့ခေါင်းဆောင်တွေရဲ့ အာဏာရူးမှု၊ နောက်ပြီးတော့ အတွေ့အကြုံမရင့်ကျက်မှုတွေကြောင့်ကျွန်တော်တို့ABSDFဟာ အမည်းစက်စွန်းခဲ့ရတယ်။ ဒါကြောင့်မြောက်ပိုင်းကိစ္စနဲ့ပတ်သက်ပြီး အမှန်တရားပေါ်ပေါက်ရေးကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီးတော့ပါဝင်တယ်။ အမှန်တရား ပေါ်ပေါက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျွန်တော်တို့လုပ်နေတယ်။ မြောက်ပိုင်းကိစ္စနဲ့ပတ်သက်လို့ခံခဲ့ရတဲ့အသက်မသေဘဲ ကျန်ခဲ့ရတဲ့လူတွေနဲ့လည်းကျွန်တော်တို့ထဲထဲဝင်ဝင် အဆက်အသွယ်ရှိပါတယ်။ သူတို့မိဘတွေ အတွက်လည်း ကျွန်တော်တို့ ဝမ်းနည်းတယ်။ မိဘတွေက သူတို့သားသမီးတွေရဲ့ ဂုဏ်သရေပြန်ဆယ်နိုင်ဖို့ပြည်သူတွေကြားထဲမှာ သူတို့သားသမီးတွေဟာ ဒီမိုကရေစီတော်လှန်ရေးမှာ ကျဆုံးသွားတဲ့ သူရဲကောင်းတွေဖြစ်တယ်ဆိုတာမျိုး ဖြစ်နိုင်ဖို့၊ အသိအမှတ်ပြုခံနိုင်ဖို့ ကျွန်တော်တို့ကြိုးစားပြီးလုပ်ဆောင်သွားမှာဖြစ်တယ်။

**အဲဒီကိစ္စကိုသမ္မတနဲ့တွေ့တဲ့အခါ ဘယ်လိုဖြေရှင်းနိုင်မလဲဆိုတာ သိချင်ပါတယ်။**

ဦးမိုးသီးဇွန် - ကျွန်တော့်အနေနဲ့တော့ မြောက်ပိုင်းရဲဘော်တွေကို မေးစေချင်တယ်။ သူတို့ရဲ့ ခံစားချက်တွေကို ကျွန်တော်တို့ နားထောင်ချင်တယ်။ သူတို့ကို ဖြေစေချင်တယ်။ အဓိကကတော့ မြောက်ပိုင်းရဲဘော်တွေအားလုံး ပြန်လာဖို့ဖိတ်ခေါ်တယ်။ အမှုမှန်ကို ပေါ်ပေါက်နိုင်ဖို့အတွက် ကျွန်တော်သမ္မတနဲ့တွေ့လည်း ဆွေးနွေးပါ့မယ်။ ဒီမှာဥပဒေရှိပါတယ်။

**အခု ABSDF ရဲ့ ဥက္ကဋ္ဌဟောင်းတွေမြန်မာနိုင်ငံကို ရောက်နေကြပါတယ်။ အစ်ကိုတို့အနေနဲ့ သမိုင်းအမှန်ကို ဖော်ထုတ်ဖို့ အားလုံးညှိနှိုင်းပြီးများ သမိုင်းအမှန်ကို ချန်ခဲ့နိုင်မလား။**

ဦးမိုးသီးဇွန် - မြောက်ပိုင်းရဲဘော်တွေအားလုံးကို ကျွန်တော်တို့ရဲဘော်တွေအဖြစ်နဲ့ အသိအမှတ်ပြုပါတယ်။ အဲဒါလည်း ဒီသတင်းစာရှင်းလင်းပွဲမှာ တစ်ခါတည်း ရှင်းရှင်းလင်းလင်းသိစေချင်တယ်။ မဲဆောက်နယ်စပ်မှာတုန်းက မနန်းအောင်ထွေးကြည်၊ ကိုထိန်လင်း၊ မနန်းစောတို့နဲ့တွေ့တယ်။ သူတို့လည်း ကိုယ်တွေ့ အိပ်မက်ဆိုးကြီး ကြုံလာခဲ့ရတာကိုး။ ကြုံလာခဲ့ကြတဲ့အခါကျတော့ ကျွန်တော်တို့ ငိုကြတယ်။ သူတို့ခံစားချက်တွေ၊ သူတို့ လွတ်ဖို့အတွက် အစွမ်းကုန် ကြိုးစားပေးခဲ့ကြတယ်။ ခွပ်ဒေါင်းအလံတစ်လက်စီ ပြန်ပြီးတော့ Honor လုပ်ပေးခဲ့တယ်။ အဓိပ္ပာယ်က မင်းတို့အားလုံးက ငါတို့ရဲ့ ရဲဘော်တွေပါလို့။ အသိအမှတ်ပြုပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်တွေအကုန်လုံးက။ သူတို့က ရန်သူ့လူတွေမဟုတ်ဘူး။ သူတို့က ကျွန်တော်တို့ရဲ့ ညီငယ်၊ ညီမငယ်တွေ၊ ရဲဘော်ရဲဘက်တွေ။ စနစ်ဆိုးကြီးအောက်မှာ ကျွန်တော်တို့က တရားခံတွေဖြစ်သွားရတာ။ သူတို့မိသားစုတွေနဲ့ ကျွန်တော်တို့ သွားတွေ့မယ်။ ကွယ်လွန်သွားတဲ့ သေဆုံးသွားတဲ့ ရဲဘော်တွေရဲ့ မိသားစုတွေနဲ့သွားတွေ့မယ်၊ အားပေးမယ်၊ သွားပြီးတော့ဂုဏ်ပြုပါမယ်။ အဲဒါအစီအစဉ်ရှိပါတယ်။

**သမိုင်းက လွဲနေတော့ ၂၁ ရက်အတွင်း (နေထိုင်ခွင့်ရသည့်ရက်) မှာ အဖြေထုတ်ပေးဖို့ အစီအစဉ်များရှိပါသလား။**

အဖြေထုတ်စရာ ဘာလိုတော့လဲ။ ဒါ ရှင်းနေပြီ။ ဒါ ကျွန်တော်တို့ ရဲဘော်တွေ။ ဒါ ကျွန်တော်တို့ရဲ့ညီတွေ၊ ညီမငယ်တွေ။ ဒီထက် အဖြေကောင်းတာ ဘာရှိတော့မလဲ။ ပြည်သူလူထုဘက် ကျွန်တော် ပြောပေးပါ့မယ်။

အချပ်ပို(C)သို့


LEADING JAPAN CAR EXPORTER
SBT
www.sbtjapan.com
သင်၏မှန်ကန်သော ရွေးချယ်မှုဖြင့်အတွေ့အကြုံရှိ ဂျပန်ကားများတင်ပို့နေသောကုမ္ပဏီတို့ နှင့်
လက်တွဲဆောင်ရွက် လိုက်ရအောင်
SBT Co., Ltd.
Yokohama SIA Bldg, 7F, 2-10-36, Kita Saiwai, Nishi-ku-,Yokohama,
220-004,Japan.
TEL +81-45-290-9485
SBT မြန်မာရုံးခွဲတွင် လူကြီးမင်းတို့စိတ်ချမ်းမြေ့စွာ လာရောက်ဆက်သွယ်၍တိုင်ပင်ဆွေးနွေးစုံစမ်းနိုင်ပါသည်။
SBT Myanmar Co., Ltd.
578,Kan Nar Road, Corner of 8th St., Lanmadaw Tsp., Yangon.
TEL +951-1-218079, +95-1-218071
ယခုအချိန်မှစတင်၍ ကားအရောင်းကိုယ်စားလှယ်များနှင့်လက်တွဲဆောင်ရွက်ပေးနေပါသည်။

7 DAY NEWS JOURNAL
Vol.11, No.26 • SEPTEMBER 6 , 2012

# ဗြိတိန်တက္ကသိုလ်တစ်ခုမှ မြန်မာကျောင်းသားများ ကျောင်းပြောင်းရွှေ့ရဖွယ်ရှိနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဩဂုတ် - ၃၀**

ဥရောပပြင်ပမှ ကျောင်းသားလက်ခံသင်ကြားခွင့် ပိတ်ပင်ခံလိုက်ရခြင်းကြောင့် ဗြိတိန်နိုင်ငံရှိ လန်ဒန်မက်ထရိုပိုလီတန် တက္ကသိုလ်တွင် ပညာသင်ယူနေသော မြန်မာကျောင်းသားများ ကျောင်းပြောင်းရွှေ့ရမည့် အခြေအနေရှိနေကြောင်း သတင်းရရှိသည်။

အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့်ဗြိတိန်နိုင်ငံသို့ ဝင်ရောက်နေသောကျောင်းသားများကို တားမြစ်ရန် ဗြိတိန်လူဝင်မှုကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ လန်ဒန်မက်ထရိုပိုလီတန်တက္ကသိုလ်အား နိုင်ငံတကာကျောင်းသားလက်ခံသင်ကြားခွင့် ရုပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

အဆိုပါတက္ကသိုလ်တွင်သွားရောက်ပညာသင်ယူရန် ပြင်ဆင်နေသော ကျောင်းသားများအနေဖြင့် ဗြိတိန်နိုင်ငံသို့ မလာရောက်သင့်ကြောင်းနှင့် လက်ရှိပညာသင်ယူနေသော ကျောင်းသားများကိုလည်း အခြားကျောင်းများတွင် ဆက်လက်ပညာသင်ယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်ပြည်ဝင်ခွင့်ကြီးကြပ်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

"ဒီမှာနိုင်ငံခြားကျောင်းသားတွေအတွက် အရမ်းတင်းကျပ်နေတယ်။ ကျောင်းတက်ချိန်မှန်ဖို့နဲ့ အလုပ်မလုပ်ဖို့ပါ။ တကယ်တော့ သူတို့က နိုင်ငံခြားကျောင်းသားတွေကို မလာစေချင်ဘူးလို့ ကျွန်မထင်တယ်။ အဲ့ဒီကကျောင်းသားတွေဘာဆက်လုပ်ကြမလဲတော့ မသိပါဘူး။ ကျောင်းသားတွေအားလုံးကတော့ သူတို့ညွှန်ကြားချက်အတိုင်း လိုက်နာကြရမှာပေါ့" ဟုလန်ဒန်မြို့တွင် စာရင်းအင်းပညာသင်ယူနေသောကျောင်းသူတစ်ဦးက အွန်လိုင်းမှတစ်ဆင့် ပြောသည်။

နိုင်ငံတကာ ကျောင်းသားလက်ခံသင်ကြားခွင့် ရုပ်ဆိုင်းခံလိုက်ရသော တက္ကသိုလ်တွင် မြန်မာကျောင်းသား ၂၀ ခန့်ပညာသင်ယူနေဖွယ်ရှိပြီး အခြားတက္ကသိုလ်နှစ်ခုလည်း ယင်းကဲ့သို့ပိတ်သိမ်းခံရမည့် အခြေအနေရှိနိုင်ကြောင်းဗြိတိန်ပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ မန်နေးဂျင်းဒါရိုက်တာက ခန့်မှန်းသုံးသပ်သည်။

၎င်းတက္ကသိုလ်တွင် နိုင်ငံတကာကျောင်းသား လက်ခံခွင့် ပိတ်သိမ်းလိုက်ခြင်းမှာ ကျောင်းသားများအနေဖြင့် ပညာသင်ပြီးဆုံးချိန်တွင် မိမိနိုင်ငံသို့ မပြန်ဘဲ ဗြိတိန်နိုင်ငံတွင် ဆက်လက်နေထိုင်နေခြင်း၊ အင်္ဂလိပ်ဘာသာစကားအရည်အသွေး အားနည်းခြင်းနှင့် ကျောင်းတက်ချိန် မမှန်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ရေးသားထားသည်။

# ရခိုင်ပြည်နယ်အရေး အင်ဒိုနီးရှားက ဝင်ရောက်စွက်ဖက်မည် မဟုတ်ဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဩဂုတ်-၃၀**

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အရေးကိစ္စနှင့်ပတ်သက်ပြီး မွတ်ဆလင်ဘာသာကိုးကွယ် သူအများဆုံး နိုင်ငံဖြစ်သော အင်ဒိုနီးရှားက ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သမ္မတအကြံပေးပုဂ္ဂိုလ် Dr.Hassan Wiraajuda က ပြောသည်။

ဩဂုတ် ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ အင်ဒိုနီးရှားနိုင်ငံ သမ္မတအကြံပေးပုဂ္ဂိုလ် Dr.Hassan Wiraajuda နှင့် ဒီမိုကရေစီမိတ်ဆွေပါတီ ၁၀ ခုတို့တွေ့ဆုံရာတွင် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူ ဒီမိုကရက်တစ်ပါတီ(မြန်မာ)မှ ဒေါ်သန်းသန်းနုကပြောသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင်လိုအပ်သောမည်သည့် အကူအညီကို မဆိုပေးနိုင်ကြောင်း၊ ဖြစ်ပွားခဲ့သော ကိစ္စရပ်အား မွတ်ဆလင်အရေးဖြစ်သည်ဟု မယူဆကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု ဒေါ်သန်းသန်းနုက ဆိုသည်။

"ဘင်္ဂါလီတွေရဲ့ သမိုင်းကြောင်းဇစ်မြစ်ကို မသိဘဲ အဝေးကနေ ဝေဖန်တာ မလုပ်ပါနဲ့လို့ မေတ္တာရပ်ခံခဲ့ပါတယ်" ဟု ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ အထွေထွေအတွင်းရေးမှူး ဦးဦးလှစောက ပြောသည်။

သုံးနာရီကျော်ကြာအထက်ပါတွေ့ဆုံပွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီသို့ အကူအပြောင်းကာလအကြောင်းများကို အင်ဒိုနီးရှားသမ္မတအကြံပေးက ရှင်းပြခဲ့ပြီး၊ ဒီမိုကရေစီမိတ်ဆွေပါတီ ၁၀ ခုက မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

# စုံစမ်းစစ်ဆေးရေးကော်မရှင် ရခိုင်ပြည်နယ်သို့စက်တင်ဘာလ ၇ရက်တွင် သွားမည်

**အောင်နိုင်**

**ရန်ကုန်၊ ဩဂုတ်-၃၀**

သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် စက်တင်ဘာ ပထမပတ်တွင် ရခိုင်ပြည်နယ်သို့ ပထမဆုံးအကြိမ် သွားရောက်မည်ဖြစ်ကြောင်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးသာအောင်က ပြောသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးရာတွင် လိုအပ်သော သက်သေအထောက်အထားများ ရှာဖွေရန် သွားရောက်ခြင်းဖြစ်ကြောင်း ပြောသည်။

"စက်တင်ဘာလ ၇ ရက်သွားမယ်။ အဖွဲ့ဝင် ဘယ်နှယောက်လိုက်ဖြစ်မလဲမသိသေးဘူး" ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးအေးသာအောင်က 7Day News သို့ပြောသည်။

စုံစမ်းစစ်ဆေးရေး ကော်မရှင်အနေဖြင့် အဖွဲ့ခွဲ ရှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်နေကြောင်းနှင့်လိုအပ်သော သမိုင်းအထောက်အထားများကို လေ့လာနေကြောင်း အဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဦးခွန်ထွန်းဦးက "ရခိုင်ကိုလိုက်ဖြစ်မလား မသိသေးဘူး။ သမိုင်းနဲ့ချီခဲ့တဲ့ ပြဿနာဆိုတော့ လိုအပ်တဲ့စာအုပ်တွေ လေ့လာနေပါတယ်" ဟု ပြောသည်။

ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သောကိစ္စရပ်များအတွက် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရန် သီးခြားလွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ကို အဖွဲ့ဝင် ၂၇ဦးဖြင့်နိုင်ငံတော်သမ္မတကဩဂုတ်လ ၁၇ရက်တွင် ဖွဲ့စည်းခဲ့သည်။

ထိုကော်မရှင်က အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ နိုဝင်ဘာ ၁၆ရက် အရောက်တိုက်ရိုက် အစီရင်ခံစာ ရမည်ဖြစ်သည်။








ILBC
HEARTIEST CONGRATULATIONS
On your excellent achievement in the edexcel's IGCSE
EXAMINATIONS 2012 (May)
San Lae Lae Cho 6A*'s & 3A's
Myo Myo Swe Oo 8A*'s
Su Myat Lin 6A*'s & 1A
Anjali @Anne Charbonnel 5A*'s & 2A's
Moe Thet Khin 5A*'s & 2A's
Thet Naung Soe Aung 5A*'s & 2A's
Khine Sandee Lynn 4A*'s & 3A's
Aung Chit Min 5A*'s
Min Min Oo 4A*'s &1A
Soe Moe Aung 4A*'s &1A
Monica@Par Tin Dim 1A*& 4A's
Ye Man 1A*&4A's
Min Thet Khine 4A*'s
Thet Hnin Htike 4A*'s
Aung Soe Lin 3A*'s &1A
Tun Tun Win 2A*'s &2A's
May Myat Noe Khin 2A*'s &2A's
Thiri May 1A*&3A's
Nang Htwe Htwe Lwin 2A*'s&1A
Thet Paing Soe 1A*&2A's
Tangbau Hkaung Naw San 1A*&2A's
Yi Mon Thant 1A*&2A's
Kaung Sett Phyo Myint 1A*&2A's
Wai Wai Myint 3A's
Yan Naing Lin 3A's
Hla Hla Myint 3A's
Myat Kyaw 1A*&1A
Pyae Phyo Min 1A*&1A
Zaw Win Hlaing 2A's
Su Yee Hlaing 2A's
May Zin Htet 2A's
Kenny Kyaw 1A*
Hnin Wai Lwin 1A*
Paing Sit Min 1A
La Min Thiri 1A
Saw Hla Nwe 1A
Thet Hnin Pwint Aung 1A
IGCSE ဘာသာရပ်များတွင် A* နှင့် A များရရှိအောင် သင်ကြားပေးပြီး စည်းကမ်းရှိ၍စိတ်ဓါတ်
ကောင်းမွန်ကာ မိမိယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် နေထိုင်တတ်သည့်အပြင် လူကြီးမိဘများကို
ရိုသေလေးစားပြီး ခေတ်နှင့်အညီတွေးခေါ်တတ်အောင် လေ့ကျင့်ပေးပါသော ILBC မှ
ဆရာ/ဆရာမ များအား လိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။
မိဘများ

AA MEDICAL PRODUCTS LTD. MEDICAL

AA Marketing Co., Ltd. MARKETING

SUCCESS & SUCCESS INTERNATIONAL LIMITED

# ဝန်ထမ်းမိသားစုများ စုပေါင်းသွေးလှူဒါန်းပွဲ



















"သွေးသည် အသက်" ဆိုသည့်အတိုင်း သွေးလှူဒါန်းခြင်းသည် သွေးအမှန်တကယ်လိုအပ်နေသော လူ၏အသက်ကို ကယ်တင်ခြင်းမည်ပါ၏။ ဤသို့မွန်မြတ်သောစံယူချက်ဖြင့် AA Medical Products Ltd., AA Marketing Co., Ltd နှင့် Success & Success International Limited မှ ကုမ္ပဏီဝန်ထမ်းမိသားစုများ၏ စုပေါင်းသွေးလှူဒါန်းပွဲကြီးကို ၁၂၊ ၈၊ ၂၀၁၂ (တနင်္ဂနွေနေ့) နံနက် (၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရန်ကုန်မြို့ရှိ အမျိုးသားသွေးဌာနၣ် ပြုလုပ်ကျင်းပခဲ့ပါသည်။ ဝန်ထမ်းစုစုပေါင်း(၈၀)ကျော်ခန့် သွေးလှူဒါန်းခဲ့ပြီး AA Medical Products Ltd. မှ Assistant General Manager ဦးစိုးထိုက်ဦးမှ သွေးလှူဒါန်းခြင်း၏ရည်ရွယ်ချက်ကိုလည်းကောင်း၊ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးဒေါက်တာသီတာအောင်မှ သွေးလှူဒါန်းမှု၏ Technical ပိုင်းဆိုင်ရာ ဗဟုသုတများအား ရှင်းလင်းပြောကြားပြီး သွေးလှူဒါန်းသူဝန်ထမ်းများနှင့် ကုမ္ပဏီ၏ တာဝန်ရှိသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။

၎င်းနောက် AA Medical Products Ltd ၏ Managing Director ဦးဇော်မိုးခိုင်နှင့် ဇနီး ဒေါက်တာစောနေနွယ်တို့ မိသားစုမှ အမျိုးသားသွေး ဌာနသို့ အလှူငွေကျပ်ဆယ်သိန်းအား ပေးအပ်လှူဒါန်းခဲ့ပါသည်။